


နှနှရည်
အပိုင်း၁
သောက်တော့ဒူးယား
နေတော့ချုံကြား
ဝတ်တော့မလေးရှား



ဦးဝင်း (မြဲ-၀၁၃၇၅) [illegible]
[illegible] ၃၇ လမ်း၊ ရန်ကုန်မြို့ [illegible]
[illegible] (မြဲ-၀၂၅၁၃) [illegible]
[illegible] ၂၁၅/[illegible] ၅၂ လမ်း၊ ရန်ကုန်က
[illegible]

[illegible]




# နုနုရည် (အင်းဝ)

## နေ့တော့ချုံကြား သောက်တော့ရှူးယား
## ဝတ်တော့မလေးရှား

စာမူကြိုတင်ခွင့်ပြုချက် အမှတ် ၃၀၂
မျက်နှာဖုံးခွင့်ပြုချက် အမှတ် ၃၅၃

ပထမအကြိမ် [illegible]
[illegible]
[illegible] ၁၀၀၀
[illegible] ၃၂ ကျပ်

[illegible]
[illegible]



စည်သူဇော်မင်း စီစဉ်သည်

နုနုရည် (အင်းဝ)

နေတော့ ချုံကြား

သောက်တော့ ဒူးယား

ဝတ်တော့ မလေးရှား

# အမှာ

သတ္တုသိုက်တွေတွေ့ယင် သတင်းပေးကြပါ။ ထိုက်သင့်တဲ့ ဆုငွေ ချီးမြှင့်ပါမယ်လို့ နိုင်ငံတော် အစိုးရက ထုတ်ပြန်တဲ့ ကြေညာချက်တွေ သတင်းစာထဲမှာ ဖတ်ရတော့ နိုင်ငံတော် အတွက်ရော သတ္တုသိုက်ရှာဖို့ ဆန္ဒရှိကြတဲ့ သူတွေ အတွက် ရော ကျွန်မ ဝမ်းသာမိပါတယ်။

ကျွန်မတို့နိုင်ငံဟာ ရွှေတွင်း၊ ငွေတွင်း၊ ပယင်း ဒုတ္တာ၊ ရတနာခုနစ်မည်၊ ထီးစည်ပိုင်သ၊ အစိုးရသျှောင် ဆိုစမှတ် ရှိခဲ့ကြတဲ့ နိုင်ငံပဲ။ လူတွေက ရှာမတွေ့နိုင်ကြလို့သာ၊ သတ္တုတွေ သယံဇာတပစ္စည်းတွေ အင်မတန်မှ ပေါကြွယ်ဝတဲ့ နိုင်ငံပါ။

ဒါကြောင့်လည်း နိုင်ငံတော် သက်ဆိုင်ရာ ဌာနတွေက လည်း နေ့မအား ညမအား အားကြိုးမာန်တက် ရှာကြံ ဖွေကြသလို တစ်ယောက်ချင်း ဝါသနာပါတဲ့ သူတွေက လည်း ကိုယ့်ဝါသနာအလျောက် ရှာကြံဖွေကြမယ် ဆိုယင် ဖြင့် ကိုယ့်အတွက်ရော နိုင်ငံတော် အတွက်ရော နှစ်ဦး နှစ်ဘက် အကျိုးရှိနိုင်တာပေါ့။

ခုတစ်လော ဟိုနေရာ ရွှေကျင်ကြ၊ ဒီနေရာ ရွှေကျင်ကြနဲ့ ကျွန်မ တွေ့တွေ့ နေရပါတယ်။ နေရာအနှံ့ဆိုသလိုပဲ ဒယ်ဝိုင်း လေးတွေနဲ့ ရွှေကျင်ကြလို့။ ဒီတော့ ကျွန်မက ဝတ္ထုရေးတဲ့ သူပီပီ တွေ့သမျှ ရွှေကျင်နေတဲ့သူတွေကို ရွှေကျင်တဲ့ အတွေ့ အကြုံတွေ၊ သူတို့ရဲ့ နောက်ခံဘဝတွေကို မေးကြည့် မိတယ်။

ရွှေထွက်တယ်ဆိုပြီ၊ လူတော်တော် များများ ရွှေသွား ကျင်နေကြတဲ့ ရွှေတောဆိုတဲ့ နေရာတွေကို ကိုယ်တိုင်သွား ကြည့်။ လေ့လာလိုက်တော့လည်း ရွှေတောမြင်ကွင်းနဲ့ သူတို့ရဲ့ ဘဝတွေဟာ သိပ်ကို စိတ်ဝင်စားစရာ ကောင်းပါတယ်။

ဒါနဲ့ ကျွန်မသိချင်တဲ့ ရွှေအကြောင်းကို ကျွန်မ မိတ်ဆွေ ဘူမိဗေဒ ကျွမ်းကျင်သူ တစ်ယောက်နဲ့ တွေ့ပြီး မေးကြည့် မိတယ်။ သူကလည်း စိတ်ပါလက်ပါပဲ နိုင်ငံတော် အစိုးရ လုပ်နေတဲ့ သတ္တုသိုက် လုပ်ငန်းတွေ၊ သူတို့ကွင်းဆင်း ရှာ ဖွေခဲ့တဲ့ အကြောင်းတွေကို စုံစုံလင်လင် ရှင်းပြရှာပါတယ်။



ရွှေ ဆိုတာကတော့ ကမ္ဘာမြေပြင် အနှံ့အပြားမှာ အနည်းနဲ့ အများဆိုသလို ရှိတာပါပဲတဲ့။ နိုင်ငံတော် အစိုးရ အနေနဲ့ စီးပွားဖြစ် ထုတ်ယူလို့ရတဲ့ နေရာတွေ ဟုတ် မဟုတ်ဆိုတာ အဓိက ကျပါတယ်တဲ့၊ ဒါကြောင့် နိုင်ငံတော် အစိုးရ အနေနဲ့ စီးပွားဖြစ် ထုတ်ယူရရှိနိုင်မယ့် နေရာတွေမှာ ထုတ် လုပ်နေတာ အောင်မြင်နေပြီဆိုတဲ့ အကြောင်း ရုပ်မြင်သံကြား အစီအစဉ်ကတောင် ပြည်သူလူထု သိရအောင် ထုတ်လွှင့် ခဲ့တယ်ဆိုတဲ့ အကြောင်းတွေ ပြောပြပါတယ်။

ကျွန်မကလည်း ကျွန်မ ရောက်ခဲ့တဲ့ နေရာတွေအကြောင်း ပြောပြတော့ အဲဒီနေရာတွေအားလုံး သူတို့ကွင်းဆင်း လေ့လာပြီးသားတွေတဲ့။

စီးပွားဖြစ်ထုတ်လို့ မရနိုင်တဲ့ နေရာတွေပေါ့။ သူကပဲ ဆက်ပြီး သူတို့ ကွင်းမဆင်းရသေးတဲ့ နေရာတွေမှာ ရွှေရှာ ကြတာဟာလည်း နိုင်ငံတော်ကို တစ်နည်းတစ်လမ်း ကူညီ ရာ ရောက်ပါတယ်တဲ့။ ဘာလို့လဲဆိုတော့ တကယ်လို့ အဲဒီ နေရာဟာ နိုင်ငံတော်အတွက် စီးပွားဖြစ် ထုတ်လို့ ရနိုင်တဲ့ နေရာဆိုယင် သတင်းပေးတဲ့သူကိုလည်း ကြေညာချက်အတိုင်း ဆုငွေချီးမြှင့်။ နိုင်ငံတော် အစိုးရ အနေနဲ့လည်း စီးပွားဖြစ် ထုတ်လုပ်နိုင်မှာ ဖြစ်လို့ပါပဲ။

## အမှာ

ကျွန်မမိတ်ဆွေနဲ့ စကား ပြောပြီးတဲ့နောက် ရွှေရှာတဲ့ ရွှေကျင်တဲ့ သူတွေကို ပိုပြီး စိတ်ဝင်စားလာမိပါတယ်၊ သူတို့တတွေ တောထဲမှာ ရွှေရှာ၊ ရွှေကျင်ရင်း ငှက်ဖျား ဖြစ်ကြ၊ ဝမ်းဖြစ်ကြ၊ အစာပြတ်ကြနဲ့ ဒုက္ခပေါင်းစုံတွေ ရောက်လိုက်ကြတာ။

ကျွန်မ တွေ့ခဲ့တဲ့ သူတွေဆိုယင်....

* * *

.... မေးတယ်။ ယုံတယ်။ ထုံတယ်။ သင်းတယ်။ ရှာတယ်။ မြတယ်။

ဘရမ်နီ
ဝီစကီ
ဂျော်နီ
လီရှော·
ဘော
ရွှေလီမှော်
အာမီရမ်....

.... ပူတယ်။ နွေးတယ်။ မွှေးတယ်။ ချိုတယ်။ - အရသာ ရှိတယ်။

ခေါက်ဆွဲကြော်
အစိမ်းကြော်

အသားကင်
အခေါက်ကင်
အသားသုပ်...
.... လှတယ်။ ထတယ်။ မိတယ်။ ရိတယ်။ အိတယ်။
အသားဖြူ
အသားညို
အသားမည်း
အသားဝါ
ဆယ့်ရှစ်နှစ်
ဆယ့်ခြောက်နှစ်
နှစ်ဆယ်....
.... ဆိုတယ်။ ငိုတယ်။ ရှိုက်တယ်။ ရယ်တယ်။ အော်တယ်။
ခိုင်ထူး
ချစ်ကောင်း
မေခလာ
ဟေမာ
မေဆွိ....
.... ငြိမ့်တယ်။ ဆိမ့်တယ်။ ပြင်းတယ်။ သင်းတယ်။ ထိတယ်။
ငါးသုံးလုံး
ဒူးယား
ဒန်းဟေး
မာဘိုရို
ငွေတောင်....



ပြောစမ်း။ ခင်ဗျားဘာလုပ်ချင်သလဲ။

ဟောဒါ လိုတာ အကုန်ရတဲ့ လိုဘရ ကိုတန်ဟုန်ရဲ့ သက်ကယ်တဲ။

လုပ်ချင်သလို အကုန်ဖြစ်တဲ့ ကိုတန်ဟုန်ရဲ့ သက်ကယ်တဲ။

ဈေးကြီးတာတွေ၊ ဈေးသေးတာတွေ ဘေးချိတ်ထားလိုက်စမ်းပါ။

ဘာဖြုံရမလဲ၊ ပိုက်ဆံများ၊ ငွေများ၊ မန်းနီးများ၊

ဟဲဟဲ—ရွှေရှိယင် ငွေရှိတယ်ဆိုတဲ့စကား ခင်ဗျားမကြားဖူးဘူးလား။

ကြည့်စမ်း....ဒီတဲထဲက လူတွေ ဘယ်မှာဖြုံလို့လဲ။

စားတယ်၊ သောက်တယ်၊ မူးတယ်၊ အော်တယ်၊ ပျော်တယ်၊ ပါးတယ်၊ ရော့ဟော့...ပိုက်ဆံ။

ဟော....ခွမ်းကနဲ၊ ဝုန်းကနဲ၊ ဒိုင်းကနဲ၊ ဇင့်ကနဲ၊

ရိုက်ပြီဟော့၊ ချပြီဟော့၊ ပြေးပြီဟော့။

အိုး....ခေါင်းကွဲတာ လောက်များ တော့ကွာ။

ဒီလို ညနေမျိုးကို ခင်ဗျား ဘယ်မှာ ကြုံဖူးသလဲ မိတ်ဆွေ။

အသား မည်းပြာပြာ၊ မျက်လုံး ဝါထိန်ထိန်၊ ရေမခြောက် တစ်ခြောက်၊ ဆံပင်ကျဲကျဲ၊ အင်္ကျီတိုးလုံး၊ ရွှေရောင် အစင်းအကွက်၊ မလေးရှားလုံချည် အသစ်ကော့စက်၊ ခါးကြားထဲက အလိပ်လိုက် ပိုက်ဆံတွေ၊ ပစ်ပေးနေတဲ့ ပွစိစိ ဖောသွပ်သွပ် မျက်နှာ ပိုင်ရှင်တွေဟာ ဘယ်သူတွေဆိုတာကိုရော ခင်ဗျား သိပါသလား၊ မိတ်ဆွေ။

ခဏနေလို့ သူတို့ထသွားယင် နောက်က လိုက်ကြည့်စမ်းပါလား။ စိမ်းဝရောင် ပျားညည် ပန်းချုံတွေရှိတဲ့ လှည်းလမ်းကြောင်းပေါ်မှာ တိုးကြ၊ ဝှေ့ကြ၊ ယိုင်ကြ၊ လဲကြရင်းနဲ့ အင်ခဘာထဲကို တဖြည်းဖြည်း တိုးဝင် သွားကြလိမ့်မယ်။

မမျှော်လင့်ပဲ ခင်ဗျား ဘွားခနဲ တွေ့လိုက်ရမယ့် ထောင်ပေါင်း များစွာသော မြေတွင်းတွေရော၊ ရာပေါင်း များစွာသော လူတွေရော၊ အဲဒီလူတွေ တိုးအိပ်နေကြတဲ့ ချုံကြားဝါးရုံကြားက မြေခမွ့ရာတွေကိုရော၊ အင်ပင်ကြားက ဗွီဒီယိုပြစက်နဲ့ ဘက်ထရီ မီးရောင်လဲ့လဲ့ အောက်က ကစားဝိုင်းပေါင်းစုံရော၊ ခင်ဗျားအံ့သြနေသလား မိတ်ဆွေ။

အို....ညောင်နိုပင်ဆိုတဲ့ နာမည်ကျော်ရွှေတောအကြောင်းကို ခင်ဗျား သဲ့သဲ့လေးမှ မကြားဖူးဘူးလားဟင်။

* * •

ဖြစ်သွားက အုပ်စိုး

သတ္တိမပါယင် ရွှေတောကိုမလာနဲ့။

သေချင်ယင် ရွှေကျင်လာခဲ့တဲ့။

ဘယ်လောက်များ သင်းလိုက်တဲ့ ရွှေတောရဲ့ ဆီးကြိုစာတွေပါလဲ။ ဟဲ....ဟဲ... သတ္တိတင်မကဘူး။ ရိုက်ဖူး။ မိုက်ဖူးတဲ့ အတွေ့အကြုံတွေလဲ အုပ်စိုးမှာ အပြည့်ပါခဲ့ပါတယ်။

ဒါပေမယ့် အုပ်စိုးဟာ သေချင်လို့ ရွှေကျင်လာတာ မဟုတ်ဘူး။

ငတ်လို့လာတာ။ ချမ်းသာချင်လို့လာတာ။

ကြားဖူးနားဝ ရွှေတောဆောင်ပုဒ်တွေထဲမှာ 'ဒီနေ့အစိမ်း၊ နက်ဖြန်ဆယ်သိန်း' ဆိုတဲ့ဟာလေးကိုတော့ အုပ်စိုးသိပ်ကြိုက်။

ဘာတဲ့ ရွှေအကြောင်း နကန်းတစ်လုံးမှမသိတဲ့။ ပိုက်ဆံဆိုလို့လည်း တင်ပြားတောင်မရှိတဲ့ အုပ်စိုးတို့လို အစိမ်းလေးတစ်ကောင်ဟာတဲ့၊ ဒီနေ့ ရွှေတောကမြေမှာ ပေါက်ချွန်းလေးနဲ့ တစ်ချက်၊ နှစ်ချက်ဆွလိုက်ရုံနဲ့လည်း ဆယ်သိန်းတန်ရွှေတုံးကြီးကို ရနိုင်ပါသတဲ့။ 'ဒီနေ့အစိမ်း....နက်ဖြန်ဆယ်သိန်း' သိပ်ကို ရှူးချင်စရာကောင်းတာပဲ။

အုပ်စိုးတို့လို ထမင်းဘစ်လုတ်အတွက် အမြဲ ပူပန်နေရတဲ့ တစ်ကောင်ကြွက် တစ်မျက်နှာလေးတွေ ကြားရာအရပ်က ကဆုန်စိုင်းလာကြမှာချည်းပေါ့။

ခုဆို ဟောဒီ တရိပ်ရိပ်ပြေးနေတဲ့ မန္တလေး – မတ္တရာ အမတ် ကိုးကားကြီးပေါ်မှာ အုပ်စိုးလို ကဆုန်စိုင်းလာတဲ့ တစ်ကောင်ကြွက်လေးတွေ ဘယ်နှစ်ယောက်များ ပါလေတယ် မသိ။

မျက်နှာချင်းဆိုင် ခုံတန်းနဲ့ ဘေးကလူတွေ။ ကားကြမ်းပြင်ပေါ်မှာ ထိုင်နေတဲ့လူတွေထဲကို အုပ်စိုး လျှောက်ကြည့်မိတယ်။ ဟိုအကြောင်း၊ ဒီအကြောင်း အထူးသဖြင့် ရွှေအကြောင်းကို တစ်ယောက်တစ်ပေါက် အော်ဟစ် ပြောဆိုနေကြတဲ့ ခရီးသည်တွေရဲ့စကားကို တငေးတမော နားထောင်နေတဲ့ ဟိုး...ကားနောက်မြီးက ဖြူတူတူကောင်လေး တစ်ယောက်ဟာဖြင့် အုပ်စိုးနဲ့ ဘဝတူပဲထင်ရဲ့။

ဟန်းဘက်အိတ်တစ်လုံးကို အုပ်စိုး လွယ်အိတ်ကို စလွယ်သိုင်းသလိုပဲ သိုင်းထားတဲ့ကောင်လေး။ ခရီးသည်တစ်ယောက်က 'ညောင်နီပင်မှာလေ'လို့ စလိုက်တာနဲ့ သိသိသာသာ နား



စိုက်ထောင်တဲ့ ကောင်လေး။ အုပ်စိုးလိုပဲ ကားထွက်ကတည်းက တစ်ယောက်နှင့်မှ စကားမပြောတဲ့ကောင်လေး။ တစ်ချိန်တစ်ချိ ကားအပြင်ဘက်ဆီကို ငေးပြီးနေတတ်တဲ့ ကောင်လေးဟာ အုပ်စိုးလိုကောင်လေးမျိုးပဲ ဖြစ်ဖို့သေချာပါတယ်။

'ကြာနီကန်ပါတယ်ဗျို့ ကြာနီကန်'

ရွှေအကြောင်း အာဖောင်နေတဲ့လူတစ်ယောက်ဟာ ငပျာကယာ ထအော်တယ်။ ရွာဝမှာ ကားက ဆောင့်ကြီး အောင့်ကြီး ရပ်သွားရင်း ဒရိုင်ဘာက

'ဆင်းမှာဖြင့် စောစောစီးစီးပြောထားဗျ၊ ခင်ဗျားတို့က ရွှေအကြောင်းများ ပြောရမယ်ဆိုယင်'

ဟိုလူဆင်းသွားတဲ့ရွာကို အုပ်စိုး သေချာ လှမ်းကြည့်မိတယ်။ အုပ်စိုး ဓာတ်စက်ထဲမှာ ခဏခဏကြားဖူးတဲ့ ကြာနီကန် ဆရာတော်ရှိရွာဟာ ဒါကိုး။

'ဆွဲ....ဆရာရေ'

စပယ်ယာက ဝီစီကို တွ ခနဲနေအောင်မှုတ်ပြီး ဆင်းသွားတဲ့လူနဲ့ ရွှေအကြောင်း ပြောကောင်းတုန်း ဘက်ပဲ့ ကျန်နေခဲ့တဲ့လူကို

'ခင်ဗျားတို့ပြောလိုက်မှဖြင့် မစားရ ဝခမန်းချည်းပဲ၊ ဒီလိုသာဖြင့် လူတွေ အကုန်သူဌေးဖြစ်ကုန်မှာပေါ့ဗျ'

'အို....မင်းကလဲ လူတိုင်းတော့ဘယ်ဟုတ်မလဲ၊ ကံတော့ ပါသေးတာပေါ့ကွ၊ ဟိုတစ်လောက လူတစ်ယောက် ဘယ့်နှယ်လုပ်မလဲ၊ ဟော ....မခင်မြင့် ဟိုလူလေဟာ မင်းဆီ ကွမ်းယာတစ်ကျပ်ဖိုးဝယ်ပြီး ဆယ်တန်ကြီးပေးခဲ့တဲ့လူလေ'

'ဟုတ်ပ ဟုတ်ပ၊ အဲဒီလူရသွားတာ တစ်ပိဿာတုံးကြီးတဲ့'

ဟိုလူကြီးရဲ့ မိန်းမဆီကို အုပ်စိုးရော ဟိုကောင်လေးရော ဖြတ်ခနဲ ပြိုင်တူကြည့်မိကြတယ်။

'ကံပဲ ကံပဲ။ အဲဒီသူက တူးနေတာ တစ်လကျော်ကြာပြီတဲ့။ ဘာမှမရလို့ စိတ်ညစ်ပြီး၊ အဲဒီနေ့က ဝါးရုံပင်တွေကြား တူရွင်းနဲ့ထိုးနေတာ လေးငါးဆယ်ချက်ထိုးပြီး ကော်မလိုက်တော့ ယော .. ပန်းထိမ်ပြားချပ်ကြီးလိုပဲ အချပ်လိုက်ကြီး ပါလာတာတဲ့။ ဝင်းလက်နေမှာပေါ့တော်'

ကားတစ်ကားလုံး ခေါင်မြင့်ဆိုတဲ့ မိန်းမကြီးရဲ့ အသံက လွှမ်းနေတယ်။ ဟုတ်သော်ရှိ၊ မဟုတ်သော်ရှိ။ လူတွေအကုန်လုံးရင်ထဲမှာ ငါများရယင်ဆိုတဲ့ အတွေးကိုယ်စီနဲ့ ငြိမ်လို့။

အုပ်စိုးရင်ထဲမှာ ကျလိကျလိ ဖြစ်လာတယ်။ ဟင်း....အဲဒီလိုများရယင်တော့လား၊ ငါ့ကိုနှိမ်တဲ့၊ ငါ့ကိုရှုတဲ့ တစ်ရွာလုံးကို အားရအောင် ရိုက်ပြီး လျှော်ကြေးပေးလိုက်ဦးမယ်။

ရွှေဆိုတာကို ဘုရားမှာချထားတဲ့ ရွှေကလွဲယင် အုပ်စိုး မမြင်ဖူးဘူး။ အုတ်စိုးတို့ရွာက တချို့မိန်းမတွေဆွဲထား၊ ဝတ်ထားတဲ့ ဆွဲကြိုး လက်ကောက်ကလွဲယင် အုတ်စိုး မမြင်ဖူးဘူး။ တစ်ခါမှလည်း ကိုင်မကြည့်ဖူးဘူး။ ရွှေချောင်းဆိုတာ ရွှေတုံးဆိုတာ ဘယ်လိုဟာလဲ၊ အုပ်စိုး မသိဘူး။

ဒါပေမယ့် အုပ်စိုး အမြဲမက်တတ်တဲ့ အိပ်မက်ထဲမှာတော့ ရွှေနဲ့အုပ်စိုးနဲ့ ရင်းနှီးခွင့် ရှိတယ်လေ။ အုပ်စိုး တစ်ခါမှ မမြင်ဘူးတဲ့ အိပ်မက်ထဲက အမေဟာ ရွှေတွေ



အများကြီး ဝတ်ဆင်ထားတတ်တာပဲ။ အမေ ရွှေတွေဝတ်ထားတာဟာ သိပ်ကိုလှတယ်။

ရွာထဲကအုပ်စိုးနဲ့ နပမ်းလုံးတက်၊ ရန်ဖြစ်ဘက်၊ စွာလန် ဘားမ မိပိုက် အမေရဲ့နားကပ်ပြူးပြူးကြီးနဲ့ အမေ့နားကပ်နဲ့ ထ တခြားစီ။ အပေါင်ခံတဲ့ ဒေါ်ညွန့်ကြီးရဲ့ ရွှေဆွဲကြိုး ကြီးနဲ့လဲ အမေ့ဆွဲကြိုးက ဘာမှမဆိုင်။

လက်ကောက် စမ်းဦးမလား။ အဲသာ... မည်မည်း၊ ၁ လက်ကောက် တံတောင်ဆစ်အထိဝတ်ပြီး ရွာက အလှူမှာ ချင်ချင်မြည်အောင် လက်ဖက်ပွဲ ချတတ်တဲ့ အကြီးကိုသမီး ...တော့ လက်ကောက်တွေထက်လဲ အမေ့ သာမြင့်တာပဲ၊ ... အားလုံးပဲ အမေက သာပါတယ်လေ။

ဒါပေမယ့် အဲဒီအိပ်မက်ကို မိပိုက် ပြောပြ မိတော့ မိပိုက်က သူ့အားမသွားတိုင်ပြီး သူ့အမေ နားကပ်ပြူးပြူး ကြီးက အမေ့ကို ပြောလိုက်တာလေ။ မြန်ဂျမ်းမြတဲ့ မိပိုက် ခေါင်းပေါက်တဲ့အထိ အုပ်စိုး ဒေါသဖြစ်ရတယ်။

ဘာတဲ့။ အုပ်စိုး အမေက ရွှေတွေ အများကြီး ဝတ်ဖို့ နေနေသာသာ အုပ်စိုးအမေ နှိပ်စက်လွန်းလို့ သက်ကယ်တဲ ပေါက်ထိုးပြီး နေရတာ၊ အဖေသေပြီး နောက်လင် ...တော့မှ ဖြတ်ကောင်လောက်ရှိတဲ့ နားကပ် အသေးလေး ...ရတာတဲ့လေ။

တော်ကာ၊ အဲဒီတုန်းက စိတ်ရှိတိုင်းသာ ရိုက်ပစ်လိုက်ယင် ...ကျ သေမှာပဲ။ အို... အမေ့အကြောင်းပြောလို့ အုပ်စိုး ...ရှိတိုင်း ရိုက်သတ်ချင်တဲ့ လူတွေမှ အများကြီးပါ။

လင်ငယ်နောက် လိုက်သွားပြီး သေတော့မှ သင်းကလေး ငါ့ အမွေပေးခဲ့တယ်ဟဲ့ ဆိုပြီး သွားလေသူ သူ့အမေကို ဆဲ တတ်တဲ့ ထွေးလေးကထိပ်ဆုံး။

ထွေးလေး မကျေးနိုင်လို့ ပို့လိုက်တဲ့ ဘုန်းကြီးကျောင်းက ကိုရင်ကြီးက ဒုတိယ။ ကိုရင်ကြီးက အရက်ချိုးပိုးထင် အုပ်စိုး အမေလင်လို့ စပေးယင် နောက်ကနေ သံပြိုင်ညီညီ လိုက်အော် တတ်တဲ့ ဘုန်းကြီးကျောင်းသားတွေ၊ကိုရင်တွေက တတိယ။ အခွင့်အခါသင့်တိုင်း အမေ့မကောင်းကြောင်း မိပိုက်ကို ပြော ပြတတ်တဲ့ မိပိုက် အမေကြီးက စတုတ္ထ။

အင်း.... မိပိုက်ကိုတော့ မထည့်တော့ပါဘူး။ မိပိုက်က နည်းနည်းကြီးလာတော့ သူငယ်ချင်း သံယောဇဉ်လေး ဖြစ်ရှာ ပါတယ်၊ သူ့ဘာသူ စွာစွာ ကြမ်းကြမ်း၊ အုပ်စိုးငတ်နေတဲ့ အချိန်တွေမှာ ထမင်းထုပ် ခိုးပေးဖော်လေး ရပါတယ်၊ ပိုက်ဆံလည်း ပေးတယ်။

အဲ—အုပ်စိုး၊ နောက်ထပ် ရိုက်ချင်တဲ့သူတွေကိုလာ ပဥ္စမ ဆဋ္ဌမ ရေတွက်ရယင် ဆုံးမှာတောင် မဟုတ်ဘူး၊ ဘာဖြစ် လို့လဲဆိုတော့ အုပ်စိုးကို ဝိုင်းနှိမ်ကြတာက တစ်ရွာလုံးပဲ ဥစ္စာ။

ငယ်ငယ်လေးထဲက အုပ်စိုးရဲ့ မခံချင်စိတ်ကို ထွေးလေးက ဆွတယ်။ မိပိုက်တို့ သူငယ်ချင်းတွေက ဆွတယ်။ နည်းနည်း ကြီးလာတော့ ဘုန်းကြီးကျောင်းမှာ ကိုရင်တွေ၊ ဘုန်းကြီး ကျောင်းသားတွေက ဆွတယ်။ ရွာထဲက ကောင်တွေက ဆွတယ်။ ဒီတော့ ထစ်ခနဲရှိ ရန်ဖြစ်တတ်သူ၊ ရိုက်ပစ်တတ်



သူဟာ အုပ်စိုးပဲ ဖြစ်လာရတော့တာပေါ့။ ရွာမှာ ရန်ဖြစ် ကြတယ်ဟေ့ဆို အုပ်စိုး ပါသလား မေးစရာ မလိုဘူးပေါ့။

မမှုပါဘူး....။ အုပ်စိုး ဘယ်တော့မှ မမှုဘူး၊ ဘုန်းကြီးက နှင်တယ်။ ဘာဖြစ်သေးတုန်း နှင်ပေါ့၊ ထွေးလေးအိမ် သွား တယ်။ ထွေးလေးက နှင်တယ်....နှင်ပေါ့။ ဟော....ဘုရားကြီး ဘုရားကြားမှာ အုပ်စိုး အိပ်ပြီး၊ အုပ်စိုး တတ်တဲ့ ပညာနဲ့ လုပ်စားတယ်။ ဟားဟား....ဘာပညာ ရမလဲ၊ လူရိုက်တဲ့ ပညာပေါ့၊ အုပ်စိုး အသက် နှစ်ဆယ်မှာ ရွာနီးချုပ်စပ်က လူရိုက် လာငှားတဲ့အထိ အုပ်စိုးတို့က အောင်မြင်ကျော်ကြား နေပြီ။

အုပ်စိုး ရိုက်ရမယ့် ဒဏ်ရာဟာ နှစ်လက်မလောက် ကြိုက် သလား၊ သုံးလက်မလောက် ကြိုက်လား၊ ကြိုက်ရာပြော၊ ရတယ်။ အားလုံးရဲ့ အပယ်ခံဘဝမှာ လုပ်စရာမရှိတိုင်း တုတ် တစ်ချောင်းနဲ့ လက်ဆပဲ ကျင့်နေတာဆိုတော့ အုပ်စိုး ကျွမ်း ကျင်နေတာ အဆန်းမဟုတ်ပါဘူး။ ဒါပေမယ့် အသေ ရိုက် ခိုင်းတဲ့ သူတွေကိုတော့ အုပ်စိုး ဘယ်တော့မှ လက်မခံဘူး။ အို....ဒါလောက်တော့ သိတာပေါ့။ အမှုပေါ်ယင်ကိုယ်ပဲ ခံရ မှာ။ သူတို့က ပိုက်ဆံ ဘယ်လောက် ပေးနိုင်မှာလဲ။

အုပ်စိုး တစ်ခါရိုက်ပေးယင် သဒ္ဒါကြေးလေး ပေးတတ် တဲ့ အစိတ် သုံးဆယ်ထက် ဘယ်လောက်များ ပိုပေးနိုင်မှာလဲ၊ ဒီတော့ အသေရိုက်ပေးစမ်းဆို အုပ်စိုး ဝေးဝေးက ရှောင် တယ်။

အင်း….ညနေဆို မိပိုက် ပါးစပ် မောင်း ခတ်တာ နား ထောင်ပြီး ရွာကလူတွေ ဘယ်လောက်များ ဝပ်သာနေကြ မလဲ။ သွားပြီ ရွာချဉ်ဖတ်လေး တစ်ဖတ်တော့။ ရှင်းပြီ၊ အေးပြီရယ်လို့ ပေါ့လေ။ တွေးလေးတိုကတော့ ကတောင် ကလိမ့်မယ်။ ဘာ ဘာနေနဲ့က တူအရင်းဆိုတော့ အုပ်စိုး ထမင်း စားချင်လို့လာယင် မကာင်းတရားနဲ့ ဆဲဆဲဆိုဆို လက်ခံရသေး တာကိုး။

အုပ်စိုး ရွှေတောသွားမယ် ဆိုတာကိုမိပိုက် တစ်ယောက်ပဲ သိတယ်၊ တကယ်တော့ မိပိုက်တောင်မှ ရွာဝမှာ တွေ့လို့ ပြောဖြစ်တာ။ အုပ်စိုးက ရွာကနေ မြစ်သား ကားဂိတ်ဆီ သွားဖို့အတွက် မိပိုက်က ပြောင်းရိုးတွေတင်ပြီး လှည်းမောင်း လာတာနဲ့ဆုံလို့။ သေချင်းဆိုးမလေး၊ သူငယ်ချင်းချင်း မို့ သူ့အကြောင်း ပြောတာကိုပဲ ဟဲ့…. အုပ်စိုး သေချင်ယင် ရွှေကျင်သွားတဲ့နေ့၊ နင် ငါ့ကို တစ်ခါထဲများ နှုတ်ဆက် တာလာတဲ့၊ နှာရှင်းကို တစ်ချက်လောက် ပီတ်တီးထည့် လိုက်ချင်တာ၊ သူ့လက်ထဲက နားကန်မကြောင့်၊ ဒီကောင် မလေးက လွယ်တာ မဟုတ်ဘူး၊ ကြီးတောင့် ကြီးမားပေ မယ့် မြန်လိုးချင်လိုးမှာ၊ ရိုက်ချင်လဲ ဖြုန်းဆို ရိုက်ထည့် လိုက်မှာ။

ငယ်ငယ်တုန်းကများ သူ့ကို မကြောက်တာဆို အုပ်စိုး တစ်ယောက်ပဲရှိတာ၊ ထဘီတိုတိုတင်းနေအောင်ဝတ်ပြီး ကြမ်းမှ ကြမ်း၊ တွေ့ရာလူနဲ့ နပမ်းလုံး။ လုံးပြီဟော ဆိုယင်လဲမိပိုက် တို့က သူများကုပ်ကို ခွစီးပြီး ကိုင်ဆောင့်ရမှ။ အုပ်စိုးနဲ့ဆို



ခဏ ရန်ဖြစ်ပေါ့။ မိပိုက်ကော အုပ်စိုးကော မခံချင် တ်။ စိတ်ဆတ်တဲ့ လူတွေချည်းပဲလေ၊ ချိတ်ချိတ်ချင်း ာ်မိကြတာပေါ့။

မိပိုက်က ခုထိတောင်မှ ဆောင့်ကြွားကြွားနဲ့ပေါ့၊ အပျို းတန်မဲ့ လှည်းမောင်း နွားကျောင်းတုန်း။ ရန်ဖြစ် ရှိယင် ဖြစ်တုန်းပဲ၊ ရုပ်ကလဲ ခပ်ဆိုးဆိုးနဲ့၊ ဒီပုံတိုင်း ဆို ဒီကောင်မ ယူမယ့်သူ ရှိမှာမဟုတ်ဘူး။

'ကိုင်း၊ ညောင်နီပင်ဗျို့၊ ရွှေ သူဌေးလောင်းတွေ ဆင်း ပြီဗျား'

ဟော…. ညောင်နီပင်တဲ့၊ အုပ်စိုး ကပျာကယာ ထ တယ်၊ စပယ်ယာစကားကို အပြုံးကြီး ပြုံးရင်း ကား က်မြီးက တောင်းတွေ ပလုံးတွေနဲ့ မိသားစု တစ်စု င်းနေကြတယ်၊ ဟိုကောင်လေးရော အမယ်၊ သူက းအောက်တောင် ရောက်နေပြီပဲ။

ကားပေါ်ကဆင်းပြီး ညောင်နီပင်ဆိုတဲ့ အရပ်ဒေသကို ာ်ဝင်တစားနဲ့ အုပ်စိုးကြည့်လိုက်တယ်၊ ရွှေတူးကြ၊ ရွှေ င်ကြတဲ့သူတွေ ဘယ်မလဲ၊ ဟင်၊ ရွှေကျင်တဲ့ လူတွေ တွေ့ပဲ အုပ်စိုး တွေ့နေရတာက ကားလမ်းဘေး တစ်ဘက် စ်ချက်မှာ ဘုရားပွဲဈေးအလား၊ ထင်မှားရတဲ့ ဈေးဆိုင် းတွေ။ အိုး…. နည်းတဲ့ဆိုင်တွေမှ မဟုတ်တဲ့။

ဒီဘက်ကဆိုင်တွေက အထည်ဆိုင်တွေ၊ ပုဆိုးဆိုင်၊ လွယ် တ်ဆိုင်၊ အင်္ကျီအစ အဆင်အမျိုးမျိုး ဆိုင်တွေကလဲ မနည်း း၊ ချုပ်ပြီးသား ဘောင်းဘီရှည်၊ အင်္ကျီဆိုင် တွေလည်း

အများကြီး၊ ဖိနပ်ခတွေ ဦးထုပ်တွေကလဲ အမျိုးမျိုး၊ ဟင်…မီဘက်မှာကျတော့ အသားငါးဆိုင်တွေ၊ အသီးအနှံ ဆိုင်တွေ၊ ဟိုဘက်နားက နှစ်ထပ်အိမ်ကတော့ အပေါ်မှာ လူနေဟန်တူပြီး အောက်မှာ ဖွင့်ထားတဲ့ဆိုင်က သံပုံးတွေ၊ သွပ်ပုံးတွေ၊ သံခွေ၊ ပေါက်ဟူး၊ ပေါက်ပြား၊ တူရွင်း အမျိုးမျိုး။

ဈေးနဲ့ ရွှေတောနဲ့များ အုပ်စိုးမှားလာပြီလား။ မေးကြည့်မှပဲထင်တယ်။ အုပ်စိုး ဟိုဟိုဒီဒီ ကြည့်တုန်း အုပ်စိုးလိုပဲ ယောင်နန ဖြစ်နေတဲ့ ကားပေါ်က ကောင်လေးကို သွားတွေ့တယ်၊ သူကလဲအုပ်စိုးကို လှမ်းကြည့်လို့၊ အုပ်စိုးသူ့ကိုပြုံးပြီး မေးတစ်ချက် ဆတ်ပြလိုက်တယ်။ သူကလဲပြန်ဆတ်ပြပြီး၊ အုပ်စိုးနား လျှောက်လာတယ်။

'ရွှေတောလာတာ မဟုတ်လား'

'ဟုတ်တယ်'

'ရွှေကျင်နေတဲ့ လူတွေလဲ မတွေ့ဘူးနော်'

'အေးလေ၊ အဲဒါကြောင့်မို့ ကြည့်နေတာ၊ မေးကြည့်မလို့'

ပြောနေတုန်းရှိသေး၊ အမိုးမပါတဲ့ မြင်းလှည်းတစ်စီးက အုပ်စိုးတို့နား တစ်ဝုန်းဝုန်း မောင်းချလာပြီး ရပ်လိုက်တယ်၊ မြင်းလှည်းပေါ်က ကုလားဆင်နဲ့လူက မျက်စတစ်ချက် ပစ်ရင်း

'ခင်ဗျားတို့ ဘယ်သွားမလဲ၊ ရွှေတောလား'

'အင်း….'



'သွားလေ၊ လိုက်ပို့ပေးမယ်'

'ကျုပ်တို့သွားမှာက ညောင်နီပင် ရွှေတောဗျ၊ ဒါ ညောင်နီပင် မဟုတ်ဘူးလား'

မြင်းလှည်းဆရာက ရယ်တယ်။

'သိပ်ဟုတ်တာပေါ့ ကိုယ့်လူ၊ ဒါ ညောင်နီပင်ပဲ၊ ဒါပေမယ့် ဒါက 'ရွာ၊ ညောင်နီပင်ရွာ၊ ညောင်နီပင်ရွှေတောက ဒီကနေ တောထဲကို လေးမိုင်လောက် ဝင်ရသေးတာ'

'အော်….'

'ဘယ့်နှယ်လဲ သွားမလား'

မြင်းလှည်းဆရာက သိပ်သွားချင်နေတယ်၊ လမ်းမသိလို့ လိုက်ပို့ခိုင်းချင်ပေမယ့် အုပ်စိုးမှာ ကာခပေ ပြီး ကတည်းက ပိုက်ဆံက နတ္ထိဖြစ်သွားပြီ။ ကားပေါ်က ကောင်လေးကို အုပ်စိုး လှမ်းကြည့်လိုက်တော့ သူက မြင်းလှည်းသမားကို….။

'ဘယ်လောက်ပေးရမှာလဲ'

'ငါးဆယ် ကိုယ့်လူ၊ လမ်းကြမ်းတယ်'

အုပ်စိုးရော ကောင်လေးပါ တွန့်ကနဲ ဖြစ်သွားတယ်။

'များတာပေါ့ဗျ'

'ဘယ်များမလဲ….ငါ့လူတို့ရ၊ ဒီမှာ ပိုက်ဆံများတာ မြင်နေယင်၊ ရွှေကိုမြင်ဖို့ နောက်ကျသွားလိမ့်မယ်။ စိတ်ချ၊ ငါးဆယ် တစ်ရာ ဆိုတာ ရွှေတောမြင်းလှည်း ထုံးစံပဲ'

အုပ်စိုးတို့ ငိုင်နေမိကြတုန်း၊ ရုတ်တစ်ရက် မြင်းလှည်း နေခက်နား၊ ဆိုင်ခန်းဆီက

'ဟေ့ကောင်….အာဖန်တီး မနေစမ်းနဲ့ သူတို့ဘာသာ သွား ပါစေကွာ'

'ဟေ့ကောင်လေးတွေ….ဒီနားကနေရွှေနည်းနည်းလျှော လိုက်၊ အဲဒီမှာ တောထဲ ဝင်တဲ့ လှည်းလမ်း တွေ့လိမ့်မယ် အဲဒီအတိုင်း လျှောက်သွားကြ၊ လူတိုင်း ဒီလိုပဲ သွား တာပဲ'

အော်ပြောတဲ့ လူကြီးဆီကို မြင်းလှည်းသမားက ကြ ပွတ်ရမ်းပြီး၊ ဆင်းပြေးသွားတုန်း အုပ်စိုးတို့ နှစ်ယောက် မတိုင်ပင်ရပဲ ခပ်မြန်မြန် လစ်ထွက်လာခဲ့ကြတယ်၊ မြင်းလှည်း သမားရဲ့ အဆဲခပါင်းစုံနဲ့ လူကြီးရဲ့ အော်ရယ်သံကို ကြား ရတယ်။

လူကြီးပြောတဲ့ဆီ ရောက်အောင် ခပ်သုတ်သုတ် လျှောက် တုန်း ကောင်လေးက အုပ်စိုးလက်ကို ဆွဲပြီး

'နေပါဦးကွ'

'ဘာလို့လဲ'

'ဟိုမှာ….ခေါက်ဆွဲဆိုင်၊ ထမင်း စားရအောင်ကွာ၊ ငါ ဆာလှပြီ'

ဟုတ်သားပဲ၊ အုပ်စိုးလဲ မနက်စာ မစားရသေးဘူး၊ ဆာတယ်။ ဒါပေမယ့်….



'ငါ့မှာ ပိုက်ဆံမရှိဘူးကွ'

'လာပါ….ငါကျွေးပါ့မယ်၊ ငါ့မှာ လေးဆယ် ရှိတယ်'

အုပ်စိုး ရှုံ့ကနဲ လေချွန်လိုက်တယ်၊ တော်သေး၊ သူ့မှာ လဲ မရှိဘူး မှတ်နေတာ၊ ကောင်လေးက 'သွားစို့' လို့ ပြောရင်း

'ဟေ့ကောင်….မင်းနာမည် ဘယ်သူလဲကွ'

'အုပ်စိုး'

'ငါ့နာမည်က သိုက်ထွန်း'

လမ်းဘေး၂ ခေါက်ဆွဲဆိုင်ဆီကို အုပ်စိုးတို့ လာခဲ့ကြ တယ်၊ ဟား….ဆိုင်ထဲမှာလဲ လူတွေရှုပ်ပွနေတာ ပါလား၊ စားတဲ့လူထက် အရက်သောက်တဲ့ လူတွေက အများကြီးပဲ။

'ခေါက်ဆွဲကြော် နှစ်ပွဲမှု'

သိုက်ထွန်းက အော်မှာတယ်၊ စားပွဲထိုး ကောင်လေးက လှမ်း ကြည့်ပြီး၊ 'ပါသေးလား'တဲ့၊ အမယ် ဒါမျိုးကျ သိုက်ထွန်း လည်သား၊ လက်ညှိုးတစ်ချောင်း ထောင်ပြီး 'ရမ် ဝမ်းပက်'တဲ့၊ အုပ်စိုးကိုလဲ 'ဟေ့ကောင် မင်းရော'တဲ့၊ အုပ်စိုး ခေါင်းခါပြတယ်၊ နွေနွေခင်းကြီး ဗီလောက် ပူနေ တာ အုပ်စိုး မသောက်ချင်ပါဘူး၊ ပြီးတော့ အုပ်စိုးက တောသား၊ ထန်းရေလောက်ပဲ ကြိုက်တဲ့သူ။

သိုက်ထွန်းက အရက်ဖန်ခွက်ထဲ ရေတွေ အများကြီး ရောပြီး၊ တစ်ကြိုက်ချင်း ကြိုက်နေတယ်၊ ပြီးတော့မှ ရုတ် တစ်ရက်

‘ငါ အိမ်က ထွက်ပြေးလာတာကွ၊ အဖေ မသိဘူး’

‘မင်း အမေရော’

‘ငါ့မှာ မိထွေးပဲ ရှိတာကွ၊ သူသိသိ မသိသိ၊ ငါ ဂရုမစိုက်ပါဘူး’

‘......’

‘မိထွေးက ငါ့ကို မကြည်ဘူးကွ၊ အဖေ့ကို အမြဲ ကုန်းချောနေတာ၊ ငါ အိမ်အလုပ် ကူမလုပ်ဘူး၊ စာမေးပွဲ အောင့်အောင် မဖြေဘူး၊ ပိုက်ဆံခိုးတယ်၊ အရက်ခိုးသောက်တယ်နဲ့ နားညည်းအောင်ပြော၊ အဖေက ငါ့ရိုက်နဲ့ သိပ် စိတ်ညစ်ဖို့ ကောင်းတာပဲ’

‘ခုတော့...အေးတာပေါ့ကွ’

‘အေး...ဟုတ်တယ်၊ ခု ငါလွတ်ပြီ ကျွတ်ပြီ၊ ဟဲဟဲ....ငါ ရွှေတောက ရွှေတွေ့ယင် ကြည့်နေ၊ ငါ့ မိဘတွေ သားသားနဲ့ တသားတည်း သားနေလိမ့်မယ်’

ဘာရယ်မှသိ၊ အုပ်စိုးရော၊ သိုက်ထွန်းပါ အော်ရယ် နေမိကြတယ်၊ အငွေ့တစ်ထောင်းထောင်းနဲ့ရောက်လာတဲ့ ခေါက်ဆွဲကြော် ပန်းကန်ကိုကြည့်ပြီး၊ အုပ်စိုးက တံတွေး မျိုချလိုက်မိတယ်၊ ကျေးဇူးတင်ပါတယ် သိုက်ထွန်းရာ၊ ငါ ခေါက်ဆွဲကြော် မစားရတာ ကြာလှပြီကွာ’

‘ခေါက်ဆွဲက ငါတို့ မော်လမြိုင်နဲ့လဲ မတူဘူး’

‘ကောင်းပါတယ်ကွ’



သိုက်ထွန်းက သိကြိုက်ပုံ မရပေမယ့် အုပ်စိုးကတော့ ခေါင်းတောင် မဖော် နိုင်အောင်ပဲ၊ စားလိုကောင်းလိုက်တာ၊ ခေါက်ဆွဲ တစ်ပန်းကန်လုံး၊ တမျှင်မှ မကျန်အောင် ရှင်းပြီး ရေကို အားရပါးရ သောက်နေတုန်း အုပ်စိုးဘေးနား ကုလားထိုင်မှာ ဖြုန်းဆို လူတစ်ယောက် ဝင်ထိုင်တယ်။ မောကြီးပန်းရနဲ့ အဲဒီလူ မျက်လုံးတွေက နောက်တလှည့်ကြည့်ကြည့်။ ဘာတုန်းကွလို့ အုပ်စိုး တွေးမိတုန်းမှာပဲ ဂုန်း ဒိုင်းဆို အုပ်စိုးတို့စားပွဲ ကျွမ်းထိုးမှောက်ခုံ ဖြစ်သွား တော့တာပဲ။

‘ဟေ့....ဟေ့.... ဘာလဲဟ’

‘မအေ.... တင်ဦး၊ မင်းအမေ့’

အုပ်စိုးဘေးမှာ လာထိုင်တဲ့လူနဲ့ နောက်က လိုက်လာတဲ့ လူတစ်သိုက် ထိုးကြကြိတ်ကြတာ။ ရန်ပွဲမြင်ယင် ရူတတ်တဲ့ သွေးက အုပ်စိုး အသားထဲမှာ ပလုံစီလေးတွေ ထလာနေသလိုပဲ။ ဖျတ်ဆို သိုက်ထွန်းကိုဆွဲပြီး ဘေးနား ရှောင်နေလိုက်တယ်၊ ဒါ ကိုယ်နဲ့မဆိုင်ဘူးလေ။

သိုက်ထွန်းက အသံတုန်တုန်နဲ့ သွားရအောင်တဲ့။ ‘အေး၊ ပိုက်ဆံပေးလိုက်လေ’ဆိုပြီး၊ လှည့်ထွက် လိုက်တုန်း ဟိုထဲက လူတစ်ယောက်က မူးမူးနဲ့ သိုက်ထွန်းကုပ်ကို လှမ်းကိုင်လိုက်တယ်။

‘ဟေ့ကောင်၊ မပြေးနဲ့၊ ငါတို့ ပိုက်ဆံတွေပေး’

'ဘာကွ' ဆိုပြီး အုပ်စိုး အဲဒီလူကို ဆောင့်တွန်းပစ်လိုက်တယ်။ တစ်ချိန်တည်းမှာပဲ အနားက ခွေးခြေနဲ့ သိမ်းရိုက်ပစ်လိုက်တယ်။

'အုပ်စိုး၊ ဟေ့ကောင် အုပ်စိုး'

သိုက်တွန်း အော်နေတာတွေ ဘာတွေ ဘာမှ မကြားတော့ဘူး။ သူ့ဆီမဲ့ပြီး ဝိုင်းလာတဲ့ ကောင်တွေကို ခွေးခြေနဲ့ အကုန် ပိတ်ရမ်း ရိုက်ပစ်လိုက်တယ်၊ မူးနေတဲ့ ကောင်တွေဆိုတော့ ဒီလောက်တောင် ကြမ်းလိုက်တာနဲ့ပဲ ရှဲသွားကြပြီး ပါးစပ်ကသာ

'ဟေ့ကောင် မအေ၊ လူလိမ်၊ ပိုက်ဆံတွေ ပြန်ပေးစမ်း'

အဲဒီတင် ခုန အုပ်စိုးတို့နား လာထိုင်တဲ့ တင်ဦးဆိုတဲ့ လူက လဲနေရာက ကပျာကယာ ထလာပြီး သူ့ဘေးနားက ကောင်ကို တစ်ချက် ကြုံးကန်ပစ်လိုက်တုန်း။

'ရဲ ..ရဲ.........ရဲ လာပြီတဲ့'

လူတွေ တဝုန်းဝုန်း ဖြစ်သွားပြီး လဲနေတဲ့ ကောင်တွေရော၊ အုပ်စိုးတို့ရော တင်ဦးရော ဆိုင်ပြင်ဘက်ကို ခြေကုန် သုတ်လာခဲ့ကြတယ်။ ခြေထောက်သာ အမြန် သုတ်ပေးနေရတယ်၊ ဒီကောင့်ကြည့်ရတာ ကြောက်တတ်ပုံရတယ်၊ မလွယ်ဘူး။ အတွေ့အကြုံရှိဟန် မတူဘူး၊ ဟော... ဟိုမှာလူတွေ သွားနေကြတဲ့ လှည်းလမ်းကြောင်း။ ရွှေတော သွားရမယ့်လမ်း။



'ဟေ့ကောင်တွေ နေပါဦးဟ'

လှည်းလမ်းကြောင်းမှာ အတော်လေးပြေးပြီးမှ နောက်က အောသံကြောင့် အုပ်စိုးရပ်လိုက်တယ်။ တင်ဦးဆိုတဲ့လူ။ အုပ်စိုးတို့ထက်တော့ ကြီးပုံရတယ်၊ အသားဖြူဖြူ ပိန်ပိန်ကိုင်းကိုင်း၊ အသက်သုံးဆယ် ပတ်ဝန်းကျင်လောက်ပဲ။

'မင်းတို့ ရွှေတောသွားမှာလား'

'ဟုတ်တယ်'

အဲဒီလူက ဟူးခနဲနေအောင် အမောဖြေလိုက်ပြီး သူ့ဝတ်ကောင်းစားလှတွေပေါ်က ဖုန်တွေအလိမ်းလိမ်းကို ခါထုတ်ရင်း....

'အလကားကောင်တွေပါကွာ၊ ဖဲရှုံးတဲ့ပိုက်ဆံပြန်တောင်းရတယ်လို့၊ သူတို့မိုက်လို့ ငါနဲ့လာကစားတာပဲ ခံပေါ့၊ အဲဒီကောင်တွေက တစ်နေ့က ရွှေဖတ်တစ်ကျပ်သားလောက် တောလာတဲ့ကောင်တွေကွ'

'ပွတာပေါ့ဗျ'

အုပ်စိုး လွှတ်ခနဲ ထွက်သွားမိတယ်။ ကိုတင်ဦးကတော့ သိုက်တွန်းဘေးနားကနေ ဖြည်းဖြည်းယှဉ်လျှောက်ရင်း ရယ်တယ်။

'ခုတော့ မပွနိုင်တော့ဘူးလေကွာ၊ တင်ဦးနဲ့တွေ့တော့ ဖြူခါပြာခါကျသွားတာပဲ၊ ဒီကောင်တွေ ညနေထမင်းစားစရာမှ ကျန်သေးရဲ့လား မသိဘူး ဟား....ဟား'

အုပ်စိုးနှင့်သိုက်ထွန်း ကိုတင်ဦးကို ငေးကြည့်ကြတယ်။ ဒါဆို ဒီလူ့မှာ ပိုက်ဆံတွေအများကြီးပေါ့။ ကိုတင်ဦးက အုပ်စိုးတို့စိတ်ကို သိနေသလို သူ့ဂျင်းဂျက်ကက် အိတ်ထောင်တွေကို စမ်းကြည့်ပြီး အစိတ်တန်နှစ်ရွက် ဆွဲထုတ်တယ်။

'ငါ့ပွလာတဲ့ အထိမ်းအမှတ်ပေါ့ကွာ၊ မင်းတို့ပုန်ဖိုးပေါ့၊ ရော့'

ဒီလူ အတော်လက်ဖွာတဲ့လူပဲ၊ အင်းလေ အုပ်စိုးတို့ကို ကျေးဇူးတင်တဲ့အတွက်လဲ ပါမှာပေါ့၊ ယူတယ်လေ ဘာဖြစ်သေးလဲ၊ အင်း ဒီတစ်ခါအစိတ်ရတာ လူရိုက်မပေးရပေမယ့်လဲ ခုံနဲ့တော့ ဆွဲရမ်းပေးလိုက်ရသေးတာပဲနော်၊ ဘာပဲပြောပြော ငွေအစိတ်ရဖို့ တော်တော်လွယ်တာပဲ။

ညောင်နီပင်ကို အုပ်စိုးသဘောကျသွားပြီ။

'မရောက်သေးဘူးလားဗျ ရွှေတောက'

သိုက်ထွန်းက ရှုံ့မဲ့မဲ့နဲ့မေးတော့ ကိုတင်ဦးက ခပ်အေးအေးပဲ....

'မင်း သေးမိုင်မှလမ်းမလျှောက်နိုင်ယင် ရွှေတောကိုလာဖို့ မကောင်းဘူး၊ ရွှေကျင်တယ်ဆိုတာ လေးမိုင်လမ်းလျှောက်တာထက် အဆပေါင်းများစွာကွ'

'မင်းကလဲ ငပျော့ပဲ၊ ဒီလောက်လေးများကွာ ငါတို့ဆို' အုပ်စိုးစကား မဆုံးသေးဘူး။ အုပ်စိုးတို့ရွှေနားဆိက....



'ဘေးကိုဗျို့ ဘေးကို'

လှည်းတစ်စီး ဖုန်တစ်ထောင်းထောင်းနဲ့ အပြင်းမောင်းချလာတာကို အုပ်စိုးတို့ ကပျာကယာ လမ်းဘေးကပ်ပေးလိုက်ရတယ်။ ဟင်၊ လှည်းပေါ်မှာ စောင်ခြုံကြီးတွေနဲ့ လူနှစ်ယောက်ပက်လက်။

'ကိုတင်ဦး ဘာဖြစ်လို့လဲဗျ၊ ဟိုလှည်းပေါ်မှာ'

'ဖျားလို့ပေါ့ကွ၊ မြို့ဆေးရုံပို့ဖို့ သွားတာ'

'ဗိုလောက်မောင်းတာဗျာ ဆေးရုံမရောက်ခင် အသက်ထွက်မှာပဲ'

'အရေးကြီးတော့လဲ မောင်းရတာပေါ့ကွ၊ အသက်ကတော့ ခုတောင်ထွက်ပြီးသား ဖြစ်ချင်ဖြစ်နေမှာ'

'ဟင်....'

'မဆန်းပါဘူးကွာ၊ ဒီမှာ လူတိုင်းငှက်ဖျားဖြစ်နေကြတာ၊ မင်းတို့လဲ မကြာခင် ဖြစ်မှာပဲ'

'ဟင်....'

အုပ်စိုးနှင့် သိုက်ထွန်းကသာ အံ့သြသကြီး တဟင်ဟင်ဖြစ်နေပေမယ့် ကိုတင်ဦးရော ခုန လှည်းဖြတ်မောင်းလာတုန်းက ဘေးကပ်ပြီး လှမ်းကြည့်နေတဲ့ သူတွေရော ဂူးနွံ့မပျက်ရှေ့သို့ ဆက်လက်ချီတက်နေကြပုံက အေးအေးဆေးဆေး တည်တည်ငြိမ်ငြိမ်၊ ဒါပေါ့ ဒါမှပေါ့၊ အုပ်စိုးတို့က ဒီအဖျားကို ဂရုစိုက်နေရမှာလား။

'ဟော့ကောင်တွေ ရွှေမှာရောက်ပီ'

'အားပါးပါး လူတွေက များမှများ'

ဟုတ်ပါရဲ့ သိုက်ထွန်းပြောတာ၊ အုပ်စိုးဖြတ်ခဲ့တဲ့မန္တလေး ဈေးချိုမှာ သွားနေကြတဲ့ လူတွေလောက်ရှိတယ်။ ဟာ ဒီထဲ မှာလဲ ထမင်းဆိုင်တွေ ဈေးဆိုင်တွေ။

'ဟိုဟာတွေက 'မျှော'တွင်းတွေလေကွာ'

ကိုတင်ဦးက လက်ညှိုးထိုးပြတယ်။

'ဘာလဲဗျ....မျှောတွင်းဆိုတာ'

'မျှောတွင်းဆိုတာ ရွှေကျင်တဲ့ တွင်းပေါ့ကွ၊ ဒါတောင် မသိဘူးလား'

ဟောဗျာ....အုပ်စိုးတို့ လှမ်းမြင်နေရတဲ့ ရေတွင်းတွေလို အစီအရီ တွင်းတွေဟာ ရွှေတူးတဲ့ ရွှေကျင်တဲ့ တွင်းတွေ။

ဒီလိုဆို ကားပေါ်တုန်းက ကြားသလိုမျိုး ပေါက်ချွန်းနဲ့ ဆယ်ချက်လောက်ဆွရုံနဲ့ ရွှေချပ်ကြီးရဖို့က အတော်မလွယ်မယ့် ကိစ္စပေါ့။

မျှောတွင်းတစ်တွင်းရဲ့ ထိပ်မှာ ရပ်ပြီး အုပ်စိုးအောက်ငုံ့ ကြည့်လိုက်တယ်။ အလောင်ငါးဆယ်လောက်နက်တဲ့ မျှော တွင်းက အုပ်စိုးကို ဆီးနှုတ်ဆက်နေသလိုပဲ။

* * *

ယ်မ်က ကိုကျော်ဖြိုင်တို့ မိသားစု

အမယ်၊ ဒီလိုဆိုတော့လဲ ကျုပ်တို့မိသားစု အပျော်ခရီး က်လာတာလိုလို ဘာလိုလိုနဲ့။

နွေရာသီပေမယ့် မော်တော်ပေါ်မှာဆိုတော့ မြစ်ပြင်လေ ားကဖြူးနေတာပဲ၊ နေရထိုင်ရတာ သက်တောင့်သက်သာ ိုက်တာ၊ မော်တော်စက်သံသာ နဲ့နားကပ် ဆူမနေဘူး ယင် ခုလိုစားသောက်ပြီး တစ်ရေးတစ်မောလောက် အိပ် က်ရ ဘယ်လောက်ဇိမ်ရှိလိုက်မလဲ။ ထမင်းကလဲ စားလို့ ာင်း ိုက်တာ။ ရိုက်သင့်သလား အောက်မေ့ရတယ်။ ကယ်တော့ ဟင်းကမကောင်းပါဘူး။ ကျုပ်မိန်းမကလဲ ိဘမှ ဟင်းချက်ညံ့ရတဲ့ထဲ မော်တော်ပေါ်မှာ ဖြစ်ကတတ် န်းချက်ရတာဆိုတော့ အိမ်မှာထက်တောင် ပိုဆိုးပါသေး

တယ်။ ဒါပေမယ့် ဘာလို့လဲမသိဘူး စားလို့ကောင်းတာက တော့ အလွန်ပဲ။ အဲ....မော်တော်တစ်စီးလုံး ကျပ်ညပ်နေတဲ့ ပုစွန်ခြောက်တွေကြားမှာ ပုစွန်ခြောက်နံ့လှိုင်လှိုင်နဲ့ စားရလို့ လဲ ဖြစ်နိုင်တယ်။ ကျုပ်တို့ မိသားစုငါးယောက် ထမင်း လေးလုံးချက်အိုး ပြောင်ရော။

'စားပြီးယင် ဒီနားမှာပဲ အိပ်ချင်အိပ်နေကြ၊ မော်တော် ပေါ် လျှောက်သွားမယ်မကြံနဲ့၊ ရေထဲလိမ့်ကျယင် တစ်ခါထဲ မသာပေါ်မှပဲဆိုတာ မှတ်သားကြ၊ နှစ်ခါမပြောဘူး'

ထမင်းစားပြီး လှုပ်လှုပ်ရှရှ ဖြစ်လာတဲ့ ကျုပ်သားနှစ် ကောင်နဲ့ သမီးတစ်ကောင် ငြိမ်သွားတယ်။ သူတို့အမေတော့ တယ်ကြောက်တဲ့ဟာလေးတွေ။ ကျုပ်သာဆိုယင် သိပ်ခန့်တဲ့ ဟာလေးတွေ မဟုတ်ဘူး။ သူတို့အမေ မိနက်ရဲ့ပါးစပ်ကြမ်း ကြမ်း၊ နှုတ်ကြမ်းကြမ်းမှပဲ သူတို့ကြောက်တာ။

'ဘယ်နားမှာ အိပ်ရမှာလဲ အမေရ'

စကားတတ်တဲ့ အကြီးကောင်က ထမင်းအိုး၊ ဟင်းအိုးနဲ့ ပန်းကန်ပြားတွေပြည့်နေတဲ့ နေရာလေးကိုကြည့်ပြီး ထပ်တွန့် တက်လာတာနဲ့ ဟင်းအပေတွေနဲ့၊ မိနက် လက်ခေါက်က ခေါက်ခနဲရောက်လာတယ်။

'ရှည်ပြန်ပလား၊ ဒီအိုးတွေရှင်းပြီးယင် ရတာပဲ၊ နင်တို့ ညကျတော့ ဒီနေရာမှာ ဘယ်လိုအိပ်မလဲ၊ ထပ်စမ်း ပန်းကန် ပြားတွေကို'



'ကဲပါ ရော့ပါကွာ၊ မရိုက်ပါနဲ့ဟ မိနက်ရ၊ နင်ရိုက်လို့ ဒီကောင်တွေ ငိုပြန်ယင် ငါ့သူငယ်ချင်း အားနာစရာ'

မိနက် ငြိမ်သွားတယ်။ သူ့ထုံးစံအတိုင်း ပါးစပ်က ပွစိ၊ ပွစိနဲ့လုပ်ပြီး ဆေးစရာ ပန်းကန်ခွက်ယောက်တွေကို ကိုင်ပြီး မော်တော် မီးဖိုခန်းဆီ ထွက်သွားတယ်။

'ကဲ....ဟေ့ကောင်တွေ လာ ဒီနားမှာထိုင်ကြ၊ဟိုမှာ ကမ်း ဘေးက ရွာတွေဘာတွေကြည့်ကြ၊ ဘယ်လောက်ကောင်းလဲ၊ မင်းတို့ ဘယ်လောက် မော်တော်စီးချင်ပါတယ်ဆိုဆို ငါ အလို မလိုက်နိုင်ဘူး၊ ခုဟာက ကြုံတုန်းမို့'

'ဦးလေးကျော်ဝင်းကြောင့် နော အမေရ'

ထပ်တွန့်တက်တတ်တဲ့ အကြီးကောင်စကားကို 'အေး.... အေး'လို့ခေါင်းညိတ်ရင်း တကယ်ပဲ သူငယ်ချင်းကျော်ဝင်းကို ဘယ်နှစ်ကြိမ်မြောက်မှန်း မသိ ကျေးဇူးတင်မိပြန်တယ်။

ဘယ်လိုစဉ်းစား၊ စဉ်းစား ပုသိမ်အရှေ့ ရွာလေးတစ်ရွာက လယ်သူရင်းငှားမိသားစုငါးယောက်ရဲ့ပုသိမ်–မန္တလေး ခရီးစဉ် ဟာ မစဉ်းစားရဲတာ အမှန်။ ကျုပ်တို့တတ်နိုင်တဲ့ စရိတ်က ရွာကနေ ပုသိမ်မြို့ပေါ် လာဖို့လောက်ရှိတာ။ ပုသိမ်က ရန်ကုန် သင်္ဘောစရိတ်၊ စားစရိတ်၊ ရန်ကုန်ကနေ မန္တလေး မီးရထားစရိတ်၊ စားစရိတ်၊ အဲဒါကိုက နည်းသလား။ ဒါတင် ခရီးပြီးပလားဆိုတော့ မဆုံးသေးဘူး။ မန္တလေးကနေ ကားနဲ့ ဆက်သွားရဦးမှာတဲ့။

အင်း ... သူငယ်ချင်းကျော်ဝင်းမျှောလဲ ကျုပ်ကို အင်မတန်ခင်ရှာလွန်းလို့။ ကျုပ်ဆင်းရဲနေတာလဲ မကြည့်ရက်လို့သာ မော်တော်ပေါ် တင်ခေါ်ရှာတာ။ သူ့မော်တော်ပိုင်ရှင် အသိခံရဲတာမဟုတ်ဘူး။ တခြား သင်္ဘောသားတွေကလဲ ကျော်ဝင်းက ဆလင်ဖြစ်နေသော့ မပြောရဲကြလို့ တော်သေးတာ။

ကျော်ဝင်းမော်တော်က မန္တလေးကို ပုစွန်ခြောက် အပြည့်နေတဲ့မော်တော်ကြီး။ ဒီကောင်က ခပ်ငယ်ငယ်ထဲက ရွာကနေ ပုသိမ်မြို့ပေါ် တက်သွားပြီး သင်္ဘောလိုက်နေတဲ့ကောင်။ ကျုပ်တို့က အဲဒီတုန်းက ရွာ လယ်ပိုင်ရှင်သားဘဝနဲ့ ကျေနပ်ပြီး နေနေတဲ့အချိန်ပေါ့။

'အဖေ ရွှေတွေရယင် ရွှေလက်ကောက် လုပ်ပေးနော်'

'ဩော် ... အရေးထဲ သမီးရယ်၊ ရွှေတောဆိုတဲ့ဟာကဖြင့် ဘယ်နားနေမှန်း မသိသေးဘူး၊ ဖအေလုပ်တဲ့သူမယ် တွေ့ရတောရတုန်း'

'နော်လို့အဖေ၊ ဆွဲကြိုးရော နော်'

အလတ်မက, ကျုပ်လက်ကို လာလှုပ်ပြန်တယ်။ 'အေး ... အေးလို့ ပြီးစလွယ် ကျုပ် ခေါင်းညိတ်ရပြန်တယ်။ ဒါကို အလတ်မက မအေးသေးဘူး။

'ဖေဖေ ရွှေတော့ရယင် အဘိုးကိုလဲ ပေးလိုက်ဦး၊ အဘိုး ပုဆိုးကြီးက အစုတ်ကြီးရယ်၊ အဘိုး အနိုပ်သွားတော့ လူတွေက ပြောင်နေကြတာ'



ဒီတစ်ခါတော့ ကျုပ် ငိုင်သွားမိတယ်။ တစ်ပတ်ထဲ ...ားခဲ့ရတဲ့ အဖေ့ကို သတိရမိပြန်တယ်။ အဖေက မာရေမယ် ...သက်ကြီးတဲ့ လူကြီးတစ်ယောက်ပဲ၊ အဖော်အလှော်မရှိပဲနေ့ ...နေသင့်ဘူး။ မတတ်သာတော့လဲ ထားခဲ့ရတာပဲ။ ကျုပ်တို့ ...ကောင်းယင်လဲ ခဏနဲ့ ပြန်လာရမှာပါ။

ရွာမှာ တစ်အိမ်တက်ဆင်း တောင်ဝေ့းလေး တခေါက် ...ါက်နဲ့ အနှိပ်လိုက်နှိပ်ပေးနေတဲ့ ကျုပ်အဖေဟာ တစ်ချိန်က ...ယ်ဘော အတော်အသင့်ပိုင်တဲ့ လယ်ပိုင်ရှင်လေးတစ်ယောက် ...တာကို ဘယ်သူယုံမှာလဲ။

ဒါပေမယ့် တကယ်ပါဗျာ။ ကျုပ်အဖေဟာ တစ်ချိန်တုန်း ...လယ်ပိုင်ရှင်။ ကျုပ်ဟာ တစ်ချိန်တုန်းက လယ်ပိုင်ရှင် ...ားအဖြစ်နဲ့ ချောင်ချောင် လည်လည် နေခဲ့ဖူးပါတယ်။ ...ယ်ဟာမြေ ဝေခြမ်းရေးဆိုတာ မပေါ်ခင်အတိပေါ့။ လယ် ...ပ်သူသာ လယ်ပိုင်ရမယ်ဆိုတော့ ခေါင်းပေါင်းစ တလူလူ ...ပ်နေတဲ့ လယ်ပိုင်ရှင် အဖေ့မှာ ပြဿနာ။ အဖေ့မှာ မြေ ...ွှီးအဖ ဘာမှမရှိတော့ပဲ ဓေါသဖြစ်ရင်း၊ နာကျည်းရင်း၊ ...တာလေး ထိုင်စားရင်းနဲ့ပဲ ကျုပ် သူရင်းငှားဘဝ ရောက်ခဲ့ ...တာပဲ။

စိတ်မှတ်ကြီးတဲ့ အဖေက ကျုပ် သူရင်းငှား လုပ်တာကို ...ယ်တော့မှ မကျေနပ်ခဲ့ဘူး။ ဆင်းရဲတဲ့ဘဝမှာ အနှိပ် လိုက် ...်တယ်။ သူရင်းငှားတော့ မလုပ်ဘူး။

ခုလဲ တစ်သောက်စကား တစ်ယောက်နားနဲ့ ရွှေတွေရပြီး ချမ်းသာကုန်ကြတယ်ဆိုတဲ့ ညောင်နီပင်ရွှေတောကို ကျုပ်က သွားချင်လိုက်တာလို့လဲဖြစ်ရော၊ သွား သွားနဲ့ တသွားထဲ သွားခိုင်းတော့တာပဲ။ သူထားခဲ့တဲ့ အနှိပ်နှိပ်တာနဲ့ သူ့တစ်ဝမ်း တစ်ခါ၊ စားလောက်သတဲ့။ ကျုပ်တို့ကို ဇွတ်တွန်းလွှတ်တော့တာပဲ။

ဒီကြားထဲမှာ ကျုပ်တို့ပဲ သွားကံကြုံပြီး သူဌေးဖြစ်ချင်လို့လားလဲ မသိပါဘူး၊ ရွာကို ကျော်ဝင်းက အလည်ပြန်လာရင်း စကားစပ်မိကြရော။

'ငါလဲ မန္တလေးသွားရင်း ကြားကြားတော့ နေတာပဲကွ၊ အညာတက်တွေရော၊ ဟိုးအထက်ဘက်ကတွေရော ရွှေကျင်တာ တော်တော် ခေတ်စားနေတာကွ၊ ရွှေရတာမရတာထက် အဲဒီမှာအလုပ်သမားလုပ်ယင်ကို တစ်နေ့လေးငါးခြောက်ဆယ်က တော့ ပုံမှန်ပဲတဲ့၊ ရွှေတူးတဲ့ တွင်းတွေထဲကနေ မြေသယ်၊ ဘာသယ် ဝေယျာဝစ္စလုပ်ရတာပေါ့ကွာ၊ မိန်းမတွေလဲ လုပ်လို့ရတာပဲကွ၊ သွားပါလား'

'အေး....ဟုတ်တယ်ကွာ'

ကျော်ဝင်းပြောတော့ ပိုပြီး စိတ်အားထက်သန်လာပြီး ခရီးစရိတ်အတွက်လဲ ဒီလောက်ဖြေရှင်းပေးတော့ ကျုပ်တို့မိသားစုလိုက်ဖြစ်သွားတယ်။ အင်း.... ကျော်ဝင်းပြောသလို ရွှေမရစေနဲ့ဦးတော့ အလုပ်သမားလုပ်လို့ ရမယ့်ပိုက်ဆံဟာ



ငါးဆယ်ခြောက်ဆယ်ဆို နည်းသလား။ ကျုပ်တို့ တစ်လမှ နှစ်ရာကျော်လောက်ရတဲ့ လယ်သူရင်းငှားဝင်ငွေနဲ့ ယှဉ်လိုက်ယင် တကယ့်ကို မိုးနဲ့မြေကြီး။

ဘာဖြစ်လဲ၊ ရွာမှာတုန်းကလိုပဲ တစ်နေ့တစ်ဆယ်လောက်နဲ့ လောက်အောင်စားမှာပေါ့။ မိနက်စားတတ်ပါတယ်။ တစ်နေ့ငါးဆယ်ပဲရတယ်ထားပါဦး၊ တစ်ဆယ်စား ကျန်တဲ့လေးဆယ်စု၊ တစ်လဆို ထောင့်နှစ်ရာကြီးများတောင် ပိုမှာပါလား။ တစ်နှစ်လောက်သာလုပ်လိုက်ယင် ကျုပ်တလေးတွေ ရှင်ပြုနိုင်ပြီ။

ဒီကြားထဲမှာ ကျုပ်တို့ကံကောင်းယင် ကျော်ဝင်းပြောတဲ့ သူလိုဖြစ်ယင် ကျုပ်တစ်သက်ချမ်းသာပြီ။ ကျော်ဝင်းပြောတဲ့ လူများဆို ကံထလာတော့ တစ်ချက်ပဲဆိုတာမျိုးလိုပဲ။ ရွှေတောကို ဒီနေ့ရောက် နက်ဖြန်စတူးတာ သုံးတောင်လောက်ပဲ တူးရသေးတယ် တစ်ခါထဲတန်းပြီး ရွှေအကြောလိုက်ပေါ်လာတာပဲတဲ့။ သူများတွေလို ရွှေမြေကိုကျင်ယူစရာတောင် မလိုဘူး။ အဲဒီရွှေကြောအတိုင်းဖဲ့ထုတ် သန့်စင်ပြီးယူရုံပဲတဲ့လေ။ တွေ့ခဲ့တဲ့လူတွေဟာ ကျော်ဝင်းကိုပြောတာများ ရွှေကြောကြီးကသော ကမ်းနေကြည့်ယင် သွားရည်ကျစရာ ကောင်းအောင် ဝင်းလက်နေတာပဲတဲ့။

အဲလိုများရလို့တော့ဗျာ ကျုပ်သားသမီးတွေရှင်ပြု၊ မိနက်ကို ဆွဲကြိုးတွေ၊ နားကပ်တွေဆင်၊ အိမ်ကိုအကောင်းစား ပြင်

ဆောက်၊ အပေ့ါကိုလည်း အနှိပ်သည်ဘဝက လွတ်မြောက်ပြီး ဟိုအချင်ဘာတုန်းကလို သွပ်မိုးပျဉ်ထောင်အိမ်ကြီးပေါ်မှာ ခေါင်းပေါင်းစတလှုလှုနဲ့ အဖေပြန်နေစမ်း။ ဘယ်လောက်ကောင်းလိုက်မလဲ။ ကျုပ်ကလဲ ကိုယ့်အံ့ရုပ်ဒေသနဲ့ ဝေးလွန်းတဲ့နေရာကို နောက်တစ်ခေါက် ပြန်သွားမနေတော့ဘူးပေါ့၊ ရှိတဲ့အရင်းအနှီးနဲ့ တခြား အရောင်းအဝယ်လေး ဘာလေးလုပ်ပေါ့။ လယ်သမားဘဝကိုတော့ ကျုပ်တစ်သက်ပြန်မသွားဘူးမှတ်ပါ။ စိတ်နာလွန်းလို့ဗျာ။ ပြာမကြီးတို့၊ ချိုထောင်ကြီးတို့နဲ့ဖက်ပြီး နွားတစ်ကောင်လို ပင်ပန်းကြီးစွာလုပ်ရ၊ ကောင်းကောင်းမွန်မွန်မစားရ၊ ဖိထောင်းပြီးအနှိမ်ခံရတဲ့ လယ်သူရင်းငှား လယ်သမားဘဝကို ကျုပ်ကဘာကြောင့် လှည့်ကြည့်နေရမတုန်း။

'ကဲ ကိုကျော်မြိုင် ဘော်မအိပ်ယင်လဲ ဟိုဘက်ကပ်နေ၊ ကျုပ်က အိပ်မလားလို့ အသာ ကြည့်နေတာ၊ မျက်နှာအမူအရာအမျိုးမျိုးနဲ့ ဘာတွေများ ဖြစ်နေရတယ် မသိဘူး ဖယ့် ဟိုဘက်တိုး ကျုပ်အိပ်မလို့'

'အေးပါကွာ'

ပြောပေါက် ဆိုးသလောက် စိတ်ရင်းတော့ မဆိုးရှာတဲ့ မယားသည်ကို နေရာပေးပြီး ကျုပ်ထလာခဲ့တယ်။ သူတို့သားအမိတစ်တွေ ဖြစ်ကတတ်ဆန်းအိပ်ရတဲ့ နေရာကျဉ်းကျဉ်းလေးမှာ ကျယ်ကျယ်ဝန်းဝန်း အိပ်ပါစေတော့ဆိုတဲ့ စေတနာ နဲ့သာ



ကျုပ်ကထလာခဲ့တာ ဒီမော်တော်ပေါ်မှာ ဘယ်မှသွားစရာရှိတာမဟုတ်ဘူး။ သူငယ်ချင်း မော်တော် မှောင်းနေတာလဲ အနှောင့်အယှက်မပေးချင်ပါဘူး။ ဘာပြုလဲ။ အရင်နေ့တွေကလိုပဲ ပုစွန်ခြောက်အိတ်တွေကြားမှာ အသာ ရပ်နေလိုက်မှာပေါ့။ ဟဲ...ဟဲ ရွှေအကြောင်းသာ စိတ်ကူးယဉ်နေလိုက် ကျုပ်ခြေထောက် ဘယ်ညောင်းလိမ့်မလဲ။

ဒီလိုသာ မော်တော် မန္တလေးရောက်ရော ကျုပ်ကတော့ မိနက်တို့ သားမိတစ်တွေလို ညောင်းတယ်၊ လှောင်တယ်၊ မွန်းတယ်မဖြစ်လိုက်ပေါင်၊ ပုစွန်ခြောက်နံ့လေးရှူပြီး ထမင်းလဲမြိန်၊ အဲ ကျုပ်အတွေးလေးတွေလဲ တမြိန်မြိန်နဲ့ပေါ့။

ကျော်ဝင်းကတော့ တကယ့်ကို ကျေးဇူးတင်စရာ ကောင်းတဲ့ သူငယ်ချင်းကောင်းပါပဲ။ မန္တလေး ရောက်တာတောင် သူစိတ်မချနိုင်သေးဘူး။ သူကပစ္စည်းတွေနဲ့ လိုက်မပို့အားတော့ မြင်းလှည်းတစ်စီးငှားပေးပြီး အဲဒီ ညောင်နီပင်သွားရမယ့် မတ္တရာကားဂိတ်ဆိုတဲ့ဆီကို သေချာ လိုက်ပို့ခိုင်းလိုက်သေးတာ။

ခက်ပါဘူး။ ဒါလောက်ဆို ကျုပ် သွားတတ်ပါပြီ၊ ဒါလောက် ဝေးတဲ့နေရာ စွန့်ပြီးတောင် ထွက်လာခဲ့တာပဲလေ။ ပြီးတော့လဲ ကျုပ်တို့လိုက်မယ့် ကားပေါ်မှာက ညောင်နီပင်သွားမယ့်လူတွေ တော်တော်ပါဟန် တူတယ်၊ ကျုပ်တို့လိုပဲ

ထမင်းအိုး ဟောင်းတွေ၊ သေတ္တာလေးတွေနဲ့၊ ပါးစပ်ကလဲ ရွှေတောတို့၊ ညောင်နီပင်တို့ဆိုတဲ့ အသံတွေ ကြားနေရတာ၊ သူတို့တွေနဲ့ ကပ်လိုက်သွား ပြီးတာပဲပေါ့။

'မန္တလေးမြို့ကြီးက စည်ကား လိုက်တာခနော်၊ ကျွန်မတို့ ပုသိမ်ထက်တောင် စည်ကားမလားပဲ၊ ဟဲ့ ဟိုမယ် မြင်းလှည်း မြင်းလှည်း ကြည့် ကြည့်'

မိနက်နဲ့ ကျုပ်ကလေးတွေကတော့ မန္တလေးကို ရင်သပ်ရှုမော အံ့ဩလို့မဆုံး၊ ဟိုကြည့် သည်ကြည့်။ ကားထွက်တော့လဲ၊ သူများတွေ ပြောသံကြားနဲ့၊ ကဲ ဟိုမှာ မန္တလေးတောင်တဲ့၊ ကိုကျော်မြိုင် ဖူးလေဆိုတာက တစ်မျိုး၊ အော် ဟိုဟာ သခင်မတောင်တဲ့၊ ရန်ကင်းတောင်တဲ့ ဆိုတာတွေကိုလဲ မိနက် တစ်တွတ်တွတ် ရွတ်ရင်း သူ့မှာ ကြည့်မဆုံးတူး။

အင်း—အညာဒေသက ကျုပ်တို့ အောက်ဘက်နဲ့ မတူတာတော့ အမှန်ပဲ၊ တစ်သက်လုံး အုန်းပင်တောတွေ၊ လယ်တော၊ ဓနိတောတွေနဲ့ ကြီးခဲ့ရတဲ့ ကျုပ်တို့အဖို့ ကျုပ် သိပ်မသိတဲ့ အာင် စိုစိုစိမ်းစိမ်းတွေရယ်၊ ခြောက်ခြောက် သွေ့သွေ့ မြေတွေရယ်က ထူးဆန်းနေတယ်၊ လေရှူရတာကိုက တစ်မျိုးကြီး လိုလို၊ အဆိုးဆုံးကတော့ မတရား ပူတာပဲ၊ အေးလေ ကျုပ်တို့ နေရမယ့် နေရာက တောထဲမှာဆိုတော့ သစ်ပင် ဝါးပင်တွေနဲ့ အေးမှာပါ။



'ဆင်းကြဟေ့ ဆင်းကြ ရောက်ပါပြီ ရွှေတော'

ဟော၊ ကျုပ်တို့နဲ့ မန္တလေးက လိုက်လာတဲ့ အသံဩဩနဲ့ လူကြီးတွေမိသားစု ဆင်းကြပါပကော။

'ဟာ....မိနက်ဆင်းဟ၊ ကလေးတွေခေါ်၊ ဟိုလူတွေနောက် လိုက်ရအောင်'

ကျုပ်တို့ မိသားစု ဇရုန်းသုန်းကားဆင်းပြီး၊ ဟို အုပ်စု နောက် လိုက်ကြတယ်၊ မိနက်က ထမင်းအိုး တောင်းရွက်၊ ကျုပ်က သေတ္တာထမ်း။

'တော်ကလဲ ဖြည်းဖြည်းပေါ့၊ ဟိုလူတွေကဖြင့် ဟိုဆိုင်ထဲ ဝင်ကြတုန်း'

ဟိုလူတွေက ပေါက်ပြား၊ တူရွင်းတွေ ရောင်းတဲ့ဆိုင်မှာ ဝယ်မလို့နဲ့တူရဲ့၊ သူတို့က ကိုယ်တိုင်တူးမယ့် သူတွေ နေမှာပေါ့၊ ကျုပ်တော့ မဝယ်သေးပါဘူး၊ အလုပ်သမား အရင်လုပ်ပြီး စုဆောင်းမိတော့မှ ရွှေတူးတဲ့ ကိရိယာ စာန်ဆာပလာတွေ ဝယ်ရမှာပဲ၊ ခု ကျုပ်မှာက နိုးမန်းနိုး ဖိုးချမ်းကြီးပဲ။

'အမေ မုန့်စားမယ်'

'ဟိုမှာ အမေ့ အကြော်စားမယ်'

အလတ်မနဲ့ အငယ်ကောင်လေး တပြိုင်နက် ပူဆာသံထွက်လာတော့မှပဲ ကျုပ်သတိရတယ်၊ ဟုတ်သားပါလား၊ မနက်

ကထဲက ကလေးတွေ ဘာမှ မစားရရှာသေးဘူး၊ ကျုပ်အိတ်ထဲမှာ ပလတ်စတစ်နဲ့ ထုပ်ထားတဲ့ လိုရမယ်ရ ပိုက်ဆံ ငါး ဆယ်တောင် ရှိသေးတာပဲ၊ ကားခ ပိုက်ဆံ ပြန်အမ်းတုန်းက ပိုတဲ့ ပိုက်ဆံနှစ်ကျပ်ကို ခါးကြားထဲက ကျုပ် ထုတ်လိုက်ပြီး

'မိနက် အကျော်နှစ်ကျပ်ဖိုး သွားဝယ်လိုက်ဟာ၊ ဟိုလူ တွေစောင့်ရင်း ဗီနားရပ်စားရအောင်'

'ဟဲ့ နေရစ်ခဲ့ နှင့်အဖေနားကို'

ကလေးတွေကို ခေါ်ပြီး မိနက် သုတ်သုတ်နဲ့ လှမ်းမြင် နေရတဲ့ အကြော်ဆိုင်ကို သွားတယ်၊ ဟိုလူတွေဆီကို ကျုပ် လှမ်းကြည့်တော့ ဝယ်လို့ ချမ်းလို့ မပြီးကြသေးဘူး၊ အင်း ဝယ်ရတဲ့ပစ္စည်းက နည်းမှ မနည်းပဲ၊ ရေပုံးလဲပါရဲ့၊ ပေါက် တူးလဲပါရဲ့၊ ကြိုးလဲပါရဲ့၊ ကျုပ်မသိတာတွေလဲ အများကြီး ပါရဲ့'

'ဒါ...ရှေ့တော ရှေ့တော။ ရွာက ဈေးတွေ၊ မြို့က ဈေး တွေ လာပြောမနေနဲ့၊ ဘယ်သူကမှ ညာမရောင်းဘူး၊ ဒါ ထုံးစံ၊ လူတကာ မေးကြည့်'

မိန်းမတစ်ယောက်ရဲ့ ခပ်စူးစူးအသံ၊ ဟင်–အကြော်ဆိုင်က ပါလား။ ကေနွကဘော့ မိနက်များ။ ကျုပ် သိပ်တွေးစရာ မလိုပါဘူး။ ကျုပ်မိန်းမ ရွာကျော် ရပ်ကျော် မရှေ့ကဲ တစ်ယောက် ပွစိစိနဲ့ ပြန်လာတယ်၊ လက်မှာ အကြော်လဲ ပါမလာပါဘူး။



'သောက်ကျိုးနဲ့ ကြားဘူးပေါင်တော်၊ အကြော် တစ်ခု တစ်ကျပ်တဲ့၊ ငါးမူးစိလောက် ရှိတာလေးကို၊ ဒါလိမ်ရောင်း တာ မဟုတ်ဘူးလား၊ တခြား နယ်ကမှန်း သိလို့လုပ်တာ မိန်းမကိုက မှသိယင်ခက်မယ်'

'တစ်ခု တစ်ကျပ် ဟုတ်လား'

ကျုပ် အံ့ဩတကြီး ပြောမိတာကိုပဲ မိနက်က ပိုပြီး ဒေါသ ဖြစ်လာသလို

'ဟုတ်တယ် ဟုတ်တယ် တစ်ကျပ်ပါတဲ့လို့ ရှင့်မယား က ပြော နေတာ မကြားဘူးလား၊ ဆာလို့ သေပေစေ ဝယ်မကျွေးဘူး'

'တိုးတိုးဟာ မိနက် တိုးတိုး၊ သူများ ရပ်ရွာမှာနော်၊ နင်ကြမ်းချင်တိုင်း ကြမ်းလို့မရဘူး နားလည်လား'

'မလည်ဘူး'

'မလည်ချင်နေဟာ၊ နှင့်ဘာနင်၊ ပေး ပိုက်ဆံ၊ ငါဟာငါ မုန့်သွားဝယ်မယ်၊ ကလေးတွေ ဆာနေပြီ'

'သေပေစေပေါ့၊ မတန်တာတော့ ဝယ် မကျွေးပါဘူး၊ ရော့ ရှင့် ပိုက်ဆံ'

ဒီမိန်းမနဲ့တော့ ခက်တယ်၊ အကြော်သည်ကလဲ အကြော် သည်၊ သင်းကလဲသင်း၊ အကြော်တစ်ခု တစ်ကျပ်ဆိုတာက တော့ မကြားဘူးတဲ့ ဈေးပဲ၊ အင်း ဟောဟိုနားက ကွမ်း ယာဆိုင်မှာ မုန့်ထုပ်လေးတွေ ကောင်းတယ်၊ အာပိုးနည်း ဗိုးကဲ့

လေးတွေ ဝယ်ကျွေးလိုက်တော့ မအေးတာပဲ၊ ဟိုသကြားညှပ်နှစ်ထပ်မုန့် အပေါ်စားလေးတွေ ငါးမတ်တန် အထုပ်လေးတစ်ထုပ်လောက်ဆို ဂ.လေး သုံးယောက် ဝဝစားလို့ပေါ့တယ်၊ ကျုပ်နဲ့ မိနက်ကတော့ ကိုယ်နေရမယ့် နေရာရောက်မှ ထမင်းချက်စားတော့မယ်။

'မုန့်တစ်ထုပ် ပေးပါဗျို့'

'အကြီးလား၊ အသေးလား'

'အသေး အသေး၊ ဆေးပေါ့လိပ် တစ်လိပ်လောက်လဲ ပေးဗျာ'

မှန်းစမ်း၊ ဒါဘာတံဆိပ်ပါလိမ့်၊ အောင်သပြေတဲ့၊ ပခုက္ကူဆေးလိပ်ပဲ၊ ကျုပ်တို့ ရွာမှာတော့ ပုသိမ် ရွှေသိန်းပဲပဲ သောက်နေကျ၊ မုန့်ထုပ်နဲ့ ဆေးလိပ်ကိုယူပြီး ပိုက်ဆံနှစ်ကျပ်ထုတ်ပေးလိုက်တယ်။

'လေးကျပ် လိုသေးတယ်'

'ဗျာ....ကျုပ်ယူတာ မုန့်ထုပ်တစ်ထုပ်နဲ့ ဆေးလိပ် တစ်လိပ်ရယ်'

'မုန့်ထုပ်က အသေးနော်၊ ဟုတ်တယ်လေ၊ မုန့်ထုပ်က ငါးကျပ်၊ ဆေးလိပ် တစ်ကျပ်၊ ခြောက်ကျပ်'

မြတ်စွာဘုရားရေ၊ ဘယ်လိုတွေများ ဖြစ်ကုန်ကြတာလဲ။ တော်ပြီ တော်ပြီ ဆေးလိပ် ပြန်ပေးလိုက်တော့မယ်။



'ပိုက်ဆံ မပြည့်လို့ဗျာ၊ ဆေးလိပ် မယူတော့ဘူး၊ ပုန့်ထုပ်ကရော မလျှော့တော့ဘူးလားဗျာ'

ဆိုင်ပေါ်ကမိန်းမက နှုတ်ခမ်းရဲရဲကို တင်းစောင်းစေ့ပြီး ခေါင်းရမ်းတယ်။

'လျှော့လို့ဘယ်ရမလဲ ဆေးလိပ်တော့ မလိုချင်ထားခဲ့လေ၊ အဲ ရှင်ပိုက်ဆံမပြည့်ဘူးဆိုယင် မုန့်တစ်ခုချင်း ဖြေရောင်းဘာယူပေါ့၊ ရှင်ဝယ်တဲ့မုန့်မျိုး တစ်ခု ငါးမူး'

မုန့်ထုပ်ပါ ပြန်ပေးဖို့ ပြင်နေမိတဲ့ ကျုပ် ဝမ်းသာသွားတယ်။

'ကိုကျော်မြိုင်ရေ မလာတော့ဘူးလား၊ ဟိုလူတွေ သွားကုန်ပြီ'

ဟော၊ မိနက်ရဲ့ စိတ်တိုသံကျယ်ကျယ်၊ ကျုပ် ကပျာကယာ မုန့်ထုပ်ပြန်ပေး ။ ပုလင်းထဲကမုန့်လေးခု နှစ်ကျပ်ဖိုးကိုယူပြီး မိနက်တို့ဆီ ပြေးလာခဲ့တယ်။

'တော်ဝယ်မှပဲ ပိုဆိုးနေပြီ မဟုတ်လား၊ မုန့်တစ်ခု ဘယ်လောက်တဲ့လဲ'

'ဘယ်လောက်ဖြစ်ဖြစ်ကွာ၊ ရော့ ဟိုကောင်ယူ၊ သမီးရော့ အငယ်လေး နှစ်ခုပေးလိုက်နော်၊ လာ သွားစို့ ဟေ့'

ဟိုလူတွေသွားတဲ့နောက်ကို ကျုပ်တို့အပြေးအလွှား လိုက်ကြရပြန်တယ်။ အရေးထဲမှာ ကျုပ်ကလေးတွေကို မြင်းတွေ၊ မြင်းလှည်းတွေ မတိုက်မိအောင် သေတ္တာအထမ်းတစ်ဘက်နဲ့

ထိန်းရသိမ်းရတာက တစ်မျိုးမလွယ်ဘူး။ တဝုန်းဝုန်းမောင်း
ချလာကြတဲ့ မြင်းလှည်းအမိုးပွင့်တွေ။ တခွမ်းခွမ်းနဲ့ မြင်းစီး
လာတဲ့လူတွေကလည်း ဘယ်ကနေ ပေါ်ပေါ်လာမှန်းမသိဘူး၊
ကျုပ်ကောင်တွေက မမြင်ဘူးတော့ငေး။

'လာလှည့်ဆိုနေ့ဘ် မြင်းတိုက်လို့ သေနာပေါ်လို့ကတော့ မစ်
ကိုထားခဲ့မယ်မှတ်'

မိနက် တတွတ်တွတ်ရွတ်ဖတ်ပြီး သူ့သမီးအလတ်ကို လက်
တစ်ဘက်နဲ့လှမ်းဆွဲတုန်း။

'သမီးရေ ဘုဘ်ဆုံမလေးရဲ့၊ အသက်ပြင်းမလေးရဲ့'

ကျုပ်တို့ ခြေလှမ်းတွေ တုံ့ခနဲရပ်သွားမိကြတယ်။ လမ်း
တိုဘက်ခြမ်း သစ်ပင်အောက်က မိန်းမတစ်ယောက်ရဲ့ ရူးရူး
ဝါးဝါး အော်ငိုသံ။ သူ့ရင်ခွင်ထဲမှာက ပုဆိုးနဲ့ပတ်ချည်ထား
တဲ့ ကလေးလေး။ ဘေးမှာလည်း တောင်းတွေ၊ အထုပ်တွေ
နဲ့ ကလေးအကြီးလေးက နှစ်ယောက်။

'ညည်းကတော့ ညည်းအဖေနောက်ကို ပျော်ပျော်ကြီး
လိုက်သွားပြီပေါ့ ဘုတ်ဆုံမရဲ့၊ အမလေး ရွှေတောကနတ်တွေ
ကို ဘာမှလဲ မရှိမသေ မလုပ်ရပါဘူး၊ ဖအေရော သမီးရော
သတ်ပစ်တယ်တော့ အရပ်ကတို့ရဲ့၊ သတ်ပစ်တယ်တော့'

မိနက်က မျက်စိမျက်နှာပျက်ပျက်နဲ့ ကျုပ်ကို လှမ်းကြည့်
နေတယ်။

'ကြားလား ကိုကျော်မြိုင်၊ နတ်ပမ်းစားတာ ထင်တယ်၊
တောင်ပြောမြောက်ပြောတွေ တော်ပြောတာနဲ့တော့ ကျုပ်
သေချင်တာပဲ'



'နင်လဲ သိတာမဟုတ်ပဲနဲ့ မိနက်ရာ၊ ငမ်းရမ်းမပြောစမ်းနဲ့၊
ဘယ်က နတ်ပမ်းစားရမှာလဲ သူ့ဟာသူ ရောဂါနဲ့သေတာနေ
မှာပါ၊ သွား သွား ဟိုရှေ့ကလူတွေတောင် ဝေးသွားပြီ'

ဒါကိုပဲ မိနက်က တောင်းအရွက်ကြီးနဲ့ ငိုနေတဲ့ မိန်းမကို
ငေးလို့ကောင်းတုန်း။

'ကဲ—ကဲ သွားမယ့်လူတွေသွားကြ၊ ဆိုင်ရှေ့မှာ ပိတ်ရပ်
နေကြနဲ့၊ ရွှေတောနဲ့ငှက်ဖျား၊ ငှက်ဖျားနဲ့ရွှေတော သေတာ
တွေ ငိုတာတွေ အဆန်းလုပ်မနေနဲ့၊ ငှက်ဖျားကိုကြောက်ယင်
ဘာဒီမှာ ဆေးဝယ်သွား'

ကျုပ်တို့ ပိတ်ရပ်နေတဲ့ဆိုင်ရှင် ကောင်လေးက ထအော်
တာမှပဲ ငေးငိုင်တဲ့ မိနက် လန့်ဖျပ်ပြီး ခြေလှမ်းလှမ်းတော့
တယ်။

'ငှက်ဖျားဆိုတာ ကြောက်စရာကြီးပါလား ကိုကျော်မြိုင်၊
ကျုပ်တို့သွားလို့မှ'

'ဟ အနာရှိဆေးရှိပါတယ်ဟ မိနက်ရ၊ သွားစမ်းပါဟာ
နင်ဆုတ်တွန့်ဆုတ် လုပ်မနေစမ်းနဲ့၊ နင်ပဲ နားကပ်ပန်ချင်လှ
ကြီးဆွဲချင်လှဆို၊ ဘာမှမကြောက်ဘူးဆို'

မိနက်က ကျုပ်ကို ဘာမှပြန်မပြောတော့ပဲ သူ့ရှေ့က
နှိုးဆွခုန်ဆွလုပ်သွားနေတဲ့ သူ့သမီးအလတ်မလက်ကို လှမ်းဆွဲ
တယ်။

'ဟိုရောက်ယင် ညည်းတွေကရာတွေ့ စားဝုံ့ စားကြည့်စမ်း၊
ဒါနဲ့တွေ့မယ်'

မဆီမဆိုင် အငေါက်ခံရတဲ့ အလတ်မ မျက်လုံးလေးတွေက ပုတ်ကလပ် ပုတ်ကလပ်၊ အော်....မိနက် မိနက် ကျုပ်သက်ပြင်းတစ်ချက် ချလိုက်မိတယ်။

'နားဆွဲလေးလုပ်ပေးစမ်းပါဆို ဘုတ်ဆုံမရဲ့၊ အမေရွှာကို တယ်လိုပြန်ရမလဲ ဘုတ်ဆုံမရေ'

သံကုန်တင်အော်ငိုနေတဲ့ မိန်းမအသံက တဖြည်းဖြည်းဝေးပြီး ကျန်ရစ်နေခဲ့ပြီ။

ကျုပ်တို့လဲ ရွှေကလူတွေ ကွေ့ဝင်တဲ့ လှည်းလမ်းကြောင်းလေးအတိုင်း ညောင်နီပင်ရွှေတောဆီကို တဖြည်းဖြည်း တိုးဝင်ခဲ့ကြတယ်။

❖

လားရှိုးက စိုင်းဝဏ္ဏ

'မန္တလေးရောက် ရှမ်းတစ်ယောက်ရဲ့အဖြစ်ဟာ မလွယ်ပါလား' ဆိုတဲ့ စိုင်းထီးဆိုင် သီချင်းကိုသာ မန္တလေးမြို့လယ်ခေါင်ဘနေပြီ၊ ဝဏ္ဏ မအော်ဆို ပစ်လိုက်ချင်တယ်တော့။

ဝဏ္ဏ ဘေးမှာ ပျားပန်းခတ် နေကြတဲ့လူတွေ၊ လူတွေ။ ပြုံးသူ၊ မဲ့သူ၊ ဒေါသဖြစ်သူ၊ ကျေနပ်နေသူတွေ တပုံကြီး လှုပ်ရှားသွားလာနေလိုက်ကြတာ။ တုံက်တန်းပေါ်ကဆင်း၊ ကုန်တိုက်ပေါ်တက်။ ကုန်တိုက်ပေါ်ကဆင်း မြို့တော်ခန်းမဘက်သွား။ ဈေးချိုဘက်သွား။ အဲသည် ကြားထဲမှာ ဝဏ္ဏ ဘယ်ကို သွားရမလဲ။

တရုတ်တန်းဈေးက ဖောက်သည် ဆိုင်ဆီကိုလား ဈေးချိုထဲက သူငယ်ချင်းရဲ့ ပန်းကန်ဆိုင်ကိုလား။ လားရှိုးမန်း

ကားဝိတ်ကိုလား၊ အို မသိဘူး။ ဝဏ္ဏ အားကြီး စိတ်ညစ်တာပဲ။

အရင်အခေါက်တွေဆို ငဏ္ဏ သိပ်ပျော်တာပေါ့။ လားရှိုးက မနက်ခင်းဆင်းလာ၊ ညနေ မန္တလေးရောက်။ သယ်လာတဲ့ အထည်တို့ မခတ်ဘူးတို့ ထိုးဆေးထိုး ၊စတဲ့ ပစ္စည်းတွေကို ဖောက်သည် ဆိုင်ရာသွင်း။ ငွေချေ၊ ငွေတုပ်ကို ကျစ်ကျစ်ပါအောင်ပိုက်ပြီး ကိုယ်ရမယ့် လုပ်ခထဲကနေ အမေအိုနှင့် မယား နန်းခင် ကြိုက်တဲ့ ထိုးမုန့် လမုန့်ဝယ်၊ ပြီးတော့ လားရှိုးကားဂိတ် တန်းပြေးပြီး ရရာ နေရာကနေ အိမ်ပြန်တာပဲ။ ကားပေါ်မှာ စီးနေရင်း ဝဏ္ဏ ရင်ထဲမှာ သား.... သား. ဆိုတဲ့အသံတွေက မြည်လို့။

မေ့စပေါက် သားလေးကို ဝဏ္ဏ တန့်နေအောင် ချစ်တယ်ကော။ ဝဏ္ဏတို့ အိမ်ထောင်သက် သုံးနှစ်ကျော်မှ နန်းခင်က ကလေးရတာကိုး။ ကလေး ချစ်တတ်တဲ့ ဝဏ္ဏ၊ တစ်ယောက်တည်းသား ဝဏ္ဏက သားသမီး အားကြီးလိုချင်စိတ်နဲ့ နန်းခင် အမြုံမ ဖြစ်နေပြီလားဆိုပြီး ပူရတာ အမော။

ဝဏ္ဏက 'နင် နှစ်နှစ်ကျော်မှ ကလေးမွေးမပေးရင် ငါ ကားပေါ်က တရုတ်မတစ်ယောက်ကောက်ယူလိုက်မှာနော်' လို့ပြောတိုင်း နန်းခင်မှာ ငိုရတာအမော။ အမေနှင့် နှစ်ယောက်သား ရှမ်းယတြာ၊ တရုတ်ယတြာ၊ မြန်မာယတြာတွေ စုံနေအောင်ချေပြီး လားရှိုးမြို့က ရှိသမျှ ညောင်ပင်တွေ၊ အပင်ကြီးကြီးတွေမှာ သားဆုပန်ရ တာလဲ မောလို့။



ဘာတွေကြောင့်ပဲဖြစ်ဖြစ် နန်းခင် ဗိုက်ကြီးပြီ ဆိုတာနဲ့ ...ဘွားပျော်လိုက်တာကော။ နန်းခင်ကိုတောင် အလုပ်မလုပ် ...င်းရက်ဘူးလေ၊ နန်းခင်တို့လမ်းက အန္တရာယ် များတယ် ...ဘ်။ နန်းခင်က လားရှိုးကနေ မူဆယ်၊ ကွတ်ခိုင်ထိသွား ...း ပစ္စည်းသယ်တယ်။ လားရှိုးမှာပြန်သွင်းတယ်။ သူတို့ ...ားရတဲ့ လားရှိုး ကွတ်ခိုင်လမ်းက တောင်ဆင်း တောင် ...က်တွေနှင့် အားကြီးဆိုးပဲ၊

မော်တော်ကားက တစ်လိမ့်ချင်း တစ်လိမ့်ချင်း ဂျိမ်းတုံး ...း တက်ရတာကော။ ဗိုင်နာကားလေးတွေပေါ်မှာ ကုန် ...ကလည်းအနင့်သား။ အတက်ဆိုးတဲ့နေရာတွေဆို လူတွေ ...င်းပေးရတာ။ ကားမတက်နိုင်လို့ နောက်လျှော ကျပြီး ...ာက်တာတွေ။ ကားမောင်းကြမ်းလို့ မှောက်တာတွေ။ ...ား မှိုင်မောင်းလို့ မှောက်တာတွေ ခဏခဏ ဖြစ်တာပဲ။ ...သလိုပဲ နန်းခင်တောင် နှစ်ခါကြုံပြီးပြီပ။

ဝဏ္ဏကတော့ ယောကျ်ား လေးပဲ။ ဘာ ဖြစ်ဖြစ် ပေါ့။ ...ည်အလုပ်ကို ဝဏ္ဏလုပ်လာတာ ကြာပြီကော။ ဝဏ္ဏ ငယ် ...ည်မှာ အဖေသေတော့ သည်လိုပဲ သားအမိနှစ်ယောက် ...ားရှိုး ဈေးမြင်နားမှာ ခြံထဲက အသီး အရွက် လေးတွေ ...ာင်း။ ဘာရောင်းနှင့် နေခဲ့တာပဲ။ ဝဏ္ဏ နည်းနည်း ကြီး ...ာတော့ သူများ ရောင်းတာ ဝယ်တာတွေ မြင်ပြီး မျက်စိ ...သာတာနဲ့ ဈေးထဲက တရုတ်ကြီး တစ်ယောက်က ခေါ် ...င်းတယ်။ လုပ်ငန်းနားလည်အောင် သင်ပေးတယ်။

ပထမတော့ နန်းခင်တို့ ခုလုပ်သလိုပဲ ကွတ်ခိုင်နဲ့ လားရှိုးလမ်းမှာ ပစ္စည်းသယ်ပေးရတယ်။ နောက် ဝဏ္ဏ တော်တော်လည်လာတော့ ခုမန္တလေးကို လွှတ်တာ။ ပိုက်ဆံ ကိုတော့ သယ်ရတဲ့ပစ္စည်းလိုက်ပြီး တစ်ခေါက်တက်တစ်ခေါက် အတယ်ကြီးက ပေးပါတယ်။ ခု လုပ်တုန်းကဆို ဝဏ္ဏ တစ်ခေါက်ငါးဆယ်ပဲ၊ အဲသည်ကနေတက်လာတာ ခုဆို နှစ်ရာ သုံးရာထိ ပေးပါတယ်။

ကိုယ်သယ်လာတဲ့ပစ္စည်းကိုတော့ အထိအခိုက်မရှိရအောင် ကာကွယ် ရတာပေါ့။ ကား သမားနဲ့ ပြေလည် အောင် ပေါင်းပြီး ကိုယ့် အလုပ်တူတွေနဲ့ ပြေလည်အောင်ပေါင်း၊ မျက်စိ နား ရှင်ရှင်ထားပြီး သွားလျက်ကပဲ လမ်းမှာရှိတယ် ပေါ့ ဆိုရင် ဟိုတောထဲ မောင်းပြေးရတာနဲ့ ထမင်းငတ် ခံရတာနဲ့ တစ်ခါတလေတော့လဲ ဘယ်လိုရှောင်ရှောင်အမိခံ ရတာတွေလဲ ရှိတာပေါ့။

မိတဲ့အခါတွေမှာ အတယ်ကြီးကတော့ ဘာမှမပြောပါ ဘူး၊ ပြောလဲ အပိုပဲပ။ တစ်ကားလုံး ဖြစ်တာ ဝဏ္ဏ တစ်ယောက်တည်းလဲမဟုတ်။ တစ်ခုပဲ ဆိုးတယ်ကော။ အဖမ်း ခံရတဲ့ အခေါက်ဆို ဝဏ္ဏ ပိုက်ဆံမရဘူးလေ။ အဲလို ပစ္စည်း သယ်လိုက်၊ ဖမ်းခံလိုက်၊ လွှတ်လိုက်နဲ့ဟာ အဲ ပစ္စည်းလာ တဲ့လမ်း ပိတ်ပစ်လိုက်တာ၊ အို ဝဏ္ဏတို့တွေ ဒုက္ခမှအကြီး အကျယ် ရောက်ပါရော။ သည်အလုပ်ပဲ လုပ်တယ်လေ။ ဝဏ္ဏ တို့ ဘာလုပ်စားရမလဲ။



ဒီကြားထဲမှာ ဝဏ္ဏ စိတ် အဆိုးဆုံးက [illegible] ခေါ်လေးပ။ ဝဏ္ဏရဲ့သားဟာ စနေသားမို့ [illegible] ဒါကြောင့် ဝဏ္ဏတို့ စီးပွားရေး မပြေမလည်ဖြစ်[illegible] တာတဲ့ကော၊ သူ့မှာ မျက်လုံး မပါဘူးလားလေ။

ဝဏ္ဏတို့ တစ်နယ်လုံး ဒုက္ခရောက်တာပဲကော၊ သူဌေး တွေပဲ နည်းနည်း ခံသာတာပ။ သူတို့ဆီတော့ လမ်းပြန်ပွင့် မယ့်အချိန် မျှော်ရင်း ထိုင်စားနိုင်တာပ၊

ဝဏ္ဏတို့သာ ဘာလုပ်ရ ဘာကိုင်ရမှန်းမသိ။ ထကဲယ့်ကို ထမင်းငတ်မည့်ကိန်း။

သားလေးမွေးမှ ဒီလိုဖြစ်ရတာ သားလေးကို ဝဏ္ဏ အားကြီး သနားတယ်ကော။ သားလေး မျက်နှာငယ်မှာ ဝဏ္ဏ အားကြီး စိုးတယ်ကော။

အဲဒီစိုးတဲ့အချက်နဲ့ပဲ ဝဏ္ဏ မန္တလေးက သူငယ်ချင်းခေါ် ရာနောက်ကို ဘာပဲဖြစ်ဖြစ် လိုက်ခဲ့မိတာပ။ သူငယ်ချင်းက ဈေးချိုထဲမှာ တရုပ်ပန်းကန်ဆိုင် ဖွင့်ထားတယ်။ အရင် ဝဏ္ဏ ပန်းကန်တွေ သူ့ဆီပဲ သွင်းတာပေါ့။

သူက ပန်းကန်ဆိုင်အပြင် အစိမ်းလေး ဘာလေးလဲ တဲ့လုပ်သေးတာဆိုတော့ တရုပ်ပစ္စည်း ကယ်ရီယာ။ ဝဏ္ဏကို အစိမ်းပစ္စည်း ကယ်ရီယာဝဏ္ဏအဖြစ် အသွင် ပြောင်းပေးဖို့ ခေါ်တာလေ၊ တာတူးမလဲ နော။ ပိုက်ဆံရမှာ ရမှာပဲ၊ ကယ်ရီယာဟာ ကယ်ရီယာပဲဟာ၊ ဝဏ္ဏ လုပ်မှာပဲ။ သား အတွက်လေ၊ နော။

မဆိုးပါဘူး၊ တစ်ခေါက်နှစ်ခေါက် အတွင်းမှာပဲ ဝဏ္ဏ ကျွင်လည်သွားပါတယ်။ လားရှိုး မန္တလေး ကားပေါ်မှာ ရင်တခုန်ခုန် သွားနေရတဲ့ ဝဏ္ဏအစား မိုးကောင်း မိုးညှင်း ကနေ မန္တလေးကိုသွားတဲ့ အိပ်ပဲ့အိပ်ပဲ့ ရထားကြီး ပေါ်မှာ ဝဏ္ဏတစ်ယောက် ရင်ဘခုန်ခုန်နဲ့ နေသွားကျမလို့ လုပ်တုန်း ပိုက်ဆံလေးကို ကျစ်ကျစ်ပါအောင် စုတုန်း။

အို- ဝဏ္ဏ ခဲ့ဘူးချင်ဘူးနော်။ မစဉ်းစားချင်ဘူး နော်။ မယုံနိုင်စရာ၊ ဝဏ္ဏ သားလေး သေပြီကွဲ့ကော။

တွေးတိုင်း ကျလာတဲ့ မျက်ရည်တွေကို မြို့လယ်ခေါင် လူတွေကြားမှာ မရှက်နိုင်ပဲဝဏ္ဏ သုတ်ရပြန်တယ်၊ မျက်ရည် တွေ သုဘ်ရာကနေ တိုက်တန်းပေါ်ကို ဝဏ္ဏ ဖြည်းဖြည်းချင်း လျှောက်ခဲ့တယ်။

ဆိုင်တွေမှာ ချိတ်ထားတဲ့ နန်းခင် အမြဲဝတ်နေကျ ဖိုမို့ ဖားရား ယိုးဒယား စပို့ရှပ်တွေကို မြင်နေတော့ ဝဏ္ဏရင်ထဲမှာ ဒေါသက ကြွလ-ခဲ့ပြန်ရော။

အမိုက်ကောင်မနန်းခင်၊ မဝူးစမ်း မဆင်ခြင် တတ်တဲ့ နန်းခင်၊ သားကို သတ်တာနင်ပါ။ နင်ပါ။ ခတ်စက်ခဲ ရထားခဲ့တဲ့ သားလေးကို နင် မနှမြောမရှိရန်ကော။

နင် ဖုံ့ဘ်လည်ချန်ကော။ လောဘဇော တိုက်ရန်ကော။

လမ်းတော့ပိဘ်ထားတော့ ပစ္စည်းဈေးတွေ မတရားတက် လာတဲ့အချိန် ကွဘ်ခိုင်ကနေ လားရှိုးကို မိနန်းခင် ပစ္စည်း တွေ ဝှတ်သွားသယ်တယ်တဲ့လေ။



သယ်တယ်ဆိုတာက အားလုံးကိုယ်ပေါ်မှာ ဝှက်သယ်ရ တာ။ အရင်လိုမှ မဟုတ်တာပဲ၊ ဘယ်လွယ်မလဲနော။

မိနန်းခင်က အဝတ်စတွေ ကိုယ်မှာပတ်ပြီး သယ်တယ်တဲ့ ကော။

သူ့ကိုယ်မှာ အထပ်ထပ်က ကလေးမှာလည်း အဝတ်စ တွေ ပတ်သတဲ့လေ။

အို... ဝဏ္ဏသားလေး သုံးလ ဘယ်လောက်များ အနေရ ခက်လိုက်ရှာမလဲနော၊ ဘယ်လောက်များ ငါ့သားလေးကို အဝတ်စတွေနဲ့တစ်အား တုပ်နှောင် ပစ်လိုက်သလဲ၊ မိနန်းခင် ရယ်၊ဝဏ္ဏသားလေးဟာ လားရှိုးအိမ်ကိုရောက်တော့ အသက် ရှူကျပ်ပြီး အိပ်ပျော်သလိုလေး သေဆုံးနေခဲ့ပြီတဲ့။

ကံဆိုးရှာတဲ့ သားလေး၊ ဆယ်ပေးသွားတဲ့ အဝတ်စတွေ ကိုရောင်းလို့ နင် ဘယ်လောက်များ ရသလဲ နန်းခင်ရဲ့။ ငါ့မှာတော့ အသဲဟက်တက်ကွယ့်။

နန်းခင်ကိုလည်း ဝဏ္ဏ မတွေ့ချင်ပြီပ။ နန်းခင်မှာလိုက်လို့ သူ့သူငယ်ချင်းမပြောတဲ့ ဆန်ဖြစ်လို့ သွားသယ် ရတယ်။ ကလေးကိုလဲ စိတ်မချလို့ ခေါ်သွားတယ်ဆိုတဲ့ စကား တွေလဲ ဝဏ္ဏ မယုံချင်ပြီပ။

စိတ်ညစ်ညစ်နဲ့ ဝဏ္ဏ လျှောက်သွားနေလို့ သူငယ်ချင်း ကလဲ ပြောလှပြီပ။ အင်း.... အခု ဝဏ္ဏ ပြန်သွား ယင်လဲ သူ ဆီးပြီး ပြောဦးမယ်ထင်ပ။

'ဟေ့ကောင် ဝဏ္ဏ၊ ဟေး'

ဟော ခုပဲ ဝဏ္ဏ တွေးတုန်း သူငယ်ချင်း လိုက်လာပြီ။ သူ့ ဒတ်ဆန်းကားလေးနဲ့တောင် လိုက်လာပုံ ထောက်ရင် ဘုရား၊ ဘုရား၊ ဟို မယ်မင်းကြီးမ နန်းခင်မျှား လိုက်လာပြီလား၊ ကားနောက်ခန်းမှာတော့ ဘယ်သူမှ မပါပါဘူးလေ။

'ဘာဖြစ်လို့လဲ ကိုမင်း'

ကိုမင်းက ဝဏ္ဏမေးတာ မဖြေဘဲ ကားတံခါးကို ဖွင့်ပေးတယ်။

'တက်စမ်းပါကွာ၊ ငါ သွားစရာရှိလို့ လာခေါ်တာ'

ဝဏ္ဏ ဘာတတ်နိုင်မှာလဲ၊ ဝဏ္ဏက မင်းကို လွန်ဆန်ဖို့ ဖြစ်နိုင်ပါဘူးလေ။

'ပြောရတာလဲအပ်ကြောင်းထပ်နေပြီကွာ၊ ဒီလိုလျှောက်သွားနေရုံနဲ့ မင်းဘဝကြီးက ပြီးသွားမှာလားကွ ဝဏ္ဏရ။ မင်းမှာ အမေရှိသေးတယ်၊ မိန်းမရှိသေးတယ်'

'မိန်းမ မရှိပါဘူး'

'ထားပါကွာ၊ ငါ ခု မင်းစိတ်ငြိမ်အောင် အလုပ်ပေးမလို့ခေါ်လာတာ'

'ဘာအလုပ်လဲ'

'မင်း မုန်းနေတဲ့ ကယ်ရီယာအလုပ် မဟုတ်ပါဘူးကွာ'



ကိုမင်းက ကားအရှိန်ကို မြှင့်လိုက်ပြီး ရှေ့ကားတွေကို ကျော်ဖို့ ဟွန်း တတီတီ နှိပ်တယ်၊ ဗိုး....ခုမှ ဝဏ္ဏ သတိထားမိတယ်၊ မြို့ပြင်ဘက်တောင် ကားရောက်လာခဲ့ပြီကော။

'ဘယ်သွားမှာလဲ ကိုမင်း'

'ရွှေတွင်းကိုမလ'

'ဘယ်ကို'

ကိုမင်းက စိတ်ဝင်စားသလို ဖြစ်လာတဲ့ ဝဏ္ဏကို ကြည့်ပြီး ရယ်တယ်။

'ဟဲ....ဟဲ၊ ငါ ရွှေတွင်းတူးမလို့ကွ၊ မင်းကို ငါ့ရွှေတွင်းရဲ့ မန်နေဂျာ ခန့်ဖို့ ခေါ်လာတာ၊ ခု တို့ အဲဒီကိုသွားကြည့်မယ်၊ လိုအပ်တဲ့ ပစ္စည်း ပစ္စယတွေ ငါ ဝယ်ပေးခဲ့မယ်၊ အလုပ်သမားငှားဖို့ ပိုက်ဆံလဲ ငါပေးခဲ့မယ်၊ မင်းကြီးကြပ်နိုင်း၊ မင်းကို ငါ တစ်လ ငါးရာပေးမယ်၊ အဲ....နောက် ငါ့တွင်းက ရွှေတွေ သိပ်ထွက်ရင် မင်းကို ငါတိုးပေးမယ်ကွာ'

အားတက်သရော ပြောနေတဲ့ ကိုမင်းကို ဝဏ္ဏ ငေးကြည့်နေမိတယ်၊ သူပြောနေတဲ့ ရွှေတွင်း လုပ်ငန်းအကြောင်းကို ဝဏ္ဏ ဘာမှ မသိပါဘူး။ ဝဏ္ဏကိုလဲ ဘယ်ယောက် ပေးပေး ပြုံးနေ မဟုတ်ပါဘူး၊ ကိုမင်းဆို ဝဏ္ဏ လုပ်ပေးရမှာပါပဲ နော်၊ တစ်ခုပဲ ဝဏ္ဏလုပ်ရမယ့် နေရာဟာ ဘယ်နားမှာလဲ။

'အဲဒီ ရွှေတွင်း နေရာက မန္တလေးကနေ အတော်ဝေးရဲ့လား ကိုမင်း'

'သိပ်ခေးတာပေါ့၊ ဟို...တောထဲမှာ'

အကောင်းဆုံးပါပဲ ကိုမင်းရာ၊ မန္တလေးနဲ့ ဝေးလ
လားရှိုးနဲ့ ပိုဝေးမယ်၊ လားရှိုးက အနံ့ အသက်၊ အသံပ
တွေကို ငါ မကြားချင်တော့ဘူး ကိုမင်းရာ၊ မင်းပို့ချင်တ
နေရာသာ ပို့ပါတော့၊ အရင်ဆုံ ရွှေမပြောနဲ့ ငွေမှပေါ
ဟော့ဆိုရင် လှုပ်ခန်ဲ ဖြစ်တတ်တဲ့ ဝဏ္ဏရဲ့ လောဘစောတွေ
သားလေးနဲ့ အတူ ပျောက်ကွယ်သွားခဲ့ပြီ။ အခုရ်ကြီးဆုံး
စိုင်းဝဏ္ဏအတွက် နေသာစ် ဖြစ်ဖို့ပဲ၊ အဝေးဆုံး ဖြစ်ဖို့

မျှော်လင့်ချက်တွေနဲ့ ကိုမင်းကတော့ လေ တရှိုရှိုချ ရ
ကားလေးကို တရိပ်ရိပ် ပြေးစေတယ်၊ ကြည့်စမ်း ဝဏ္ဏ တော
ဝဲယာမှာ ချာချာလည် ကျန်ခဲ့တဲ့ ထစ်ပင်တွေနဲ့ အဝေးက
မှိုင်းညို့ ရိပြာ တောင်တန်းကြီးတွေ၊ကားနောက်မှန်မှာ မှိုင်း
ဝဏ္ဏမျက်စိတွေကို မှိတ်လိုက်တယ်။

'ရွှေတူးတဲ့ နေရာ နာမည်က ဘာတဲ့လဲ'

'ညောင်နီပင်တဲ့ကွ ဝဏ္ဏ'

* * *

ရန်ကုန်က ဂျက်ကလင်း

ပတ်အလစ်ကာ ကားဝါလေး သမ္မတရှံ့ရှေ့ ဖြတ်မောင်း
တော့ ဂျက်ကလင်း လက်က နာရီဒိုင်ခွက်မှာ ညနေ ခြောက်
နာရီတိတိ။

'ဘယ်နှယ့်လဲ မရွှေစု'

ဟိုဘက် ကားခုံတန်းပေါ်မှာ ခြေဆင်ပြီး ရော့တိ
ရော့ရဲ ထိုင်လိုက်လာတဲ့ စုလှိုင်က ဂျက်ကလင်း လက်က
နာရီကို လှမ်းကြည့်ပြီး ပခုံးကို လှုလှုပပ တွန့်တယ်။

'မမီလို့ မသွားရတော့လဲ သက်သာတာပေါ့ဟ'

ဘာရယ် မဟုတ်ဘဲ နှစ်ယောက်စလုံးအော်ရယ်မိကြတော့
ရွှေခန်းဆောနေ ကြားသလိုပဲ၊ ကိုဆန်းမြင့် နောက်ခန်းကို

လှည့်ကြည့်တယ်၊ သူ ကြည့်တဲ့မျက်နှာ ဂျက်ကလင်း သိပါတယ်၊ ကောင်မတွေ ဖြိမ့်ဖြိမ့်နေစမ်း၊ ဘာတူးနေ့ခရ ဖြစ်နေတာလဲ၊ ဒါ ဟိုအခန်းထဲမှာ မဟုတ်ဘူးတဲ့ ဆိုတဲ့ မျက်နှာ၊ လူတွေကြားမှာ ခပ်တည်တည် ခပ်ထယ်ထယ် နေစမ်းဆိုတဲ့ မျက်နှာ။

ကိုဆန်းမြင့် ခေါင်းပြန်လှည့် သွားတာ ဂျက်ကလင်းက နှုတ်ခမ်းတစ်ချက် ရွဲ့ပြလိုက်တယ်၊ နားထောင်ပါဦးမယ်၊ ဂျက်ကလင်းတို့ ဤဘဝက ရုန်းမထွက်နိုင် သေးသမျှတော့ အားကိုးပါဦးမယ်၊ ဂျက်ကလင်းနဲ့ စုလှိုင်တို့ရဲ့ချစ်ဖော် လူသူတော်ကောင်းကြီးရေ့.’

‘မြန်မြန်ဆင်းကြဟေ့ ညီမတို့’

အလိုတော် အစ်ကိုကြီးကလဲ လောရန်ကော ညီမတို့မှာ အဝတ်အစားအိတ်တွေ အပြင် အစ်ကိုကြီးကို သောက်တော်ဆက်ဖို့ သောက်ရေ ဘေးစရာ ထည့်ထားတဲ့ ခြင်းကလဲ ပါသေးတယ်လေ။

‘ဖြည်းဖြည်းပေါ့၊ အစ်ကိုဆန်းကလဲ မီပါတယ်၊ ရထားကြီးကဖြင့် ရပ်နေတုန်းပါ၊ တမင် နွဲ့လျနေတဲ့ ဂျက်ကလင်းကို ကိုဆန်းမြင့် မျက်နှာထား တစ်ချက် တင်းကြည့်ပြီး သူ့ အဝတ်အစားအိတ်ကို ရုတ်ခနဲ ဆွဲယူရင်း ရှေ့ကနေ သုတ်သုတ်နဲ့ ပြေးပြီး



ရွဲ့ချင်တဲ့ စိတ်ကလေးနဲ့ ဂျက်ကလင်းကတော့ တပ်လာတဲ့ နေကာမျက်မှန်ကို နေသားတကျဖြစ်အောင်ပြင်။ အင်္ကျီကို ဆွဲဆန့်ပြီးမှ ခပ်တည်တည် လိုက်လာခဲ့တယ်၊ အလို စုလှိုင်တောင် အထဲရောက်သွားပြီပဲ၊ အထက်တန်း အဝင်ပေါက်ဝမှာ လူကိုရှင်းလို့ ဂျက်ကလင်း မှတ်ပုံတင်နဲ့ လက်မှတ်ပြလိုက်တယ်။ ကိုယ်တော်ချောက လက်မှတ်ကို ရှစ်ခနဲ ခြစ်ပြီး ဂျက်ကလင်းကို ပြန်ပေးရင်း ပြုံးတုံးတုံးနဲ့။

‘ခရီးထွက်မလို့လား ဂျက်ကလင်း’

ဗုဒ္ဓေါရေး အဲရေးထဲမှ မိတ်ဆွေဟောင်းနဲ့ လာတွေ့နေရသေး။ မမှတ်မိဘူးလို မှတ်မိသလို ရှူးတူးပေါ်တော့ လုပ်ပြီး ဂျက်ကလင်း အထဲဝင်ခဲ့တယ်။ တကယ်လဲပဲ မမှတ်မိပါဘူး ကွယ်။

ဖိုးစိန်ကြီးကို ပရိသတ်အားလုံးက သိပေမယ် ဖိုးစိန်ကြီးကတော့ အားလုံးကို ဘယ်သိနိုင်ပါ့မလဲနော်။

ဂျက်ကလင်း စုလှိုင် ဘေးမှာ ထိုင်မိတာနဲ့ ရထား ထွက်ဖို့ ငါးမိနစ်အလို အချက်ပေးတဲ့ သံချောင်း စခေါက်တယ်။ ဂျက်ကလင်းနားထဲမှာ အဆမတန် မြည်ဟည်းလာတဲ့တူညံသံ။ မုန်းစရာ့အသံ။ ဂျက်ကလင်း မကြားချင်ဆုံး အသံ။

‘စုလှိုင် ကိုယ့်ကို စကားတွေ ပြောစမ်း၊ အော်ပြော၊ အများကြီး ပြောစမ်း’

စုလှိုင်က ဂျက်ကလင်းကို ကြည့်ပြီး ကြောင်နေပေမယ့်

ဟိုဘက် တစ်ယောက်ထိုင်ခုံက ကိုဆန်းမြင့်က မကြောင်ဘူး။ ဂျက်ကလင်း ဘေး ဖျတ်ခနဲ ထလာရင်း ခပ်ကြိတ်ကြိတ် အသံနဲ့...

'ဘယ်လိုဖြစ်နေတာလဲ ဂျက်ကလင်း၊ နင် ရူးနေသလား'

'အိုး-- မရူးပါဘူး၊ ရူးရင် ဒီလို ဘယ်ဟုတ်မလဲ၊ အရူးမ ဂျက်ကလင်းပုံက ဒီလိုပုံ ဘယ်ဟုတ်'

'တိုးတိုးပြောစမ်း၊ ဒါ အထက်တန်းတွဲ၊ နင် နားမလည်ဘူးလား'

'လည်သားပဲ၊ ဒီပေါ်မှာ အထက်တန်းက လူတွေချည်း ဆိုတာ ဂျက်ကလင်း သိသားပဲ၊ ဂျက်ကလင်းတို့ အပေါ်အဝင် လေ'

ပြောလေကဲလေ ဂျက်ကလင်းကို ကိုဆန်းမြင့် အုံတစ်ချက် ကြိတ်ပြီး သူ့ထိုင်ခုံ ပြန်သွားတယ်။ အမယ်လေး တော်ပါ သေးရဲ့။ ကိုဆန်းမြင့်နဲ့ စကားရည်လုပွဲ အပြီးမှာပဲ သံချောင်း ခေါက်သံ ပြိမ့်ပြုံး ရန်ကုန်-မန္တလေး အမြန်ရထားကြီး စထွက်ခဲ့ပြီ။

'ဂျက်....နင် တကယ်ကြောင်တယ်ဟာ'

တံတောင်နဲ့ လာတွက်တဲ့ စုလှိုင်ကို ဂျက်ကလင်း နောက်မှ ပေါ်ကနေပြီး ပခုံးတွန့်ပြလိုက်တယ်။ မသိချင်ပါနဲ့ စုလှိုင်ရာ။ ဂျက်ကလင်း ကြောင်တယ်လို့ပဲ သဘော ထား လိုက် ပါ။



က်ကလင်းလေ....ဟောဒီ ရထားကြီးနဲ့ ခရီးမသွားဖြစ်တာ းနှစ် ကျော်ပြီ။ ဂျက်ကလင်း သိပ်ကြောက်တဲ့ အဲဒီ ချောင်း ခေါက်သံကို မကြားရတာလဲ လေးနှစ်ကျော်ပြီလေ ိုင်ရယ်။

တရှို့ရှို့ ဝေးကွာလာခဲ့တဲ့ သံဇကာပေါက်တွေကို င်ဘူးသလို ဂျက်ကလင်း စိုက်ပြီး ငေးနေမိတယ်။ ဟို ခဲ့တဲ့ လေးနှစ်ဘာ ကာလတုန်းက ဒီသံဇကာပေါက်ရဲ့ ာက်ကွယ်မှာ အေးအေး ဆိုတဲ့ ကောင်မလေးတစ်ယောက် ည်းအူပြုတ်အောင် ငိုကြွေးခဲ့ဖူးတယ်နော်။ အဲဒီတုန်းက တဲ့ မျက်ရည်တွေဟာ တကယ့်ကို ရင်ထဲက မျက်ရည်တွေပါ းရယ်။

ယောကျ်ားတွေဆီက ပိုက်ဆံ ပိုလိုချင်လို့ ချူတဲ့ ခု ဂျက် င်းရဲ့ မျက်ရည်တွေနဲ့ တခြားစီပါကွယ်။ ထွန်းကို ချစ်လို့ တဲ့ မျက်ရည်၊ ထွန်းနဲ့ အပြီးတိုင် ခွဲခွာရတော့မယ် ဆိုတဲ့ ိနဲ့ ကျတဲ့မျက်ရည်။

ရထားတွဲပေါ်မှာ ထွန်းနဲ့ ထွန်း မိန်းမတို့ကို ကြည့်ပြီး လို ဝမ်းနည်းစိတ်နဲ့ ကျတဲ့မျက်ရည်။

ထွန်းရေ...အဲဒီ အချိန်မှာပဲ မင်း အေးအေး ဆိုတဲ့ င်မလေးကို ဖျတ်ခနဲ လှမ်းမြင်ခဲ့တယ်နော်။ မင်းမျက်နှာ ညိုးနဲ့ အသံမထွက်တဲ့ 'အေးအေး'လို့ ခေါ်လိုက်တာ မြင်

လိုက်တဲ့ အချိန်မှာပဲ ရထားထွက်ဖို့ ငါးမိနစ်အလို သံချောင်း ခေါက်သံတွေ ဆူညံသွားခဲ့တယ်လေ။

သိပ်ကို မုန်းဖို့ကောင်းတဲ့ အသံပါ ထွန်းရယ်။

'မအေးအေး ဟုတ်ပါလားခင်ဗျာ'

ဂျက်ကလင်း၊ တစ်ကိုယ်လုံး တောင့်တင်းသွား ရင်း မျက်လုံးကို ကပျာကယာ ဖွင့်လိုက်တယ်။ ဂျက်ကလင်း ရှေ့မှာ ရှိုးကျကျ ယောကျ်ားသား တစ်ယောက်။ သူ့လက်ထဲမှာက ဖွင့်လျက်သား ဂျက်ကလင်းရဲ့ မှတ်ပုံတင်လေး။

'ရထားအပေါက်ဝနားက ကျွန်တော့် ခုံအောက်မှာ ကျ[illegible] တာတွေလို့၊ မအေးအေး မှတ်ပုံတင် ဟုတ်ပါနော်'

ဤလောကကြီးမှာ အေးအေးလို့ ခေါ်တတ်တဲ့ သူတ[illegible] ယောက်နဲ့များ မမျှော်လင့်ဘဲ ရုပ်ရှင်ထဲကလို ဝတ္ထုထဲက[illegible] ပြန်ဆုံလေသလား ဆိုတဲ့ မဖြစ်နိုင်တဲ့ အတွေးတွေကို ဂျ[illegible] ကလင်း ခမောင်းထုတ်ပစ်ရင်း ဤလိုလူမျိုးဆို ဘယ်လို ဆက်[illegible] ရမယ်ဆိုတဲ့ ဂျက်ကလင်းရဲ့ ဘဝပေးအသိနဲ့ ချက်ချင်းပဲ—

'သိပ် ပုတ် တာ ပေါ့ ရှင်၊ ကျေးဇူးတွေ အများကြီး[illegible] အများကြီးတင်ပါတယ်နော်၊ ရထားပေါ် မြန်မြန်ပြေးတက်[illegible] လိုက်တာ ဘောအိတ်ထဲကနေ ထွက်ကျသွားတာနေမှာ၊ သူ ရှေ့[illegible] လိုသာပေါ့၊ ကျေးဇူးနော်'

'ကျွန်တော့်နာမည် တင်မောင်ထွန်းပါ၊ မန္တလေးကပါ'

'ဪ'



ဂျက်ကလင်း ငိုင်ရပြန်တယ် ထွန်းရယ်၊ တိုက်ဆိုင်တာတွေကလဲ များလိုက်တာ၊ သူ့နာမည်က တင်မောင်ထွန်းတဲ့၊ ထွန်းတစ်လုံး တူနေလိုက်သေး၊ ဒါပေမယ့် အေးအေးရဲ့ ထွန်းဟာ ငယ်ငယ်ကတည်းက ထွန်း တစ်လုံးတည်း။

'ကဲ သွားလိုက်ဦးမယ်နော် မအေးအေး'

'ဪ....ဟုတ်ကဲ့ ဟုတ်ကဲ့'

ဂျက်ကလင်း တည်တည်တံ့တံ့ပဲ နှုတ်ဆက် ခေါင်းညိတ်လိုက်ပါတယ်။ နာမည်မှာ ထွန်းတစ်လုံးပါတဲ့၊ အေးအေးလို့ နှုတ်ဆက်သွားတဲ့သူ့ကို ဂျက်ကလင်းရဲ့ ပညာတွေ မာယာတွေ မပြချင်တော့ပါဘူးကွယ်။

ဆန်းတော့ ဆန်းသားထွန်းရယ်။ ယောကျ်ားများစွာနဲ့ လေးနှစ်ကျော် အတူ အိပ်စက်ခဲ့တာတောင် ယောကျ်ား တစ်ယောက်ရဲ့ နာမည်ဟာ ရင်ထဲမှာ စွဲထင် နေတုန်းနော်။

'စုလှိုင် ငါ့ဆီ ခြင်းလှမ်းလိုက်စမ်း၊ နင်ဟိုဆာရင်ထမင်း စားလေ၊ ဂျက်ကလင်း ခုနဟာ ဘယ်သူလဲ အိုကေလား'

ဪ....ကိုဆန်းမြင့်ရယ်၊ စိတ်ပျက် ရပါလား။ နေရာ တကာကို အဆွယ်စိတ်နဲ့ချည်း မြင်နေ တော့တာပါပဲလား။

'ဘာ အိုကေရမှာလဲ အစ်ကို ဆန်းအလဲ၊ ဂျက်ကလင်း

မှတ်ပုံတင်ကျတာ ကော်ာက်တွေလို့လာပေးတာပဲဟာ၊ ရှိုးရှိုးလေး'

'အေး ရှိုးရှိုးလေးလုပ်မနေနဲ့၊ ငါတို့ အပျော်ခရီးထွက်လာတာမဟုတ်ဘူး၊ အလုပ်လုပ်ဖို့ ခရီးထွက်လာတာ'

'ကိုယ့်အလုပ်ကို ဂျက်ကလင်း သိပါတယ်၊ အစ်ကိုဆန်းသွားမယ့်ဆီမှ မရောက်သေးတာပဲ'

'နင် ငါ့ကို ခွန်းတုံ့ ပြန်မနေနဲ့'

အရက်ဝင်သွားတဲ့ ကိုဆန်းမြင့်ရဲ့ ကျားစီး ဝါးစီး မျက်နှာကို ကြည့်ပြီး ဂျက်ကလင်း နှုတ်ပိတ် နေလိုက်ပါတယ်။ အကြောင်းသိတဲ့ စုလှိုင်ကလဲ ဂျက်ကလင်းလက်မောင်းကို ဆွဲဆိတ်ပြီး သတိပေးတယ်။

ဆန်းမြင့်က အရက်ဝင်ရင် အင်မတန်လက်ပါချင်တဲ့သူ။ ဒါ ရထားပေါ်မှာမို့လို့ပေါ့၊ အိမ်မှာသာဆို ဂျက်ကလင်း နာပြီသာမှတ်။

ခြောင် မကောင်း တရားတွေ၊ မကောင်း တရားတွေ၊ ဘယ်တော့များမှ သည်မကောင်းတရားတွေနဲ့ ဝေးရာကိုဂျက်ကလင်း ရောက်ရမှာပါလိမ့်။

'ဂျက် နင်ဗိုက်နေ့ ဘယ်လိုဖြစ်နေတာလဲ၊ ငါတို့ထမင်းစားကြမလား'

'စုလှိုင် စားချင်စား၊ တို့မစားချင်သေးဘူး'



စုလှိုင်ဆီက ဆက်မြွှင်းချသံ ကြားရတယ်…ပြီး…တောနေတော့ တစ်ခါ…

'ဂျက်ကလင်း'

'ဘာလဲ'

'ငါတို့ခုသွားမယ့် ရွှေတောဆိုတာ ဘယ်လို ဟာမျိုးကြီးလဲ'

'ငါလဲ ဘယ်သိမလဲ မိစုရာ၊ ငါမှ မရောက်ဘူးတာပဲ၊ …ပေးတဲ့ မက်လုံးတွေ ဆရာဆိုယင်တော့ သိပ်သွားချင်…ျော်တဲ့နေရာပေါ့'

'အေးနော်၊ အစ်ကိုဆန်းကတော့ မပိုင်ယင် မလုပ်ပါ…း၊ တစ်ခုပဲရှိတယ်ဟာ ဂျက်ရ၊ တစ်နေ့ကို ငါးရာခြောက်ရာ…နည်းလေး ရတယ်ဆိုတာကတော့ ဟုတ်ပါ့မလား၊ အဲဒီ…တွေက ရွှေတွေ သိပ်ရနေလို့လား'

'မြေကြီးပေါ်ကနေ ရွှေတွေကို ကောက်ယူလို့ ရလို့နေ…ပေါ့ဟာ၊ တို့လဲ ဟိုကျ ရွှေတွေကောက်လို့ရရင် ကောက်…း ပြန်ကြတာပေါ့ ဟဲ…ဟဲ…ဇိမ်ပဲ'

'စကား ကောင်း ပြောစမ်းဂျက်ရာ၊ နင်ကလဲ ငါ…ကြားထားတာရှိလို့ဟာ သိလား၊ ဟိုကောင်မ အနားနို့ဆီက…ဆက သူ ရောက်ဖူးတယ်၊ ပိုက်ဆံတော့ရတယ်၊ ဒါပေ…ယ် ငှက်ဖျား သိပ်ကြောက်ရတယ်တဲ့၊ သူတောင် ငှက်ဖျား…သာတာ၊ ခုထိ မပြတ်ချင်သေးဘူးတဲ့ လူလဲပိန်လို့၊ အဲဒါ

ဒါတို့ ငှက်ဖျားခွဲယင် ဘယ့်နှယ် လုပ်မလဲ၊ ငှက်ဖျားက သေနိုင်လားဟ၊ ဟင် ဂျက်ကလင်း’

‘မသိဘူးလေ၊ ဒေးလဲ့ အေးတာပေါ့ ဝဋ်ကျွတ်တာ ပေါ့ဟ’

‘ဂျက်ကလင်းကလဲဟာ၊ တကယ်ပဲ’

စုံလှိုင် ငြိမ်သွားမြန်တယ်၊ ခွင့်လွှတ်တော့ စုံလှိုင်ရယ်၊ ခုချိန် ဂျက်ကလင်း တွေးနေချင်တာ တစ်ခုထဲရယ်၊ ထူးထူး ခြားခြား သတိရဖို့ ဖြစ်လာတဲ့ ထွန်း အကြောင်းကိုပဲ ဂျက်ကလင်း တွေးနေချင်တယ်။

ထွန်းရယ်၊ မင်းခွဲသွားပြီးတဲ့ နောက်ပိုင်းမှာ ကိုယ်တယ် လောက် ဆောက်တည်ရာမရ ဖြစ်ရတယ်ဆိုတာကို မင်း သိ စေချင်လိုက်တာ၊ တကယ်တော့ ကိုယ့်အသက်ဟာ အဲဒီ တုန်းက ဆယ့်ခြောက်နှစ်၊ အချစ်နဲ့ပတ်သက်တဲ့ သောက ဒုက္ခကို ခံစားဖို့ ငယ်သေးတဲ့ အရွယ်ပါ၊ စောသေးတဲ့အရွယ် ပါ။

ဒါပေမယ့်ကွယ်၊ ကိုယ်နဲ့ထွန်းဟာ ဘဝချင်းသာ မနီး စပ်ခဲ့ကြတာ၊ အသည်းနှလုံး ချင်းကတော့ ဟိုငယ်ငယ်လေး ကတဲက နီးစပ်ခဲ့ကြတာပဲ၊ ထွန်းက အစ်မတွေအလယ်က တစ် ဦးတည်းသောသား၊ ထွန်းတို့ တိုက်က ကိုယ်တို့ကျူးကျော်တဲ လေးတွေရဲ့ အစပ်မှာ ကိုယ်က ငယ်စဉ်ကတည်းက မိဘမဲ့ပြီး ဆွေမျိုးနီးစပ် ဦးလေးတော်သူရဲ့ တစ်ခုသော ကျူးကျော် တဲအိမ်ခလေးမှာ နေရတဲ့သူ။



ဘဝချင်း ခြားပေမယ့် ထွန်းက ကိုယ့်ကို ခင်ခဲ့တယ် နော်၊ ချစ်ခဲ့တယ်နော်၊ ဒါပေမယ့် ထွန်းတို့ အိမ်ကတော့ ကိုယ့်ကို မချစ်ခဲ့ မခင်ခဲ့တဲ့ပြင် မုန်းတောင် မုန်းပါသေး တယ်ကွယ်၊ ကိုယ်ကြီးလာလေ၊ ပိုဆိုးလေပေါ့၊ ထွန်းဘာသာ စာမေးပွဲ တဘုံးဘုံး ကျတာကိုပဲ ကိုယ့်ကြောင့် တဲ့လေ။

ကိုယ်လဲ ဘာထူးလဲ၊ စာမေးပွဲ ကျတာပါပဲ၊ ထွန်းလို တောင် ဆယ်တန်းမရောက်ပါဘူး၊ ကိုးတန်းနဲ့ပဲ ပညာရေး ဆုံးခန်းတိုင်ခဲ့တာ၊ ဒါပေမယ့် ထွန်းကတော့ သက်သက်ကို ဆိုးလို့ စာမေးပွဲကျတာပါ။

ထွန်းမှာ အရာရာ ပြည့်စုံပြီးသား၊ ကိုယ့်မှာသာ ရှစ် တန်းလေးလောက် အောင်ဖို့အရေး သေမလောက် ကြိုးစား ရတဲ့သူ၊ စာမေးပွဲ ကျတာနဲ့ ထွက်ပါမယ်ဆိုတဲ့ ကတိဘစ် ဆုံးနဲ့ နေရတဲ့သူ။

ထွန်းရယ်၊ တကယ်တော့ ကိုယ်တို့နှစ်ယောက်ကို ခွဲပစ်တဲ့ အဓိက အကြောင်းဟာ ကိုယ့်အဒေါ်ရဲ့ ရှုပ်ထွေးတဲ့ လူနေ မှုပြဿနာတွေကြောင့်ပါ။

ထွန်းသိတဲ့အတိုင်းပဲ၊ ကိုယ့် ဦးလေးရဲ့မိန်းမ၊ ကိုယ့် အဒေါ်ဟာ ဟိုတုန်းက အရပ်ပျက်တဲ့၊ ခုတော့ ကိုယ်တို့ ကျူးကျော် တဲလေးလေးတွေထဲမှာ နေထိုင်ကြတဲ့ ဟိုလို မိန်းမတွေ (အခုတော့ ကိုယ်တို့လို မိန်းမတွေပေါ့ကွယ်) နဲ့ အပေါင်းအသင်း ဖြစ်တယ်၊ ဝင်ကြ၊ ထွက်ကြတယ်၊ ဒါကို

တစ်ရပ်ကွက်လုံး သိတယ်၊ ထွန်းတို့အိမ်လဲ သိတာပေ
ထွန်းအလဲ ကိုယ့်ကို တဖွဖွ သတိပေးရှာသား။

ခက်တော့ခက်သားထွန်းရယ်၊ ကိုယ့်မှာက ဓိအဒေါ်
ဦးလေး မျက်နှာပဲ ကြည့်နေရတဲ့သူ၊ သူတို့ကြည့်မှ ထမင်း
တလုတ် စားဖြောင့်တဲ့သူ၊ တစ်အိမ်ထဲ နေကြတဲ့ သူချင်း
အဒေါ်ညွှန့်သည် ဟိုမိန်းမတွေနဲ့ စကားမပြော မိအောင်
နှုတ်မဆက်မိအောင် ကိုယ် နေလို့ ဖြစ်ပါ့မလား။ ကိုယ်နေ
ရဲ့ပါ့မလား။

သူတို့အလုပ်တွေအကြောင်း နားမထောင်ရင် ပြီးတာ
ပေါ့၊ သူတို့ အလုပ်တွေနဲ့ ကင်းရှင်းရင် ပြီးတာပဲပေါ့။

ပြီးတော့ ထွန်းရယ်၊ ထွန်း သိပါတယ်၊ လက်သမား
မတောက်တခေါက်လုပ်တဲ့ ဦးလေး အလုပ်နဲ့ ကလေး ငါး
ယောက်နဲ့ အဒေါ်တို့ အိမ်ထောင်စု သိပ်ဆင်းရဲ ပါတယ်၊
ဒီတော့ ဒီအလုပ်တွေအတွက် မလွဲသာ မရှောင်သာ မျိုး
နေရပြီဖြစ်တဲ့ ကိုယ့်အဖို့ ကိုယ် ပါမသွားဖို့ကလွဲယင် တာ
များ တတ်နိုင်ဦးမတဲ့လဲ၊

ထွန်းဒါတွေကို နားလည်ခဲ့ပါတယ်နော်၊ လက်ခံခဲ့တယ်
နော်...၊ ဒါပေမယ့်.... ကိုဝန်တိုလေး ထွန်းက
အဒေါ့်အကြံအဖန်နဲ့ ကိုယ် ရုံးတခုရုံးမှာ လုပ်အား
ပေးရတော့လဲ မကြည်တော်မူပြန်ဘူး၊ အဲဒီရုံးက ကိုယ့်



လိုအလုပ်ခန့်တဲ့ အရာရှိကြီးက မနဲ့ပတ်သက်ရင်နာမည်ကြီးတဲ့၊
ဒီယုန်မြင်လို့ ဒီချုံထွင်တာတဲ့၊ ခက်တယ်ထွန်းရယ်။

ကိုယ့်ပညာအရည်ချင်းနဲ့ ဘွဲ့ရတွေတောင် မလွယ်တဲ့ ဒီလို
နေရာမျိုးကို ရဖို့ဆိုတာ လွယ်မှတ်လို့။ ပြီးတော့ ကိုယ်ရတဲ့
တစ်နေ့ ခြောက်ကျပ်ခွဲဆိုတဲ့ သန့်စင်တဲ့ ပိုက်ဆံနဲ့ ကိုယ်ထမင်း
စားချင်တယ် ထွန်းရယ်။

ထွန်း အလုပ်ထွက်ခိုင်းတာကို ကိုယ်အကြောက်အဆန်
ငြင်းခဲ့တယ်။ ထွန်းက ထွက်ပြေးကြရအောင်လို့ ခေါ်တာ
ကိုလဲ့ ကိုယ်အကြောက်အကန် ငြင်းခဲ့တယ်။

ဒါကိုပဲ ထွန်း စိတ်ဆိုးသွားခဲ့တယ်နော်။ ထွန်း ကိုယ့်ကို
မခေါ်တော့ဘူး။ ကိုယ်နဲ့ လာမတွေ့တော့ဘူး။ ထွန်းကို
မမြင်ရတော့ဘူး။ ငါးရက်မြောက်တော့ ကိုယ်ဘယ်နေနိုင်
တော့မလဲ ထွန်းရယ်။

ကိုယ့်စေတနာတွေကို ထွန်း နားလည်အောင် ပြောပြီး
ထွန်းကို ကိုယ်ချော့ခယ်ဆိုပြီး တွေ့ဖို့ ကြိုးစားတော့၊ ထွန်း
ရယ်လေ၊ လက်ထပ်တော့မယ်တဲ့။

အရပ်ပျက်မ အေးအေးနဲ့ ဝေးအောင် မန္တလေးက
သူဌေးသမီးတစ်ယောက်နဲ့ ထွန်းကို ပေးစားတော့မယ်တဲ့။
ရက်စက်လိုက်တာ ထွန်းရယ်လို့ ကိုယ်မဆိုဝံ့ပါဘူးကွယ်။
ကိုယ့်ဘဝကိုပဲ ကိုယ်နာကျည်းတာပါ။ ထွန်းတို့ မန္တလေး

ကို ဂေါ်လာသွားဆောင်မယ်။ ထွန်း ဟိုမှာပဲ နေတော့မယ် ဆိုတဲ့ အသံတွေကြားတော့ ကိုယ်မနေနိုင်တော့ဘူး။

ထွန်းတို့ ရထားဆင်းကြတဲ့ ညနေမှာ ကိုယ်ရုံးကနေ ဆင်းပြီး ဘူတာမှာ တိတ်တိတ်လေး သွားစောင့်နေခဲ့မိတယ်။ ထွန်းတို့ လာပြီ။ ထွန်းတို့ အသံဝင်ပြီ။ ထွန်းနဲ့ ထွန်း မိန်းမတွဲထိုင်ကြပြီ၊ ထွန်း သွားတော့မယ်။

အို— ထွန်းရယ်.... သံဇကာနောက်ကွယ်မှာ မရှက်နိုင်ဘဲ ကိုယ် အားရပါးရ ငိုမိပါတယ်။

ကိုယ်အသည်းနှလုံးတွေကို နာကျင်အောင် ရိုက်ခတ်တဲ့ သံချောင်း ခေါက်သံအဆုံး ထွန်းတို့ ရထားကြီး ထွက်သွားပြီးတဲ့ အဆုံးမှာ ကိုယ့်ရင်ထဲမှာ ဘာမှ မကျန်တော့ဘူး။

ဟင်းလင်းပြင်တစ်ခုမှာ အိပ်မက်တစ်ခုထဲမှာ စမ်းတဝါးဝါး လျှောက်နေမှုသလို၊ ကိုယ်ဘယ်လို အိမ်ပြန်ရောက်ခဲ့မှန်းတောင် မသိပါဘူးကွယ်....။

အဲဒီနောက်နေ့တွေကစပြီး ကိုယ် ဘယ်လောက်များ စိတ်လေလွင့်ခဲ့ပါသလဲ။ ရုံးကနေ တစ်ယောက်တည်းလဲ လျှောက်သွားတယ်။ သူငယ်ချင်းတွေနဲ့လဲ သွားတယ်။ အေးအေးဆိုတဲ့ ယုန်မလေးကို မိဖို့ ကြိုးစားပမ်းစား ခြုံထွင်နေရှာတဲ့ အန်ကယ်ကြီးနဲ့လဲ လျှောက်လည်တယ်။

ထွန်း မုန်းတဲ့ ထွန်းမကြိုက်တဲ့ အဒေါ်ညွှန့်သည်မိန်းမ



တွေနဲ့လဲ စကားပြောမိပါတယ်။ ရယ်မောမိတယ်။ ဒါပေမယ့် ယုံပါ ထွန်းရယ်။

ကိုယ် စိတ်လေလွင့်ပြီး ထင်ရာလုပ်တာကလွဲရင် ကိုယ် အဲဒီအချိန်မှာ ပကတိသန့်စင်ပါသေးတယ်။

ဟဲဟဲ....ကိုယ့်ကို ကိုယ့်အဒေါ်က အန်ကယ်ကြီးနဲ့ ယူဖို့ နားမချခင်အထိပေါ့လေ။ အဒေါ်က ပြောတယ် ထွန်းရဲ့။ အန်ကယ်ကြီးက မုဆိုးဖိုတဲ့။ ကလေးလဲ မရှိဘူးတဲ့။ ကိုယ့်ကို အတည်ကြံတာပါတဲ့။ အန်ကယ်ကြီးမှာ တိုက်ရှိတယ်။ ကား ရှိတယ်။ ပိုက်ဆံတွေလဲ အများကြီးတဲ့။ အဲဒီ ပိုက်ဆံတွေ အများကြီးထဲကနေ အဒေါ့်ကိုတောင် ချေးထားသေးတဲ့။ သုံးထောင်ကြီးများတောင်တဲ့။ ကိုယ့်ကို သူတို့က တစ်သက်လုံး ကျွေးမွေးပြုစုခဲ့တာကို ထောက်ထားပြီး သူ ဆောင်းစေချင်လို့ စီမံတာ လက်ခံတဲ့။

အဒေါ်ရဲ့ နားချတာလဲဟုတ်၊ အမိန့်လဲဟုတ်လဲ စကားရယ်။ ကိုယ်သာယာနေပြီဖြစ်တဲ့ အန်ကယ်ကြီးရဲ့ လက်ဆောင် ပစ္စည်းတွေနဲ့ လာလတ္တံ့သော မက်လုံးတွေရယ် လေလွင့်နေတဲ့ ကိုယ်စိတ်တွေရယ်က ကိုယ့်ကို ခေါင်းညိတ်ခိုင်းကြတယ်။

ထွန်းရယ်...ကိုယ်လဲ ခေါင်းညိတ်ရော၊ မြန်းဆို အန်ကယ်ကြီး ခရီးထွက်တဲ့နေ့ တိုက်ဆိုင်ပြီး လက်လဲမထပ်ရသေးဘဲနဲ့ ကိုယ့်ကို အန်ကယ်ကြီးက ဇွတ်ခေါ်ခဲ့တယ်။ ဟော့ဒီ အမြန်ရထားကြီးနဲ့။

ထွန်းရေကိုယ်ဘယ်တော့မှ မမေ့နိုင်တဲ့ ရထားသံချောင်းခေါက်သံတွေ ဆူညံလာတုန်းမှာပဲ၊ အမြန်ရထားကြီးရဲ့ သီးသန့်နှစ်ယောက်အိပ်ခန်းထဲမှာ အန်ကယ်ကြီးက ကိုယ့်ကို စနမ်းတယ်။

အို….ကိုယ်မုန်းတယ် ထွန်းရယ်။ ရထားသံချောင်းခေါက်သံကို ကိုယ် သိပ်မုန်းတယ်။

ဟဲဟဲ….ပြောချင်သေးတယ် ထွန်းရေ။ အခေါ်နဲ့ အန်ကယ်ကြီးတို့ဆီ အလကား လူလိမ်လူညာတွေကွ သိလား၊ အလကား၊ ဘယ်ကလာ အန်ကယ်ကြီးက မုဆိုးဖိုရမှာလဲ၊ လက်ရှိမယားကြီးနဲ့၊ သမီးအကြီးဆုံးက ကိုယ့်ထက်တောင်ကြီးဦးမယ်။

ပြီးတော့ ကိုယ့်ကိုလဲ အတည်တကျ လက်မထပ်ပါဘူးကွာ။ ဘာခပြောမလဲ၊ ထွန်းသိရင် ရင်နာမှာလားဟင်။ ကိုယ်က တကယ်တော့ မယားငယ်ပေါ့ကွာ။ တစ်လသုံးရာ အထောက်အပံ့ရတဲ့ တိတ်တိတ်ပုန်း အငယ်အနှောင်းလေးပေါ့။

အလကားထွန်းရ၊ အန်ကယ်ကြီးမှာ ပိုက်ဆံလဲ သိပ်ရှိတာ မဟုတ်ပါဘူးကွာ။ ကိုယ်ကို တစ်လသုံးရာပဲပေးနိုင်တာ၊ အိမ်တစ်ဆောင် မီးတပြောင်နဲ့လဲ ထားနိုင်တာ မဟုတ်ဘူး။

ကိုယ့်မှာ ကိုယ်နေမြဲနေရာ အခေါ်တို့အိမ်က အဖီကျဉ်းလေးထဲမှာပဲ နေရပြီး၊ ရုံးသွား၊ အန်ကယ်ကြီး ခရီးထွက်ရင်



ဆက်ရက် ဆယ့်ငါးရက်လိုက်သွား။ စနေ တနင်္ဂနွေနေ့ အန်ကယ်ကြီး လာခေါ်ရင် လိုက်သွားပေါ့။

ဟင်း….ဟင်း….ဇာဲဇီထဲက ဂျက်ကလင်းဆိုတဲ့ နာမည်ကကျော်စပြုနေပြီ။ အန်ကယ်ကြီးက နာမည်ပေးခဲ့တာပေါ့။ နိုင်ငံခြား ရုပ်ရှင်မင်းသမီး နာမည်တဲ့လေ၊ အဲဒီမင်းသမီးမျက်နှာ အမူအရာ ပြောပုံဆိုပုံတွေက ကိုယ်နဲ့ တူသတဲ့။

ဟဲ ဟဲ၊ အခေါ်ပြောသလို ပြောရရင် အန်ကယ်ကြီးကျေးဇူးက တကယ်ကြီးတာပဲ၊ ခု ကိုယ် ဇီလောကမှာ ထင်ပေါ် ကျော်ကြားတာဟာ ဇီနာမည်ကြောင့်လဲ ပါတယ် ထွန်းရ၊ သိလား။

အန်ကယ်ကြီးနဲ့က ကိုယ် သိပ်မပြလိုက်ပါဘူး ထွန်းရယ်၊ တစ်နှစ်ကျော်လောက် ရှိတော့ အန်ကယ်ကြီးက ကိုယ့်ကို မုန်းသွားပြီ အိုသွားပြီ၊ နောက်တစ်ယောက် ချိန်းပြီ။

ကိုယ်လဲ ရိပ်မိတဲ့နေ့က စပြီး စုမိ ဆောင်းမိ ရှိအောင် ချုံတော့ ချုံတာပဲကွ။ ကိုယ့်မှာ စိတ်ကူးတစ်ခု ရှိတယ်၊ ကိုယ့်မှာ ပိုက်ဆံ တော်တော် စုမိ ဆောင်းမိရှိရင် ကလေးတစ်ယောက် မွေးပြီး ကိုယ့်ကလေးနဲ့ ကိုယ့်ဘာဝကိုယ် စိတ်အေးချမ်းသာ ထူထောင်တော့မယ်လို့။

ထွန်း၊ သိသားပဲ၊ ကိုယ်က တစ်ကောင်ကြွက် ဆိုတော့ ကလေး သိပ်ချစ်တယ်၊ အခေါ်ကလေးတွေကိုတောင် ကိုယ်

ချစ်တာပဲ၊ အန်ကယ်ကြီးဆီက ရတဲ့ ပိုက်ဆံတွေနဲ့ ကိုယ် သူ တို့ကို အမြဲမုန့်ဖိုး ပေးတာပဲ။

ခက်တာက ထွန်းရယ်၊ ကိုယ် ဘယ်လောက်စုစု အန်ကယ် ကြီးနဲ့ ကိုယ် ခွဲပြကြတဲ့ အချိန်မှာ ထင်သလောက် မရလိုက် ဘူး၊ နေဦးပေါ့၊ ကိုယ် ဆက်စုရမှာပေါ့။

ဟဲ ဟဲ၊ မခဲယဉ်းပါဘူး ထွန်းရယ်၊ အဒေါ်က အဆက် အသွယ် သိပ်ကောင်းတဲ့ လူပဲ။

ဒုတိယ အန်ကယ်၏ တတိယ အစ်ကိုကြီးတို့နဲ့ ခြောက်လ စီလောက် ပေါင်းရတယ်၊ မဆိုးဘူး၊ ကိုယ်လဲ အတန်အသင့် စုမိ တော့င်းမိ ရှိတဲ့အချိန်၊ ကိုယ့်မှာလဲ ရင်သွေးလေး ၈ပ် ပြီတဲ့ အချိန်မှာပဲ၊ သိပ်ရက်စက်တဲ့ အဒေါ်ပါကွာ။ လုပ်ငန်း တစ်ခု လုပ်မယ်ဆိုပြီး ကိုယ့်ပိုက်ဆံတွေကို အကုန်ယူသွားတဲ့ မြင် လုပ်ငန်းမအောင်မြင်ဘဲ ဖြူခါ ပြာခါ ကျလာတော့ ကိုယ့်ကို ဇွတ်ခိုင်းစားဖို့ စီစဉ်တယ်လေ။

မထူးတော့တဲ့ ကိုယ်၊ မိုက်မဲတဲ့ ကိုယ်က ရင်ထဲက သွေး လေး အတွက် ဆက်ကြိုးစား ပိုက်ဆံရှာရဦးမယ် ဆိုတဲ့ အသိ နဲ့ မထူးဇာတ်ကို ခင်းတုန်းမှာပဲ အမြစ်မဲ့ဖြူစင်ရှာတဲ့ ကိုယ့် ရင်သွေးလေးက ညစ်ညမ်းတဲ့ မအေ့ဗိုက်ထဲမှာ မနေချင် ရှာဘူးနဲ့ တူတယ် ထွန်းရယ်။ ကိုယ်ဝန် ငါးလမှာ ပျက်ကျ ရှာတယ်။



ကိုယ် မသေရုံတမယ် ခံလိုက်ရတာထက် ကိုယ်ဝမ်းအနည်း ဆုံးက ကိုယ်ဟာ နောက်ထပ် ဘယ်တော့မှ သားသမီးမရနိုင် တော့ဘူးတဲ့ ထွန်းရဲ့။ ကိုယ်ဟာ အလထားမိန်းမတစ်ယောက် ဖြစ်သွားပြီ ထွန်းရဲ့။

ကိုယ်လေ ထွန်း၊ ကိုယ့်ကို ခွဲသွားတဲ့ ဖခါတုန်းကလို ဒုတိယအကြိမ် စိတ်လေပြီး အဒေါ်တို့ကိုလဲ ခြေစုံကန်ပစ်ခဲ့ တယ်။ ကိုဆန်းမြင့်နဲ့ ဆက်သွယ်မိပြီ၊ သူနဲ့ လိုက်ခဲ့တယ်။ ကိုဆန်းမြင့်က ကိုယ်တို့ရဲ့ အုပ်ထိန်းသူလဲ ဟုတ်၊ အလုပ်ရှင်လဲ ဟုတ်။ ယောကျ်ားလဲ ဟုတ်တဲ့ အဖော်မွန်ကြီးပေါ့။

ကိုယ်တို့ စုံလိုင်တို့က တစ်ရာတန်တွေလေ ထွန်းရဲ့၊ တစ်ရာ ရရင် သူ ငါးဆယ် ကိုယ်ငါးဆယ်။ သူက ကိုယ်တို့ကို အိပ် စရာ၊ နားစရာပေးတယ်၊ ဆေးကုပေးတယ်။

ခုလဲ ရန်ကုန်မှာ စီးပွားရေး အခြေအနေ သိပ်မပြေ လည်တာနဲ့ တစ်ရာတန်ကနေ ရှစ်ဆယ် ခုနစ်ဆယ်တန်ဖြစ် ချင်နေတဲ့ ကိုယ်တို့နှစ်ယောက်ကို ခေါ်ပြီး ပိုက်ဆံသိပ်ပေါ တယ်၊ လွတ်လပ်တယ်လို့ ပြောတဲ့ ရွှေတူးတဲ့နေရာ၊ ရွှေကျင် တဲ့နေရာကို သွားမလို့တဲ့။

သူပြောတာပဲ၊ ဟိုမှာ ရန်ကုန်တပေ့ ဆိုပြီး ကိုယ်တို့လို ဖြူဖြူဖွေးဖွေး၊ ချယ်ချယ်သသဆို နှစ်ရာဆိုလဲ မမြင်၊ သုံးရာ ဆိုလဲ မမြင်တဲ့။ သွားလေ သွားပေါ့၊ ဂျက်ကလင်းတို့က တော့ မျှော်လင့်ချက်တွေ အားလုံး ကြေပျက်ပြီးတဲ့ နောက်

ပိုင်းမှာ မျှော်လင့်လို့ မရနိုင်တဲ့အဆုံးမှာ -လွှင့်ချင်ရာကို လွှင့်လိုက်စမ်း။ ကြွေရွက်လေးလို အလိုက်သင့် တလွှင့်လွှင့် လွှင့်ပြလိုက်စမ်းမယ်။

'ဂျက်ကလင်း'

'ဟင်၊ ဘာလဲ'

ဂျက်ကလင်း မျက်လုံးတွေ ဖွင့်ရပြန်တယ်။ ကိုဆန်းမြင့်က မှုးယစ်ရီဝေတဲ့ မျက်လုံးတွေနဲ့ ဘေးမှာရပ်လို့ ဂျက်ကလင်း ခဏခဏ မြင်ဖူးနေတဲ့၊ အလုပ်ဖြစ်ရင် မြင်ရမြဲ ခပ်ရွှင်ရွှင် မျက်နှာထားနဲ့

'ငါ တင်မောင်ထွန်းနဲ့ စကားသွားပြောနေတာ၊ အကောင်ပဲ၊ ကို့မန္တလေးကျ ညောင်နီပင် မသွားခင် တစ်ညနားဖို့ အဆင်ပြေပြီ၊ တင်မောင်ထွန်းကု နှင့်ကိုတဲ့'

ဂျက်ကလင်း ဘာမျှ ပြောနိုင်ဦးမှာလဲ၊ ထွန်းရေ ဂျက်ကလင်း အပြစ်ဟာ ဘယ်လောက်များ စက်ဆုပ် ရွံရှာဖို့ ကောင်းလိုက်သလဲ၊ ထွန်းနဲ့ နာမည်တစ်လုံး တူတဲ့ 'အေးအေး'လို့ ရွှားပါးစွာ ခေါ်ခဲ့ပြီး ဂျက်ကလင်းက တစ်လေးတစား ပြန်လည်ဆက်ဆံခဲ့တဲ့ ဂျက်ကလင်း ရိုးရိုးလေးခင်မင်ချင်သူနဲ့ ဆန်းပြားရဦးမတဲ့။

်းငွန်က ဦးဘဒွေးတို့ မိသားစု

ရော်ဇတီမြစ်ရေပြင် စိမ်းကြည်အေးမြသလောက် ခေါင်း...ါတ နေက ပူလိုက်ပါတဲ့ အမျိုး။ မြစ်ပြင်ပေါ်မှာ နေ...ောင် တလက်လက်။ ဟိုကော်ဇီ အောင်တင်ရဲ့ နက်မှောင်...တဲ့ ကျောပြင်ပေါ်မှာလဲ တဖိတ်ဖိတ် တလက်လက်။

ဦးဘဒွေး ကြည့် ကောင်းကောင်းနဲ့ ငေးကြည့်ရင်း...က်ပြင်းချမိတယ်။ အေးလေ....ပြောမရတဲ့အတူတူ မပြော...ာပဲ ကောင်းပါတယ်။ သင်းက လူငယ်ပဲ။ အကြမ်းပတမ်း...ည်ဦးမှာပေါ့။ ဝမ်းရေးအတွက် လောဘစိတ်ကလေးကလဲ...ိုး။

အောင်တင်က ပိုက်ထဲက အမှိုက်သရိုက်တွေကို စိတ်ရှည်...က်ရှည် ရှင်းနေတယ်။ တယုတယ၊ ဂရုတစိုက်။ အင်း....ါးရတာထက် ပိုက်စုတ်မသွားဖို့ ပိုအရေးကြီးတယ်လေ။

ပိုက်က ဦးဘခွေး အိမ်ထောင်ကျစက စပြီး ထူထောင်ခဲ့တဲ့ ပိုက်။ အဖေရော အမေရော ဗလပွနဲ့ ကြာလှပေါ့။ ကြာလို့ ဦးဘခွေး အသက်ခြောက်ဆယ်နား ကပ်နေပြီ၊ အသက် နှစ်ဆယ့်လေးက အိမ်ထောင်ကျခဲ့တာ သမီးကြီး အသက် သုံးဆယ်ကျော်ပြီး သင်္ချိုင်းတစ်သက်ရှိပြီ။

အောင်တင်က လေးယောက်မြောက်ကောင်။ အင်း... ဒီကောင်လဲ အငယ်ဆုံးဖြစ်တော့မလိုလိုနဲ့ အတော်ကံဆိုးတဲ့ ကောင်။ ဒီအကောင် ဆယ့်ရှစ်နှစ် လူပျိုဖားဖား ဖြစ်တော့မှ သေဆုံးတော့မလိုလို ဘာလိုလို ဖြစ်နေတဲ့ အိမ်က အမယ် ကြီးက အမြွှာပူးမိန်းကလေးနှစ်ယောက် မွေးလာပါလေရော၊ အသက်ကြီးတော့မှ ကံအပေါ်ကောင်းလိုက် တာ ဘယ်နှယ်ဗျာ အဘိုးကြီး အဘွားကြီး ဖြစ်တော့မှ မြေး မထိန်းရဘဲ သမီး ထိန်းနေရတယ်။ ဘာရှိသေးမလဲ ခုမှ ခြောက်နှစ်သမီးလေးတွေ၊

အောင်တင့်ကိုပဲ ဦးဘခွေးတို့ တောင်းပန်ထားရတယ်၊ မိန်းမယူမှာဆိုင်းဖို့ မတားကောင်းပေမယ့် ဘယ့်နှယ်လုပ် မလဲ။ ဦးဘခွေးတို့ အိုကြီးအိုမ လင်မယားနဲ့ ဒီသမီးလေး နှစ်ယောက်နဲ့ မြစ်ပြင်ကျယ်မှာ လှေဘဝစင်းနဲ့။ အင်း... ဒီကောင်လဲ တကယ်တော့ အိမ်ထောင်ပြုဖို့ နောက်တောင် ကျနေပါပြီလေ။ နှစ်ဆယ့်သေးထဲပဲ ရောက်ပေါ့ဟာ။ သူ့ အထက်က ကောင်တွေ ကောင်မတွေ ကလေး တို့လို့ တွဲလောင်းတွေ ဖြစ်နေတာကြပေါ့။



ဒီကောင် အောင်တင်က အိမ်ထောင်ပြုဖို့ ဆိုင်းနေတာ အဖေ အမေကို ညှာတာလဲ ပါတယ်။ နောက်ပြီး ဒီကောင် တောင်းဖို့ရမ်းဖို့ ငွေစုချင်တာလဲ ပါတယ်။ ဒါကြောင့်မို့လို့ အဖေလုပ်တဲ့သူကို ပိုက်လဲဖို့ ပူဆာဘာ ခဏခဏ။ ဒီကောင်က ပြောတော့ အလွယ်လေး။ 'ဟအောင်တင်ရ....ငါတို့တုန်းက ပိုက်တဖုံဈေးနဲ့ ခု ပိုက်တဖုံဈေးက တခြားစီကွ'လို့ပြောတိုင်း ကြေးနဲ့ဝယ်ပြီး ဖြည်းဖြည်းချင်း ပြန်ဆပ်မယ်တဲ့၊ အိုး.... တော်ပါ့ မောင်ရာ၊ ဖြည်းဖြည်းချင်း ပြန်ဆပ်ဆိုတာက ငွေ ဆိုးပေါ့ ပါပြီးသားဟ၊ မဘန်တဆာတွေ ကြွာ၊ အေးအေးပဲ ထိုင်စားကြပါစို့လို့ မနည်းပြောထားရတယ်။

အင်းပေါ့လေ၊ သူလဲသူ့ စိတ်ကူးနဲ့သူပေါ့၊ ပိုက် ကောင်း တော့ ငါးများများရမယ်၊ ငါးကြီးကြီးရမယ်၊ သူ့ပိုက်ဆံ ရှိရမယ်။ ပိုက်ဆံကို သည်းကြီးမည်းကြီးရှာပြီး တစ်သက်လုံး မြစ်ထဲမှာ လှေ အိမ်လုပ်နေရတဲ့ အဖေနဲ့ အမေ ကိုလည်း ကုန်းပေါ်မှာ အိမ်လေးတစ်လုံးတော့ဖြင့် ဆောက်ပေးချင် တယ်။ ပြီးတော့ သူလဲ မိန်းမကို တင့်တောင်း တင့်တယ် တောင်းယူမယ်ပေါ့။

သူ့ စေတနာလေးတော့ ကောင်းပါရဲ့၊ ဒါပေမယ့် ဖြစ် မှ မဖြစ်နိုင်တာ။ ဦးဘခွေးတို့အဖို့တော့ ထူးတော့ ပါဘူး၊ နေတတ်နေမပြီ၊ ဒီမြစ်ပြင် တစ်လျှောက်မှာ ငဲလှေကို အိမ် လုပ်ပြီး သားသမီးခြောက်ယောက်တောင် မွေးခဲ့ဖွားခဲ့ပြီ၊

အမြွှာနှစ်ယောက်နဲ့ သားဦး ကောင်မလေး ရွာပေါ်တက်ပြီး လက်သည်နဲ့မွေးတာ။ ကျန်တဲ့သုံးယောက်ကလှေပေါ်မှာ နှစ်ယောက်၊ မြစ်လယ်ခေါင် နွေရာသီသောင်ပေါ်မှာ ခဏတဲထိုးနေတော့ တစ်ယောက်။ အဲ အဲ ဒီကောင် အောင်တင်ပဲ မွေးခဲ့တာ။

ဒါကြောင့်ထင်ရဲ့၊ ဒီကောင်ဟာ ရေပေါ်မှာ မပျော်တဲ့ကောင်။ ကုန်းပေါ်မှာ တဲ အိမ်ဆောက်ချင်တဲ့ကောင်။ တတ်နိုင်ရင် ဒီကောင်က သူ့တစ်သက်လုံးထမင်းကျွေးလာတဲ့ ဒီ တံငါ့အလုပ်ကိုတောင် ကာပြန်ချင်တဲ့ကောင်ပဲ။

ဒီအလုပ်ဟာ သိပ်ဆင်းရဲပင်ပန်းတဲ့အလုပ်။ လူ့အောက် သူ့အောက်ကျတဲ့အလုပ်ဆိုတာ ဦးဘခွေး သိသားပေါ့။ ပြီးတော့ အကုသိုလ်အလုပ်။

အဆိုတောင်ရှိသေး၊ 'ပျားဖွတ်၊ ဆားထိုး၊ မယားခိုး၊ မုဆိုး၊ တံငါ၊ ငရဲရွာ'တဲ့ ရှေးက အပျိုမိန်းမတွေဆို ဘုရားမှာ ဆုတောင်းကြသတဲ့။ 'တက်ရိုးရှည်၊ တောင်ငူမှဲ့နဲ့ ပျိုလွှဲပါရစေ'တဲ့။

ခုဆို ဦးဘခွေး အသက် ခြောက်ဆယ်နား တပ် ပြီပဲ၊ အသက်ကြီးပြီပဲ။ ဒီအကုသိုလ်အလုပ်ကိုစွန့်ပြီး ဘုရားနဲ့တရား



နေဖို့သင့်တဲ့အရွယ်ပဲ။ ဒါပေမယ့် ကိုယ်နေချင်တိုင်းနေလို့ ပါသလား။

ဘယ်ရမလဲ၊ ကိုယ်တစ်သက်လုံးလုပ်လာတာက ဒီအလုပ်၊ ယ်လုပ်တတ်တာက ဒီအလုပ်။ ဦးဘခွေးဘယ့်နှယ်လုပ် စွန့်င်လို့ ရပါ့မလဲ။

ဒါကြောင့် ပြောရတယ်။ 'အောင်တင် မင်းဒီအလုပ်တန်းနိုင်ရင် ရှန်းသာသွား ငါ့သား၊ အဖေတို့ကိုမငဲ့နဲ့၊ အဖေက တော့ သားသမီးတွေ ဝမ်းကိုလဲ ဒါနဲ့ပဲကျွေးရ မွေးရမှာပဲ။ သင်းတို့ လူလားမြောက်လို့ သွားကြ ပြန်ရင်လဲ အဘိုးကြီး အဘွားကြီး မသေမချင်း ဒါနဲ့ ဝမ်းကျောင်းဦးမှာပဲ'လို့။

'ဟာ ဟောဒီ ငါ—မ ပိုက်နဲ့တော့ကွာ'

ထုံးစံအတိုင်း လှေဦးက အောင်တင်နဲ့ ပိုက်နဲ့ ရန်ဖြစ်တဲ့အသံကြားရတယ်။ ဦးဘခွေးမကြားဟလိုနဲ့ လှေပေါင်းမိုးအောက်မှာ ကျပ်သပ်အိပ်ပျော်နေကြတဲ့ချွေးတစ်စီစီနဲ့အမယ်ကြီးနဲ့ သမီးနှစ်ယောက်ကိုပဲ ကြည့်နေလိုက်တယ်။

အဲ....ကြည့်စမ်းပါဗျာ! တောင်းတော့မှာပဲ၊ သမီး တစ်ယောက် ခြေထောက်နဲ့ ထမီနားက ထမင်းအိုး ပေါ်မှာ တင်လို့။

မြစ်ပြင်လေနဲ့အတူ လှေဦးပိုင်းက ဖင်ဖောက်ပြီး လုပ်ထားတဲ့ ရေအိုးမီးဖိုက ပြာမှုန်တွေက သူတို့ သားအမိတွေပေါ်မှာ တလွင့်လွင့်။

အေးလေ၊ ဒါတွေဟာ ဦးဘခွေးအတွက် ဆန်းတော့တဲ့ မြင်ကွင်းတွေမှ မဟုတ်ဘဲ။

ဒီထက်မက ဆိုးတဲ့ အဖြစ်မျိုးတွေကိုတောင် ဒီလှေလေးနဲ့ ဒီမြစ်ပြင်ကျယ်ပေါ်မှာ ကြုံခဲ့ပြီးပြီပဲ။

ဦးဘခွေးတို့လို တံငါမျိုးက အတည်တကျ ရွာမှာနေပြီး အချိန်နဲ့ ငါးထွက်ရှာတဲ့ တံငါမျိုးမှ မဟုတ်တာ။ လှေတစ်စင်းပေါ်မှာ ရှိသမျှ အိမ်ထောင်ပစ္စည်းနဲ့ မိသားစုကို တင်ပြီး ငါးပေါ်မယ့် ငါးများမယ့် ရေပြင်ရှိရာကို မြစ်ပြင် တစ်လျှောက် ဖြည်းဖြည်းချင်း လှော်ရင်းခတ်ရင်း နေတဲ့ တံငါမျိုး။

ခုလို နွေရာသီဆို ပိုဆိုးတာပေါ့၊ ပူတာက တစ်မျိုး၊ ငါးရနည်းတာတစ်မျိုးအပြင် ချောင်းတက်၊ မြောင်းတက်တွေ ရေခန်းတော့ ဧရာဝတီထဲ ထွက်လာတဲ့ တခြား ချောင်းထဲ မြောင်းထဲက တံငါတွေနဲ့ စားကျက်လုရသေးတာ။

အရင် ဦးဘခွေးတို့ အဖေတွေ အမေတွေ မှီတုန်းကတော့ ငန်းငွန်းနဲ့ မနီးမဝေး။ ရောဝဒိ မြစ်ကမ်းဘေး ရွာလေး တစ်ရွာက တံငါစုမှာ တဲထိုးပြီး နေသေးတယ်။



တဖြည်းဖြည်းနဲ့ တံငါလုပ်တဲ့လူ များလာပြီး တံငါစုက ကြီးလာတော့ ရွာနီးပတ်ဝန်းကျင် မြစ်ကမ်း တစ်လျှောက်မှာ ငါးရှာဖို့ မလွယ်တော့ဘူး။

ဒီတော့ တစ်ယောက်စ နှစ်ယောက်စ စမ်းစမ်းပြီး ခပ်ဝေးဝေးထိ ထွက်ရှာကြတယ်၊ ထွက်ရှာကြရင်း ပြန်ရမှာဝေးတော့ မြစ်ထဲမှာအိပ်လိုက်၊ နောက်တော့ မိသားစုပါ တင်ပြီး မြစ်တစ်လျှောက် ကြုံတဲ့နေရာမှာ ညတပ်အိပ်ပြီး ရှာစားကြတော့တာပဲ။

ဦးဘခွေးတို့ဆို မိုးတွင်းနဲ့ ဆောင်းတွင်းမှာ ကိုယ့်အရပ်နား တစ်ဝိုက်ကနေပြီး ဆန်လာလိုက်တာ၊ ဟို ဒုဋ္ဌဝတီမြစ်ထဲ ထိရောက်ရော ဆောင်းကုန်ပြီဆိုတော့မှ နွေရာသီသောင်ထွန်းတတ်တဲ့ အင်းဝတံတားကြီး ဘေးကို ထွက်လာတာ။

အဲဒီသောင်ပေါ်မှာ တဲထိုးပြီး နေ့ခင်း ငါးထွက်ရှာ၊ ညဘက် ပြန်အိပ်ရတယ်။

ဘာပြုလို့လည်း ဆို ခုလို အချိန်က လေကျတဲ့ ရာသီလေ၊ မြစ်ထဲမှာ အိပ်ဖို့မလွယ်ဘူး၊ ဦးဘခွေးတို့ကို အတွေ့အကြုံက သင်သွားခဲ့တာ။

ကဆုန်နယုန် လေပြင်းတိုက်တတ်တဲ့အချိန် ဧရာဝတီထဲမှာ မိုက်မိုက်ကန်းကန်း ဦးဘခွေးတို့ မိသားစု အိပ် ဖူးတယ်၊ ကလေးတွေ ငယ်ငယ်ပေါ့၊ ညနေဘက် နေဝင်ရီတရောလေး

လှေခလေးပေါ်မှာ ထမင်း စားမလို့ လုပ်တုန်း မြန်း
အနောက်ဘက်ဆီက လေနီကြမ်း တိုက်လာလိုက်တာ။

အို၊ အိုးခွက်ပန်းကန်တွေ အကုန်လွင့်။ လှေပေါင်း
လည်း လွင့်။ ကမ်းစပ်နားရောက်အောင် မနည်း အသက်
ခဲ့ရတယ်။

ကမ်းပေါ်ကျမှ ပိုက်တစ်ဘက်၊ ကလေးတွေ တစ်တ
ပွေ့ပြီး ယာတဲလေး တစ်တဲဆီကို အရောက်သွားပြီး လေ
ရတယ်။ အဲဒီညက ထမင်းငတ်ရော။

နွေလည်းနွေမို့၊ မိုးလည်းမိုးမို့ ကြုံရတဲ့ ဒုက္ခတွေ
တော့ အများကြီးပါ။ မိုးတွင်းကျတော့လည်း ငါးလေ
ရဘာကတော့ လှိုင်ပါရဲ့။ မိုးဒဏ်ခံရတာက မသက်သ
ဘူး။

အညာမိုးမို့ နွေဘိုင်းရွာတာ မဟုတ်ပေမယ့် ရွာပြီ
ရင်လည်း ခုနှစ်ရက်ပတ်လုံး သဲကြီးမဲကြီး ရွာတတ်တဲ့ မိုး
အောက်မှာ ဦးဘခွေးတို့လှေလေး အလူးအလိမ့် ခံခဲ့ရ
တယ်။

တစ်နှစ်ကများ မိုးသီးတွေ ကျတာနဲ့ ကြုံဘာ။ အို
တာပြောကောင်းမလဲ။ လှေတစ်ခုလုံးဖွေးဖွေးလှုပ်ပြီး လူကို
မှန်လိုက်တာလည်း စပ်ပြီး နာနေတာပဲ။



ရေနဲ့ တံငါပဲ ရေစို မိုးစိုဘာများ အဆန်းလုပ်လို့ လို့
ပြောစရာရှိမယ်။ ရေနဲ့နေတာ နေတာ တခြား။ ရေစိုတာ
တခြားပဲ။

တံငါလည်း မိုးသိပ်စိုရင် အအေးပတ်ပြီး ဖျားတာပဲ။

အဲဒီနှစ်ကများ မိုးသီးမိပြီး ဖျားလိုက်ကြတာ ဦးဘခွေး
ရော၊ အမယ်ကြီးရော၊ ကလေးနှစ်ယောက်ရော။ တိုသံမကြီ
ကြောင် အောင်တင်ပဲ ဘာမှ မဖြစ်တာ။

သူ့ကြည့်ရတာ ရေစိမ်ကျွဲကြီးလို ရေထဲဆင်းလိုက်၊ တက်
လိုက်၊ ကွန်ပစ်လိုက်နဲ့ဟာ မောအယ်မရှိဘူး၊ ဖျားတယ်၊
နာတယ် မရှိဘူး။

ဒါပေမယ့် ဇီကောင်ဘယ်လောက်လုပ်လုပ် ဘယ်လောက်
မောမော လုပ်ရကျိုး မောရကျိုး မနပ်တော့ ဇီကောင်
မကျေနပ်ဘူး။ စိတ်တိုတယ်။ ဒေါသကြီးတယ်။

ဟုတ်တော့လည်း ဟုတ်ပါတယ်လေ။ အောင်တင့်ကို
အပြစ်မဆိုချင်ပါဘူး။ တကယ်တော့ ဦးဘခွေးတို့အလုပ်ဟာ
ပင်ပန်းတိုင်း အရာထင်လို့လား။ ကံကိုယုံပြီး လုပ်နေရ
တာ။

မြစ်ထဲ ဘယ်နှစ်ကြိမ် ချချ ငါးက ပါချင်မှ ပါလာတတ်
တာ။ ပါလာသမျှတိုင်းဟာလည်း ငါးသေးငါးမွှားချည်းများ
ဆိုရင် ပြီးပါလေရော။ ကွန်ဆယ်ချက်ပစ်လို့ တစ်ချက် ငါး
ကြီး ငါးကောင်းပါတာ မဟုတ်ဘူး။

အင်း....ခုနေခါကလည်း ငါးဈေးတွေသာ ခေါင်ခိုက်အောင် ဈေးကြီးတယ်။ ဦးဘခွေးတို့ အဖို့ကတော့ ဒါ ဒါပါပဲ။

အရင်က တစ်နေ့ ငါးတစ်ပိဿာ လေးငါးကျပ် ရောင်းရတုန်းကလည်း တစ်နေ့စာပဲ။ ခု ငါးတစ်ပိဿာ နှစ်ဆယ်အစိတ် ရောင်းရလည်း တစ်နေ့စာပဲ။ ဒီကြားထဲမှာ ငါးက လည်း တစ်နေ့တခြား အရနည်းလာသလိုပဲ။ နွေရာသီ ရေနည်းချိန်တော့ ဒီလိုပေါ့၊ ဒီလိုပေါ့နဲ့သာ ဖြေနေရတာ။ ပြီးခဲ့တဲ့ မိုးတွင်းတုန်းကလည်း ငါး အတော်လေး အရနည်းတယ်။

အင်း....ဒီလိုနဲ့သာ ငါးအရများမယ့်ဆီကို လှော်ရင်း ခတ်ရင်းနဲ့ ဟိုအောက်အရပ်တွေထိများ ရောက်တော့မလားမသိဘူး’

‘ဖွဟဲ့၊’ ပါလိုက်စမ်းပါဗျာ၊ လူတစ်ရပ်လောက် ရှိတဲ့ ငါးကြီး’

လှေဦးဆီက ပိုက်ဆွဲထင်တိုင်း အောင်တင် ရွတ်နေကျ ဂါထာကို ကြားရပြန်ပြီ။ တစ်ဆက်တည်းပဲ ငါးသေးလေးတွေနဲ့ ပေါပါးနေတဲ့ ပိုက်ကို အောင်တင် ဒေါသတကြီး ဆဲဆိုရရှာ လိမ့်ဦးမယ်။ ဖြစ်သေးပါဘူးလေ။

‘ကိုင်းဝါကွာ၊ ငါ့သား တော်ကြပါစို့ရဲ့ သောင်ဆီ ရောက်အောင် လှော်ပြီး တဲဆောက်ရအောင် ရွာပေါ်တက်၊



ရတဲ့ ငါးလေးရောင်းပြီး လိုတာ ပြုတာလေးလဲ ဝယ်ရဦးမှာ’

‘သောက်၊ တကယ်ဗျာ၊ ဖော်လိုက်တိုင်း ငါးသေးငါးမွှား အုံ့မျှား အုံ့ပါရဲ့’

ဦးဘခွေး ဘာမှ မပြောမနေတော့ပဲ၊ လှေသာ အတုင်ကြုံးလှော်လာခဲ့တယ်။ နေကြည့်ရတာ နှစ်ချက်ကျော်လောက်တော့ ရှိပြီ ထင်ပ။

အား....ဒီအချိန် သောင်ပေါ်တက်ရမှာတော့အကြောက်သား။ သဲက ပူကျွတ်နေမှာ။
သို့ပေမယ့် တတ်နိုင်ပါဘူးလေ။ ဈေးချိန်လေး ရတုန်း ထုပ်ရမှာ။

ဒီနေ့ လေရိပ် မိုးဆင်လေးတော ရှိတယ်။ ကိုယ်ဆောက်မယ့် တဲကလည်း မြန်ပါတယ်။ ဝါးလုံး လေးငါးလုံးနဲ့ လေမပွင့်အောင် မြှုပ်ပြီး ဆောက်မှာ။ အမိုးကျတော့ လည်း ဝလတ်စဘတ် စုတ်တွေနဲ့ နေရိပ်တယ် ဆိုရုံ မိုးလိုက်တာပဲ။

ဒီရာသီက မိုးသိပ်စိုးရိမ်ရသေးတာမှ မဟုတ်တာ။ လေပဲ ကြောက်ရတာ။ ပြီးတော့ ဒီတဲမှာလည်း ကိုယ်က သိပ်ကြာကြာ နေမှာမှ မဟုတ်တာ၊ နေလှ ဆယ့်ငါးရက် အရက် နှစ်ဆယ် အလွန်ပဲဉစ္စာ။

'အဖေတို့ လှေထဲပဲနေကြဗျာ၊ ကျုပ် တစ်ယောက်တည်း ဆောက်မယ်၊ နေပူတယ်'

ဒီကောင် အောင်တင့်မှာ ပါးစပ်ဆိုးပေးမယ့် မိဘကို ညာတာတတ်တဲ့ စိတ်ကလေးကတော့ အမြဲရှိတယ်။ သော စပ်ကို လှေကပ်တာနဲ့ ဖျတ်ခနဲ ခုန်ဆင်းပြီး ပစ္စည်းတွေ တဝုန်းဝုန်း ဆွဲချနေတဲ့ အောင်တင်ကို

'ဟေ့ကောင်၊ ပစ္စည်းတွေ အကုန်မချနဲ့ဦးလေကွာ၊ င တို့ ရွာပေါ် ငါး အရင် သွားရောင်းရအောင်၊ မင်းအမေ တို့နဲ့ စားအိုးစားခွက် တောင်းတို့ ဘာတို့ပဲ ချထားခဲ့၊ ကဲ... အမယ်ကြီးနဲ့ သမီးနှစ်ယောက် ဆင်းကြ၊ ဟိုက သူများတဲ ခကဝင်နေ၊ တို့ သားအဖ မကြာဘူး၊ တက်ဟေ့ အော တင် ပြန်လာတော့မှ တို့သားအဖ လုပ်လိုက်၊ ခကပါကွာ'

ဦးဘခွေးတို့ သားအဖ တက်ညီလက်ညီ လှော်သိုက်ကြ တာ လှမ်းမြင်ရတဲ့ ရွာလေးရဲ့ ကမ်းကို ခကနဲ့ ကပ်မိတာပါ အဆင်သင့်ချင်တော့ ကမ်းစပ်ရေချိုးနေကြတဲ့ မိန်းမတွေ အရောင်းအဝယ် ဖြစ်တယ်။ လှေကမ်းကပ်ပြီး အောင်တင်က

'ငါးရောင်းဖို့ပါတယ်ဗျို့ ငါးစုံ ငါးစုံ' လို့ အော်လိုက် ကာရှိသေး၊ မိန်းမတွေ အနားဝိုင်းလာတာပဲ။

သူတို့လည်း ဦးဘခွေးတို့လို တစ်နေ့လုပ်တစ်နေ့စားတွေ လေ။ ငါးစုံဆိုတာနဲ့ သူတို့သိပြီ။ ဈေးပေါပေါနဲ့ ရမယ့် ငါးသေး ငါးမွှားဆိုတာကို သူတို့ သိပြီ။



'ဟာဗျာ တစ်ဆယ်သားနဲ့ အဆစ်ဒီလောက်ကြီး မနိုက်နဲ့ ဗျ၊ ဈေးလဲ လျှော့ပေးရသေးတယ်၊ ဒီအချိန်ဟာ ငါးရှားတဲ့ အချိန်'

'အမယ်...ဒါများ လျှော့သေးလား၊ နှစ်ဆယ်ဈေး တောင် ပေးရတာ'

'ခင်ဗျားတို့ ဈေးထဲသွားဝယ်ကြည့်၊ ခုချိန် ဒီလို ငါးသေး ငါးမွှားကို သုံးဆယ်ဈေးလောက် ဆော်တာ'

ချိန်ခွင်တကိုင်ကိုင်နဲ့ အောင်တင်၊ မိန်းမတစ်သိုက်နဲ့ ရောင်းဝယ် ပြောဆိုနေတာကို ဘေးနားကနေ ဦးဘခွေး ရပ်ကြည့်နေတုန်း။

'ဦးဘခွေး...ဗျို့ ဦးဘခွေး'

အလို ဘယ်သူပါလိမ့်။ ခပ်ပိန်ပိန်။ အသားမည်းမည်း၊ ကတုံးပြောင်နဲ့ လူတစ်ယောက်။ ဟိုအထက်နားကနေ ရေချိုးရင်း လှမ်းခေါ်နေတာ။ ဒီရွာပေါ်မှာ ဦးဘခွေးနဲ့ သိတဲ့ လူရယ်လို့ မရှိပါဘူး။ အိမ်း...မျက်စိက မှုန်ရတဲ့ထဲ နေကပူ တော့ ဘာမှလည်း မသဲကွဲပါဘူး၊

'ဘယ်နှယ် မမှတ်မိဘူးလား တကာကြီးရဲ့၊ ဦးပဉ္စင်း ဝါယမကို'

ဦးဘခွေး ကြောင်ကြည့်နေမိတယ်။ အဲဒီလူ အနီးနား ကပ် လာမှ ဟိုအရင်နှစ်တွေက ဦးဘခွေး ကြည့်ညိုဖူးမြော်

ခဲ့တဲ့ ထည်ကြည်လေးနက်တဲ့ မျက်လုံး၊ မျက်ခုံးတွေကို အမှတ်ရလာတယ်။ ဘုရား....ဘုရား....

'ဟာ....ဦးပဥ္စင်း ဘယ်လိုဖြစ်တာလဲ'

ဦးဘခွေး ပါးစပ်မဟနိုင်ခင် အောင်တင့်ရဲ့ အံ့ဩတကြီး မေးသံပေါ်လာတယ်။ ဦးပဥ္စင်းလူထွက် ဦးဝါယမက သူ့ခေါင်းကို ပွတ်သပ်ရင်း ပြုံးနေတယ်။

'ဘယ်လိုဖြစ်ရတာလဲ ဦးပဥ္စင်းရယ်'

ဦးပဥ္စင်းဝါယမကို ဦးဘခွေး နှမျောလှစွာကြည့်မိတယ်။ ဤလောကီ လူ့ဘောင်ကြီးရှုပ်ထွေးပွေလီလှတဲ့ အကြောင်း ဦးပဥ္စင်းပဲ တပည့်တော်ကို တရားပြခဲ့တယ်။

တပည့်တော်ရဲ့ အကုသိုလ်အလုပ်တွေကို ရပ်တန့်ကရပ်ပြီး ဖြစ်နိုင်ရင် သင်္ကန်းစီး၊ တရားဘာဝနာရှာဖို့ ဦးပဥ္စင်းပဲ တပည့်တော်ကို နှစ်စဉ်နှစ်တိုင်း တရားပြခဲ့တယ် မဟုတ်လား ဘုရား။

အင်း...တပည့်တော်တောင် ဒီနေ့ တဲလေး တာလေး ဆောက်အက်ပြီး နက်ဖြန်ညနေကျရင်တော့ ငါးကြော်လေးနဲ့ ဦးပဥ္စင်းဆီ လာမယ်လို့။ တပည့်တော်တို့ ရောက်ကြောင်း လာပြောမလို့။

'ဦးဘခွေးတို့ ဘယ်နေ့က ရောက်ကြလဲ'

'ဒီနေ့ပဲဘုရား၊ အဲ... အဲ....နက်ဖြန်ညနေတောင် ကျောင်းကို လာမလို့'



ဦးပဥ္စင်းဝါယမ မျက်နှာညှိုးသွားပြီး သက်ပြင်းတစ်ချက်ကို အားရပါးရ မှုတ်ထုတ်ရင်း

'မပြောချင်တော့ပါဘူး ဦးဘခွေးရာ၊ လောကကြီးက တယ်သဲ ရှုပ်ထွေးပွေလီတာကိုး၊ မနှစ်က ဦးဘခွေးတို့ ပြန်သွားကာစလောက်ပဲ၊ ကျုပ် ကျောင်းကို လူတစ်ယောက် ရောက်လာတယ်၊ သူကြည့်ရတာ စုတ်တီးစုတ်ပြတ်နဲ့ ဒုက္ခသုက္ခ ရောက်လာတဲ့ပုံပဲ။

သူက ဝတ်ပြတ်ပြီး ဒုက္ခရောက်နေပါတယ်၊ လောကီ လူ့ဘောင်ကို စွန့်ခွာပြီး ဦးပဥ္စင်းနားမှာ အေးအေးချမ်းချမ်း တရားအားထုတ်ပြီး နေပါရစေ၊ သင်္ကန်းသီးပေးပါဆိုတော့ ကျုပ် သနားတာပေါ့။

ကျုပ် ကျောင်းလေးမှာလည်း ကျုပ် တစ်ပါးတည်း။ ရွာနဲ့ကလည်း ဝေးဆိုတော့၊ ကဲလေ....ကျုပ်မှာလည်း အဖော်အလှော်ရတာနဲ့ရဲ ဆိုပြီး ကျုပ် သူ့ကို လက်ခံထားလိုက်တယ်။

သင်္ကန်းတွေဘာတွေ ဝတ်ပြီး လေးငါးဆယ်ရက်ကတော့ အကျဗျ၊ ကျုပ် ဝေယျာဝစ္စလုပ်ကိုင်ပေး၊ ပန်းလဲ၊ ဆွမ်းတော်ကပ်။ ကျောင်းထဲရော၊ ဟိုစေတီလေးနားမှာရော တံမြက်တလင်းလှဲနဲ့။

အဲ...သူက အလုပ်တွေပြီးစီး၊ ဆွမ်းစားပြီးတာနဲ့ စေတီလေးနားက တန်ဆောင်းထဲ သွားတရားထိုင်တော့တာပဲ ကျောင်းပေါ်မှာ ထိုင်ခိုင်းလို့ လုံးဝမရဘူး။ သူကတော့

အကြံနဲ့ကိုး။ အဲဒီ စေတီလေးက စိန်ဖူးကို လေ့လာနေတာ။

အဲဒီ စိန်ဖူးကလည်း ဦးဘခွေးတို့တောင် ကျုပ်ပြောဖူးပါသေးသကော။ ကျုပ် အရင်ကုန်းက ဗိုနေရာမှာ ကျောင်းပဲရှိတာ။ စေတီ၊ တန်ဆောင်းရှိတာ မဟုတ်ဘူးလို့။ ဗိုစေတီနဲ့ တန်ဆောင်းက မိုးကုတ်က ဒကာတစ်ယောက်က သဒ္ဓါပေါက်ပြီး လာလှူသွားတာလို့။

အဲဒီတုန်းကဗျာ၊ မိုးကုတ်သူဌေးရဲ့ စိန်ဖူးတော်က ဘယ်နှစ်သိန်းတန်တာ၊ ဘာညာနဲ့ လူတွေလျှောက်ပြောကြသေးတယ်၊ မဟုတ်ပါဘူး တန်လှ သောင်းဂဏန်းပေါ့၊ အလွန်နှစ်သောင်းပေါ့၊ အဲဒါ....အဲဒါ....ဒါကို ခိုးချင်စောနဲ့ ကျုပ်ဆီ လာညာတာ။

ဘာကြာလဲဗျာ၊ အဲဒီလူလာပြီး ဆယ့်ငါးရက်မြောက်တဲ့ညမှာပဲ လူဆိုး စိန်ဖူးရော ပျောက်သွားတာပဲ....။

ကျုပ်လည်း ရွာထဲကလူတွေခေါ်ပြီး ရဲတွေ ဘာတွေတိုင်ရတာပေါ့ဗျာ၊ ရဲတွေကလည်း ကျုပ်ကို စစ်လားမေးလားတွေ အများကြီး လုပ်ကြတယ်၊ နောက် မကြာပါဘူး၊ ဟိုကောင့်ကိုမိတယ်၊ မိပေမယ့် လက်ထဲမှာ စိန်ဖူးက မရှိဘူး၊ ရောင်းစားပြီးနေပြီ။

အဲဒါကိုဗျာ၊ ဘယ်လောက် ယုတ်ညံ့တဲ့ကောင်လဲဆိုတာ ကျုပ်ကိုပါ ဆွဲချတယ်၊ ကျုပ်ပါ ပူးပေါင်း ကြံစည်တဲ့ထဲပါတယ်ပေါ့ဗျာ။



ရှက်လိုက်တာဗျာ၊ ကျုပ်ရွာကလူတွေ မျက်နှာ ဘယ်လိုကြည့်ရမှန်း မသိဘူး၊ ရွာက လူတွေကတော့ မယုံပါဘူး။ ကျုပ်ကို ဝိုင်း နှစ်သိမ့်ကြပါတယ်။

ဒါပေမယ့်ဗျာ၊ ကျုပ် ဘယ်လိုပဲပြောလုံတော့မလဲ၊ အမှုစစ်ပြီးတာနဲ့ ကျုပ် တစ်ခါထဲ လူထွက်ပြီး ရောက်ရာပေါက်ရာ ထွက်သွားတော့တာပဲ၊ ခုမှ ပြန်လာတာ’

‘ဦးပဉ္ဇင်း ဘယ်တွေ ရောက်ခဲ့တုန်း’

အောင်တင်က ချိန်ခွင်တွေ အလေးတွေကို လှေဦးချောင်ထဲ ခွမ်းခနဲပစ်ရင်း ဝင်ဖောက်မေးတော့မှ ငိုင် တွေတွေကြီးဖြစ်နေတဲ့ ဆရာ တကာနှစ်ယောက် သတိဝင်လာတယ်။

ဦးဘခေါက ‘အင်း...ဒုက္ခ....ဒုက္ခ’လို့ ရေရွတ် ပေမယ့် ဦးပဉ္ဇင်း ဝါယမက အောင်တင့်ကိုကြည့်ပြီး ပြုံးခနဲ သတိရလာသလို။

‘အောင်ဇင်ရေ၊ မင်းလိုကောင်နဲ့တော့ အကိုက်ပဲပေါ့။ ခင်းတို့သားအဖတွေ ငါ ရောက်ခဲ့တဲ့ဆီ သွားကြစမ်းကွာ၊ ထုပ်ရင်လုပ်သလောက်ပိုက်ဆံ သိပ်ဝင်တဲ့နေရာ၊ ကံကောင်းရင် တစ်ချက်ထဲနဲ့လဲ သူဌေး ဖြစ်ဦးမယ်’

‘ဟုတ်လား၊ ဘယ်လိုဟာလဲ ဦးပဉ္ဇင်းရ’

‘ရွှေတောလေကွာ၊ ရွှေတော၊ ရွှေသွားကျင်ရမှာ၊ မတ္တရာထိုဘက်’

‘ရွှေတောဟုတ်လား’ဆိုပြီး အောင်တင် မျက်လုံးတွေဒီတ်ဖိတ် တောက်ပြောင် လာတာကို ဦးဘခွေး မြင်နေတယ်။

ဦးဘခွေး ကြည့်ညိုခဲ့ရတဲ့ ဦးပဉ္စင်းရဲ့ မျက်လုံးတွေကလည်း စိတ်အားထက်သန်မှုနဲ့ အရောင် တလက်လက်ပြောင်လက်လို့။

'ဟိုမှာ နည်းတဲ့လူတွေ မဟုတ်ဘူးကွာ၊ ရွှေကျင်တဲ့ကောင်တွေရော အလုပ်သမား လာလုပ်တဲ့ လူတွေရာ၊ ဈေးဆိုင်ဖွင့်တဲ့ လူတွေရော၊ ယောကျ်ားမိန်းမ စုံလို့ကွာ၊ ရွှေကျင်ဖို့ မြောတွင်းပိုင် လုပ်ဖို့ဘတော့ အရင်း အတော် စိုက်ရတယ်ကွ၊ ဒါပေမယ့် ကွာ၊ အဲဒီ မြောတွင်း ရွှေတွင်းမှာ အလုပ်သမား ဝင်လုပ်တာနဲ့ကို တစ်နေ့ ရှစ်ဆယ် တစ်ရာ အသာလေးရတာ၊ တွင်းထဲဆင်း မြေသယ် မြေကျုံး ပေါ့ကွာ၊ ပစ်တော့ ပင်ပန်းတယ်။

'အို...ပင်ပန်းစမ်းပါစေဗျာ၊ ဒီမှာ တစ်နေကုန်ပင်ပန်းတာပဲ၊ နှစ်ဆယ်အစိတ်တောင် ခုလို ရက်မှန်ချင်တာ မဟုတ်ဘူး၊ ဘယ့်နှယ်လဲအဖေ ပြောနေကြတယ်'

ကဲ...ဝုန်းဒိုင်းကောင် အောင်တင်ကတော့ ပြောရတော့မယ် မထင်ဘူး၊ သင်းကဒီအလုပ်ကရုန်းထွက်ချင်တာလည်းကြာ။ ပိုက်ဆံလိုချင်တာကလဲ သေလုနေတာဆိုတော့။

'မပြောတတ်ဘူးကွာ၊ ဦးပဉ္စင်းလဲ သေချာ မေးပါဦး'

'ကျုပ်ကတော့ သွားစေချင်တယ်ဗျာဦးဘခွေး၊ ခင်ဗျားတို့ ဒီ အကုသိုလ်အလုပ်ကလဲ လွတ်အောင်၊ ချောင် ချောင်လည်လည်လေးလဲဖြစ်လာအောင်၊ ကျုပ်တောင်မှနားချင်လို့ငှက်ဖြတ်ပြီး ပြန်လာတာ၊ ကျုပ်က ငှက်ဖျားဒဏ် အတော်ခံလိုက်ရလို့၊ ဟိုမှာ ငှက်ဖျားတော့ရှိတယ်၊ ဒါပေမယ့် မပူနဲ့၊ ကျုပ်ဆေးပေးလိုက်မယ်၊ ကျုပ် ဖော်တဲ့ဆေးရှိတယ်၊ ဟိုမှာကို ဒီဆေးနဲ့ကျုပ် လူတော်တော် များများ အသက်ကယ်ခဲ့တယ် [illegible] ဒီဆေးသာဆောင်သွား'

ဩော်....ဒါကြောင့်ဦးပဉ္စင်းဝါယမ ပိန်ချည်းပြီးမျက်လုံးတွေဝါ ဆံပင်ကတုံးတိုနဲ့ ငှက်ဖျားရုပ် ဖြစ်နေတာကိုး၊ အေးလေ ကောင်းတာရှိသလို ဆိုးတာလည်း ရှိမှာပေါ့၊ အသက်ဉာဏ်စောင့်ရတော့မှာပေါ့။

ဟိုကောင် အောင်တင်ကတော့ သိကြားမင်း နကင်းကြီးနဲ့ ဆီးတားတောင် ဂရုစိုက်ဖယ်ပုံမပေါ်တဲ့ ဦးပဉ္စင်းဝါယမကို အားကိုးတကြီး စိတ်ဝင်တစားနဲ့။

'သွားမယ် ဦးပဉ္စင်း၊ ကျွန်တော်တို့သွားမယ်၊ နက်ဖြန်သန်ဘက်ခါကို သွားမယ်၊ သွားတာကရော ဘယ်ကို သွားရမှာလဲ ဦးပဉ္စင်း၊ ကျွန်တော်တို့ မသွားတတ်ဘူး၊ သေချာလေးလုပ်ပါဦး'

'အေးပါကွာ မင်းကလဲ ငါသေချာ ပြောပြ လိုက်မယ်၊ ဘာမှမခက်ဘူး၊ မင်းတို့ ဟောတို တံတားကြီး ထိပ်ကနေ စစ်ကိုင်းကားစီး၊ မန္တလေးရောက်ရော ဆိုပါတော့။ ဟော ဒါကမန္တလေး၊ ဒီမှာကြည့်'

ဦးပဉ္စင်းဝါယမ သောင်ပြင်ပေါ်မှာ ထိုင်ပြီး လက်ညှိုးနဲ့ အဝိုင်းလေး တစ်ခု ဝိုင်းလိုက်တယ်။

'ဟောဒါက ကြေ သိဟာဘုရား၊ စစ်ကိုင်း ကားဂိတ်က နေမေးသာသွား၊ လမ်းလျှောက်သွား။ ခဏပဲ၊ အဲဒီဘုရား နားမှာ မတ္တရာကားဂိတ်ရှိတယ်။ အသိသာကြီး။ 'မတ္တရာကို မတ္တရာကို' နဲ့ လူခေါ်နေတာ။

အဲဒီမှာ လက်မှတ်ဖြတ်ပြီး ထွက်မယ့်ကားပေါ်တက်စီး၊ အဲလိုစီး။ စီးလာတော့မှ အဲ မတ္တရာမရောက်ခင် လမ်းတစ်နေရာမှာ စပယ်ယာကအော်လိမ့်မယ်။ ညောင်နီပင် ညောင်နီပင်လို့။ အဲဒါ မင်းတို့ ဆင်းရမယ့် နေရာပဲ။ ရွှေတောပဲ။ ညောင်နီပင်ဆိုတဲ့ ရွှေတောပဲ အောင်တင်ရေ'

*

မနားက ကိုထိန်ဝင်း

'××မြစ်းလှည်းလေးနဲ့တူပျော်ပျော်×ဘုရားပွဲတော် သွား နှဲ××ကုသိုလ်ပြုမယ် ချစ်မေဖော်××'

ဘည်နေ့မှပဲ ဘာဂျာက မှတ်လို့ ဆောင်းလိုက်တဲ့အမျိုး ာက်ကျိုးနဲ့ မအေမေသလို့ တစ်လပြည့်နေ့ကျမှပဲ အာတွေ တွေ တွေနေလိုက်တာ။

အရင်ရက်တွေတုန်းက ဘာဂျာကိုင်ချင်ပလွေကိုင်ချင်ဖြစ် ထိုင်၊ အမေမသေတာမှမကြာသေးဘူး ဘာဂျာသံ၊ပလွေ ဂွ်°ဂွ° တတွ°တွ°မြည်ပြီရယ်လို့ အရပ်က မေးငေါ့မှာ ာက်ပြီး၊ ချုပ်တည်းထားခဲ့ရသမျှတွေကို အတိုးနဲ့မှုတ်ချ မိတယ် ထင်ပါရဲ့။

မနက်စောစော ဆွမ်းနှင့် ဆွမ်းဟင်းထချက်ပြီး အ... တစ်လပြည့် ကုသိုလ်အဖြစ် ဘုန်းကြီးကျောင်း သွားပို့ပြ... လာပြီးတော့ ထမင်း စားသောက်ပြီးတာနဲ့ ခြေတံရှည် ... လေး အောက်ထပ်က တန်းလျား ခေါင်းအုံးတန်းမှာ ထုံ... အတိုင်းလှဲလိုက်မိတော့ လက်မတွေ့ရတာကြာပြီဖြစ်တဲ့ ပ... လေးနဲ့ ဘာဂျာလေးကို ခါးပန်းမှာ သွားမြင်တယ်၊

စိတ်က မနေနိုင်တော့ဘူး၊ ဟိုအရင် အမေရှိတုန်းက... သည့်လို ထမင်းစားပြီးမှ တန်းလျားပေါ် ခေါင်း... ရင်း ပလွေလေးကျူလိုက် ဘာဂျာလေးမှုတ်လိုက် လုပ်... စိတ်က ပေါ်လာတယ်။

အို...ဘာဖြစ်လဲကွာ၊ ငါ ဘာဂျာ ပလွေမမှုတ်လို့လ... အမေ အသက်ပြန်ရှင်လာမှာမှ မဟုတ်တာ။ ပြီးတော့ ... လကျော်ရှိပါပြီ။ အရပ်ကတော့ ပြောတန်ကောင်းမ... ဘာဂျာဆွဲပြီး တစ်ပုဒ်မှုတ်လိုက်တာ ဘယ်လောက်ကြာ... လည်းမသိဘူး။ ခုထိ ဘာဖြစ်နေမှန်းလည်း မသိ... ဘူး။ အမေ့ကို သတိရတဲ့အခန်နဲ့ အမေ ...င်မတန် ကြိုက်... 'မြင်းလှည်းလေးနဲ့ တူပျော်ပျော်' သီချင်းကို ထပ် ... မှုတ်မိတယ်။

အဲဒီသီချင်းလေးကို အမေကြိုက်သလို ကိုထိန်ဝင်းလ... ကြိုက်ပါတယ်။ ဘာဂျာနဲ့ဆို သိပ်လိုက်တဲ့သီချင်း။

'ဒါဒါ....ဒါဒါ...ဒါဒါဒါဒါ××မြင်းလှည်းလေးနဲ့တူ... ပျော်×ဘုရားပွဲဖော်သွားစို့နော်××ကုသိုလ်ပြုမယ်ချစ်...



ကိုထိန်ဝင်း ပါးစပ်ကပါဆိုရင်း ပလွေလေးကို ... သ စစ်ဆေးလိုက်တယ်။ သီချင်းဆိုပြီးမှ ကိုယ့်အသံကိုယ် ...သွားလို့ ကိုထိန်ဝင်းတွေးမိတယ်။ ပျဉ်းမနားသူ မဟုတ်... အမေ ပြောင်နေကျ ချစ်ဖော် ဆိုတဲ့ နေရာလေး ကိုထိန် ...းကတော့ ကိုယ့်အသံ ကိုယ်ပီတယ် ထင်တာပဲ။

အမေကသာ တခစ်ခစ် ရယ်ရင်း နင်ဆိုတာကြီးက ရှစ် ...ဖော်တဲ့၊ ဆိုစမ်း ချစ်ဖော်လို့ ကုသိုလ်ပြုမယ် ရှစ်ဖော်လို့ ...ပေးကိုင်းလည်း ကိုထိန်ဝင်း လိုက်ဆိုပါရဲ့၊ ရှစ်ဖော်၊ ...သိုလ်ပြုမယ် ရှစ်ဖော်'

'အင်း....ခုတော့လည်း အမေ ကိုထိန်ဝင်းကို စကားပီ ...အောင် ထောက်မပေးနိုင်တော့ဘူး။ ထားလိုက်တဲ့သူ ရှစ်နဲ့ ...မကွဲတာကို လှောင်ရယ် မရယ်နိုင်တော့ဘူး။

သူ ဘယ်တော့မှ စိတ်မချတတ်တဲ့ အသက် သုံးဆယ့်ငါး ...ကျော် သားလူပျိုကြီးကို လောကအလယ်မှာ ပျဉ်းမနား ...နက ခြေတံရှည် အိမ်ဆုတ်လေးတစ်လုံး၊ ဘာဂျာတစ်လက် ...လွှ တစ်စင်းနဲ့ စိတ်ချလို့ ထားရစ်ခဲ့ပြီ။

သားကြီးကိုထိန်ဝင်းကတော့ အမေ မသေခင်နဲ့ သေ ...တာ ဘာမှ မခြားနား။ အမေနဲ့ နေစဉ်ကလိုပါပဲ၊ ...ဆန်းရက် တစ်ရက်ရက်မှာ ကုန်သွယ်ရေးပြုတ်။ ကိုထိန်ဝင်း ...ပင်စင်သစ်လေး တစ်ရာကျော်ကို ထုတ်။

ထုတ်တဲ့နေ့မှာ အရည်လေး ဝင်၊ အူလေးရွှင်ရွှင်နဲ့

သားအမိနှစ်ယောက် စားဖို့ ခေါက်ဆွဲကြော်ထုပ် (အခု ကိုယ်တစ်ယောက်တည်း စားဖို့) လေးကို ဆွဲပြီး ပြန်လာ

နောက်နေ့တွေကျ အိပ်ရာထတာနဲ့ ညက ထမင်း တစ်ခဲကြီးကို တစ်ဇယ်အိုးကြီး ကြော်စား၊ ပြီးတာနဲ့ ပေါ့လိပ် တစ်တိုနှင့် အိမ်အောက်တန်းလျားပေါ်မှာ ထိုင်ပြီး ဆေးလိပ်တစ်တို ကုန်အောင်မှ အရင်တုန်းက အခမဲ့ချက်တဲ့၊ ထမင်းညနေစာနဲ့ ဟင်းလေး တ ချက်။

ချက်ပြုတ်လည်း ပြီးရော၊ လမ်းထိပ်က ရေတွင်းမှာ သွားချိုး၊ ရေချိုးက ပြန်လာတာနဲ့ ခုလို ပူတဲ့ နေ့ရ ရေလဲပုဆိုး တန်းလျားပေါ် ခင်းထားပြီး ထမင်း စားပြီးတာနဲ့ ရေလဲပုဆိုးပေါ်မှာကျောခင်း။ တန်း ခေါင်းအုံးတန်းမှာ ခေါင်းအုံးပြီး ပလေ့ဘာဂျာ မှု ကို အရပ်က ကဲ့ရဲ့မှာ ကြောက်တော့ အိပ်လိုက်တာ၊ ည စောင်းထိ။

ဒီနေ့ကျတော့လည်း မှုတ်ကောင်းကောင်းနဲ့ မှုတ် တာ ညနေတောင် စောင်းတော့မယ်။ အရှုံနဲ့ဆာ မ သေးဘူး။

အခမဲ့ တုန်းကသာ တော်ဦး၊ ပြုဦးလို့ ထား ရှိသာ။ ခု တားမယ့်သူမှမရှိဘဲ၊ ကိုထိန်ဝင်း ကြိုက်သ မှုတ်သာမှုတ်၊ ဘာပူစရာ မရှိ၊ ပင်စရာ မရှိ၊ ကြိုတ် စမ်း။



‘××ကိုကို မကြိုက်ဘူး၊ ဒါမလုပ်နဲ့ဆို××ဟုတ်ကဲ့ကိုကို×× သနပ်ခါးရေကျဲ လိမ်းပါဆို××ဟုတ်ကဲ့ ကိုကို××

ဒီသီချင်းကို ပလွေလေးနဲ့ မှုတ်ရတာ သိပ်အရသာရှိတယ်။ ဒီသီချင်းကို ကိုထိန်ဝင်း ကြိုက်တယ်။ ဟဲဟဲ— ဒီသီချင်းလေးကို ပလွေလေးနဲ့ မှုတ်ရတိုင်း ဟိုသုံးအိမ်ကျော်က ဆံပင်အကြောကောက်လေး တခါခါနဲ့ စက်ချုပ်တဲ့ ဟိုချာတိတ်မလေး (ပိုပို) ကို မြင်မြင်လာတာပဲ။

ပိုပိုလေးက ကိုယ့်နားမှာ ကပ်ပြီး လာပြောနေသလိုပဲ၊ တကယ့်အစစ် ပိုပိုရဲ့ ‘ဟုတ်ကဲ့ ကိုကို’ ဆိုတဲ့ အသံလေးဟာ ဘယ်လောက်များ နားဝင်ချိုသိမ့်လိုက်လေမလဲ။

အဲဒီ အသံလေးကို ဒီတစ်သက်မှာ ကိုထိန်ဝင်း နားထောင်ခွင့် ရနိုင်ပါတော့ မလား။

ဟင်း....ကိုထိန်ဝင်း သိပြီးပါပြီ။ ပိုပို ကြမ်းခင်းဈေးက တစ်သောင်းတဲ့။ သူ့အမေကြီးက တစ်သောင်းတင်နိုင်တဲ့ သူနဲ့မှ ပိုပိုနဲ့ ပေးစားမတဲ့....

သူ့သမီးက စက်ချုပ်လည်း တတ်တဲ့အပြင် ကုန်စုံဆိုင်ကိုလည်း တစ်ဘက်က ဦးစီးသေးတာမို့၊ အတန်းပညာ မတတ်ပေမယ့် ကုန်သည်ပညာ တတ်မြောက်သတဲ့။ ရုပ်ကလေးကလည်း ချောတာနဲ့ဆို တစ်သောင်းကတောင် ဈေးတက်ချင်ပါသေးသတဲ့။

ဩော်…ပိုပိုရယ်၊ ကိုထိန်ဝင်းလို တစ်လ တစ်ရာကျော် ရတဲ့ ကုန်သွယ်ရေးပြွတ်နဲ့ ပိုပို့ဘဝနဲ့တော့ ပေါသထက်ပေါ ပါပဲ ကလေးရယ်။

ကိုထိန်ဝင်း မလှေကိုချပြီး ချစားပြုနေတဲ့ အိမ်ခေါ ပန်းတွေကို ငေးကြည့်နေမိတယ်။ အင်း....သိပ်အဖိုးမတန် ပေမယ့် မီးအိမ်နဲ့ မြေ၊လား ဘင်ခတောင်းချင်ပါတယ်ဆိုတော့ လည်း မရှေ့ပို အမေကြီးက ဆွေ့ဆွေ့ခုန်လို့။

'သင်းအိမ်နဲ့မြေ....သိန်းချီတန်တောင် မပေးစားသေး ဘူး၊ သက်ကြားအိုနဲ့တော့ ငါ့သမီး နုနုထွတ်ထွတ်လေးကို ယောင်လို့တောင် စိတ်ကူးထဲ မထည့်ဘူး' တဲ့လေ။ တောက် — ဘယ်လောက်ဘောင်းလဲ။

တကယ်တော့ ကိုထိန်ဝင်း အယက် ဒါလောက်လည်း သက်ကြားအို ခေါ်တာ မဟုတ်ပါဘူး။ အသက်ခြောက် ဆယ်နဲ့ ဆယ်ခြောက်နှစ်သမီးတောင် ဖူးစာဆုံကျသေးတာ ပဲ၊ သုံးဆယ့်ခြောက်နှစ်နဲ့ ဆယ့်ရှစ်နှစ်ဆိုတာ အင်မတန်မှ လိုက်ဖက်ညီပါသေးတယ်။

မီအသက်ထိအောင် လူပျိုကြီးဖြစ်နေတာကလည်း၊ ပေါ မီ ပိုပိုဆိုတဲ့ ကောင်မလေးကို မတွေ့ခင်ထိကတော့ ကိုထိန် ဝင်း အချစ်ဆုံးဟာ ဘာဂျာပလွေ၊ မှုတ်နေရရင် ကိုထိန်ဝင်း အားလုံးကို မေ့တယ်။

ငယ်ငယ်လေးတည်းက အဖေဆုံးခဲ့တာဆိုတော့ ရှစ်တန်း ကို မနည်းအောင်အောင် ဖြေလိုက်ရတယ်။ ရှစ်တန်းအောင်



တော့ ကျောင်းထွက်ပြီး ကုန်သွယ်ရေးမှာ စာရေးဝင်လုပ် တယ်၊

ရသမျှ လခလေးနဲ့ သားမိနှစ်ယောက်စားပြီ၊ တီးလိုက် မှုတ်လိုက် သီချင်းဆိုလိုက်နဲ့ ကိုထိန်ဝင်း ပျော်တယ်။

ရုံးမှာ ဘာပွဲပဲလုပ်လုပ် ကိုထိန်ဝင်း ဆိုတယ်၊ တီးတယ်၊ မှုတ်တယ်။ တစ်ခါတလေ ပျော်လွန်းအားကြီးရင် ထဘောင် ကလိုက်မိသေး။ အလုပ်ထဲ စပ်ဦးမလား။ ဘာပဲဖြစ်ဖြစ် ကိုထိန်းဝင်း မပါ-မရှိစေရဘူး။ ရပ်ကွက် အာရုံတော်ဝိုင်း မှာဆို ကိုထိန်ဝင်း ပင်တိုင် အဆိုတော်ပေါ့။

မနက်လေးနာရီမှာ ပုံတောင်သံ၊လင်းကွင်းသံ တလွင်လွင် တချင်ချင်နဲ့ ရပ်ကွက်က လူတွေ သွမ်းချက်ထကြဖို့ အိပ်ရာက နိုးကြရတဲ့အခါ တီးဝိုင်းနဲ့တွဲပြီး

'ဖြူဟွာ နတ် လူ အပေါ် ××စေတနာ ထားကြသော်×× ကမ္ဘာလောကမြေပြင်ပေါ်××သုံးကြိမ်တိုင်အောင်အင်မတန် ဘာခုခေါ်' ဆိုတဲ့ သီချင်းသံဟာ ကိုထိန်ဝင်း သီချင်းသံ ပေါ့။

သူများတွေတော့မသိဘူး။ အမေကတော့ အိပ်ရာထဲကနေ သားလုပ်တဲ့သူရဲ့ သီချင်းသံကို ကြားရင် ကြက်သီးထသတဲ့။ ကြည်နူးသတဲ့။ မျက်ရည်လည်သတဲ့။

ကိုထိန်ဝင်းမှာတော့ ပိုပိုတို့အိမ်ရှေ့ရောက်ရင် ဝိုင်းတော်

သားတွေကို လက်ပြ ခြေပြနဲ့ အကြာကြီး ဆိုပြီး ဒို့ပေး
ပေမယ့် မီးလေး တစ်ချက်တောင် ဖွင့်မလာဘူး။

အာရုံတော်က ဥပုသ်နေ့ တစ်နေ့ပဲ ရှိတာဆိုတော့ အာ
နေတဲ့ ရက်တွေကို ညညကျ မြို့လယ်ခေါင်က ရှမ်းတန်
သွားသွား၊ ဆိုရ၊ တီးရ၊ မှုတ်ရသေးတယ်။

ရှမ်းတန်က မြို့ကျက်သရေဆောင် ကန်တော်ကြီး။ အ
အလယ်ခေါင်ထိ တံတားထိုးထားတော့ ညလသာသာ
တံတားပေါ်မှာ ပလွေလေးကြူရတဲ့ အရသာဟာ
ကောင်း။ ညဦးနက်လေ ကောင်းလေပဲ။ ညဦးပိုင်းတုန်း
ကိုထိန်ဝင်းနဲ့ အပြိုင်ဆော်ရတဲ့ ဂစ်တာသမားတွေလည်း
ကုန်ပြီလေ။

ကိုယ့်ဘာသာ ပလွေလေးကြူလိုက်၊ ဘာဂျာလေး
လိုက်နဲ့ဟာ အလွန်ဇိမ်ရှိ။

တစ်ခုပဲ။ တစ်ခုပဲ ကိုထိန်ဝင်း လိုအာမပြည့်သေးတာ
ကိုထိန်ဝင်းတို့မြို့ရဲ့ နိုင်ငံကျော် နှစ်ကျိပ်ရှစ်ဆူ ဘုရားပွဲ
ကားတွေစီတန်းလှည့်လည်ပြီး ဘီချင်းဆိုတဲ့ထဲမှာ၊ တီးမှုတ်
ထဲမှာ တစ်ခါမှ ကိုထိန်ဝင်း ပါဝင်ခွင့် မရသေးတာ
ပေါ့။

အေးလေ .. အဆိုတော်တွေ၊ တီးဝိုင်းတွေ အကုန်လုံး
ရန်ကုန်က နိုင်ငံကျော် နာမည်ကြီးတွေချည်း ရပ်ကွက်လို



အပြိုင်ဆိုင် ငှားကြတာဆိုတော့ ကိုထိန်ဝင်းတို့လို လူမျိုးတွေ
နောက်ဆုတ်ပေါ့။

တိုဘက်ရပ်ကွက်က ဂီတရှူးကောင် တစ်ကောင်လို လုပ်
ရမလိုတောင် ဖြစ်နေပြီ။ ရန်ကုန်က နာမည်ကြီး တီးဝိုင်းကို
ပိုက်ဆံပေးပြီး တစ်နှစ်မှာ ငင်ဆိုတာလေ။

ပိုက်ဆံပေးတော့ ရတာပေါ့လေ။ ဒါပေမယ့် ကုန်ကျ
စရိတ်က တယ်တော့ မသေးဘူး။အဲဒီအဖွဲ့က အဆိုတော်တွေနဲ့
အဝတ်အစား ချုပ်ရတာကိုက အတော်ကုန်သတဲ့။

ဒီတော့ အဲဒီအဖွဲ့နဲ့ ဆိုဖူးတယ်လို့တော့ ရှိသွားတာပေါ့။

ကိုယ့်အနေနဲ့ကတော့ အဲလို လုပ်ရ ကောင်းမလားလို့
စိတ်ကူးယဉ်နိုင်တာပေါ့။ တကယ်တမ်း လက်ထဲမှာက ဘယ်
မှာလဲ ပိုက်ဆံ။

'ဂလွမ်....ဂလွမ်....ချွမ်'

ဟိုက်...ဒုက္ခပါပဲ၊ ကုန်ပါပြီ ထင်ပါရဲ့ဗျာ၊ နင် မေလွှား
တဲ့ကြောင်၊ ကိုထိန်ဝင်း မီးဖိုချောင်ဆီကို လှူးလဲထပြီး ပြေး
တက်ခဲ့တယ်။ မီးဖိုထဲမှာတော့ မနက်က ချက်ထားတဲ့ ဝက်
သားပြုတ်ကြော်အိုးက မှောက်လျက်၊ ဆီပုသင်းက အစိတ်
စိတ်အမွှာမွှာ။

ကုန်ပါပြီဗျာ၊ ကုန်ပါပြီ။ နှစ်ရက်စာ ဝက်သားအစိတ်
သား၊ လောရက်စာ ဆီဘစ်ဆယ်သား၊ ဟင်း...မအေပေး

ကြောင်ရဲ့။ ဝက်သားဘင်ပိုသာကို လေးဆယ်ဈေးတဲ့၊ နဝင်ထိရှိလား။ ဆီတင်ပိုသာ ငါးဆယ်ဈေးတဲ့၊ လခလေးတစ်ရာကျော်နဲ့ ငါ့ဘစ်ကိုယ်စာတောင် တစ်လနဲ့ တစ်လ အလျင်မမှီခတဲ့ထဲမှာ နှိပ်စက်ရက်တယ် ကြောင်ရယ်။

သောက်ကျိုးနဲ့။ တစ်ကောင်ကြွက် တစ်မျက်နှာအစမှာ ကြောင်ကတောင် မလေးစားပါလားနော်။ မရှိမရှာနိုင်တဲ့ ကြမ်းပေါ်က ကျန်တဲ့ ဝက်သားတုံးတွေကို ပန်းကန်ပြားထဲ ကိုထိန်ဝင်း ကောက်ထည့်တယ်။

တတ်နိုင်ဘူး။ ဒါတွေကို ရေဆေးပြီး အိမ်ဆိုင်က ခရမ်းချဉ်သီးလေးသွားဝယ် ရောချက်စားရတော့မှာပဲ။

ဪ... ငါ့ဟာငါ ပြုတ်ကြော်လေးနဲ့ ပြီးလို့ရရဲ့သားနဲ့ ခရမ်းချဉ်သီးဖိုး ထပ်ကုန်ရပြန်ဦးမယ်။ ခရမ်းချဉ်သီးဈေးကလည်း ခရမ်းချဉ်သီး အလွန်ထွက်တဲ့ ဒီမြို့တွေမှာတောင် အရင်လို ပေါတော့တာ မဟုတ်ဘူး။

ဝက်သားတုံးမှာ ကပ်နေတဲ့ ဖုန်၊ အမှိုက်တွေကို ရေဆေးသန့်စင်ရင်း စိတ်ကူးတည့်နေရာက ပြုန်းဆို ဆီကိုသတိရမိတော့။ ကိုထိန်ဝင်း မီးဖိုချောင်မှာ ခြေပစ်လက်ပစ် ထိုင်ချမိတော့တယ်။ ခရမ်းချဉ်သီးဝယ်ပြီး ချက်တာက ဟုတ်ပါပြီ၊ ဘယ်မှာလဲဆီ။

'ကိုကြီးထိန် ကိုကြီးထိန် ဘယ်သွားတုန်းဗျို့'

'ဟင်းကောင်းကောင်း ချက်ထားဗျို့... လူပျိုကြီး'



'အမြည်းကောင်းကောင်းဗျို့'

ဟာ... ဘယ်ကောင်တွေလဲဟ။ ကိုထိန်ဝင်း၊ ကပျာကယာ ထကြည့်လိုက်တယ်။

'ဟာ....ခိုင်ကြီးတို့၊ ခိုင်လေးတို့၊ မင်းတို့ကောင်တွေ ဘာပုံတော့ဖြစ်လာတာလဲဟ။ သူဌေးတော့ ဖြစ်ခဲ့ရဲ့လား၊ မော်လမြိုင်လိုင်းက မှောင်ခိုမတွေနဲ့ မညားခဲ့ဘူးလား'

အဖော်ကွဲနေတာ နှစ်လသုံးလကြာပြီဖြစ်တဲ့ ကိုထိန်ဝင်းက အားရဝမ်းသာ အော်တော့ ဟိုကောင် နှစ်ကောင်က ရယ်ကြတယ်။

ရယ်လိုက်မှပဲ ဒီကောင်တွေ ပိန်မှန်း သိသာလိုက်တာ။ လူတစ်ကိုယ်လုံး သွားပဲ ကျန်တော့တယ်။

မျက်လုံးတွေကဝါ။ အသားတွေက မည်းတဲ့ အပြင် ညီနောင် နှစ်ကောင်လုံး ကတုံး တုံးထားလိုက်တာလည်း ပြောင်လို့။

'မင်းတို့ ဘာဖြစ်တာလဲကွ၊ ပိန်လိုက်တာ၊ နေမကောင်း ဖြစ်လာကြတာလား'

'ရွှေတောင်ငှက် မိတာပေါ့ဗျာ၊ အိစလုံဝေရော'

အကြီးကောင် ခိုင်ကြီးက လွယ်အိတ်ထဲက အမြူပုလင်း နှစ်လုံးကို စားပွဲပေါ် တင်တယ်။ ခိုင်လေးက အမြည်းထုပ်ကို ဖြေတယ်။ ကိုထိန်ဝင်း ပါးစပ်တွေ စိုစွတ်လာတာကို အသာမျိုချရင်း

'မော်လမြိုင် ငှက်က အတော်ဆိုးသားပဲကွ နော်၊ ဒါပေမယ့် မင်းတို့အလုပ်တော့ ဖြစ်ခဲ့တယ် မဟုတ်လား၊ ဟဲ ဟဲ၊ ငါ့ကို ဗီလိုပြုစုနိုင်ပုံ ထောက်ရင်လေ'

'မော်လမြိုင်ငှက် မဟုတ်ဘူးဗျ၊ ရွှေတောငှက်ပါဆိုနေမှ၊ ခင်ဗျား အဲလို ဒုံးဝေးလို့ လူပျိုကြီး ဖြစ်နေတာ၊ ကျုပ်တို့ ရွှေကျင်ခဲ့တဲ့ နေ့ရာကို ပြောတာ၊ ရွှေတောလို့ပဲ ခေါ်တယ်ဗျို့၊ သိပလား'

'အြော်....ဒါလား၊ မင်းတို့ သွားချင်တဲ့ ချွေတောက ဘယ်နားမှာလဲကွ'

မေးခွန်းထုတ်ပြီး အရက်ခွက်ကို ဂွတ်ခနဲ မော့ချလိုက်တဲ့ ကိုထိန်ဝင်းကို ခိုင်ကြီးတို့ ညီအစ်ကိုက ဝိုင်းရယ်ကြတယ်။ ပြီးတော့မှ ခိုင်ကြီးက

'ကျွန်တော်တို့ ရောက်ခဲ့တဲ့ ချွေတော နာမည်က ညောင်နီပင် ချွေတောတဲ့ ကိုကြီးထိန်ရ'

'ချွေးမသားတွေ၊ တော်ကွာ

စကား မပီတာကို တမင် ပြောင်နေတဲ့ မြစ်ငယ်သား နှစ်ကောင်ကို ကိုထိန်ဝင်း ရှက်သွားတယ်၊ ဟုတ်တယ်၊ မပီပါဘူး ဆိုတာကိုမှ လိုက်လိုက်ပြောင်ချင်တယ်၊ အဓမပြီးရင် ဟောဒီကောင် နှစ်ကောင် အပြောင်ဆုံး။



'ကိုကြီးထိန်၊ ခင်ဗျားကတော့ ကောင်မလေးစကား ...းပြောရင် ရှစ်တယ် ရှစ်တယ် ဖြစ်နေမှာနဲ့ကို၊ ရမှာ ...တ်ဘူး'

'အေ့ဲဝင်မယ်၊ မင်းမှ အပြောကောင်း'

'ဟေ ပိုပိုက မျဉ်းနားသူ စစ်တွေ၊ တို့ အချင်းချင်း ...လည်တယ်'

'အိုး....ခင်ဗျားကို ပိုပိုကမှ မကြိုက်တာ၊ တခြား မြို့သူ ... လိုက်ပြောရင် ခင်ဗျား ဘယ်နှယ့်လုပ်မလဲ'

'ဘာသ်နှယ့်မှ မလုပ်ဘူးကွာ၊ ပျဉ်းမနားသူကို ရအောင် ...ယ်ကွ'

ထုံးစံအတိုင်း ကိုထိန်ဝင်း စိတ်ဆိုးစ ပြုလာတော့မှ ခိုင် ...းတို့ အစရပ်ပြီးစကားကောင်းကောင်းပြောတော့တယ်။

'ကိုကြီးထိန်ရေ ကျွန်တော်တို့ဖြစ်ပုံများဗျာ၊ သွားတုန်း ...တော့ မော်လမြိုင်လိုင်းပဲ။ ဟိုတကယ်ရောက်တော့မှဟန် ...ဘူးဗျ၊ ကျုပ်တို့ ဘယ်လောက် စွန့်စား စွန့်စား သိပ် ...းရတယ်မရှိဘူး၊ ညီအစ်ကိုနှစ်ယောက် စားစား သောက် ...ာက်နဲ့တင် ပြီးနေတော့ စိတ်ပျက်တာနဲ့ တစ်ခေါက်ဟာ ...ကုန်ကနေ မန္တလေးထိသွားလိုက်တယ်။ မန္တလေးက ကုန် ...း ဘာလေး ရန်ကုန်ပြန်သယ်ရင် ကိုက်မလား တာလား ...ါ့ဗျာ။

အဲလိုနဲ့ ယောင် လည်လည် လုပ်နေတုန်း မန္တလေး... အပေါင်းအသင်းတစ်ယောက်က ကျွန်တော်တို့အဲဒီရွှေတော... ပေါ်သွားတယ်၊ ဟဲဗျာ ကိုကြီးထိန်နှယ် ခင်ဗျား ရွှေ... ကျင်တာကိုမဟုတ်ဘူး။ တူးနေကြတာ မတရားဗျာ။ နည်း... လူတွေ မဟုတ်ဘူး၊ ရွှေကဗျာ လူတွေများတော့ လူ... သိပ်အရကြီးတော့ မဟုတ်ဘူး၊ ဒါပေမယ့် ကံကောင်းတ... ကျတော့လဲ တစ်ခေါင်း နှစ်ခေါင်တူးရုံနဲ့ ရွှေတုံးကြီးရတာ...

'ဟင် ဟုတ်လား ရွှေတုံးက ဘယ်လောက်ကြီးလဲ'

'ဟာ တစ်ချို့ဆို ဇလုံတစ်လုံးစာလောက်ရှိသတဲ့၊ ကံပေ... ဗျာ ကံပဲ၊ ရတဲ့လူရ မရတဲ့လူမရပေါ့၊ ဒါပေမယ့် တစ်... တော့ ရှိတယ်ဗျ ကိုကြီးထိန်ရ၊ ခင်ဗျားရွှေမရနဲ့ဦး၊ သူများ... တူးတဲ့တွင်း အလုပ်လုပ်တာနဲ့ကို တစ်နေ့ ခြောက်ဆယ်ခု... ဆယ် အသာလေးပဲ၊ သွားစမ်း ခင်ဗျား ပင်စင်လေး... တော့ အပျော့ပဲ၊ ရွှေတောမှာ နှစ်ရက် အလုပ်သမား လု... လိုက်ရုံပဲ၊ နည်းနည်းတော့ ပင်ပန်းတာပေါ့ဗျာ'

တက်နားရွက် အမြီးဖတ်...ပိမ်ခံဝါးရင်း ကိုထိန်ဝင်း... သက်နေမိတယ်၊ သည့်အောင်လေးတွေက ကိုယ့်ကို အ... တစ်ယောက်လို သံယောဇဉ်ဖြစ်နေတော့ သူတို့စီးပွားရှာ... ဆိုပြီး မော်လမြိုင် ဘက် တက်သွားမယ် ဆိုတုန်းကတည်း... လိုက်ခဲ့ဖို့ပေါ်သား။ အဲသည် လွန်ခဲ့တဲ့နှစ်လက အမေ... ရှိသေးတော့ နောက်ဆံငင်ပြီး ဖြစ်သလိုလေးနဲ့ ကိုထိန်... နေခဲ့တာ။



'ကျွန်တော် အကောင်းပြောတာ၊ ခင်ဗျား ခုအမေကြီး လဲ ရှိတော့တာမဟုတ်ဘူး၊ ဘယ်သူ့ ငဲ့နေစရာလိုလဲ၊ ခင်ဗျားသာ တစ်ယောက်တည်းမို့ ပင်စင်လေးနဲ့ လိမ်ပိန်နေနိုင်သာ၊ ခင်ဗျား မိန်းမရရင် ဘယ်လိုလုပ်မလဲ၊ နောက်ပြီးတော့ ခင်ဗျားတစ်နေ့ တစ်နေ့ ဒီလိုကြီး နေရတာ ပျင်းစရာကြီး—'

ခိုင်ကြီးပြောတာတွေ အဟုတ်ချည့်ပဲ၊ တစ်နေ့ထက်တစ်နေ့ ကုန်ဈေးနှုန်းတွေ ဈေးကြီးတော့ ကိုယ်တစ်ယောက်တည်းကို ပင်စင်လေးနဲ့ လိမ်ပိန်ခနလို့ မလွယ်တော့ဘူးလေ၊ တကယ်တော့ ဒီလို လိမ်လိမ်ပိန်ပိန်နဲ့လည်း ကိုထိန်ဝင်း မနေချင်ပါဘူး။ ပိုက်ဆံဝင်လမ်းတွေရစ် ကောင်းကောင်းစား ကောင်းကောင်း နေချင်တာပေါ့။

ဒီကြားထဲမှာ မိန်းမယူဖို့ လမ်းစလေးလည်း ပွင့်လာမယ်ဆိုရင်တော့ ထိန်ဝင်းဘဝစိုပြည်ရချည်သေးရဲ့။

အဲဒီရွှေတောမှာ ကံတစ်ချက်ပွင့်လို့ ရွှေတုံးကြီးများရခဲ့ရင် ပိုပိုတစ်ယောက် ဘာခံနိုင်လိမ့်မလဲ။ ဟဲဟဲ—ကိုကိုမကြိုက်ဘူး၊ ဒါမလုပ်နဲ့ဆို ဟုတ်ကဲ့ ကိုကို လို့ ရှိမှာပဲ။

'မင်းတို့က ပြန်သွားဦးမှာပေါ့'

'သွားမယ်၊ ဒါပေမယ့် ခိုင်လေးထားပစ်ခဲ့မယ်၊ ခင်ဗျားလိုက်မယ်ဆိုရင် ကျွန်တော်တို့ နှစ်ယောက် သွားမှာပေါ့၊ ခိုင်လေးက ဇွက်ဒက်၊ ကျွန်တော့်ထက် ပိုခံရတယ်ဗျ၊ ကောင် နားပစေဦးလို့'

ဦးကြီးစကားက တက်ကြွနေတဲ့ကိုထိန်ဝင်းကို ရုတ်တရက် သတိပေးသလို ထိတ်ခနဲ ဖြစ်ပြီး

‘ရော့…ဟော့ကောင်၊ ချွေးမရတဲ့ သေနေပါဦးမယ်ကွာ’

ဦးကြီးက ခေါင်းကို ယမ်းပြီး အချက်ချက်ကို မြှောက် ပြတယ်။

‘ဘယ်တော့မှ မသေဘူး၊ စိတ်ချ၊ ဒါသာ နေ့တိုင်း ဘာငှက်မှ မခံနိုင်ဘူး’

ကိုထိန်ဝင်း သက်ပြင်းတစ်ချက် ချလိုက်တယ်။

‘ဦးကြီး တို့ဘယ်နေ့လောက် သွားကြမလဲ’

‘နှစ်ရက် သုံးရက်လောက်နေရင် သွားမယ်လေဗျာ’

* * *

မိုးလင်းပြီဆိုတာနဲ့ စူးစူးရဲရဲ ပွင့်လာတတ်တဲ့ အညာ နေနဲ့အတူ ညောင်နီပင်ရွာ ရွှေတောရဲ့ နံနက်ခင်းက နိုးထ လာခဲ့ပြီ။

တောငှက်လေးတွေရဲ့ မြည်သံ၊ ကူဘိုတာရေစုတ်စက်သံ လက်ဖက်ရည်ဆိုင်တွေက အဖွင့်အဆိုင်ဖွင့်နေတဲ့ ကြာနီဆ ပရိတ်ရွှန်းနဲ့ ချစ်ကောင်းရဲ့ ကော်ဖီခါးခါးသံ၊ လူတွေ သဲသဲအုပ်အုပ် လှုပ်ရှားသံတွေ၊ အုပ်စိုးနားထဲကို ဗလံ ဗထွေး စုဝင်လာကြတယ်။

အိပ်ချင်စိတ်မပြေသေးတဲ့ မျက်လုံးတွေကို မှိတ်မြဲမှိတ်ထား ရင်း တစ်ဘက်ကို ပြန်စောင်းလိုက်ပေမယ့် နွေလေပူပူကြီး



တူ နောက်ဖေးနံ့၊ သေးနံ့တွေ နှာခေါင်းထဲ ရုတ်တရက် ဝင်လာတော့ အုပ်စိုးမျက်လုံးတွေ မဖွင့်တဲ့ မနေနိုင် ဘူး။

‘ကျွတ်…ကျွတ်…ကျွတ်…ဖီသောက်အနံ့ဆိုးတွေနဲ့ပဲ အိပ် ာ အမြဲထရတယ်၊ ဟော့ကောင် သိုက်ထွန်း ထကွ’

သင်ဖြူးစုတ် တစ်ထပ် ခင်းထားတဲ့ မြေကမ္ဗလာ မှေ့ရာ ကနေ တောင့်တင်းနေတဲ့ ခန္ဓာကိုယ်ကို တကျွတ်ကျွတ် သပ်ရင်း အုပ်စိုး ထထိုင်တယ်။ တစ်ဆက်တည်း ဘေးမှာ လေး အိပ်နေတဲ့ သိုက်ထွန်းကို ခြေထောက်နဲ့ ထိုးပြီး ထိုက်ပေမယ့် သိုက်ထွန်းတို့ကတော့ မဖြုံ။ ပုဆိုးခြုံကွေး မပျက်။ လက်ပေါင်ကြားညှပ် ပုံစံမပျက်။

မအေပေး မြို့သား၊ မနက် စောစော မထတတ်တဲ့ ာက်ကျင့်က ခုထိ ဖျောက်မရနိုင်ဘူး။ မနက်လင်းရင် င်း နိုးရတာက အလုပ်တစ်ခု၊ ချေးနံ့ သေးနံ့လည်း ၊ ခြေထောက်နဲ့ ကန်လည်း မမှု။ ဆွဲဆိတ်လည်း မလှုပ်။ တို့ အပ်တို့ ချိတ်တို့မှ ဒီကောင်နိုး ရတာ။

ကိုယ့်ဘေးနား တဝိုက်ကလည်း ဆူးတို့ ချုံတို့ ခပ်ပေါ ါနဲ့၊ အံကျပဲ၊ အုပ်စိုး နိုးပြီး ခြေထောက်နဲ့ သုံးလေးချက် နိုးလို့ မရရင် တန်းပြီး ဘေးနားက ဆူးချွန်ရှာပြီး ါးပေါ်ကို ခပ်ဖိဖိလေး ထိုးချလိုက်၊ တစ်ခါတည်း ာ…ဟော့ကောင်…ဟော့ကောင်နဲ့ ပြူးတူးပြဲတဲ့ ဘထိုင်

တော့တာပဲ။ မအေပေးမျိုး၊ အသားနာမှာတော့ သိ
ကြောက်တဲ့ကောင်။

'ဟေ့ကောင်…ထ၊ သိုက်ထွန်း… ဟေ့ကောင်'

အုပ်စိုး ခြေထောက်နဲ့ နောက်တစ်ချက် ကန်လိုက်တယ် အလို…ဒီတစ်ခါ ကျားသားမိုးကြိုး။ အင်း…အဲ့နဲ့…ကို တော် လူးလွန့်တော်မူလာတယ်။

'ဟေ့ကောင်…မြန်မြန်ထရင် ထနော်၊ မထရင် ဆူးလာ မယ်၊ ဟောဒီမှာ မနေ့က ထိုးထားတဲ့ ဆူးက အဆင်သ

'ဟာကွာ…ဘာမှန်းလဲ မသိဘူး၊ ခုမှ စောကြီး ရှိသေး တာ'

သိုက်ထွန်းက အားငေါ်ရ အသန်းရှည်ကြီး သန်းရင် အိပ်ရာပေါ်ကနေ ညည်းလိုက်သေးတယ်။ ထကတော့ မ သေးဘူး၊ အုပ်စိုးကတော့ အင်္ကျီတုံးလုံးကျွတ်ပေါ်မှာ တစ် နေ့ကမှ လောလောလတ်လတ် ဝယ်တဲ့ ကင်ဇိုအင်္ကျီပုံဆ အဝါကို ဝတ်တယ်။ စိမ်းဝါကွက်။ ဝက်ဝံမလေးရှားပုံဆို လဲတယ်။ အိတ်ထဲက ချေးအတစ်လိုက်နဲ့ ပလတ်စတစ်ဘီ ထုတ်ပြီး ဖြီးတယ်။

'ဟေ့ကောင်…မျက်နှာကဖြင့် မသစ်ရသေးဘဲနဲ့'

ကိုယ့်ကိုယ်ကို ကြည့်ပြီး သိပ်သဘောကျ ကျေနပ်နေ



ပ်စိုးကို သိုက်ထွန်းက စိတ်ပျက်သလို ကြည့်ပြောတယ်။ ပ်စိုးကတော့ 'ဘာဖြစ်လဲ'တဲ့။ အလကား…ဒါလဲ အင်္ကျီ ဝတ်အစား ကြွကြွရွရွ ဝတ်တတ်တဲ့ မပေမတေ၊ မကျေ ဇာင် ဝတ်ချင်တဲ့ မြို့သား သောက်ကျင့်ပဲ။

'အုပ်စိုး…ကိုတင်ဦး ညကလဲ ပြန်မအိပ်ပါလားကွ၊ ဝိုင်း ကောင်းလို့မှဟုတ်ရဲ့လား'

သိုက်ထွန်းက ဖလေးတိုင်စင်ပိုင်တဲ့ပိုင်ရှင် ကိုတင်ဦးအတွက် န်နေတယ်။ အုပ်စိုးကတော့ မပူပေါင်။ နှစ်ညလောက် န်မအိပ်တာလောက်ကတော့ ကိုတင်ဦးအတွက် ဆန်းကို ဆန်းဘူး။

အုပ်စိုးက တရုတ်သွားတိုက်ဆေးဘူးထဲက ဆေးကို လက် ပေါ် ဟန်နဲ့ပန်နဲ့ ညှစ်ချရင်း သွားတိုက်တံပေါ် ဆေး စ်ချနေ ၇ဲ့ သိုက်ထွန်းကို…

'မြန်မြန်လုပ်ဟေ့။ တို့မျက်နှာသစ်ပြီး လက်ဖက်ရည်တွေ ာတွေ သောက်သက်ပြီးတာနဲ့ တို့ရှမ်းဆီသွားရမယ်၊ တင်ဦးအတွက် ပူမနေနဲ့ အချိန်တန်တော့ ပြန်လာလိမ့် ယ်'

'ဘယ် ရှမ်းလဲ'

'ဟို့လေကွာ၊ ဝိုင်းဝေ့ဆိုတဲ့ရှမ်း၊ သူ့ဌေးတစ်ယောက်ရဲ့ ျောတွင်း မန်နေရျာ၊ သူလဲ မျောတွင်းနှစ်တွင်း သုံးတွင်း ြီကွ၊ ဘာမှမရဘူး၊ ခုတစ်ခါ ကျင်းသစ်ဖောက်ဖို့ တိုင်ပွား ာ'

'ကျင်းဖောက်ရုံပဲလား၊ ဘယ်လောက် ဝေးမှာတဲ့…

'အေး….ဖောက်ရုံပဲကွ၊ ဒါပေမယ့် အခြေအ… ကောင်းလို့ တွင်းထဲဆင်းရရင် ခေါ်မယ်တဲ့၊ အခုဖော… ကာကတော့ သုံးဆယ်ပေးမယ်တဲ့၊ မဆိုးပါဘူးကွာ၊ တခြ… လူနှစ်ယောက်လဲ ပါဦး မှာပဲ'

အုပ်စိုးတို့ မျက်နှာသစ်မယ့် ရေရှိရာအရပ်က ရေထ… တဲ့လူတွေနဲ့ စည်ကားစပြုနေပြီ။ ရွှေကျင်ပြီးလို့ စွန့်ပစ်ထ… ခဲ့တဲ့ ရေထွက်နေတဲ့ မျောတွင်းဟောင်းတွေဟာ အုပ်စိုး… အားလုံး အားထားရာ ရေတွင်းတွေပဲ။

ဒီတောထဲမှာ ရေရဖို့က အတော်မလွယ်တဲ့ အလ… ညှောင်နိုပင်ရွာနဲ့ကလည်း အတော်ဝေးသေးတော့ တယ်… က ရေသွားခပ်နိုင်မလဲ။

အတောင်သုံးလေးဆယ်နက်တဲ့ မျောတွင်းထဲက အန… ထိုင်နေတဲ့ ရွှံ့ရေကြည်သာလျှင် အုပ်စိုးတို့ ရွှေတောလူ… အားလုံးရဲ့ သောက်ရေ၊ သုံးရေ၊ ချိုးရေ၊ ဗီတော… ဆိုင်တွေ လက်ဖက်ရည်ဖျော်လည်း ဒီရေ၊ ထမင်းဟင်းချ… လည်း ဒီရေပဲ။

ဒါပေမယ့် ဒီရေကပေမယ့် လည်းအတင်မသေးနဲ့၊ ဒီ… ရေကြည်တစ်ထမ်းကို နှစ်ကျပ်။ ရေရှိတဲ့မျောတွင်းပျက်… တော်တော်များများ ရှိပေမယ့်၊ ဒီတောထဲက လူ… သောင်းကျော်လောက်အတွက် လောက်ငဖို့ဆိုတာ တယ်… မလွယ်ဘူး။



ပြီးတော့ မျောတွင်းပျက်တိုင်းလည်း ရေရှိချင်မှရှိတာ။ ဒီတော့ မနက်မိုးသင်းတာနဲ့ ရေများတဲ့ မျောတွင်းတွေမှာ ရေထမ်းသမားတွေက အလုအယက် ထမ်းရောင်းကြတယ်။ လက်ဖက်ရည်ဆိုင်တွေ ထမင်းဆိုင်တွေဆီကိုသေ၊

သူတို့လည်း မဆိုးဘူး။ တစ်နေ့ တစ်နေ့ဆို ရေထမ်းသမားတစ်ယောက် အစိတ်သုံးဆယ်ကတော့ ပြေးမလွတ်ဘူး။

'ဟေ့ လူ နေပါဦးဗျ၊ ကျုပ် ရေတစ်ပုံးလောက်ခပ်ပါရစေဦး၊ မျက်နှာလေး သစ်ချင်လို့ပါ'

ရေပုံးကို တင်းထဲချလို့မရ ဖြစ်နေတဲ့ သိုက်ထွန်း ဘုကျသံပေါ်လာတယ်။ သူ့ ဘေးနားက တရကြမ်း ရေခပ်နေတဲ့ ရေထမ်းသမားကတော့ ခပ်တည်တည်ပဲ။ ခက်တယ်လေ၊ ကိုယ့်တဲ အနီးအနားတစ်ဝိုက်လောက်ကလွဲရင် ဒီရာပေါင်းများစွာသော လူတွေ အချင်းချင်း သူ့ကိုယ်မသိ၊ ကိုယ့်သူ့မသိဆိုတော့ မျက်နှာထောက်ဖို့လည်းမလို၊ အားလည်းမနာ။ ကိုယ့်လိုဘပြည့်ဖို့သာ အဓိက။

'ပုံးယူလာခဲ့သို့သာကွာ၊ သူတို့ပုံးခဏ ငှားသစ်ဖို့များ မလွယ်လိုက်တာ'

သိုက်ထွန်းက ညည်းညူရင်း သွားမြန်မြန်တိုက်ခနတယ်။ အုပ်စိုးကတော့ ဒီကောင့်ထက် ပိုမြန်တယ်။

လက်ညှိုးပေါ်က ဆေးနဲ့ သွားတွေပေါ် အမြန်ပွတ်၊ ပလုတ်ကျင်း၊ မျက်နှာကို တဖြန်းဖြန်းနဲ့ သစ်ချလိုက်။ ပြီးပြီ။

ပုဆိုးပေါ့၊ အင်္ကျီပေါ့ ရေစေတွ ရွဲကုန်တော့လည်း ဘာအရေးလဲ။ ခဏနေခြောက်တာပဲ။ ပုဆိုးကတော့ မျက်နှာတောင် သုတ်ရဦးမှာ။

ကောင်းပ။ မလေးရှား ပုဆိုးက မျက်နှာသုတ်လို့ အသင့်စော်လေးကို မွှေးလို့။

တန်ပါ့ဗျာ.... တစ်ရာ့ငါးဆယ်ကတော့။ အဆင်ရော၊ အသားရော၊ ကွင်းရော ကောင်းလိုက်တဲ့အမျိုး။

တတ်နိုင်လို့ကတော့ ဒါမျိုးချည်း ဝယ်ဝတ်ဖို့ကောင်းသေးတော့။ ညောင်နီပင်ဆိုင်က မိန်းမကြီးကို ပုဆိုးဖိုး ကျန်တဲ့ကြွေးငါးဆယ် ဆပ်ပြီးရင် နောက်တစ်ထည် ထပ်ဝယ်ဦးမယ်။

ဘာခက်တာလိုက်လို့ ကြွေးကလည်း နက်ဖြန်ဆို ကျေမှာပဲ။ ဒီနေ့သုံးဆယ်ရမယ်။ နက်ဖြန်လည်း အဆင်ပြေလို့ တွင်းထဲဆင်းရရင် ငါးဆယ်ရမယ်။ တွင်းထဲမဆင်းရလည်း သုံးဆယ်-တော့ရတယ်။ ကြွေးဆပ်နိုင်တယ်။

ဟဲဟဲ- အုပ်စိုးတို့ဘဝပြောင်းတာကတော့ မြန်ပါ့နော်။ အရင်ကများ တစ်ကောင်ကြွက်အုပ်စိုး၊ လက်ထဲမှာ တစ်ရာ့ငါးဆယ်ပြည့်အောင်ကိုင်ဖို့ ဝေလာဝေး။

ခုများတော့ တစ်နေ့သုံးဆယ်ဆိုလည်းဟုတ်။ လေးဆယ်ဆိုလည်းဟုတ်။ ဘာစားမလဲ၊ ဝက်သားနဲ့လား၊ ကြက်သားနဲ့လား၊ အမဲသားနဲ့လား၊



ဘာဝတ်ချင်သလဲ။ ကင်ဗိုလား၊ ဂျင်းလား၊ တက်ထွက်ရှန်လား၊ မလေးရှားလား၊ အိန္ဒိယပဋလကပ်လား၊ ရခိုင်လား။

အိုး....အိပ်မက်တောင် မမက်ဘူးတဲ့ ဒီလိုဘဝမျိုးမှာ နေရလို့ကတော့ မြေကြီးပေါ်အိပ်ရတာ ဘာအရေးလဲ။ မျောထွင်းထဲမှာ ရွှံ့နဲ့ရေနဲ့ တစ်နေကုန်စိမ်ပြီး လုပ်ရတော့ကော ဘာအရေးလဲ။ ဒီလို ရွှံ့နဲ့ရေကြည်ကို သောက်ရတော့ကော ဘာအရေးလဲ။

'ငါတို့လဲ ကိုတင်ဦး ပစ္စည်းတွေနဲ့ ငိမ်ကိုကျလို့'

မျက်နှာသစ် တဲပြန်လာပြီး ရေပုံးသိမ်း အိပ်ရာသိမ်းရင်း သိုက်ထွန်းက ကိုတင်ဦးကို သတိရပြန်တယ်၊ သိုက်ထွန်းပြောတာလည်း ဟုတ်သား။

ရွှေတော အဝင်မှာ ကိုတင်ဦးနဲ့ခင်ပြီး တောထဲ ရောက်တော့လည်း သူ့တဲမှာနေ။ သူ့သင်ဖျူး၊ သူ့ခေါင်းအုံး၊ သူ့စောင်နဲ့အိပ်၊ သူ့ရေပုံးတို့၊ ပေါက်တူးတို့ ပေါက်ချွန်းတို့ ယူသုံးတာနဲ့ ကိုတင်ဦးကတော့ ညဘက်ဆို ဝိုင်းတကာလှည့်ပြီး ပြန်တယ်ကို မရှိဘူး။ နေ့ဘက်သာ တဲ ပြန်အိပ်ချင်အိပ်တာ။

သူလည်း ရွှေတော လာတုန်းကတော့ ရွှေတူးမယ်ဆိုပြီး ပစ္စည်းကိရိယာ အပြည့်အစုံနဲ့လာတာပဲ။

ဒီကျတော့ တစ်ယောက်ထဲ၊ တစ်နေ့ တစ်နေ့ တူးနိုင်သလောက်တူးတာ၊ အတောင် သုံးဆယ်သာ ကျော်မှရော

ဘာမှမရတာနဲ့ စိတ်ပျက်ပြီး သူ တတ်ဖူးတဲ့ ပညာနဲ့ပဲ လိမ်ရိုက်စားနေတာ ကြာပေါ့၊ စီးပွားကိုဖြစ်လို့။

အုပ်စိုးတို့လို ပင်ပန်းစွာ မလိုဘဲနဲ့ ပိုက်ဆံ အများကြီး ရတယ်၊ တစ်ခုတော့ ရှိတာပေါ့လေ၊ အသက် အန္တရာယ် တော့ စိုးရိမ်ရတာပေါ့၊ ထစ်ခနဲဆို ဓားနဲ့ခုတ် ဓားနဲ့ထိုးကြတာ၊ သူတို့ ဖဲဝိုင်းတွေကလည်းပဲ။

'သွားစို့ဟေ့ ကောင်၊ ဟိုကတ်ပြား ပါပလား'

အုပ်စိုး ကင်ဇိုအင်္ကျီ အိတ်ထောင်ကို ပုတ်ပြရင်း တဲထဲက ထွက်တယ်၊ အုပ်စိုး အိတ်ထောင်ထဲမှာ မနေ့ကရတဲ့ ပိုက်ဆံ သုံးဆယ်နဲ့ အဲဒီ ကတ်ပြားပဲပါတယ်။

ဒီကတ်ပြားက အရေးကြီးတယ်၊ အုပ်စိုးတို့ ရွှေကျင် လုပ်သားအဖြစ် အသိအမှတ်ပြုထားတဲ့ ရွှေတူးခွင့် လိုင်စင်ကတ်ပြား။

ညောင်နိုင် ကျေးရွာကောင်စီမှာ လုပ်ရတယ်၊ ကတ်ပြားမှာ ဓာတ်ပုံကပ်ရတယ်၊ ရွှေတူးလုပ်သား ဖြစ်တယ်ဆိုတဲ့အကြောင်း ထောက်ခံစာနဲ့ ကောင်စီလက်မှတ် ပါတယ်၊ တကယ်လို့ တောထဲမှာ ဝင်စစ်လို့ အဲဒီလူဟာ ကတ်ပြားမပြနိုင်ရင်နာပြီ။

ဒီတောထဲမှာ ဘာလာလုပ်တာလဲ၊ လောင်းကစားဖို့လာတာလား၊ ကြက်ခွေးဖို့ လာတာလား၊ ရာဇဝတ် ဘေးက ရှောင်တိမ်းလာတာလား၊ ချက်ခြင်း ဖမ်းသွားနိုင်တယ်။



ဒါပေမယ့် ပြောတာပြောရတာ၊ ဒီလောက် လူသောင်း ကျော်မှာ ဘယ် လူစီကတ်ပြား ရှာနိုင်မလဲ။

အကြောင်းအမျိုးမျိုးနဲ့ ရောက်နေကြတဲ့ သူတွေကလည်း အပုံ။ သက်ဆိုင်ရာကလည်း ဒီလောက်လူတွေ အများကြီးကို ဘယ်လိုလုပ် လိုက်စစ်နိုင်မလဲ။

ပြီးတော့လည်း တောထဲတောင်ထဲ သိပ်လွယ်တာ။ လာပြီဟေ့ဆိုတာနဲ့ ဟိုဘက်တောကြား၊ ဒီဘက် တောကြား၊ အစပျောက်လိုက်တာပဲ၊ ပြီးပြီဆိုမှ အလျှိုအလျှို ပြန်လာပါပဲ။ အုပ်စိုးတို့ကတော့ ဒီကတ်ပြားကို ဆောင်ရတယ်။

ကိုယ်က အမြဲရွှေတူး၊ ရွှေကျင်ပြီး စားရမယ့် သူ၊ အဖမ်းမခံနိုင်ဘူး။ အင်း... ဒါလည်းကိုတင်ဦး ကျေးဇူးပဲ။ အုပ်စိုးတို့က ဘာမှသိတဲ့ကောင်တွေ မဟုတ်ဘူး၊ 'လုပ်သားကဒ် ဘာကုန်ဆာမှတ်လို့' ဆိုပြီး ဒီကတ်ပြားကို သူ လုပ်ပေးတာ"

'သိုက်ထွန်းရေ၊ ဟိုရှမ်းဆီပဲ တန်းသွားစို့လား၊ ငါတို့ နေမြင့်နေပြီ၊ ရေလုနေရတာနဲ့ နေ့လည် စောစော ထမင်း တုပ်တာပေါ့ကွာ နော်'

သိုက်ထွန်း မျက်နှာက သိပ်မကြည်ချင်ဘူး၊ မျက်နှာက ဘာလက် ကော်ဖီလေး တစ်ခွက်တော့ မော့လိုက်ချင်တဲ့ မျက်နှာ။ တတ်နိုင်ဘူး၊ နေက မြင့်ပြီ။

အုပ်စိုးလည်း လက်ဖက်ရည်ချိုချို တစ်ခွက်နဲ့ ပေါင်မုန့် ထောပတ်သုတ် နှစ်ချပ်လောက်တော့ ဝါးလိုက်ချင်တာပဲ။ ဒါပေမယ့် ကြည့်၊ ဟိုမှာ သူများတွေ အကုန်လုံး ရှံ့တွေ ရေခဲ့တွေ အကုန်ရှုံ့ပြီး လုပ်ငန်းစနေကြပြီ၊

တစ်တွင်းလုံး ရှိတဲ့လူအားလုံး လှုပ်လှုပ်ရှရှ။ ရှံ့စက်တွေ နဲ့ မျက်နှာတွေပေါ်မှာ မျှော်လင့်ချက်တွေက အပြည့်။ လက်ဖက်ရည်ဆိုင်ကုန်းကိုဖြတ်တော့ သိုက်ထွန်းဆီက တံတွေး မျိုချသံ ကြားရတယ်။

'မအေပေး၊ မနက်ဆို ဘလက်ကော်ဖီ မသောက်ရ မနေနိုင်တော့ဘူး၊ ဖြစ်မှာပေါ့၊ ညနေဆို ရမ်လေးနည်းနည်း တောလေး နည်းနည်းနဲ့ တအားကြိုက်တာကိုး။ အညောင်း ပြေ အညာပြေ အတူတူ သောက်ကြတာချင်းပေမယ့် ဒီ ကောင်ကတော့ ကဲကိုကဲတယ်။

'ရွှေမြရုံခြယ်ကတော့ စည်မှ စည်ပဲဟေ့ ကြည့်စမ်း အုပ်စိုး'

သိုက်ထွန်း မြူဆွယ်တာကို မကြားသလိုလို လုပ်ပြီး အုပ်စိုး ရွှေမြရုံခြယ် ဆိုင်ကို လှမ်းကြည့်လိုက်တယ်။ အံ့မှာ တကယ့်လက်ဖက်ရည် ဆိုင်ပဲ။ တောထဲနဲ့ မတန်အောင်ကို ပြင်ဆင်ထားတာ။ စားပွဲခုံပု အပြာလေးတွေနဲ့။

ဆိုင်လေးကလဲ အပြာရောင် ဆေးသုတ်ထားတဲ့ အပြင် မျက်နှာကျက်မှာလည်း မီးလုံးအပြာလေးတွေနဲ့။ မီးစက် လည်း ရှိတယ်တင်ပါရဲ့၊ ဆိုင်နံရံမှာလည်း နိုင်ငံခြား မင်း သမီးပုံတွေက အပြည့်။



မုန့်ဗီရိုထဲမှာလည်း မုန့်တွေက စုံလို့။ နာမည်ကလည်း ရွှေမြရုံခြယ်တော့ အတိတ် နိမိတ် ယူနေကြတဲ့ အုပ်စိုးတို့ ရွှေတောလူသားတွေနဲ့တော့ အံကိုက်ပဲ။ လူ သိပ်စည်ပြီပေါ့၊ တခြားဆိုင်တွေ အားလုံးကို ဖြတ်တက်ပြီပေါ့။ ဈေးက လည်း လက်ဖက်ရည်၊ ကော်ဖီတစ်ခွက် နှစ်ကျပ်ခွဲတဲ့။ သူ များဆိုင်ထက် ငါးမူးပိုယူထားပေမယ့်၊ အို...ငွေပေါတဲ့ ရွှေတောက လူတွေက ငါးမူးကို ဘယ်မြင်မလဲ။

တော်တော်စိတ်ကူးကောင်းတဲ့ဆိုင်ရှင်ပဲ။ ကက်ဆက်ကစ တခြားသူတွေနဲ့ မတူစေရဘူး။ ဆောင်းဘောက် အကြီးကြီး နှစ်လုံး အကျယ်ကြီး ဖွင့်ထားတာ။ တခြားဆိုင်က ဆောင်း ပေါက်မပေါ်တဲ့ ကက်ဆက်လေးတွေ အသံကို ပျောက်လို့။

တခြားဆိုင်က ဖြစ်ကတတ်ဆန်း ရိုက်ထားတဲ့ ဝါးကြမ်း ခင်းခုံရှည်ပေါ်မှာ ထိုင်မယ့်သူလည်း မရှိသလောက်ဘဲ။ တကယ်ပါပဲ၊ တောထဲမှာ ဟိုးမြို့ပေါ်ကအလှဆုံး၊ လက်ဖက် ရည်ဆိုင် တစ်ဆိုင် ဖြုန်းဆို ရွှေ့လာသလိုပဲ။

'မင်းကလဲကွာ၊ ခု သောက်တော့'

'မရဘူး၊ ဟိုမှာ ဟိုရှမ်း လိုက်လာနေပြီ၊ အလုပ်အရေး ကြီးတယ် ဟေ့ကောင်'

စိုင်းဝဏ္ဏဆိုတဲ့ ရှမ်းက အုပ်စိုးတို့ကို လက်ရပ်ပြ ခေါ်နေ တယ်။ အုပ်စိုး ခြေသွက်သွက် လှမ်းလိုက်တယ်။ အရေးထဲမှာ ရွှေမြရုံခြယ်က လက်ဖက်ရည်ချိုနံ့ကလည်း တယ်မွှေးပါ ကလား။ ဟိုကောင် သိုက်ထွန်းကလား၊ ကြည့်ဦး။ ခြေလှမ်း

သွက်ရင်းကနေ ကလေးဆိုးကြီးလိုပဲ မဆီမဆိုင် ထပြောတယ်။

'ဟော့တောင်၊ ဒါပဲနော်၊ ညနေကျရင်တော့ ငါ ဝီစကီကို ဝယ်သောက်ပစ်မှာ'

မြေပေါ်မှာ ပေါက်ချန်းလေးငါးဆယ်ချက်စာပေါက်ပြီးတာနဲ့ အုပ်စိုး ခါးတောင်းကျိုက် ဖြုတ်ချင်ပြီ။ ဒီပုဆိုးဟာ ခါးတောင်းကျိုက်တဲ့ နေရာမှာတော့ တော်တော်ကောင်းတဲ့ ပုဆိုး။

အသားက မာပြီး လျှော်တော့ ခဏခဏ ဖြုတ်လွှတ်တယ်။ ပြီးတော့ အုပ်စိုး ပုဆိုးက အသစ်ဆိုတော့ ပိုဆိုးတယ်။

အုပ်စိုး သေချာပြန် ကြိုက်ပြီး ပေါက်ချန်းဆက်ပေါက်တယ်။ မဆိုးပါဘူး။ လူလေးယောက်အားနဲ့ဆို အတောင်သုံးဆယ်လောက်ကတော့ သုံးရက်ပါပဲ။

ဒီထက်ပို နက်နက်တူးရရင်တော့လည်း တစ်မျိုးပေါ့လေ။ ပိုကြာမှာပေါ့။ ဒါပေမယ့် တချို့ မြောတွင်းကျတော့လည်း ကံကောင်းရင် ဆယ်တောင် ဆယ့်ငါးတောင်နဲ့ ဖြစ်ဖြစ် တွေ့ချင် တွေ့တတ်တာ။ လေးငါးခြောက်တောင်နဲ့ကို တွေ့လိုက်စမ်းပါစေလို့ ဒီရှမ်းအတွက် အုပ်စိုး ဆုတောင်းပါတယ်။

သူ့မယ်ပထမဆုံး တူးတဲ့ မြောတွင်းတုန်းက လေးငါးတောင်ပဲ တူးရသေးတယ်။ ရေတွေ တအား ထွက်လာတာနဲ့ ပျက်၊ နောက်တစ်ကွင်းကျပြန်တော့ အတောင်ငါး



ဆယ်ထိ တားတာတောင် ဘာမှ မတွေ့တော့ ပျက်၊ နောက် တစ်တွင်းကျတော့လည်း ရွှံ့မြေတွေ့ပြီ ဆိုပါမှ မြေပြိုကျပြီး တွင်းပိတ်သွားပြန်ရော။

ဒါတောင် ဒီလူ စိတ်မာတော်ကျသေးတာ တော်တယ်။ မြောတွင်း တစ်တွင်း ဖြစ်ဖို့ ကုန်ရတဲ့စရိတ်က နည်းမှမနည်းတာ။ အေးလေ၊ သူ့သူဌေးကလည်း ဝိုင်းဆဲ့ရှိလို့ နေမှာပေါ့။ ဒီတစ်ခါ ကံကောင်းမယ်ဆိုရင်တော့လည်း ကုန်တာ၊ သမျှလေးတွေ ကာမိတာပေါ့။

'သောက်ကျိုးနဲ့၊ ဒီပုဆိုးနဲ့တော့ ခက်ပါကွာ'

ဟော ပုသိမ်သား ကိုကျော်မြိုင်။ သူလည်း မလေးရှားတက်ဝံပုဆိုးနဲ့ အတော်ဒုက္ခရောက်နေပြီ။ အုပ်စိုးပြီးတော့ သူ့အလှည့်။ ခါးတောင်းကျိုက် ဖြုတ်နေပြန်တယ်။

'ငါ့လခွေး.... ချွတ်ချထားမှနဲ့ တူတယ်ကွာ'

ပြောလို့မှ မဆုံးသေးဘူး။ တွင်းထဲကို လေးပင်ရိုက်ဖို့ ဝါးသွားထမ်းတဲ့ သိုက်ထွန်း၊ ပုဆိုးခါးတောင်းကျိုက် လျှော့ကျပြန်တယ်။ သိုက်ထွန်းနဲ့အတူတူထမ်းတဲ့ လူတစ်ယောက်ပဲ သူ့မခလေးရှားက အတော်ကြီး နွမ်းနေလို့ ဖြုတ်မကျတာ။

'မင်းတို့ကြည့်ရတာကွာ၊ ဘောင်းဘီ ဝတ်ထားပြီးတာပဲ တာ...'

ခါးတောင်းကျိုက်ကို အမျိုးမျိုး ခိုင်ခံ့အောင် ကျိုက်နေကြတဲ့ အုပ်စိုးတို့ကို စိုင်းဝဏ္ဏက ဘေးကနေ အားမလို အားမရ ဖြစ်နေတယ်။

'ရပါတယ်ဗျာ၊ လေးပင် ရိုက်ရအောင်၊ ကိုကျော်မြိုင်လုပ်ဗျို့'

'အေးပါဟ' ဆိုပြီး ကိုကျော်မြိုင်က နှစ်တောင့်ထွာအရှည် ဝါးလုံးတွေနဲ့ လေးပင်ရိုက်ဖို့ ပြင်တယ်။

တကယ်တော့ ရွှေကျင်ဖို့မျောတွင်းတစ်တွင်းကို တူးတော့မယ်ဆိုရင် ပထမဆုံး လိုအပ်တာက ပေါက်တူး၊ ပေါက်ပြား၊ တံရွှင်း၊ ပေါက်ချွန်းရယ်၊ လေးပင်ရိုက်ဖို့ ဝါးရယ်၊ အုပ်စိုးတို့လို အားကောင်းမောင်းသန် လူလေးငါးယောက်ရယ်၊ အဲဒါတွေ ရှိပြီဆိုတာနဲ့ စတူးပေတော့။ ပထမ တူးပြီး တစ်တောင်လောက်အကျမှာ လေးပင်ရိုက်တယ်။ လေးပင်ရိုက်တယ်ဆိုတာ တကယ်တော့ ကျင်းနေရာ၊ မြေနေရာ သတ်မှတ်တဲ့ သဘောပါပဲ။ မြေကြီးအနက် တစ်တောင်နဲ့ ဗျက်အကျယ် သုံးတောင်ပတ်လည်လောက် တူးထားတဲ့ မြေကျင်းပေါ်မှာ နှစ်တောင့်ထွာ အရှည်လောက်ရှိတဲ့ ဝါးလုံးဖြတ်လေးတွေကို နှစ်လုံးစီ စီဆင့်ပြီး လေးဘက်လေးတန် ရိုက်တယ်၊ တစ်ချို့ကျတော့လည်း တစ်တောင်အမြင့်လောက် ယက်ထားတဲ့ ကပ်ကြမ်းလေးနဲ့ လေးပင် ရိုက်တယ်။

တကယ်တော့ ကျင်းကို ဒီလေးပင်ရိုက်ထားတဲ့ အကျယ်အဝန်းအတိုင်း အောက်ကို ဆက်တူးရမယ်ဆိုတဲ့ သဘော၊ ကျင်းတိုင်း၊ မျောတိုင်းဟာ အားလုံး နှစ်တောင့်ထွာ ပတ်လည် အကျယ်အဝန်းလောက်ပဲ ဖြစ်ရတာက ဒီကျင်းထဲကို



လူဆင်းဖို့အတွက် လူသာ မြေကြီး နံရံနှစ်ဘက်ကို ကန့်ပြီးဆင်းနိုင်တဲ့ အကျယ်က နှစ်တောင့်ထွာ ဖြစ်လို့ပဲ။

ဒီကျင်းထဲ၊ တွင်းထဲဆင်းဖို့က ဘယ်မှာလည်း လှေကား၊ လှေကားရှိဦးတော့ ဘယ်လို ထောင်မလဲ။ ဘယ်သူ ကိုင်ပေးမလဲ။ ဒီတော့ တွင်းထဲကိုဆင်းဖို့ ရွှေညာခံတော်တွေ စူးဆောက်ပြီး ထိုးတွင်ကြတယ်၊ လူက မြေကြီးနံရံ နှစ်ဘက်ကို ခြေနဲ့ ကန်ဆင်းမယ်၊ ဆင်းလို့ ကောင်းတဲ့ ခြေထောက်အကွာအလိုက် အကျယ်အဝန်းရှိတဲ့ တွင်းကိုတူး။ ပြီးတော့ နံရံနှစ်ဘက်ကို ခြေကန်တဲ့အခါမှာ ခြေကုပ်လို့ကောင်းအောင် တွင်းနံရံနှစ်ဘက်မှာ ထွာဆိုင်လောက်ရှိတဲ့ အပေါက်လေးတွေ ဖော်ပြီး တွင်းရမယ်။ အဲဒီ အပေါက်လေးတွေကို ဆုံးပေါက်တဲ့။ ရွှေကျင်ဖို့တူးတဲ့တွင်း 'မျော' တဲ့။ 'အင်း' 'အင်းပြ' တဲ့။

'ကဲ... လုပ်ဟေ့၊ ငါနဲ့ အုပ်စိုးက ဆက်တူးမယ်၊ ဆိုက်ထွန်းတို့နှစ်ယောက်က အပေါ်က မြေသယ်ကြ၊ 'ဆုံးပေါက်' ကတော့ လူတစ်ရပ်လောက်ရှိမှပေါက်၊ အခတော်ပဲ'

ကိုကျော်မြိုင်က လေးပင်ရိုက်ပြီးတာနဲ့ စီမံခန့်ခွဲပြီး ဆက်တူးမယ်။ အင်း.... မနက်စာမစားခင် နောက်ထပ် သုံးတောင်လောက်တော့ ပြတ်ကောင်းပါရဲ့။ ကြည့်ရတဲ့ မြေကတော့ ခုတူးဖိသလောက်ဆိုရင် မဆိုးပါဘူး၊ မြေပွပါပဲ။ မြေကျစ်မြေမာများ ဖြစ်လို့ကတော့ တူးရတဲ့လူ သေပြီ။ တစ်တောင်လောက်ကို လျှာထွက်မတတ် တူးရပြီသာမှတ်။

အုပ်စိုးနဲ့ ကိုကျော်မြိုင်တဲ့ အားကောင်းတော့ သိပ်မကြာဘူး။ နှစ်တောင်လောက် နက်လာတယ်။ သိုက်ထွန်းတို့ နှ... ယောက်က အုပ်စိုးတို့ ကျုံးတင်ပေးလိုက်တဲ့ မြေကြီးတွေ... စိုင်းဝဏ္ဏပြတဲ့နေရာမှာ ရေကန်လုပ်ဖို့ သွားပုံနေကြတယ်၊ ဒီမြေကြီးတွေနဲ့ ရွှံ့နဲ့ လေးဘက်လေးတန် မံပြီး ရေကန် လေး လုပ်ရမယ်လေ။ ဒီထဲကရေနဲ့ ရွှေက ကျင်ယူရမှာကိုး။

'အုပ်စိုးနဲ့ ကိုကျော်မြိုင် အပေါ် တက်ဦးလေ၊ ငါတို့ ဆင်းတူးဦးမယ်'

'အေး.... ဒီလိုလေးလဲ ပြောဖော်ရဦးမှပေါ့ကွာ'

ကိုကျော်မြိုင်က သိုက်ထွန်းကို နောက်ရင်း အပေါ်က တက်လာတယ်၊ သိုက်ထွန်းအေ ကျင်းထဲ ခုန်ဆင်းရင်း...

'ခင်ဗျားက အပေါ်ကနေ မြေပဲ သယ်ချင်မှာပေါ့... ခင်ဗျား အမောပြေကြီးကို လှမ်းမြင်နေရတာကိုး'

'တော်စမ်းပါကွ.... အမောမပြေတဲ့ သူ့မျက်နှာ ရှု... ခေါက်ချိုး မြင်လိုက်တာနဲ့ အမောဆို ဆို သွားလွန်းလို့'

ကိုကျော်မြိုင် မျက်နှာက ရှုံ့မဲ့နေတယ်။ ပါးစပ်ကသာ ပြောနေတာ မျက်လုံးကတော့ သူ့မိန်းမရဲ့ အမောဆို ချ... စရာ မျက်နှာရှစ်ခေါက်ချိုးကြီးဆီကို ရောက်သွားတယ်။ သူ့ မိန်းမက ဟိုဘက်မျှော်မှာ မြေသယ်နေတယ်လေ။

'ကိုကျော်မြိုင်တို့တော့ ယောကျ်ားရော မိန်းမရော အလုပ် လုပ်ကြတာ၊ ပိုက်ဆံတွေ ထားစရာမှ ရှိသေးရဲ့လားဗျ'

အုပ်စိုးစကားကို ကိုကျော်မြိုင် အားရပါးရ ရယ်နေ တယ်။



'ပိုက်ဆံထားစရာနေရာလဲ မရှိဘူး၊ ထားစရာ ပိုက်ဆံလဲ ...ဘူးဟ၊ ရသမျှပိုက်ဆံ ဗိုက်ထဲ ရောက်ကုန်တာပဲ၊ ငါ့ ...မက်တော့ ရွှေတော ရလာပြီး ရွှေဝက်သား ငွေဝက်သား ... စားရတယ်တဲ့'

'ခင်ဗျား ပုသိမ်မှာ ဘယ်လောက် ပင်ပန်းပင်ပန်း ဒီလို ...င်းမျိုး စားနိုင်လို့လား၊ စားစမ်းပါဗျာ၊ ဝမ်းအပြင် ...င်ပါတာလိုက်လို့။ ပိုက်ဆံရှာရတာပဲဥစ္စာ။ ဈေးကြီးတာ ...ာ့ ပြောမနေနဲ့၊ ဒါ ရွှေတောထုံးစံ'

'အေးကွာ၊ ဟုတ်တော့ ဟုတ်ပါတယ်၊ တကယ်ပဲ၊ ရွာ ...နှန်းက ဒီလို အသားဟင်းနဲ့စားဖို့မပြောနဲ့၊ လယ်သမား ...ယောက်လုပ်ပြီး ဆန်တောင် ဖြူဖြူဖွေးဖွေး စားဖူးတာ ...တ်ဘူး၊ ဒါပေမယ့် သိပ်စားလို့တော့ မဖြစ်ဘူးဟ အုပ် ... ကံလေးတွေ နောင်ရေး စုရဦးမယ်'

'စုပါဗျာ၊ နှစ်ယောက်လုပ်စာပဲ၊ ကံကောင်းလို့၊ ခင် ...တို့ တဲ့ခြေကိုက်တို့၊ မီးပိုအောက်ကတို့၊ ရွှေချပ်ကြီးတွေ ...တွေ့ ရင်လည်း တစ်ခါထဲ ဟင်...၊ ကိုကျော်မြိုင်၊ ...ပြောကောင်းမလဲ နော'

'အို— ဘာပြော ကောင်းမလဲကွာ၊ ငါလည်း လက် ...ာ့ အငြိမ်မနေဘူး၊ ထိုးရက် ဆွရက်ပဲ'

အုပ်စိုး မြေကြီး တောင်းတစ်တောင်းကို ပုခုံးပေါ် ...ရင်း သက်ပြင်းချလိုက်တယ်၊ အဲလို ရွှေချပ်ကြီး တွေ ...တာ ဘယ်လိုများပါလိမ့်။ အုပ်စိုးတို့မတော့ ရွှေတစ်မှုန် ...ယ့်အရေး တူးလိုက်ရတာ ထေလလို'

'ဒီတစ်ခါတော့ ရခလောက်ပါတယ် ဧနော အုပ်စို၊'

စိုင်းဝဏ္ဏက သူ့ မျှောတွင်း တဖြည်းဖြည်း နက် တာကို စိတ်အားထက်သန်စွာနဲ့ စူးစိုက် ကြည့်နေတယ်၊ မျှောကတော့ မသေချာတယ်ဗျာ'လို့ စိုင်းဝဏ္ဏကို အားတ အောင် ပြောရတယ်။

တကယ်ထမ်းကျတော့ ဒီလောက် အနက်လေးနဲ့ ရွှေ တွေ့မတွေ့ ဘယ်လိုသုပ် သိနိုင်မှာတဲ့လဲ။ ညောင်နီပင် တွင်းအားလုံးလိုလို အခုတောင် သုံးဆယ်ဟာ အနည်း တူးလို့ရတာချည်းပဲ၊ လေးငါးဆယ်တောင်နဲ့ တွေ့ ဆိုတာဟာ တစ်ရာမှာ တစ်ယောက်ပါ။

အခုတော့ သုံးဆယ်လောက် တူးပြီးပြီဆိုလို့ ရွှေမြေ ပြီလာဆိုရင် မြေကြီးက အဝါနဲ့အနီ စပ်ထားတဲ့ အရော မျိုး ဖြစ်လာပြီ၊ ဒါဆိုအိုကေ တွေ့ပြီ။ရွှေမြေ။

အဲ... ရွှေမြေနဲ့ကပ်ရက် မြေနံရံတွေနဲ့ အထဲကို မော မယ်။

ခေါင်းသားထိုးတယ်လို့ ခေါ်ကြတယ်။ ခေါင်းသ မထိုးခင် မြေနံရံရဲ့အခုကို 'စအိုဝတဲ့' ရွှေတော အခ အခေါ်က အဲ့စအိုဝလို့ခေါ်တဲ့ မြေနံရံကို လိုဏ်ခေ လေးတွေသဘော ထိုးရတာပဲ။

ခေါင်းသား ထိုးတာဟာလည်း နည်းနည်းလေး တာ မဟုတ်ဘူး၊ အရှည် လေးငါးလံလောက်နဲ့ အမြင့် တော့လည်း လူတစ်ရပ် လွတ်ရတယ်၊ ဒါမှ လူက လိုဏ်ခေါင်းလေး ထဲက ရေထဲမှာ လွတ်လွတ် လပ်



သွားလို့ရမယ်လေ။ ဘာပြုလို့လည်းဆိုတော့ ခေါင်းသားထိုး နဲ့ ရေက ထွက်လာပြီပဲ။ တချို့တွင်းတွေဆို ရွှေမြေ တွေ့ခင်တည်းက ရေထွက်နေလို့ ရေထဲမှာပဲ ရွှေမြေကို ကြည့်ရတာ။

ဒီခေါင်းသားထိုးထားတဲ့ လိုဏ်ထဲမှာ ရေတွေက ပြည့်။ ချို့ ရေထွက်နည်းတဲ့တွင်းကျတော့ ဒူးလောက် ပေါင် လောက်။ ရေထွက်များတဲ့ တွင်းကျတော့ လည်ပင်း လောက်ထိ ရှိတယ်။ အဲဒီထဲမှာ ရေကူးသွားရတာ'

အဲဒီလို ခေါင်းသားထိုးပြီးတဲ့အခါမှာ မြေမပြိုအောင် ကွယ်တဲ့အနေနဲ့ အဲဒီလိုဏ်ထဲမှာ သစ်သားမွှေတည့်ရ တယ်။ သစ်သားချောင်းလေးတွေကို အရံအတားသဘောနဲ့ တစ်ခုနဲ့တစ်ခု ကပ်ရိုက်ထားတာပါပဲ။

သိပ်အခိုင်အခံ့ကြီးရယ် မဟုတ်ပါဘူး၊ မြေ တကယ်ပြို တော့ သူလည်း ဘာခံနိုင်လာလိမ့်မလဲ။ တင်....ကိုယ် တော့ တစ်ခါမှ မမြင်ဖူးမကြုံဖူးသေးပေမယ့် မြေပြိုတာကို တော့ တွေးပြီး အုပ်စိုး ကြောက်တယ်။ မြင်ဖူး တွေ့ဖူးတဲ့ ဆင်ဦး ပြောစကားနဲ့ကို ကြောက်တယ်။ 'အရှင်လတ်လတ် မြေမြှုပ်သတ်တာပေါ့ကွာ၊ ဒါပဲ' တဲ့။

ကြောက်ပေမယ့် ခေါင်းသားထိုးပေး၊ အသားမွှေပေး လောက် ခြောက်ဆယ်တောင်ရတော့လည်း သတိဝီရိယထား လုပ်ရတာပဲ။ ဒါပေမယ့် ခေါင်းသားထိုး၊ အသားမွှေ ရုံဘင်က ခဏပါ။ အလွန်ဆုံးရက်သုံးရက်ပဲ။

အဲဒါ ပြီးတာနဲ့ ရွှေဖြူးမြေတွေ ကျုံးပြီး အပေါ်တ
ပေးရတဲ့လူမှ စိုးရိမ်ရတာ။ သူက ရွှေဖြူးမြေတွေ မက
မချင်း လုပ်ပေရော။ အနည်းဆုံး နှစ်ပတ်လောက်ကြာတယ
နှစ်ပတ်တိတိ စောင့်ပြီး ရွှေဖြူးမြေတွေ ကျုံးရင်းနဲ့ မြေ
မလား၊ မပြိုဘူးလားဆိုတဲ့ ရင်ထိတ်ရတဲ့ အရသာကိုလည်
ခံစားရင်းပေါ့။

အင်း ခုတော့ ရွှေတစ်မှုန်ရဖို့ ဘယ်လောက် ခက်တယ်
တာ အုပ်စိုးတို့ သိလာပြီ။ ဒါတောင် ဗီညောင်နိုပင်
တောဟာ 'ဘောက်ခဲ' အများဆုံး ထွက်တဲ့ အရပ်တဲ့လေ
ရွှေခဲရွှေဖတ် ကောက်ယူလို့ ရသတဲ့။

အလကား ဘယ်ဘိုးတော်ဘုရားခေတ်က ဟာတွေလည
မသိပါဘူး။ ခုလောလောဆယ်မှာတော့ ရွှေတစ်မှုန်
အခရေ။ အတောင်သုံးဆယ်ဆို သုံးဆယ်၊ လေးဆယ်
လေးဆယ်၊ တူးဟာ...တူးဟာ။

ပြီးရင် မြေနီရုံတွေမှာ ခေါင်းသားထိုး၊ အသားရေ
ပြီးတာနဲ့ ခေါင်းသားဖွင့်ပေးဖို့ ရွှေကြောနားလည်တဲ့
ခေါ်ပြီး ခေါင်းသားဖွင့်ခိုင်းရသေးတာ။

ခေါင်းသားဖွင့်ပြီးတော့ 'ခေါင်းဖုံးတပ်'လို့ ခေါ်တဲ့
တပ်တွေ့တယ်။ အဲဒီခေါင်းဖုံးတပ်ပြီးတော့ ရွှေဖြူးမြေ
လာတော်မူတာ။ ရွှေဖြူးမြေကို ကြည့်ရင် သဲနဲ့ရွှံ့တွေကြာ
မှာ လက်လက် လက်လက်နဲ့ အရောင်လေးတွေကို တွေ့
တယ်။



အဲဒီဖြူးမြေတွေကိုကျုံး။ ကျုံးပြီးကျင်းပေါ်တင်။ကျင်း
ပေါ်ကျတော့ အဲဒီမြေတွေကို ရေမွှေးထားတဲ့ ရေကန်လေး
ဘေးမှ ပုံရတယ်။ ပထမ မျောစ ဖောက်ဖောက်ချင်းတူး
ထားတဲ့ မြေကြီးတွေနဲ့ လုပ်ထားတဲ့ ကန်လေးထဲကို တခြား
မျောတွင်းပျက်တွေက ရေဝယ်ထည့်ထားရတာ။

ကိုယ့်မျောတွင်းက ရေများရင်လည်း ကိုယ့်ရေကိုယ် ခပ်
ထည့်ပေါ့။ ဒါပေမယ့် ဖြူးကျုံးနေချိန်မှာဆိုတော့ ရေက
ဆိပ်ခနောက်တော့ ဝယ်ထည့်ရတာပါပဲ။ ဒါကြောင့်လည်း
ရေထမ်းသမားတွေ ရွှေတောမှာ တအားများလာတာ။

တချို့ကျတော့လည်း အဆင်သင့် ရေထည့်ပြီးသား
ရေကန်လေးတွေလုပ်ပြီး ငှားစားကြတယ်။ တစ်ရက် ကို
တစ်ရာ့ငါးဆယ်ပေးရတယ်။ အဲဒီအချိန်မှာ မျောတွင်းပိုင်
ရှင်က အနားမှာ နေ့ပေတော့။

ရွှေကျင်တော့မယ်လေ။ ပိုင်ရှင်တိုင်းလိုလို ကိုယ်ကိုင်ကျင်
ကြတာပါပဲ။ အဲဒီဖြူးမြေ အပုံဘေးမှာ 'အင်ရွှေ'လို့ ခေါ်
တဲ့ သစ်သားကိုရိယာကိုရော၊ 'အင်ပိုင်'လို့ ခေါ်တဲ့ သစ်သား
ဗေလာက်လို ဝိုင်းဝိုင်းဟာလေးကိုရော။

'အင်ရွှေ'ဆိုတဲ့ သစ်သားကိရိယာက သုံးထောင့်ချွန်းပုံစံ
အဲဒီသစ်သားပေါ်မှာ အထစ်၊ အထစ်လေးလုပ်ထားတယ်။
ဆယ်တစ်ထစ်၊ ကိုးထစ်၊ နှစ်ဆယ့်တစ်ထစ်၊ အကြီးအသေး
အလိုက် အမျိုးမျိုး ထစ်တာပေါ့လေ။

ဒါပေမယ့် အထစ်မှန်သမျှဟာ 'မ' ဂဏန်းပဲဖြစ်ရမယ်၊ 'စုံ' မဖြစ်ရဘူး။ ဒါ ရှေးဘောအယူအဆ။ ရှေးတောထုံး အဲဒီ သုံးထောင့်ချွန် အင်ရွက်ကို သစ်သားခုံပေါ်မှာ ဖြစ်ဖြစ်၊ ဝါးလုံးတန်းအမြင့်လေးပေါ်မှာ ဖြစ်ဖြစ် အချွန်ဘက်ကနေ စောင်းစောင်းလေး မှီတင်လိုက်။

ပြီးတော့မှ အဲဒီ အင်းရွက်ထိပ်မှာ 'ဖြူးစကာ' ထပ်ရတယ်။ ဖြူးစကာက သံပြားအပေါက်တွေနဲ့ လုပ်ထားတဲ့ ဇကာ၊ အဲဒီဇကာထဲမှာ ဘေးမှာ ပုံထားတဲ့ ဖြူးမြေတွေကိုထည့်၊ ရေပုံးနဲ့ လောင်းပြီး ဖြူးဆေးပေရော။

အဲလို ဆေးလိုက်တဲ့အခါမှာ သံဇကာပေါက်ထဲမှာ ခဲလုံး တွေကျန်ခဲ့ပြီး၊ သံဇကာပေါက်က ကျသွားတဲ့ သဲရယ်၊ ရွှံ့ရယ်၊ ရွှေမှုန်တွေရယ်မှာ ရွှေက အလေးဆုံးဆိုတော့ အင် ရွှေအထစ်လေးတွေထဲမှာ ကပ်ငြိပြီး ကျန်ခဲ့တယ်။ သဲနဲ့ က ရေနဲ့အတူ ဂျောင်းပေရော။

အဲဒီ အင်ရွှေအထစ်လေးတွေမှာ ကပ်ကျန်ခဲ့တဲ့ ရွှေမှုန် တချို့ သဲမှုန် ရွှံ့မှုန်လေးတွေကို တယုတယခြစ်ယူပြီး ဝိုင်း ထဲထည့်ရတယ်။ သစ်သားခမောက်လို အင်ဝိုင်း ကို လှန်ပြီး အင်ရွှေက ခြစ်ယူထားတဲ့ ရွှေမှုန်သဲမှုန်၊ ရွှံ့မှုန် အရော အနှော တွေကိုထည့်၊ ပြီးတော့ ရေလေး နည်း နည်းထည့်။ လက်ကလေးနဲ့ မွှေပြီး အင်ဝိုင်းကို စက ဝိုင်းသလို ဝိုင်းပြီး အပေါ် ရေလေး သွန်ပစ်လိုက် ရေလေး ထပ်ထည့်လိုက်၊ ထပ်ဝိုင်းလိုက်၊ ရေသွန်ပစ်လိုက် ရွှေမှုန်ကို အင်ဝိုင်းရဲ့ ဗဟို'ချက်'မှာ စုစေတယ်၊ အင်ဝိုင်း



ချက်မှာ သွားစုတဲ့ ရွှေမှုန်တွေဟာ နောက်ဆုံးအဆင့်မှာကို တခြား အရောအနှော အမှုန်အမွှားလေးတွေနဲ့ ကပ်နေ တုန်းဆိုတော့ မည်းမည်း အမှုန်လေးတွေကို မြဒါးနဲ့ ဖမ်း ပေတော့၊

အဲဒီရွှေစ မည်းမည်းလေးတွေနဲ့ မြဒါး တစ်စက်နှစ်စက်နဲ့ ရောမွှလိုက်၊ ပြီးရင် ခွက်ထဲထည့်၊ အောက်ကနေ မီးတိုက်၊ မြဒါးအထက် ပျံသွားတဲ့အခါမှာ ခွက်ထဲမှာ ဝင်းလက်နေတဲ့ ရွှေလုံးလေးတစ်လုံး ကျန်ရစ်မရော။ အဲဒီ ကျန်ရစ်တဲ့ ရွှေလုံး လေးဟာလည်း သေးသေးလေး။ တစ်ကျပ်သား၊ နှစ်ကျပ် သား အခဲကြီးတွေ မဟုတ်ပါဘူး၊ တစ်နေကုန်ကျင်မှ တစ် ရွေးသား နှစ်ရွေးသားပဲရတာ။

အဲလိုနဲ့ တစ်တွင်းလုံးကရတဲ့ ဖြူးမြေတွေ မကုန်မချင်း ဖြူးဆေး၊ ဆေးပြီး စုရတာ။ တစ်တွင်းလုံး က ဖြူးမြေတွေ ကုန်အောင်ဆေးလို့ ငါးကျပ်သား မရပါဘူး၊ ဒါကြောင့် မို့ အုပ်စိုး အလုပ်သမားပဲ လုပ်နေတာ။ ဒီမြေပေါ်မှာ ကြိုက်တဲ့နေရာ သွားကျင်းဖောက်၊ တူး၊ ကျင်ပေါ့ ရတာပဲ။ ဒါပေမယ့် အရင်းအနှီးနဲ့။ စိတ်မောရတာနဲ့ မကာမိပါဘူး။

ကိုယ့်ဘာသာကိုယ် အေးအေးဆေးဆေးပဲ ကျင်းဖောက် ပေးမယ်။ တစ်နေ့သုံးဆယ်၊ ခေါင်းသားထိုး၊ အသားခွဲ ပေးမယ်၊ ခြောက်ဆယ်၊ ဖြူးမြေတွေကို ကျုံးတင်ပေးပြီး ပုံပြတ်တင်မယ်။ တစ်ပုံးကိုသုံးကျပ်၊ လေးကျပ်၊ ငါးကျပ်ထိ ရတယ်၊ တစ်နေ့ကို သိုက်ထွန်းနဲ့ သူငယ်ချင်း နှစ်ယောက်

တင်တယ်၊ ပုံးငါးဆယ်ပြီးတယ်၊ တစ်ရာ့ငါးဆယ် နှစ်ရာ ရတယ်၊ နောက်ဆုံး တောထဲကအသား၊ ဝါးခုတ် ကျောင်း ဦးတော့ အလုပ်က ဖြစ်နေတာပဲ။

'အုပ်စိုးရေ၊ ငါ တက်ခဲ့တော့မယ်ဟေ့၊ ထမင်း ဆာလှပြီဟ'

သိုက်ထွန်းအသံက တုန်တောင် တုန်နေတယ်။ မအေပေးမြို့သား၊ သနားပါတယ်၊ အုပ်စိုးက 'အေးဟေ့'လို့ အော်လိုက်တာနဲ့ ကျင်းပေါ် ခုန်တက်လာတယ်။

'ကိုစိုင်းဝဏ္ဏရေ၊ ထမင်း သွားစားဦးမယ်ဗျာ၊ ဟေ့လူ ကိုကျော်မြိုင် ဆိုင်လိုက်ဦးမလား'

'မလိုက်ဘူးဟေ့၊ ထမင်းချိုင့် ပါတယ်၊ ရွှေဝက်သားနဲ့ကွ'

'မိန်းမကြောက် ကြောက်တယ်ပေါ့ဗျာ၊ မလိုက်ရဲရင် မလိုက်ရဲဘူး ပြောစမ်းပါ'

'ဟဲ့ သေနာတွေ၊ သူများ လှည့်ရမ်းမနေနဲ့၊ နင်တို့ မိန်းမရမှ မျက်စိဒေါက်ထောက် ကြည့်လိုက်ဦးမယ်'

အင်္ကျီမြန်ငုတ်နေကြတဲ့ အုပ်စိုးတို့ကို မနက် ကြားသွားပြီး။ ကလော်တုပ်တယ်၊ ဟိုဘက်မျောက ဖြုံးမြေတွေကို ပုံးပြတ်ဘင်ခနတဲ့ မနက်ရဲ့ မျက်နှာနဲ့ ဆံပင်တွေမှာ ရွှံ့စက်တွေက အလိမ်းလိမ်း။

'လာကွာ၊ အုပ်စိုး၊ တော်ကြာ အော်ဆဲလိုက်ဦးမယ်'

သိုက်ထွန်းက ရှေ့က မပြေးရုံတမယ်၊ ထမင်းဆိုင်သို့ လှမ်းတယ်။ ဒီကောင် သိပ်ဆာနေပြီ၊ မအေပေး။ ထမင်း



ဆိုင်တန်းက သိပ်မဝေးပါဘူး၊ လက်ဖက်ရည်ဆိုင်တွေ နားတင်ပါ။

'အားပါပါး၊ မချိုတို့ဆိုင်ကလည်း စည်မှစည်ပဲဟေ့'

'အိုကွာ၊ တစ်ဆိုင်ထဲမှ မဟုတ်တာ၊ တခြား ဆိုင်တွေ စားမှာပေါ့ဟ'

သိုက်ထွန်းက 'ဟာကွာ'ဆိုပြီး မကျေနပ်ချင်ဘူး၊ တန်းစီနေတဲ့ ထမင်းဆိုင် ငါးဆိုင်မှာ သူက အဲဒီ ကောင်မလေး မချိုတို့ဆိုင်က ဟင်းကမှ အကောင်းဆုံး၊ မအေပေး မသိရင်ခက်တယ်၊ ကောင်မလေးက လူဘကာကို ပျက်တက်တက် ဆက်ဆံဘာချည်းပါဆိုတာကို ဒီကောင်မယုံဘူး။

'လာပါကွာ ဒီနေ့တော့ ဒီဘက်ဆိုင် စားရအောင်'

နည်းနည်းလူရှင်းတဲ့ဆိုင်ထဲ အုပ်စိုး ဝင်လိုက်တယ်။ မြေကြီးပေါ် ငုတ်စိုက်ရိုက်ထားတဲ့ ဝါးကပ် ကြမ်းစားပွဲနဲ့ ဝါးကပ် ကြမ်းထိုင်ခုံတွေပေါ်မှာလူတွေတိုးဝှေ့စားသောက်နေလိုက်ကြတာ အလှူကြီး ပေးနေတဲ့အတိုင်း။ သူတို့နဲ့အတူ စားပွဲပေါ်မှာ ထမင်း ပန်းကန်တွေ ပေါ်မှာ ဟင်းပန်းကန်တွေပေါ်မှာ တဝုန်းဝုန်းမြည်အောင် ပျံသန်း စားသောက်နေကြတဲ့ သူတွေလည်း ရှိသေးတယ်၊ ယင်ကောင်တွေ၊ ယင်ကောင်တွေ။ အိုး။ ရွှေတောမှာ အပေါဆုံးဟာ ယင်နဲ့ချင်ပဲ။

'ဝက်တစ်ပွဲ ကြက်တစ်ပွဲဗျို့၊ အမြန်ဆုံး'

အုပ်စိုး ထမင်းဆိုင်နောက်ကို လှမ်းအော်ရင်း မျက်လုံးက ရောက်သွားတယ်၊ ထမင်းအိုးတွေ ဟင်းအိုးတွေ တင်တဲ့ စင် အထက်မှာ တရုတ်စာ စားလို့သူများအတွက် ချိတ်ဆွဲထားတဲ့ အသားတွေပေါ်မှာ နေရာသပ် ဆံချည်မျှင် မရှိအောင် အုံထားကြတဲ့ယင်တွေ ရုတ်တရက်ကြည့်ယင် ယင်တွဲကြီး တွေ များ ချိတ်ထားသလားလို့ အောက်မေ့ရတယ်။

'ကြာတယ်ကွ၊ မချိုတို့ဆိုင်ဆို သိပ်မြန်တာ'

အရေးထဲ။ ဒီကောင်က တစ်မျိုး၊ လူကသာ ထိုင်နေတာ၊ မျက်လုံးတွေက ဒီကတောင်ကြားရအောင် စားနေတဲ့ မချိုအသံ လာရာဆီမှာ။

'လာပြီအစ်ကို၊ ဝက်တစ်ပွဲကြက်တစ်ပွဲ။ အစိမ်းကြော်၊ တောက်တောက်ကြော်လည်း ရတယ်အစ်ကို ယူဦးမလား'

'တော်ပြီ၊ ထမင်းသာယူခဲ့'

'ဟေ့ကောင်.... တယ်ဟုတ်ပါလား၊ ဒီဆိုင်ကျ တော်ပြီတဲ့၊ ဟိုကောင်မလေး ဆိုင်သာဆို အစ်ကို အသုပ်တွေ ဘာတွေလဲ ရတယ်ခနဲဆိုရင် အေး... နှစ်ပွဲ သုပ်ခဲ့ချည်းပဲ၊ ဘာသုပ်လို့ကောင်း မပြောနိုင်တဲ့ကောင်'

သိုက်ထွန်းက အုပ်စိုးကို ဘာမှ မပြောတော့ဘဲ ထမင်းပဲ အတွင် ကုန်းလွေးနေတော့တယ်။ ထမင်းက အသားဟင်းတစ်ခွက်၊ ချဉ်ရည်ဟင်း တစ်ခွက်၊ ငံပြာရည်ဖျော်၊ အတို့အမြုပ်နဲ့ အဝစား ဆယ့်နှစ်ကျပ်။



ဟင်းခွက်တွေပေါ်မှာ တပ်ချိုရောက်လာတဲ့ ယင်တွေကို လက်နဲ့ တစ်ချက်ယမ်းရင်း ချဉ်ရည်ဟင်း တစ်ဇွန်း အုပ်စိုး ခပ်လိုက်တယ်။ ဇွန်းထဲမှာ ယင်ကောင် အသေနှစ်ကောင်။ ပန်းကန်ထဲမှာလည်း သုံးလေးကောင်။ သိုက်ထွန်း ပန်းကန်ထဲမှာလည်း အတူတူ။ ဘာတတ်နိုင်မလဲ။ ဒီလောက် ယင်ပေါတဲ့ နေရာမှာ ယင်ရှောင်နေ ကိုယ်ပဲ ငတ်ဖို့ရှိမယ်။ စားခါစ ရောက်ခါစအလောက်တော့ အုပ်စိုး မရွံ့ခတော့ ပါဘူး။

ချဉ်ရည်ဟင်းကိုမွှေပြီး ထမင်းပေါ် ဆမ်းတယ်။ ဝက် သားဟင်းနှစ်ကိုခပ်ပြီး ဆမ်းတယ်။ ငံပြာရည်ချက် တစ်ဇွန်း လည်း ဆမ်းတယ်။ ပြီးတော့မှ သခွားသီးတစ်စိတ် မြုပ်တဲ့ ပြီး စားပစ်လိုက်တယ်။ ရှေ့ကောသော့ကော ပါချင်တာ ပါရော့။ ပါးစပ်ထဲကျ စားကောင်းသွားတာပါပဲ။ ဝက် သားဟင်းနဲ့က လွှမ်းသွားတော့လည်း ထမင်းက မြိန်လာ တာပါပဲ။

နောက်ထပ်၊ နောက်ထပ် ထမင်း ထည့်လိုက်တာ အုပ်စိုးတို့ နှစ်ယောက်နဲ့ လိုက်ပွဲ ထမင်းဇယုံကြီး ပြောင်ရော။ ဓာအေးသ ဘယ်လောက် ညစ်ပတ် ညစ်ပတ်၊ ဘယ်လောက် မသန့် မသန့်၊ ဆန်က ကောင်းတာကိုး။ ဟင်းက ကောင်း တာကိုး။ ဒီလို ထမင်း ဟင်းမျိုးနဲ့ နပ်တိုင်းစားဖို့ အုပ်စိုးတို့ ဘာမှာ ဘယ်တုန်းကမှ မမျှော်လင့်ခဲ့တာ။ ယင်အောင်ပဲ ရှိစရာလိုက်လို့ ဝမ်းထဲရောက် ကြေသွားတာများ ဘာ ဖြစ်သေးတုန်း။

‘စားလို့ ကောင်းလိုက်တာကွာ၊ မတရားပဲ’

အုပ်စိုးက အားရပါးရပြောတာကို သိုက်ထွန်းက ရယ်ကျဲကျဲနဲ့ ‘မချိုတို့ဆိုင်လောက် မကောင်းပါဘူးကွာ’တဲ့။

‘မအေးပေး... လာသေးတယ်၊ သွားမယ်ကွာ ထ၊ ဟိုရှမ်း လိုက်ခေါ်နေဦးမယ်၊ ပိုက်ဆံဗျို့’

သိုက်ထွန်းက အိတ်ထောင်ထဲက ပိုက်ဆံ ဆယ့်နှစ်ကျပ် ထုတ်တယ်။ အုပ်စိုးက သူ့ပိုက်ဆံ ဆယ့်နှစ်ကျပ်ပါ ပေါင်းလိုက်ရင်၊ စားပွဲထိုးကောင်လေး လာမှာ မစောင့်တော့ဘဲ ယင်းအိုးတွေနောက်က အဒေါ်ကြီးဆီကို ထလာခဲ့တယ်။

‘ရော့ အဒေါ်၊ စားပွဲနှစ်ပွဲ နှစ်ဆယ့်လေးကျပ်၊ ဒူးယားနှစ်လိပ်လဲ ပေးပါဦး’

အုပ်စိုး ငါးကျပ်တန်တစ်ရွက် ထုတ် ပေး လိုက် တယ်၊ အဒေါ်ကြီးက ဒူးယားနှစ်လိပ်ပေးရင်း တစ်ကျပ် ပြန်အမ်းတယ်။ တစ်လိပ်နှစ်ကျပ်။ တိုင်ကိုချည်ပြီး တွဲလောင်းကျနေတဲ့ အုန်းဆံကြိုးမီးမှာ မီးညှိပြီး အုပ်စိုး ဒူးယားကို အားရပါးရ ဖွာပစ်လိုက်တယ်။ အား... ထမင်းစားပြီးစလေးမှာ ကောင်းလိုက်တဲ့ အရသာ။

• • •

‘ကိုကြီးထိန်— ကိုကြီးထိန်၊ ဗျို့ ကိုကြီးထိန် နေပါဦး ဗျ....’



ဟုတ်ပါတယ်၊ ကိုကြီးထိန်ပါ။ မမှားနိုင်ပါဘူး။ ဝေးနေလို့သာ မကြားရှိရမှာ။ သူကတော့ ရေမရောပါဘူး။ သူ့ပုံစံ အမှတ်တံဆိပ်ဖြစ်တဲ့ ပလေ့လေးကို သူ့ခါးကြား ထိုးထားတာ မြင်နေရတာပဲ။ စိတ်ချ။ ရှေ့က အိတ်ထောင်ထဲမှာလည်း တာကျော့ပါစီ။ သူ့ဘေးကကောင်ကလည်း ခိုင်ကြီးနဲ့ တူပါတယ်။

ဟုတ်တာပေါ့၊ ဒီဘက် ဆံပင်ရှည်ရှည်နဲ့က ခိုင်ကြီး။ ဟိုဘက်ကကောင်က အောင်တင်ဆိုတဲ့ ကပ်စေးနဲ့ လောဘကောင်။ ကင်ဗီဘစ်ထည်၊ မလေးရှား တစ်ထည် ဝယ်ရကောင်းမှန်းမသိတဲ့ ဘောင်းဘီတိုနဲ့ ရွှေကျင်တဲ့ ကောင်၊ သူတို့ သုံးယောက်လုံး အုပ်စိုးတို့နဲ့ တဲချင်း သိပ်မဝေးကြဘူးလေ။

‘ဗျို့ ကိုကြီးထိန်’

အုပ်စိုး ဒုတိယအကြိမ် တအားအော်လိုက်တာ ကိုတန့်ဟုန်ဆိုင်သွားရာ လမ်းဘေးက တောတစ်ခုလုံး ပဲ့တင်သံတွေ တောင် ထပ်သွားတယ်။

‘နှမပေးကြီး ခုမှပဲ ကြားတော့တယ်’

သိုက်ထွန်းက ဩဘာပေးရင်း ရပ်စောင့်နေတဲ့ ကိုကြီးထိန်တို့ဆီကို ခြေလှမ်းမြန်မြန် လှမ်းတယ်။

‘အုပ်စိုး... ငါတော့ ဒီနေ့ တော်ချမှထင်တယ်၊ ဖျားချင်ဘလိုကြီး၊ ဆာစ်မျိုးပဲ၊ မြင်းပြင်းချလိုက်မှ ဖြစ်မှာ’

'ဟော့ကောင်…. ငှက်ဖျားများလား၊ ဖြစ်နိုင်ပါဘူးကွာနော်၊ မင်း ဒီလောက် သောက်နေတာ၊ ငါတောင် မဖြစ်တာနော'

'မသိဘူးကွာ၊ ရင်ထဲမှာတော့ ကတုန်ကယင်နဲ့၊ ချမ်းသလိုလို ဘာလိုလို'

'ဒုက္ခပဲ'

အုပ်စိုး ဒုက္ခဘာလို့မှ မဆိုးသေးဘူး၊ ဟို ဒုက္ခသည်တွေက တစ်မျိုး။

'ဟော့ကောင်တွေ…. သောက်စကား များမနေကြပါနဲ့ဟ၊ မြန်မြန်လာပါ၊ ငါတို့ ရွှေရောင်းမယ့် ကုန်သည်တွေ မြန်သွားမှာ စိုးလို့ပါ'

'ဘာလဲ ကြွားတာပေါ့လေ၊ ခင်ဗျားတို့က ဘယ်နှစ်ကျပ်သားတုံးဗျ'

'မင်းမှ အခုပြောကောင်း၊ လူတစ်ကိုယ်လုံးလဲ ရောက်ရင် ရလွန်းလို့ ပဲကြီးရေစိမ်ဖြစ်နေတာတောင်မှ တစ်ရွှေးအနိုင်နိုင်ရယ်၊ သောက်ဘာတောင် မင်းတို့ ကပ်သောက်ရမှာဟ ငါ့လူတို့ရ'

'အိုး…. ခင်ဗျားတို့ တွင်းပိုင်တွေပဲ၊ ခင်ဗျားတို့တိုက် လုပ်မနေနဲ့'

'တွင်းပိုင်ဟုတ်ပါဘူး မောင်ရာ၊ 'ကံစား' လေးတွေပါဟ'

'အို…မရဘူးဗျာ၊ တိုက်ရမှာပဲ'



'ဒီလိုရှိတယ် ငါ့ညီရ၊ ကိုကြီးတို့မှာက တစ်ယောက်တည်းပိုင်မဟုတ်ဘူး၊ သုံးယောက်၊ ဒီတော့ကာ'

အုပ်စိုးတို့အားလုံး ဝိုင်းဟားပစ်လိုက်ကြတယ်။ သွားပြီး ကိုကြီးထိန် ရှင်းတော့မယ်၊ အတည်ပေါက်ကို ရှင်းတော့မယ်၊ သူ့တမင်တောင်းပေးပြီး ပြောတာလည်း နားမလည်။ သူပြောချင်တာတွေကိုပဲ အတင်းလိုက်ပြောတော့မယ်။ အဲဒီစကားထဲမှာ 'ရွှေ' 'ရွှေ'ဆိုတဲ့ ရယ်စရာစကားလုံးကလည်း ဝေဒဝဆာဆာပါဦးမယ်။

ဩော်…ဂီတကလွဲလို့ လူမှုရေးရာ ဘာမှ နားလည်ရှာတဲ့ ချစ်စရာ ကိုကြီးထိန့်။ အစွဲအလမ်းကလည်း ကြီးပေါ့ဘိခြင်း။ ဒီရွှေသေးတစ်မှုံးသားကို တောထဲမှာတင် ကျင်တဲ့နား လာဝယ်ကြတဲ့ ရွှေကုန်သည်တွေကို ရောင်းလိုက်ပါလား၊ မဟုတ်ဘူး၊ ဒီညောင်နီပင်ရွာ ကားလမ်းမဘေးမှာ ဆိုင်ဖွင့်ထားတဲ့ သူ ရောင်းနေကျ ဖောက်သည် မိန်းမကြီးဆီမှာ ရောင်းတယ်။

အဲဒီ မိန်းမကြီးက သူ့အမေနဲ့ ရင်းဆင်းလို့တဲ့ ဂီတသမားမျှား စိတ်နှလုံးနူးချက်တော့ကွာ၊ ဟင်း… ဟုတ် သူ့အမေကြီးက ရောင်းနေကျမို့ ပေါက်ဈေးထက် ပိုပေးတယ်၊ ပိုပေးတယ်နဲ့ လုပ်လွှတ်လိုက်ပါလိမ့်မယ်။ ရှင်းရှင်းလေးလုပ်ပြပါလိမ့်မယ်။

ကိုကြီးထိန်ရယ်၊ ခိုင်ကြီးရယ်။ အောင်တင်တို့သားအဖ ရှေ့က စပ်တူလုပ်ကြတဲ့ 'ကံစား'တွေ။ အတူတူ တူးမယ်၊ လုပ်မယ်၊ ကျင်မယ်၊ ကံပေးသမျှ ရလာတဲ့ ရွှေကို စားမယ်

ဆိုတဲ့သဘော။ ဒီတစ်ကျင်းဖောက်လို့ မရဘူးဟော့ဆိုလည်း ကံပေါ့။ မစားရရှိပေါ့။ နောက်တစ်ကျင်း ဖောက်ပေါ့။ ရလာရင် ကျင်မယ်။ ဒီနေ့ ကျင်လို့ ရသမျှ ရွှေကို ဒီနေ့ ရောင်းပြီး လေးပုံအညီအမျှခွဲ။ နောက်နေ့ ကျင်တာကျ နောက်နေ့ရောင်းပြီး ခွဲပေါ့။

'မျှောတစ်မျှောကို လေးယောက်လုပ်ရတာ တထယ် မလွယ်တာ၊ အုပ်စိုးရေ၊ အောင်တင့်အဖေကြီးလဲ အသက်ကြီးတော့ ညာရသေးတာ၊ လူနည်းတော့ အလုပ်မတွင်ဘူးကွာ'

'ဒါကြောင့် ငင်းတို့နှစ်ယောက်တို့နဲ့ လာပေါင်းဆိုတော့ကွာ'

ခိုင်ကြီးရဲ့ အညည်းစကားအဆုံးမှာ ကိုကြီးထိန်က အုပ်စိုးတို့ကို ခေါ်ပြန်တယ်။

'တော်ပြီဗျာ၊ ကိုယ့်ဘာသာ နေ့စားလေးလုပ်နေတော့မယ်၊ ဒါသေချာတဲ့အလုပ်ဗျ'

'သဘောကွာ၊ သဘော....သဘော၊ မင်းတို့နှစ်ယောက် ငါ့ကို လေးယောက် ရွှေတစ်ပိဿာ ချပ်ကြီးရလို့ ဝေယူတော့မှ သွားရည်မကျနဲ့'

'အမယ်လေး....အမေရေ— ရွှေတစ်ပိဿာတဲ့'

ခိုင်ကြီး ၁ အားမလိုအားမရ ထအော်တယ်။ ဟော.... ရောက်ပါပြီ၊ ညောင်နီပင် ကားလမ်းမ။ တောထဲမှာတင် စည်သလား မအောက်မေ့နဲ့။ ဒီကားလမ်းမမှာလည်း လူတွေ တိုးမပေါက်ဘူး။ နေတောင် သိပ်မစောင်းသေးဘူး။

ကိုတန်ဟုန်တဲမှာလည်း လူတွေ စည်နေပြီ။



အုပ်စိုးတို့ တောထဲမှာကျ ရွှေသမားတွေ အကျင့်ကလည်း ချို။ တောထဲမှာတင် အရက်၊ ထမင်းဟင်း၊ စားစရာ ကုန်ရ။ ဝယ်ချင်ရာအကုန်ရပေမယ့် ညနေဆိုဒီကားလမ်းမ ဘကူးတက လာသောက်၊ လာစား၊ လာဝယ်ကြတယ်။ က်ပိုင်းပဲ တောထဲမှာတင် စားကြ၊ သောက်ကြတာ။

အင်း—တစ်နေ့ကုန် တောထဲ အောင်းနေရတော့လည်း းလမ်းမဘက်ထွက်ချင်တာပေါ့လေ၊ စိတ်ကလည်း ညောင် င် ကားလမ်းမက ကိုတန်ဟုန် အရက်ကမှ ပိုငံတယ် င်သလိုလို။ ကိုတန်ဟုန် ခေါက်ဆွဲကြော်၊ ထမင်းကြော် ပိုကောင်းတယ်ထင်သလိုလို။ ရန်ဖြစ်တာတောင်မှ မီး ထိန်နေတဲ့ ညောင်နီပင် ကတ္တရ လမ်းမပေါ်မှာ ရန် ရဘာက ပိုကောင်းသလိုလို။

'ဟော့....ဟော့၊ မပြေးနဲ့ ချကွ'

'ရဲလာပြီဟော့'

ဟော....ပြောရင်းဆိုရင်းကိုပဲ၊ ကားလမ်းမပေါ်မှာ အရ ရှိရှိ၊ ရန်ဖြစ်ကုန်ကြပြီ။ လုံးထွေး သတ်ပုတ်ကုန်ကြပြီး

'ဘယ်သူတွေတုန်းကွ'

ရန်ပွဲဆိုတာနဲ့ သွေးဆူတတ်တဲ့ အုပ်စိုးကို သိုက်ထွန်းထ က်ခမောင်းဆွဲခေါ်တယ်၊

'လာစမ်းကွာ၊ ဘယ်သူတွေဖြစ်ဖြစ်၊ ဟိုမှာ ကံကြီးထိန် မေ့ဆိုင်တောင် သိမ်းတော့မယ်'

ကားလမ်းဘေး ဆိုင်ခန်းတွေကြားထဲမှာ ရွှေဝယ် ဆိုင်လေးတွေ အစီအရီ ရှိတယ်။ သူတို့ ဆိုင်လေး မှာ စားပွဲခုံလေး တစ်ခုံ ရှိမယ်။ အဲဒီ စားပွဲခုံလေးပေ မှာ ရွှေချိန်တဲ့ ချိန်ခွင်မှန် သေတ္တာလေး တင်ထားတယ

အဲဒီချိန်ခွင် သေတ္တာနောက်မှာ ခုံရှည်ခင်းပြီး ရွှေ ထည်အ ထိုင်နေတယ်။ သူ့ဘေးက ခုံရှည် ပေါ်မှာတော ရေနွေးဓာတ်ဘူး၊ ရေပုလင်း၊ ထမင်းချိုင့်၊ လက်ဖ အစ်တွေစီသို့၊ သူတို့က ပစ္စည်း အပြည့်အစုံနဲ့လာတာ။ ဒီ စားစရာတွေ ဘယ်တော့မှ မစားဘူး၊ ရေလည်း မသော ဘူး၊ ငှက်ဖျားဖြစ်မှာ ကြောက်လို့လေ။

ကြောက်လို့သာ ကြောက်တာပါ။ သူတို့က ဒီမှာလည် ညအိပ်ညနေ နေတာလည်း မဟုတ်ဘဲနဲ့။ သူတို့က မန္တလေ တို့၊ မတ္တရာတို့က လာကြတာ၊ နတ္တရေဆို မနက်လာ ညနေ ပြန်။ မန္တလေးက ကုန်သည်တွေကျတော့ ညောင်နှိပ် လေးငါးခြောက်မိုင်ဝေးတဲ့ ရွာကြီးမှာတည်းပြီး မနက်လာ ဆိုင်ဖွင့်၊ ညနေပြန်တာပဲ။

'ဟော.... ယာကြပလား သားတို့၊ အမေတော့ သိမ်း နေပြီ။ လာ၊ လာ၊ မြန်မြန်လေး'

ကိုကြီးထိန်မှာ ဟိုအဘွားကြီးက ခေါ်ကာ ရှိသေး သူ့မယား အိတ်ထောင်ထဲက ရွှေထုပ်ကိုနှိုက်ရာ ပျာနေတာပဲ။ ကိုကြီးထိန်လက်ကိုင်ပဝါ ထောင့်စွန်းနဲ့ ထောချာထုပ်ထားတ ရွှေလုံးလေးက သေးသေးလေး။



'နည်းနည်းလေးပဲကွယ့်၊ သားတို့ကား ပေးပေး၊ ဟိုမယ် ဒ် ဒီနေ့ပေါက်စျေး'

အဘွားကြီးက သူ့ဆိုင်ရှေ့ ထောင်ထားတဲ့ ဘော သေးသေးလေးပေါ်ကို မေးဆတ်ပြတယ်၊ ယနေ့ ရွှေစျေး ၄၅ ကျပ်တဲ့။ အဲဒီ စျေးက ရွှေးကြီး တစ်ရွေးကို ပြောတာ၊ ရွေးလေးနှစ်လုံးကို တစ်ရွေးကြီးလို့ခေါ်တယ်၊ ၁၄၅ ကျပ် တာက တစ်ရွေးကြီးကို၊ တစ်ရွေးလေးစျေးဆို ၇၂ ကျပ်ခွဲ ပါ။

အဘွားကြီးက ရွှေလုံးလေးကို ချိန်ခွင်ပေါ် တင်တယ်။ စပ်က 'ရွှေးကြီးတောင် ရှိပါ့မလား မသိဘူး' ဆိုပြီး ရွှေးကြီးစေ့ တစ်စေ့ တစ်ဘက်ချိန်ခွင်ထဲ ထည့်တယ်၊ ကွာ။ တစ်ရွေးကြီး မပြည့်ဘူးဟ။

အဘွားကြီးက ရွှေးကြီး ဖယ်ပြီး ရွှေးလေး ထပ်ထည့် ယ်၊ ဒါကျတော့လည်း မကပြန်ဘူး၊ ရွှေဘက်ကို အတော် ား သာနေပြန်ရော။

'ဘယ်လိုဟာလည်း သားတို့ရဲ့၊ ရွှေးကြီးမရှိ ရွှေးလေး ကဲ။ ဆန်စေ့နဲ့ပဲ ချိန်မယ်နော်'

အောင့်ထားတဲ့ သက်ပြင်းကို အုပ်စိုး မှုတ်ထုတ် လိုက်မိ ၊ အဘွားကြီးကဆန်စေ့တွေတစ်စေ့ပြီးတစ်စေ့ ချိန်ခွင် ါ်တင်တယ်၊ တစ်စေ့၊ နှစ်စေ့၊ သုံးစေ့၊ လေးစေ့၊ လာ ပြီ၊ ဆီစိမ်ဆန်စေ့တွေ။ အလေးကြီးအောင်လုပ်ထား ဆန်စေ့တွေ။ အလေးခိုးထားတဲ့ ဆန်စေ့တွေ။

ဒါ ရွှေတောကုန်သည်တွေရဲ့ လုပ်နည်း လုပ်ဟန် တစ်
ဒီမှာက ရွှေကို တစ်မှုန်ရလည်း လာရောင်း၊ နှစ်မှုန်ရ
လာရောင်းဆိုဘော့။

သူတို့က အလေးကို တီထွင်လိုက်တာလေ၊ ဆန်
ချိန်ဝယ်တယ်။ ဆန်စေ့တစ်စေ့ဆိုလည်းလာခဲ့ ရ
ဆန်စေ့တစ်ဝက်ဆိုလည်းလာခဲ့ ရတယ်။ ဆန်စေ့တ
ကျိုးနဲ့ ချိန်ပေးတယ်။ သူတို့ သတ်မှတ်ချက်ကဆန်တစ်
ခြောက်စေ့ကို တစ်ရွေးကြီးလို့ သတ်မှတ်တယ်။ ဆ
စေ့ဆို ရွေးလေးတစ်ရွေးပေါ့။

ဒီတော့ တစ်ရွေးကြီးကို ပေါက်ဈေး ၁၄၅ ကျပ်
ဆန်တစ်စေ့အတွက် ဈေးဟာကိုးကျပ်ကျော်လေးပေါ့
စေ့တစ်ဝက်ကို လေးကျပ်ခွဲပေါ့။ ဒါပေမယ့် သူတို့က
ကို ဆီစိမ်ထားတယ်၊ ပိုပြီးကြီးလာအောင်လေ၊ ဘာ
နိုင်မှာလည်း။ ရောင်းစရာလည်း သူတို့ပဲ ရှိတာကို။

အဲ့ဒီ ဆန်တစ်စေ့ ဆန်စေ့တစ်ဝက်၊ ရောင်းတဲ့
ဘူး မထင်နဲ့ အများကြီးရှိ။ ဘာလို့လည်းဆိုတော့
မျောက ထွက်သမျှဟာလေး၊ လာရောင်းရတဲ့ သူ
တချို့မိန်းမသက်ခေတ်အလုပ်သမတွေ အနေနဲ့ မျော
က သူတို့မကျင်တော့ဘူးဆိုတဲ့ အင်ရွှေထိုးပြီးသား မြ
ရွှေတောအခေါ် 'အင်ချိုး' တဲ့။ အဲဒါတွေကို သူတို့ပေး
သူတို့ခွက်ထဲ ထပ်ပြီး အင်ဝိုင်းနဲ့ အထပ်ထပ် အခါခါ
ပြီး ရလာတဲ့ ဆန်တစ်စေ့စာ၊ နှစ်စေ့စာကို လာရော



ကြတာ။ ဆန်တစ်စေ့ကိုးကျပ်။ နှစ်စေ့ဆိုဆယ့်ရှစ်ကျပ်လေ၊
ဘာပြောပြော ဈေးဖိုးတော့ ရတာပဲ။

ဆန်စေ့တစ်ဝက်ရောင်းတဲ့ သူတွေကျ ကလေးတွေ။ ရွှေ
သမားတွေရဲ့ မိသားစုထဲက ကလေးတွေက သူတို့လည်း
ဒီတောထဲမှာ စာမသင်ရ ဘာမသင်ရနဲ့ ဘာမှ လုပ်စရာမရှိ
တော့ လူကြီးတွေဆီက အတုမြင် အတတ်သင်ပြီး၊ ဘယ်သူမှ
မကျင်တော့တဲ့ 'အင်ချိုး' တွေကို 'အင်ဝိုင်း' လေးတွေ
ကိုယ်စီနဲ့ လိုက်လိုက်ကျင်ကြတာ။ ဆန်စေ့တစ်ဝက်ရရင် သူ
တို့အတွက် မုန့်ဖိုးလေးကျပ်ခွဲရတယ်လေ။ သူတို့ မုန့်ဖိုး သူတို့
ဟာ သူတို့ ရှာကြတာ။

'ကဲ…ပိုက်ဆံရော…သားရေ၊ တစ်ရာသုံးဆယ့်ငါးကျပ်
နော်၊ ဆန်စေ့ဆယ့်ငါးစေ့အတွက်။ ဟုတ်ပလား'

ကိုကြီးထိန်ကတော့ ဟုတ်…ဟုတ်ဆိုပြီး ခေါင်းညိတ်ယူ
တာပဲ။ ဒီအတွားကြီး ဟုတ်တော ဟုတ်ရဲ့လား မသိ။
အများအားဖြင့်ကတော့ ရွှေသမားက သိပ်မတွက်တတ်ကြ
ဘော့ ကျပ်လေး မြားလေး စွန်းတာဆို သူတို့အုပ်ကြတာ
များတယ်။ ရွှေကုန်သည်တွေမို့ ကျပ်လေးမြားလေး မလုပ်
ဘူးမထင်နဲ့။ တစ်ယောက်တစ်ကျပ်ဆို ဆယ်ယောက်တစ်ဆယ်
လေ။ ဆန်တစ်စေ့ဖိုး။ သိပ်လုပ်တာပေါ့။

တကယ်ပါပဲကွာ။ အုပ်စိုး စိတ်ထဲဖြင့် သူတို့က ပိုက်ဆံ
ပေးဝယ်တာပေမယ့် ဟိုတောထဲမှာ ကျွဲတွေ၊ နွားတွေလို
တစ်နေကုန် ရေစိမ်ပြီး အသက်နဲ့ရင်း ရှာထားရတဲ့ ရွှေစ
လေးတွေကို သူတို့လက်ထဲ အလကား၊ မတရားထည့်လိုက်ရ

အလိုပဲ။ ကိုတင်ဦး ပြောတယ်။ သူတို့ သိပ်မြတ်တာတဲ့၊ အထူးသဖြင့် ဒီညောင်နီပင်ရွှေကြက် ရွှေအရည်ကောင်းတဲ့၊ ဈေးကောင်းပေးသတဲ့။

အင်း လေ…. ဈေးကောင်းဟာ မကောင်းတာက သူတို့နဲ့ဆိုင်တာပါ။ ဒီရွှေထောမှာတော့ ဈေးအတွက်အကျရှိတယ်ဆိုပေမယ့် ဈေးတက်လို့ကို မရှိပါဘူး။ ရွှေအရမ်းများလို့ အရောင်းများပြီဆို ဈေးက ကျပြန်ရော။ ၁၄၅ ကျပ်ဈေးနဲ့ တန်းနေတာကို ကြာပါပြီ။

ဟင်း… ရွှေချပ်ကြီးများ ငါရရင်တော့လား၊ ဒီမှာ မရောင်းဘူး။ ရန်ကုန်တက်ရောင်းမယ်။

'ကဲရော့… အောင်တင်၊ ခြောက်ဆယ့်ခြောက်ကျပ်၊ မင်းတို့သားအဖအတွက်၊ ခိုင်ကြီးရော့… သုံးဆယ့်သုံးကျပ်ပဲ၊ သုံးဆယ့်ငါးကျပ်တန်နေဘ်၊ ဆိုင်ကျအမ်းပြီးငါ့နှစ်ကျပ်ပြန်ပေး ဟုတ်ပလား'

ကိုကြီးထိန်က ပိုက်ဆံကို စနစ်တကျခွဲရင်း သူ့ကျန်တဲ့ ပိုက်ဆံကိုလည်း ရေမှင်းက

'ဟေ့….အတိအကျဆို၊ ငါ့ထဲမှာ ပြားစွန်းတော့ ပိုဦးမယ်ကွ'

လို့ အော်နေသေးတယ်။ အောင်တင်ဆိုတဲ့ လောဘသားက ဗီတစ်ခါ မဆိုဘူး။

'ရပါတယ်ဗျာ၊ သွားမယ်ဗျို့' ဆိုပြီး လာလမ်းလျှည့်ပြန်တယ်။



'ဟေ့ ကောင် အောင်တင် နေပါဦးဟ၊ ငါတိုက်ပါ့မယ်၊ မင်းကလဲ'

'တော်ပြီကွာ… သွားတော့မယ်၊ ဟင်းချက်စရာ ဝယ်ရဦးမှာ အဒေမမျှော်နေလိမ့်မယ်'

အုပ်စိုးက အတင်းခေါ်တာကို မရတော့ဘူး။ အောင်တင် ပြေးပြီ။ တကယ့်ကောင်။ ပိုက်ဆံကို ကျစ်နေအောင် စုတဲ့ကောင်။

'အင်း…အုပ်စိုးရေ ညီလေး၊ ကိုကြီးထိန် မိန်းမယူဖို့ တန်ဘူးထင်တယ်ဟေ့၊ တစ်နေ့ သုံးဆယ်ကျပ်နဲ့ကတော့ ဒီ ကဲ်ဆံကို ရွှေတော အရက်ဖိုး အမြည်းဖိုးရှိတယ်ဟ'

အုပ်စိုး ကိုကြီးထိန်ကို သနားသွားတယ်။ ကိုကြီးထိန့်တို့လို ကံစားတွေဖြစ်လိုက်မှဖြင့် ဒါမျိုးချည်းပဲ။ ကံကြောင့်စားရတယ်ကို မရှိဘူး။ ကံက သူတို့သာ စားသွားတာ။ သူတို့မှာ ကံကို မျှော်ရင်းနဲ့ပဲ နေ့စားအလုပ်သမားလောက်မှ အာမခံချက် မရှိဘူး။

'လာပါ ကိုကြီးရေ၊ ကျွန်တော် အမြည်း ဝယ်ပါ့မယ်၊ ကိုကြီး အရက်ဖိုးပဲထုတ်'

ဘာပဲပြောပြော အုပ်စိုးတို့က ဒီနေ့ သုံးဆယ့် ရလာတဲ့ မြင် ဟိုရှမ်းရဲမျာက ဒီနေ့ ရွှေမြောတွေ တွေ့တဲ့နေ့ဆိုပြီး ဗိုင်းဝဏ္ဏာ ဝမ်းသာအားရနဲ့ တစ်ယောက်တစ်ဆယ်စီ ပေးသေးတယ်။ နက်ဖြန်ကျလည်း ခေါင်းသားထိုးဖို့၊ အသားခွဖို့တွေ အုပ်စိုးတို့ပဲ ဆက်ခိုင်းမှာဆိုတော့ ပိုက်ဆံက သုံး

ရက်ပိုင်း ပေါလေတော့မှာ။ ဒီနေ့ အားလုံးစားမယ့်အမြည်း
အုပ်စိုး ဒကာခံလိုက်ပါမယ်။

ကိုတန်ဟုန်ရဲ့ ဆိုင်ကလည်း ထိုင်စရာ မနည်း ရှာရတယ်။
ဆိုင်ထဲက လူအားလုံးမှု နေကြပြီ။ မျက်လုံးဝေဝေါ၊ အသံ
မည်းမည်း၊ ခေါင်းတုံးပြောင်ပြောင်နဲ့ လူတွေ၊ အိန္ဒိယပ
ကပ်ပုဆိုးတွေ၊ မလေးရှား ဝတ်ပုံဆိုးတွေဒူးပေါ်ပေါ်
တင်ပြီး မူးကုန်ကြပြီ။ ငှက်ဖျားဖြစ်သို့သောက်။ သော
ရင်း ငှက်ဖျားဖြစ်။ ထပ်သောက်။ သောက်ရင်းနဲ့ အရ
သမားဖြစ်။

တောနဲ့ ပီရောစပ်ထားတဲ့ ဖန်ခွက်ကို အငမ်းမရ
နေတဲ့ သိုက်တွန်းကို အုပ်စိုး စိုက်ကြည့်မိတယ်။ ဒီကော
တကယ် ဖျားချင်လို့လား။ သိပ်ကြိုက်နေတာလား။

'သောက်လေကွာ အုပ်စိုး၊ ဘာငိုင်နေတာလဲ'

ခိုင်ကြီးက တံတောင်နဲ့တွတ်တော့မှ အုပ်စိုး ကပျာကယ
မော့လိုက်တယ်။ အား.... ပင်ပန်းတာ၊ ညောင်းတာတွေ
တော့ တကယ် ပျောက်တယ်။ ရှိန်းဖိန်း နွေးထွေးသွား
အရသာကိုတော့ အုပ်စိုးလည်း ကြိုက်သား။

'ကိုကြီးထိန် ဆေးလိပ်သောက်မလား၊ ဘာသောက်မ
'အောင်မယ်.... ဒီဒကာခံ ဒီနေ့ တယ်ရက်ရောနေပါလား
ဟ၊ သောက်မယ်ကွာ သောက်မယ်၊ မာဘိုရိုဟော.... င
အတွက်'

ကိုကြီးထိန် ရွှေလီမွှေ့နဲ့ တွေ့စပြုပြီ။ အုပ်စိုး ကိုကြီးထိ
အတွက် မာဘိုရိုတစ်လိပ်။ သူ့အတွက် ဒူးယားတစ်လိပ်



ဝယ်လိုက်တယ်။ ငါးကျပ်တန်တစ်ရှက် ခုန်ထွက်သွားတယ်။
မာဘိုရို သုံးကျပ်လေ။ ဟိုနှစ်ကောင်ကတော့ အရက်ပဲ
ပိုကြိုက်တဲ့နှစ်ကောင်။ မာဘိုရိုတွေ ဘာတွေ လှည့်ကြည့်မှာ
မဟုတ်ဘူး။

'သွားစို့ဟေ့၊ ပိုက်ဆံရှင်းကြ၊ မိုးသိပ်ချုပ်နေလိမ့်မယ်'

ကိုကြီးထိန်က မာဘိုရိုခဲရင်း ထတယ်။ အုပ်စိုးက ရွှေ
လီမွှေ့တစ်လုံးဖိုး နှစ်ဆယ်နဲ့ အမြည်းဖိုးနှစ်ဆယ် ရှင်းလိုက်
တယ်။ သိုက်တွန်းကလည်း လီဒရှာတစ်လုံးဖိုး ဆယ့်နှစ်ကျပ်
ထုတ်ရှင်းတယ်။ ခိုင်ကြီးနဲ့ ကိုကြီးထိန်က တောနှင်လုံးဖိုး
နှစ်ဆယ် ရှင်းတယ်။ အားလုံး ခုနစ်ဆယ့်ရှစ်ကျပ်။ အဲ....
အုပ်စိုး ထမင်း တစ်ပန်းကန် အမြည်းနဲ့ စားသေးတာက
ရှိသေးတာကော၊ သုံးကျပ်။ သိုက်တွန်းက ထုတ်ပေးလိုက်
တယ်။ အုပ်စိုးမှာရှိတဲ့ လေးဆယ့်ငါးကျပ်က ပြောင်ပြီလေ။
အို.... ပြောင်ပလေစေပေါ့။ ဒီနေ့ကုန်ရင် နက်ဖြန်ကျ ရလိမ့်
မယ်။ ဒါ အဆန်းလား။ ရှာနိုင်ရင် ပေါပါတယ် ငွေက။
မျောတော့ရှိနေသမျှ အုပ်စိုးမှာ ငွေပေါနေမှာပဲ။ ဒီလိုအချိန်
လေးမှာ ငွေအကြောင်း မတွေးချင်ပါဘူး။

ဟော.... ဘယ်လောက် သာယာသလဲ။ ညောင်နီပင်
ကားလမ်းမကနေ ရွှေတောကို ဖွဲဆင်းတဲ့လမ်းလေးက လ
ရောင် မှုန်မှုန်လေး အောက်မှာ ကွေ့ကာ ကောက်ကာ။
ဒီလမ်းကို ပိုပြီး ကဗျာဆန်စေတာက ယိမ်းကနေကြတဲ့ ယိုင်
ထိုးနေကြတဲ့ ရွှေသမားတွေ။

လမ်းလေးပေါ်မှာ တစ်လှမ်းချင်း၊ တစ်လှမ်းချင်း။ ဒီကြားထဲမှာ လမ်းမပေါ် ဘန်လန့်ဖြတ် လဲလျောင်းရင်း လမင်းကို တိုင်တည်နေတဲ့ လူတွေကလည်း ရှိသေးတယ်။ ကဲ— ဒီလမ်းကို ပိုပြီး ကဗျာဆန်သွားအောင် ကိုကြီးထိန် ရေ…။

'ပလွေမှုတ်ဗျာ…. ကိုကြီးထိန်'

အုပ်စိုး အပြောကောင်း နောက်ကျနေသေးတယ်။ ကိုကြီးထိန်က ပလွေပြင်နေပြီ။

'ဘာမှုတ်ရမလဲ ဟေ့ကောင်တွေ'

'အိုး— ခင်ဗျား ကြိုက်တာသာမှုတ်၊ ကောင်းအောင်မှုတ်….'

'သီတာ… ဗီလာ… မြောင်ကာဆီးပေါ်လို့ တောင်ကြီးတွေက အုံ့မှိုင်းရီ×× တောင်ကြီးတွေက အုံ့မှိုင်း—ရီ×× နဂါး… ငွေ့နှင်း ဂူမှန်တွေက×× လွန်ပျော်ပျော်××လွန်ပျော်မြူး ထူးလည်းထူးတဲ့မြိုင်×× ခရီးဝေးလွန်းလို့ လူသူ မရောက်နိုင်×…။

ကောင်းလိုက်တဲ့၊ ပီသိုက်တဲ့၊ ချိုလိုက်တဲ့၊ နွဲ့လိုက်တဲ့ ကိုကြီးထိန် ပလွေသံက တောတန်းတစ်ခုလုံးကို ဖုံးအုပ်ထားတယ်။ ကိုကြီးထိန် ဒီသီချင်းမှုတ်မှဖြင့် ရင်ထဲမှာ ဟိုလွမ်းရတော့မလိုလို၊ ဒီလွမ်းရတော့မလိုလိုကြီး။ အရက်ကလေးက ယစ်ယစ်ဝေဝေ။ လရောင်က မှုန်မွှားမွှား။ ကိုကြီးထိန် ပလွေသံလေးက ချွဲချွဲနွဲ့နွဲ့။ ဒူးယားလေးကိုလည်း ရှိုက်ခါရှိုက်ခါနဲ့။ ဘာနဲ့မှမလဲနိုင်တဲ့ အရသာကွ။



အို— ရွာမှာတုန်းက အုပ်စိုး ခုလိုအချိန်မျိုးဆို ရွာထောင့်ကွေး တစ်နေရာရာကနေ ဇာတိတုယ်ကို လက်ဆန့် ငင်ပြီး အသက်ကို မျှဉ်းရှူရင်း လူရိုက်ဖို့ စောင့်နေရပြီလေ။ ဒီလို အစားကောင်း အသောက်ကောင်းနဲ့ မူးယစ်ဝေဖို့ မပြောနဲ့ အဲလိုအချိန်မျိုးမှာ တစ်ခါတလေ ထမင်းတောင် မစားရသေးဘူး။

'ကိုကြီးထိန် ဘာရျာမှုတ်ဗျာ၊ ကျွန်တော် တအားလှုပ်ရှားပြီး ကပစ်ချင်တယ်၊ ကျွန်တော် ချမ်းနေတယ်၊ ကိုကို မကြိုက်ဘူး၊ မှုတ်ဗျာ'

'သိုက်ထွန်းကလဲကွာ၊ ချမ်းတာ မင်းငှက်ဖျား ထမလို့နေမှာပေါ့၊ တဲကျမှ ဆေးသောက်လိုက်၊ မကနဲ့၊ ဒီသီချင်းလေးက ကောင်းတယ်ကွ'

အုပ်စိုးလို ဒီသီချင်းကြိုက်တဲ့ ခိုင်ကြီးက ကန့်ကွက်တယ်၊ မူးမူးနဲ့ သိုက်ထွန်းက 'မရဘူးကွ' ဆိုပြီး ကိုကြီးထိန် ပလွေကို လှမ်းဆွဲတယ်၊ ဆွဲပေမယ့် အလကား။ ကိုကြီးထိန်က ဘေးဘီကို ဘာမှဂရုမစိုက်၊ မသိတော့ဘူး။ သူ့ဘာသာသူ မွှေဆက်လျှောက်ရင်း၊ ဗီသင်အပြည့်နဲ့ မှုတ်သွားပြီ။

'သိုက်ထွန်း၊ တဲရောက်တော့ စောင်ခြုံ အိပ်ပေါ့ကွာ၊ မသောင်းကျန်းစမ်းနဲ့၊ မင်းကလဲ'

အုပ်စိုး၊ သိုက်ထွန်းကို ဆွဲဖက်ပြီး ခေါ်ရတယ်၊ ဟင်— ဒီကောင် ကိုယ်လည်းမပူဘဲနဲ့၊ တဲ ရောက်ခါနီး ပါပြီလေ။ ခြင်သံ တဝီဝီ ဘုံတောင် ကြားရစပြုပြီ၊ ရွှေတော တစ်ခုလုံးလည်း တိတ်ဆိတ်ငြိမ်သက်စ ပြုနေပြီ။

နှစ်နေရာ သုံးနေရာပဲ ဘက်ထရီမီး၊ မီးစက်မီးတွေ လင်းလက်နေတယ်၊ မျောတူးတာ ရွှေကျင်တာကို ညဆိုင်းနဲ့ လုပ်နေတဲ့သူ တစ်ချို့ ဆီကရယ်၊ ဗွီဒီယို ပြနေတဲ့ နေရာတရယ်၊ ပွဲစိုင်းနဲ့ ဂျင်ဝိုင်းတွေဆီကရယ်။ ဘိန်းခင်းထဲနဲ့ မိန်းမတွေရှိတဲ့ တဲတွေမှာရယ်ပဲ မီးလေးတွေ လင်းနေတော့တာ။

လုပ်ခစား ရွှေသမားတွေကတော့ ဒီအချိန်မှာ ဘာမှ မသိတော့ဘူး၊ နေ့ခင်း အလုပ်ဒဏ်တွေနဲ့မြေမွေ့ရာတွေပေါ်မှာ တုံးထိုးထားသလို အိပ်ပျော်နေကြပြီ။ မလုံ့တလုံ ခြင်ထောင်လေးတွေထဲကို ခြင်တပ်ကြီး ဝီဝီ ဝင်ကိုက်နေလည်း သူတို့မသိတော့ဘူး။ ညနက်လို့ ဖဲဝိုင်း၊ ဂျင်ဝိုင်းတွေက ခေါ်ထိုးပွဲ၊ ရန်ဖြစ်ပွဲတွေ ကျင်းပလည်း မသိတော့ဘူး၊ မျောတွင်းတွေနားမှာ သတ်ကြ၊ ပုတ်ကြ၊ ဆူညံကြလည်း မသိတော့ဘူး။

'သိုက်ထွန်းရေ့၊ ဟို ကိုယ်တော်မြတ်ကြီး ပြန်ရောက်နေတယ်ဟ'

မီးခွက်လေးထွန်းပြီး တဲထဲမှာ ထိုင်နေတဲ့ ကိုတင်ဦးကိုတောင် သိုက်ထွန်း မကြည့်နိုင်တော့ဘူး၊ ခေါင်းငိုက်စိုက်ကျပြီး တစ်ကိုယ်လုံး တုန်စပြုနေပြီ။ ဒုက္ခပါပဲ၊ ဒီကောင် ငှက်ဖျားစပြီထင်တယ်။

'ကိုတင်ဦးရေ၊ သိုက်ထွန်းတော့ ဖျားပြီဗျို့၊ တုန်နေပြီ'

'ငှက်ဖျားပဲကွာ၊ တုန်တာပေါ့၊ ဘာဖြစ်လဲ'

ကိုတင်ဦးက ဖွာနေတဲ့ မဘိုဒီကို ထောင်းချပြီး သင်ဖြူးခေါင်းအုံးလေး၊ ပြင်ပေးတယ်။ သိုက်ထွန်းက ဗုန်းခနဲ



လှဲချလိုက်ရင်း 'အုပ်စိုး စောင်စောင်'တဲ့၊ ငပျာကယာ အုပ်စိုးက ရှိတဲ့ စောင် သုံးထည်ကိုထပ်ခြုံပေးတော့ ကိုတင်ဦးက

'ဟော့ကောင်၊ စောင် ဆယ်ထပ်တင်ရာထပ်လဲ မရဘူး၊ ထုပ်ပနေနဲ့ နေဦး'

ကိုတင်ဦးက လက်နှိပ်ဓာတ်မီးလေးနဲ့ အပြင် ထွက်သွားတယ်။ ဘယ်ပါလိမ့်။ ဆေးခန်းတွေဘက်များ ဆေးသွားယူတာလား၊ ဆေးခန်းတွေလည်း ဒီအချိန် ပိတ်ပါပြီ။ သူသိတဲ့ ဆရာဝန်ကိုများ သွားနှိုးတာလား မသိ။ သိုက်ထွန်းကတော့ တအားတုန်ပြီး အော်နေပြီ။ မြသာနှာပဲ။ ဆေးခန်းအတန်းက ဓီကနေ တော်တော် လှမ်းသေးတာ။

ခုချိန်လောက်ဆို ဆရာဝန်တွေ အင်္ဂလိပ် ရုပ်ရှင်ထဲက ကြက်ထည့်တဲ့လို ဟာမျိုး သူတို့ဆေးခန်း ပလပ်စတစ်မိုး၊ ဓာတ်မိုး တဲလေးတွေထဲမှာ အိပ်ပျော် လောက်ရောပေါ့။ ပါပေမယ့် ညနက်ရင် ဖြစ်တတ်တဲ့ရန်ပွဲတွေက ထိခိုက်ဒဏ်ရာတွေကိုစောင့်ရင်း မအိပ်သေးတဲ့ ဆရာဝန်နဲ့ တွေ့လာရင်တော့ လည်း မဆိုးပါဘူးပေါ့။

'ဟဲ့ကောင်လေး သိုက်ထွန်း၊ အော်လှချည် လားဟ။ ဆေးလာပြီ ကောင်လေးရေ'

ကိုတင်ဦးက ပြောပြောဆိုဆို လက်ထဲမှာ အရွက်တွေ ကိုင်ရင်း တဲထဲ ဝင်လာတယ်။ အုပ်စိုးသိတယ်၊ ရေသကြီး ရွက်တွေ။

'အုပ်စိုး ပုလင်းလေးထဲ ဆား ရှိသေးလား၊ ကြည့်စမ်း။ အားပေး။ ရှိသလောက် ဒီခွက်ထဲထည့်'

ရေခွက်သေးလေးထဲမှာ ရေသကြီး ရွက်တွေနဲ့ ဆားတွေနဲ့ ကြိတ်ချေပြီး နယ်တယ်၊ အရည်ထွက်လာတော့မှ ကိုတင်ဦးက....

'ကဲ....အုပ်စို၊ မင်းက ဒီကောင့် လက်နှစ်ဘက်ကို နိုင်အောင်ချုပ်ထား၊ မျက်စဉ်း ခတ်ရအောင်

'ဘာလဲကွ၊ ဘာလုပ်မလို့လဲ၊ ဟီး...ဟီး ချမ်းတယ်ကွာ'

သိုက်ထွန်းက သူ့လက်တွေကို ရုန်းနေတယ်၊ ကိုတင်ဦးက အုပ်စိုးကို မျက်ရိပ်ပြပြီး။

'ဟော့ကောင် သိုက်ထွန်း၊ ဖွင့်စမ်း မျက်လုံးတွေကို ဖွင့်...ဖွင့် ဆိုပြီး အရည်တွေ လောင်းထည့်လိုက်တယ်။

'အောင်မယ်လေးဗျ၊ အောင်မယ်လေး၊ အုပ်စိုး အုပ်စိုး ငါ့မျက်စိတွေ ကန်းကုန်ပြီကွ'

'ကန်းပစေကွာ၊ စောက်ကဲပါတဲ့ မှိုသား'

သိုက်ထွန်း စပ်လိုက်သမှ ငဖယ်ပျံသလို တွန့်တွန့်လူးနေတယ်။ ခဏနေတော့ တစ်ခါ ထပ်ခတ်ပြန်တယ်။ သိုက်ထွန်း 'အမေလေးအဘလေး' တကြိမ်း ချွေးသီး ချွေးပေါက်တွေ ကျလာတယ်။ အတုန့်သည်း ရပ်သွားတယ်၊ ပါးစပ်ကတော့ 'အမေလေးဗျ....အမေလေးဗျ' ထအော်တုန်း။

'ကဲ...ဟော့ကောင် အိပ်တော့၊ မင်း ကောင်းသွားပြီ နောက်တစ်ခါ ထချင်လဲ ဒီလိုပဲ ခတ်၊ နောက်ပြီး မနက်ကျ ဟိုဆေးကျိုတိုက်လိုက်စမ်းကွာ အုပ်စိုး၊ စိတ်ချင်းရယ်၊ ထန်းလျက်ရယ်၊ ဂျင်းရယ်၊ ဇာတိပ္ဖိုလ်ရယ် သုံးခွက်တစ်ခွက်



ကျိုပြီးတော့ တိုက်လိုက်၊ ကောင်းတယ်၊ တော်ရုံ ငှက်ဖျား တော့ရသေးတယ်'

ဘော်ပါခေသးရဲ၊ ကိုဘင်ဦး ရှိပေလို့။ နို့မို့ဆို အုပ်စိုး လည်း ဘာလုပ်လို့ လုပ်ရမှန်း သိမှာ မဟုတ်ဘူး။ ဟိုဆေး ခန်းတွေပဲ ခေါ်ပြေးမှာ။

'မနက်ကျ ဆေးခန်းလဲ သွားလိုက်မယ်လေ၊ ကိုတင်ဦး'

ကိုတင်ဦးက မဘိုဗိုတစ်လိပ်ကို ထပ်ညှိနေရင်းကခေါင်း အမ်းပြတယ်။

'မသွားနဲ့၊ ဒီတဲတော့ မသွားနဲ့၊ မင်း သွားချင် ညောင်ပင်ကားလမ်းမက ဆေးခန်းသွား'

'ဒီထဲ ဘာလို့လဲဗျ'

'မင်းကလဲ ဒီထဲက ကောင်တွေ အကုန်လုံး ရမ်းကုချည်းပဲ၊ ကွန်ပေါင်ဒါပြုတ်တို့ ဆေးစပ်ဆရာပြုတ်တို့၊ ဆေးရှုးပြုတ်တို့၊ ဆေးကျောင်းက ပြုတ်တဲ့ ကောင်တွေဟ'

'ဟာ...မဟုတ်သေးဘူးထင်တယ်ဗျ၊ ခင်ဗျားသူတို့ ဆိုင်းဘုတ်လေးတွေမှာ အင်္ဂလိပ်လိုဘွဲ့တွေရေးထားတာတစ်သီကြီးဗျ၊ ပြီးတော့ ခင်ဗျာ ဆေးထိုးအပ်လဲ ကိုင်ထိုးပေးနေတာ ဥစ္စာ၊ ဒီတောထဲက လူတွေ အကုန်သွားနေကြတာပဲ'

'ဟ...အုပ်စိုးရေ၊ ဆိုင်းဘုတ်ပေါ် ဝင်တာမြင်တာအကုန် ရေး၊ ငါတို့က ဘာသိမှာလိုက်တို့၊ ချီးထဲ့မှ ဆေးထိုးအပ် တော့ ဒီကောင်တွေ ကိုင်တတ်တာပေါ့ဟ၊ အစိမ်းမှမဟုတ်

တာ၊ ဆေးလဲ နည်းနည်းပါးပါးတော့ ပေးတတ်တာပေါ့
ပြီးတော့ မင်းတို့ တောထဲက သိပ်လွယ်တယ်၊ တခြားရော
သိပ်မရှိဘူး၊ ငှက်ဖျားပဲရှိတာ၊ ငှက်ဖျားဆေးပေးတတ်ရင်
ပြီးနေပြီ၊ မင်းနှယ်....ဒီကောင်တွေ ဥပမိရုပ်တွေ ကြည့်ပါ
လားကွာ၊ ဆရာဝန်ရုပ်တွေမှ မဟုတ်တာ၊ ဈေးက နင်းကန်
ယူ၊ ပျောက်အောင်လဲ မကုဘူး၊ သူတို့က ပြောအားရှိ
တယ်လေကွာ၊ ဒီထဲနေ ဒီခြင်ကိုက်၊ ဒီရေသောက်နေတော့
ပြန်ဖြစ်မှာပဲတဲ့၊ ငါတုန်းကလဲ ဒီလိုပဲပြောတာ၊ ငါနောက်
ကျတော့ ကားလမ်းမက ဒေါက်တာ ဆောင်ကျော်ဦးဆေး
ခန်းသွားရတယ်၊ သူက အရင် တို့မြို့မှာတုန်းက မြို့နယ်ဆရာ
ဝန်ကွ၊ ငါသိဘယ်၊ ဒီထဲက ကောင်တွေ အကြောင်း မေး
ကြည့်တော့ သူက ပြောပြတယ်၊ သူလဲ ထင်နေတယ်တဲ့၊
ဘယ်ခုနှစ်ကဆင်းတာလဲတို့ ဘာတို့မေးရင် ယောင်တိယောင်
ဝါးနဲ့ပဲတဲ့၊ ဒီထဲက ဆေးမှူးပြုတ်တစ်ယောက်ကလဲ သူသိ
နေတယ်၊ ကြာတော့ မပြောတော့ပါဘူးဗျာဆိုပြီး နောက်
သိပ်မပြောတော့ဘူး၊ ငါဟာငါ ဆက်ပြီး လေ့လာနေရင်း
သိ....သိလာတယ်ကွ’

‘ခင်ဗျားကလဲ ဒီထဲမှာ နေ့ဆို ရဲတွေ လာလိုက်၊ တော
ခေါင်းတွေ လာလိုက်၊ စစ်လိုက်ဆေးလိုက်တွေ လုပ်နေတာ
ပဲဟာ’

‘ဝေးတယ်ကွာ၊ မင်းကလဲ ရဲတွေ တောခေါင်းတွေက
စစ်လဲ၊ စာရွက်ထုတ်ပြမှာပေါ့ကွ၊ ပြီးတော့ ဆရာဝန်ကို
သူတို့ ဘယ်နားလည်မလဲ၊ ဘယ်စစ်နေတော့မလဲ’



တော်ပြီ။ ဟုတ်ချင်ဟုတ် မဟုတ်ချင်နေ။ ဒီပဲသမားနဲ့
င်းမငြင်းတော့ဘူး။ သူ့ဟာသူ ဘာပြောပြော လူမမာ
ပြီး ကားလမ်းမထိတော့ မထွက်နိုင်ဘူး။ နိုးနိုးနွားနွား
ပဲပြုမယ်။ အုပ်စိုး ခေါင်းအုံးတစ်လုံးနဲ့ စောင်တစ်ထည်
ပြီး သိုက်တွန်းဘေးလှဲအိပ်လိုက်တယ်။ ခြင်တွေမဲနေအောင်
နေတဲ့ တဲမိုးကို မော့ကြည့်နေမိတုန်း အမိုးပေါ်ကို
က် ဖောက်နဲ့။ ဘာလဲဟ...မိုးလား။

‘ဟ....မိုးတွေ တာတွေကျလို့၊ မိုးနိုးပဟေ့’

ကိုတင်ဦးက ပြောပြောဆိုဆို အုပ်စိုးဘေး ခေါင်းအုံးချ
လှဲအိပ်တယ်။

‘မိုးတွင်းကျ ကျွန်တော်တို့ ဘယ်သွားနေကြမလဲဟင်၊
တင်ဦး’

‘မပူစမ်းပါနဲ့ကွာ၊ အေးအေးအိပ်စမ်းပါ၊ အရှေ့ဘက်
ောင်ပေါ်ရှိတယ်လေကွာ၊ တောင်ပေါ်ချောင်း ဘယ်သူမှ
တဲ့ နေရာမှာ မင်းတို့က မျောကြီးတိုက်ကြ၊ ငါကဖဲလည်
မယ်’

တောင်ပေါ်ချောင်းတဲ့။ ဟုတ်ပါ့မလား။ မသိဘူးလေ။
ာထဲမှာတော့ မိုးတွင်းဆို တွင်းတွေထဲ ရေပြည့်လျှံပြီး၊
မှလုပ်လို့ မရတော့ဘူး၊ ပြန်တဲ့သူလဲပြန်ကြပေါ့၊အိုကွာ၊
ဖြစ်ဖြစ်ပေါ့၊ ယေစကျွားပဲ၊ အုပ်စိုး မျက်လုံးမှိတ်လိုက်
ယ်၊ ငြိမ်တိတ်နေတဲ့ ပတ်ဝန်းကျင်မှာ ခြင်သံဝီဝီနဲ့ ဘေး
က တဲတွေက နာတာရှည် ငှက်ဖျားရောဂါသည်တွေရဲ့
ည်းညူသံတွေ၊ ပြီးတော့ ခုချိန်ထိ ငွဲနဲ့မှုတ်နေတဲ့ ကိုကြီး

ထိန်ရဲ့ ပလွေသံ၊ 'ဖေဖေမပါနိုင် ... တစ်ယောက်တည်း
အသည်းထိတ်စရာ့ စုံမြိုင်စမ်းရေအိုင် ဘယ်ဆီမျှော်မှန်း...
လွမ်းလို့မတွေးတတ်နိုင်... 'တဲ့။

ဝုန်း...ဝုန်း၊ ဝုန်း....ဝုန်းကြွက်စီကြွက်စီအသံတွေကြေ
နားထဲမှာ ဆူညံပြီး အုပ်စိုး လန့်နိုးလာတော့ ပိုးတေ
စင်စင် မလင်းသေးဘူး။ အုပ်စိုး လှုပ်လဲထထိုင် လိုက်တေ
ကိုတင်ဦးက အိပ်တုန်း၊ ဟင်... သိုက်ထွန်းရော ဘယ်မ

'အုပ်စိုး ဟိုမှာ ဘာဖြစ်တယ် မသိဘူးကွ'

ယောဗျာ၊ ရွှေကိုယ်တော်သိုက်ထွန်းက ခုလိုကျအကော
ပါလား။ အင်္ကျီအဝတ်အစားတွေ ကျကျနနဝတ်ပြီး နေ
တဲ့ရွှေ ရောက်နေပြီ။

'မင်း နေကောင်းသွားပလား သိုက်ထွန်း'

'ကောင်းသွားပြီ။ ဘာမှ မဖြစ်တော့ဘူး'

'ကိုတင်ဦးဆေးက ဟုတ် ဟုတ်သေးတော့ကွ၊ နို့မို့ပြ
ညက မင်း မလွယ်ဘူး'

အုပ်စိုး၊ အင်္ကျီ ကောက်စွပ်ပြီး တဲရွှေ ထွက်ခဲ့တယ်။
'မြေခနရာလုပြီး ရန်ဖြစ်တာ နေမှာပဲ'လို့ ပြောရင်း
လူတွေဝိုင်းနေတဲ့ဆီ လျှောက်သွားလိုက်တယ်။



'ဟေ့ ငါတို့ မျက်နှာသစ်တဲ့ မြောင်းပျက်ကြီး နား
ဟ'

သိုက်ထွန်းက ခပ်သုတ်သုတ် ပြေးသွားတယ်။ အုပ်စိုး
ာက်ကလိုက်ရင်း လူတွေကြား ဝင်လိုက်တယ်။

'ဘာဖြစ်တာလဲဗျ'

အဲဒီမယ်၊ အလောင်းကြီး ပေါ်လာလို့ မြောင်းပျက်
မှာ'

ဟင်... ဟုတ်သားပဲ။ ယောကျ်ား အလောင်းကြီးရဲ့ ပုပ်
အဲ့ အနံ့က နှာခေါင်းထဲ တိုးဝင်လာတယ်။

'ဘယ်သူမှန်းလဲ မသိဘူး'

'ဘယ်လိုလုပ် သိနိုင်တော့မှာလဲ၊ မျက်နှာက ပျက်နေပြီ
ာ'

'ရဲသာလိမ့်မယ်၊ သွားခေါ်နေပြီ'

ဆက်မကြည့်တော့ဘဲ တစ်ယောက် တစ်ပေါက် သံတွေ
ကြားကနေ အုပ်စိုး ထွက်ခဲ့တယ်၊ ဒီအဖြစ်တွေက ရွှေတော
ရှိနေပါပြီလေ။ ဒီထဲမှာကလူစုံ၊ ရန်ဖြစ်ရင် ခါးနဲ့
မယ်၊ သတ်မယ်။

ပြီးတော့ မြောင်းပျက်ထဲမှာ ဖျောက်ပစ်ခဲ့တယ်။ ပုပ်မှ
ါ်လာတော့မှ ရဲကသိပြီး လိုက်စုံစမ်းတော့ ဘယ်သူမှန်း
သိတော့ဘူး၊ သေသူရဲ့ မျက်နှာကလည်း ပျက်နေပြီ။
ယ်နှယ်လုပ်တော့မလဲ။

အုပ်စိုး ဒီရွှေတော ရောက်ခါစကလည်း တစ်ခါ။ ဒီလိုပဲ
ျောင်းပျက်ထဲက မိန်းမအလောင်း တစ်လောင်း ပေါ်

လာဖူးတယ်။ အဲဒီတုန်းက မိန်းမ ဘယ်သူဆိုတာ စုံစမ်း
ရသွားပေမယ့် သတ်တဲ့လူတော့ ဘယ်လိုမှမရ နိုင်တော့
ဒီထဲမှာ ရှိနေသေးရင်သာ စုံစမ်းလို့ ပေါ်ချင် ပေါ်
အဲဒီလူက သတ်ပြီး ထွက်ပြေးသွားပြီတဲ့။ ဘယ်လိုလုပ်
မလဲ။ သက်ဆိုင်ရာတွေကို အတော် အလုပ်ရှုပ်ပေးတဲ့ ဦးနှေ
ခြောက်စေတဲ့ ရွှေတော။

ဖဲ့တို့၊ ဂျင်တို့၊ ဘိန်းတို့ စမ်းဦးမလား။ နေ့ပျောက်
မြင်တွေ့၊ နေ့လာရှာ၊ လာဖမ်း၊ မရှိဘူး။ ဘယ်လိုမှ
ဘူး။ ညရောက်ရင်သာ ဟိုနားဖဲဝိုင်း၊ ဒီနား ဂျင်ဝိုင်း၊
နေရာတိန်းခန်း၊ အစီအရီ ပေါ်လာကြတာ။

ခက်တာက ညကြီး၊ ဒီတောထဲကို သက်ဆိုင်ရာက
လိုလုပ် လာပါမလဲ။ လာခဲ့ရင်တောင် သူတို့က အဆင်
ပြေဖို့ ကင်းပုန်းချထားပြီးသား၊ အပိုင်လုပ်ထားပြီးသား

'ဟဲ့ ကောင်လေးတွေ၊ သေနာလေးတွေ၊ လိပ်ပြာ
သွားမယ်လို့ဆိုနေ၊ အမလေး အမလေး ခုထဲကို မျက်
ထိက မတွက်နိုင်သေးဘူးတော့'

လား လား ဘယ်သူရမလဲ။ ကိုကျော်မြိုင် က တော်
မနက်၊ ငိုတစ်လုံး ရီတစ်လုံးနဲ့။ ကောင်း မနက်စောစော
လာခပ်ရင်း သွားတွေ့ပြီ တင်တယ်။ အင်မတန် တစ္ဆေ
ကြောက်တဲ့မိန်းမ။

'ရေလေး တစ်ထမ်းလောက် သွားထမ်းလိုက်ပါတော်
မယားလုပ်တဲ့သူ ပြောတာကို သောက်ရေးတစ်ချက် မစိုး



ဘူး၊ 'တော်သာ သောက်ရေးစိုက်သိုက်ရင် ကျုပ် ဒါကြီးနဲ့ တွေ့ရမတဲ့လား၊ အမလေးနော်'

ကိုကျော်မြိုင်ကတော့ ဆေးလိပ်ဖွာမပျက်။ သူ့ မိန်းမ ဂီဘာသံကို မျက်နှာငယ်လေးနဲ့ နားခံသွား။ အုပ်စိုး သိုက်ထွန်း ကိုခေါ်ပြီး တဲဆီ ပြန်လျှောက်လာခဲ့တယ်။

'သွားမှကွ၊ ငေးနေသဲ အပိုပဲ။ အလုပ်က ရှိသေးတယ်။ မင်း ဒီနေ့ ဘယ့်နှယ်လဲ၊ လုပ်နိုင်ပါ့မလား။ ခေါင်းသား ဆက်ထိုးရမှာ၊ အသားထည့်ရမှာ'

'ရပါတယ်ကွ မင်းကလဲ၊ ကဲ... တို့မျက်နှာ ဘယ်မျှော သွားသစ်ကြမလဲ'

ဟုတ်သားပဲ။ သိုက်ထွန်းပြောမှ အုပ်စိုး ရင်ထဲ မျို့တက် လာသလိုပဲ။ ဒုက္ခပါပဲ။ အရင်နေ့တွေက မီအလောင်းကြီး ပေါ်မှလာမချင်း ဗီရေတွေကို အုပ်စိုးတို့တတွေ ချိုးကြ သောက်ကြ။ ထွီ — !

'သွားစို့ကွာ၊ လက်ဖက်ရည်ဆိုင်က တောင်း သစ်ရ အောင်'

အုပ်စိုးတို့ လက်ဖက်ရည်ဆိုင်တန်းဘက် ထွက်လာခါရှိ သေး၊ နောက်ကနေ စီခနဲအသံ ကြားရပြန်ပြီ။ ဒေါ်သတကြီး အသံတွေနဲ့ စုရုံး စုရုံးလူတွေ။ ဒါကလဲ စောစောစီးစီး ရန် ဖြစ်ပွဲနဲ့ တူရဲ့။

'ဟာ...ဟိုဟာ၊ အောင်တင် မဟုတ်သားဟ... အုပ်စိုး'

'အေးမောင် ရစ်ဘတ်မှာ ဒဏ်ရာကြီးနဲ့ဟ'

အောင်တင်ကို သူ့အဖေ ဦးဘခွေးကြီးနဲ့ လူတစ်ယောက်က ဆွဲထားတယ်။ ဒီကောင်က သူ့ရှေ့က လူကို ဒေါသတကြီးနဲ့။ ရင်ဘတ်မှာ သွေးတွေ ရွှဲနေသလို ကိုယ်အောက်ပိုင်းတစ်ပိုင်လုံးလည်း ရွှံ့တွေ အလူးလူးနဲ့။ သူ့ရှေ့က လူမှာလည်း ရွှံ့တွေနဲ့ပဲ။

'ခိုးတူးတဲ့ကောင်က လူပါးဝလို့ကွာ၊ မင်းက ငါ့လုပ်ချင်သေးလို့လား၊ ဟေ့ကောင်'

'အဖေ ဖယ်စမ်းဗျာ၊ ကျုပ်လဲ ခံရသေးတယ်။ ဒီကောင်က လူပါးဝလို့။ ဟေ့....လုပ်ခရလို့ လုပ်ပေးတာကွ၊ ငါခိုးတူးတာ မဟုတ်ဘူး၊ ခိုးစရာလဲ မလိုဘူး၊ ဒီမြေပေါ်မှာ ဘယ်နေရာတူးတူး၊ ဘယ်သူမှ မပိုင်ဘူး၊ မင်း မျောထဲဆင်းမတူးပြီးတာပဲကွ'

အောင်တင်ဆိုတဲ့ကောင် အရမ်း ဒေါသကြီးနေပြီး သူ့အဖေဆွဲထားတာတောင် မနိုင်ဘူးဆိုတော့ အုပ်စိုးတို့ ပြေးရပြန်တယ်။ ကိုကြီးထိန်တို့၊ ခိုင်ကြီးတို့လည်း မထသေးဘူးနဲ့ တူတယ်။

'ဟေ့ကောင် အောင်တင်၊ ဘာဖြစ်တာလဲ'

အောင်တင်က မပြောဘူး။ အံကြိတ်ပြီး ဒေါသပဲကြီးနေတယ်။ အောင်တင့် ဆွဲထားတဲ့လူက ဒေါသမျက်နှာနဲ့။

'ဟာဗျာ၊ ကျုပ် မျောခေါင်းသားထိုးဖို့ အောင်တင်ငှားတာ၊ ညဆိုင်းလုပ်ကြတာ၊ လင်းအားကြီးကျတော့ သူတို့ကလည်း ဟိုဘက် မျောက ခေါင်းသားထိုး၊ ကျုပ်တို့ကလည်း 'ဒီဘက်ကထိုးနဲ့ မျောချင်းကပ်လွန်းတော့ ပေါက်



ပြီး၊ ဟိုလူ့ တံရွှင်းက အောင်တင့် ရင်ဘတ်ထိုးမိတာ၊ ဒါကို သူတို့ မျောထဲ ခိုးဖောက်တယ်ဆိုပြီး'

ဩော်... ဒီလူက အောင်တင့်ကို ငှားထားတဲ့လူကိုး။ ဒီကောင် အောင်တင်ဆိုတဲ့ လောဘသားကလည်း နေ့ 'ကံစား' လုပ်တဲ့ပြင် ညကျ သူများခိုင်းတာ လုပ်သေးတာ။ အေးလေ ဒီကိစ္စက အောင်တင်နဲ့ မဆိုင်ပါဘူး။ ကြားက ခံရတာ။

ဒီမျောတွင်းနှစ်တွင်းက ဟိုနေ့ကတည်းက ပြဿနာတစ်ခါဖြစ်ပြီးကြပြီ။ ဟိုရွှေမြေစာတွေ့ပြီးတဲ့ မျောနားမှာကပ်ပြီး တစ်ယောက် မျောသစ်သာဖောက်လို့ ရန်ဖြစ်လိုက်ကြတာ။ လူတွေကလည်း စက်တယ်။ တချို့က ကျင်းသစ်ဖောက်တော့မယ်ဆိုရင် အလကားမဖြစ်ရအောင် ရွှေမြေစာများများ တွေ့တဲ့ မျောမျိုး လိုက်ရှာတာ။ ရှာပြီးမှ အဲဒီမျောနားကပ်တူးတာ။

ဒီနားမှာတော့ သေချာပေါက် ရွှေကြောရှိမှာပဲလို့လေ။ ခက်တာက ဒီမြေကြီးက ကိုယ်လည်းမပိုင် သူလည်းမပိုင်။ ကပ်မတူးနဲ့လို့လည်း ပြောမဖြစ်နဲ့တာ။ အင်မတန် ထက်တဲ့ ပြဿနာ။

'ကဲ၊ လာပါကွာ အောင်တင်ရာ၊ လာလာဆယ် ရင်ဘတ်ကိုဆေးထည့်လိုက်ဦး၊ ဟေ့ လူဆေးခန်းသွားကြလေ'

မဆိုမဆိုင် ခံရတဲ့ အောင်တင့်သွေးကို ကြည့်ရင်း အုပ်စိုးသွေးဆူလာပြီး အောင်တင့်ခိုင်းတဲ့လူကို ဝေါက်ဆတ်ဆတ်

ပြောမိတယ်။ အောင်တင်တို့ သွားရာ နောက်ကိုလည်း လိုက်သွားမိတယ်။

လက်ဖက်ရည်ဆိုင်တန်း၊ ထမင်းဆိုင်တန်း၊ ပြီးတော့ ခပ်လှမ်းလှမ်းမှာ အသားငါး၊ ဟင်းသီးဟင်းရွက်နဲ့ အထည်ကုန်ခြောက်ရောင်းတဲ့ ဆိုင်တန်းလေးကို ဖြတ်ပြီးမှ ဆေးခန်းအဝတ်တဲလေးတွေဆီကို ရောက်တာ။

ဈေးတန်းလေးကိုဖြတ်ရင်း အသားငါးတွေကို ကြည့်မိတော့ ကြက်သီးထစရာ၊ ဝက်သားဆို ဝက်သား မမြင်ရဘူး၊ ယင်ကောင်တွေ သီးနေလိုက်တာ။ ယင်ကောင်တုံး ကြီးပဲ တွေ့ရတယ်။

အမဲသားဆို အမဲသား မမြင်ရဘူး ယင်တွေချည်းပဲ။

ဟင်းသီးဟင်းရွက်တွေ မပါမှာလည်း အတူတူပဲ။

ယင်တွေ တဝုန်းဝုန်း။ ဒီဈေးသည်တွေက ညောင်နီပင် ကားလမ်းမအနေ အစောကြီးလာပြီး ရောင်းကြတာ။ သိပ်အများကြီးလည်း မဟုတ်ဘူး။

များသော အားဖြင့်ကတော့ ဒီထဲက ထမင်းဆိုင်တွေ မှာထားတာ လာပို့ရင်း ပိုလျှံတာလေးကို ဒီထဲက မိသားစုတွေအတွက် ရောင်းတာ။ ခဏပဲ၊ တော်ကြာနေ ပြိုက်ခနဲ ကုန်တာပဲ။ အသားငါးဆို လုတောင်နေရသေးသတဲ့။

အော်… ငွေယားလေးက ရှင်ကြတယ်လေ။ စားကောင်း သောက်ကောင်းလေးကြုံတုန်း ရွှေရှင်တုန်းလေး စားကြရတာဟာ။ ဒီလောက်ပင်ပန်း ဆင်းရဲခံ လုပ်နေတာဟာ စားဖို့အတွက် မဟုတ်လား။



အင်း… နေဖို့ လူဖို့၊ ရွှေ့ရေးဖို့ကတော့ ရွှေချပ်ကြီး ရွှေတုံးကြီး တွေ့မှပေါ့ဆိုတဲ့ အတွေးနဲ့ အသားငါးဈေး ခြောက်ဆယ်ဆိုလည်းစား၊ ငါးဆယ်ဆိုလည်း စားပဲ။ ချဉ်ပေါင်တစ်စီး တစ်ကျပ်ဆိုလည်း လာခဲ့၊ နှစ်ကျပ်ဆိုလည်း လာခဲ့ပဲ။

ဘာဖြစ်လို့မှန်းလဲ မသိဘူး၊ အုပ်စိုးစိတ်လည်း အဲလိုပဲ။ ငွေများများကို ဘယ်တုန်းကမှ မမြင်ဘူးခဲ့၊ မကိုင်ဘူးခဲ့လို့ နှမြောနှမည် မရှိတာလား၊ ဒါမှမဟုတ်၊ ရှာလို့ လွယ်နေလို့လားတော့မသိဘူး။ ထားတတ်ဘူး။ လက်ထဲမှာကြာကြာ ရှိ၊ စားပစ်၊ ဝတ်ပစ်၊ သုံးပစ်လိုက်တာပဲ။

ကုန်တော့ နောက်နေ့လာလိမ့်မပေါ့။ ဒီလောက် ပိုက်ဆံ စုသို့လည်း သူဌေးဖြစ်နိုင်ပါဘူး။ စိတ်ချ ကုသိုလ်ကံကောင်းလို့ ရွှေများများ တစ်ခါထဲ တွေ့တဲ့နေ့မှ သူဌေးဖြစ်မှာ။

'ဆရာ ဆရာ၊ လူနာပြချင်လို့'

ကြက်ခြေနီအမှတ်တံဆိပ်လေးတွေ စိုက်ထားတဲ့ ဆေးခန်း အတန်းက အနီးဆုံးအဝတ်တဲလေးနားမှာ ရပ်ပြီး ဆရာဝန်ကို ခေါ်တော့ အဝတ်တဲလေး လှုပ်သွားပြီး အရှေ့ပေါက်ဝ ပိတ်ထားတဲ့ အဝတ်လေး ပွင့်လာတယ်။ ဆရာဝန်က အိပ်မှုန်စုံမွှား၊ ဘိုသီဘတ်သီနဲ့။ ခုမှ အိပ်ရာက ထလာတယ်နဲ့တူရဲ့။

အောက်က ဘောင်းဘီတို၊ အပေါ်က စွပ်ကျယ်နဲ့။ အသားကမည်းမည်း၊ မျက်လုံးကပြူးပြူး။ ကိုတင်ဦးပြောတဲ့ ဥပမိရုပ်ဆိုတာကို သွားသတိရမိ၊ အဝတ်တဲအပြင်ဘက်မှာ

ကြက်ခြေနီအမှတ်လေးနဲ့အတူ ချိတ်ထားတဲ့ ဆိုင်းဘုတ်ကို ကြည့်ပါတယ်။

ဒေါက်တာ ငြိမ်းချမ်းတဲ့။ နောက်က အင်္ဂလိပ်လိုတွေကလည်း အများကြီး။ ဟင်၊ ...ခင်ဗျား ရုပ်ကတော့ မငြိမ်းချမ်းဘူး၊ ဒေါက်တာရေ။

'ဘာဖြစ်တာလဲ၊ ဓားထိုးကြတာလား'

'မဟုတ်ဘူး ဆရာ၊ တူရွင်းထိုးမိတာ'

ဒေါက်တာ ငြိမ်းချမ်းက အဝတ်တဲထဲက တစ်လုံးတည်းသော ဒေါက်ခုတင်လေးပေါ်က ခြင်ထောင်ကို အမြန်သိမ်းနေတယ်။ နေ့ခင်းကျ လူနာဆေးကုဖို့ ခုတင်၊ ညကျ သူအိပ်ဖို့ ခုတင်နဲ့ တူပါရဲ့။

'ကဲ...ထိုင်၊ ခုတင်ပေါ်ကို'

ဒေါက်တာ ငြိမ်းချမ်းက ဓာတ်ဘူးထဲက ရေနွေးနဲ့ အနာကို သန့်စင်နေတယ်။

ကြည့်ရတာတော့ ဂရုတစိုက်ပါပဲ။ မျက်နှာတော့ မသစ်ပါဘူး။ သူကတော့ ဆရာဝန်အစစ်ပဲ ထင်ပါရဲ့။ ဟိုလူ ပလျှောက်ပြောတာနဲ့ပဲ သူများတွေကို ယုံထင် ကြောင်တင် ဖြစ်ရတယ်။

ကြည့်ပါလား။ ဆေးတွေ ဘာတွေ သေချာထည့် ပတ်တီးစည်းပေးနေတာ အဟုတ်။ အဲ...အဲ.... တစ်ခုတော့ရှိရဲ့ နားကြပ်နဲ့တော့ ရင်ဘတ်ကို မစမ်းဘူး။

'သုံးလေးငါးရက်နေတော့ နားပေါ့ဗျာ၊ နေ့တိုင်းလဲဆေးလာထည့် ဆေးလဲ သောက်ပေါ့'



'ဘယ်လောက်ကျလဲ ဆရာ'

'သုံးဆယ်ပဲ ပေးပေါ့'

ကိုတင်ဦး ပြောတာ ဒါတော့ ဟုတ်သား။ ဆေးတစ်ခါထည့် သုံးဆယ်ဆို ဈေးကြီးတာပေါ့။ တော်သေးရဲ့။ အောင်တင့် ငှားတဲ့ မျောပိုင်ရှင်က ထုတ်ပေးလို့။ ဟိုကောင် အောင်တင်သာဆို တက်ခေါက်လိမ့်မယ်။ ခုလိုဆို သူပိုက်ဆံ မပေးရဘဲမယ့် နောက် နားရမယ့်နေ့တွေအတွက် တွေးပြီး စိတ်ညစ်နေရှာမယ်။

'ကဲ...အောင်တင်၊ ငါတို့ သွားတော့မယ်ဟေ့'

'မင်းတို့ မျောသွားကြမှာပေါ့၊ ဆေးကွာ၊ ကိုကြီးထိန်ကတော့ ငါ့ပြောတော့မှာပဲ၊ ဒီနေ့ မျောထဲက ဖြူးတွေတင်ရမှာ'

'ကိုယ့်အနာကြီးနဲ့ ဦးစွာကွာ မင်းကထဲ၊ ဘာတတ်နိုင်ပါ့ခလဲ၊ အေး...လောဘကြီးပြီး ပင်းသွားလုပ်ရင်တော့ သေမှာပဲ'

တော်တော် စိတ်တိုစရာကောင်းတဲ့ကောင်။

သိုက်ထွန်းက 'ဒီလူ မလွယ်ဘူး'တဲ့၊ အုပ်စုနဲ့ သိုက်ထွန်း ခပ်သွက်သွက် ပြန်လျှောက်ခဲ့ကြတယ်။ လက်ဖက်ရည်ဆိုင်တန်းကို မြင်မှ မျက်နှာ ခုထိမသစ်ရသေးတာကို သတိရပြီး ချတ်ဆို မျက်လုံးထဲပေါ်လာတဲ့ မျောတွင်းမျက်ထဲက ဟိုမျက်နှာကြီးကို ကမျာကယာ ဖယ်ထုတ်ပစ်လိုက်ရတယ်။

*

မျောတွင်းနံရံနှစ်ဘက်က အုန်းပေါက် နှစ်ပေါက်မှာ အုပ်စိုး ခြေကုပ်ပြီး လက်နှစ်ဘက်က မျောကွင်းဝနှစ်ဘက်ကို ထိန်းကိုင်လိုက်တယ်။ သိုက်ထွန်းက ဓါးတောင်းကျိုက် ကျိုက်တုန်း။

'ဟေ့ကောင်—ငါ ဆင်းတော့မယ်၊ တစ်ခါတည်း တန်းလိုက်ခဲ့နော်'

'အေးပါ ဆင်းပါ'

အုပ်စိုး အုန်းပေါက်တွေမှာ ခြေကန်ရင်း ထိန်းထိန်း ဆင်းခဲ့တယ်။ စိုင်းဝဏ္ဏ မျောကွင်းက ရွှေမြေစာတွေလို သာ။ အခုတောင်သုံးဆယ်ကျော်တယ်။ ကျင်းထဲမှာ မှောင်မည်းနေတာပဲ။

ဟိုနေ့က ခေါင်းသားထိုးလက်စဆိုတော့ ရေကလည်း ထွက်နေတာ ဒူးဆစ်လောက်ရှိနေပြီ။ အုပ်စိုး ရေထဲဆင်း ရပ်လိုက်ပြီး အပေါ်ကို မော့ကြည့်လိုက်တော့ ဆင်းလာတဲ့ သိုက်ထွန်းနဲ့ ငုံ့ကြည့်နေတဲ့ စိုင်းဝဏ္ဏ မျက်နှာကို မြင်ရတယ်။

'ရေတွေ သိပ်ထွက်နေလားကွ၊ အုပ်စိုး'

'မထွက်ပါဘူး၊ ဟိုနေ့ကလောက်ပဲ၊ တို့ ဒီနေ့ဆက်ထိုးရင်တော့ ထွက်မှာပေါ့'

အပေါ်ကနေ 'ကြိုးလာပြီဟေ့' ဆိုတဲ့ ကိုကျော်မြိုင် အော်သံ ကြားရတယ်။

ကိုကျော်မြိုင် လူခကြောက်။ သူ တွင်းထဲ ဘယ်တော့မှ ဆင်းပြီး ခေါင်းသား မထိုးရဲဘူး။ ကျင်းဖောက်ရုံပဲဖောက်



ပြီး အပေါ်က တောက်တိုမယ်ရအလုပ်ပဲ လုပ်တယ်။ တစ်နေ့ နှစ်ဆယ်။ အုပ်စိုးတို့ အောက်ဆင်းတာက တစ်နေ့ ခြောက်ဆယ်၊ ဒါပေမယ့် ကိုကျော်မြိုင်ကတော့ မနက် ဘယ်လောက်ဆဲဆဲ ဘယ်တော့မှ မဆင်းဘူး။

အပေါ်ကကျလာလဲ ကြိုးစည်းထဲမှာ တူရွင်းရယ်၊ ပေါက်ချွန်းရယ် ပါလာတယ်။ အုပ်စိုး ဖြေယူလိုက်ပြီး သိုက်ထွန်းကို—

'မင်း မီးသာပြပေး၊ ငါ ထိုးမယ်'

သိုက်ထွန်း လွယ်အိတ်နဲ့ စလွယ်သိုင်း ထည့်ယူလာတဲ့ ဘက်ထရီအိုးသေးလေးနဲ့ မီးလုံးလေးကို ထွန်းခိုင်းလိုက်တယ်။ ဝါကျင်ကျင် မီးလုံးလေး ပွင့်လာတော့မှ ကျင်း အနေအထားကို မြင်ရတော့တယ်။

အရင်နေ့ခတွေက ခေါင်းသား ထိုးတာက လူတစ်ထိုင်စာ လွတ်ရုံနဲ့ နှစ်လံလောက်ရောက်သေးတာ။ ဒီတိုင်းဆို နောက် နှစ်ရက်လောက်တော့ ထိုးရဦးမယ်။

'ညနေပိုင်း တစ်ခါဆင်းရင်တော့ အသား ထည့်တော့မှာကွ၊ တော်ကြာ မြေပြိုလိုက်လာရင်အခက်'

'အေး.... ဟုတ်တယ်၊ အသားချောင်းတွေကတော့ ကျင်းပေါ်မှာ ချပြီးသားပဲ'

အုပ်စိုး ရေထဲမှာ ငုတ်တုတ်ထိုင်ပြီး လိုက်ထဲကို တဖြည်းဖြည်း တူရွင်းနဲ့ထိုးပြီး ဝင်ရတယ်။ သိုက်ထွန်းကလည်း ငုတ်တုတ်ထိုင်လိုက်ပြီး မီးပြ။

'ဟိုလူအစ်ခယောက် မလာသေးဘူးကွ၊ လာရင် သူရော ဆင်းမှာတဲ့'

'ဆင်းတော့ မြန်မြန် ပြီးတာပေါ့'

အုပ်စိုးတို့လုပ်ပြီး နှစ်နာရီလောက်ကြာတော့ မသိမသာ အသက်ရှူကျပ်စ ပြုလာတယ်။ အင်း.... လေသိပ်မရှိချင်တော့ဘူး။ ခေါင်းသားထိုးတာ လူအစ်ရပ်လွတ်မှ အသက်ဝဝ ရှူလို့ရတာ။

'ဟေ့ ကောင်... အသက်ရှူ ကျပ်လာပြီဟ၊ ပြန်တက်မလား'

'အေးပါ ခဏလေး၊ ဒါလောက် မကျပ်သေးပါဘူး၊ ထမင်းစားချိန်ကျမှ ပြန်တက်လို့ကောင်းမှာပေါ့ဟ'

ကြောက်တတ်တဲ့ သိုက်ထွန်း ဘာမှမပြောပဲ ငြိမ်သွားတယ်။ ဒီလိုပါပဲ။ လေသိပ်မရှိတော့ အသက်ရှူမဝ ဖြစ်လာတာ။

သေတော့ မသေနိုင်ပါဘူး၊ တကယ်သေတာက ဒီလို အောက်မှာ အလုပ်လုပ်နေချိန် ကူဘိုတာစက်နဲ့ ရေစုပ်ထုတ်တာ။

ကူဘိုတာ ရေစုပ်စက်ကို ကျင်းအတောင်နှစ်ဆယ်လောက်မှာ မြေသား ဖို့ချထည့်ပြီး ကျင်းထဲက ရေစုပ်ထုတ်တဲ့အခါ စက်ကထွက်တဲ့မီးခိုးတွေက တအားမွန်း။ ကျင်းထဲမှာ ခေါင်းသားထိုးနေတဲ့လူတွေ အသက်ရှူရပ်ပြီး အကုန်သေတာပဲ။



ဒီလို အသက်ရှူမဝ ဖြစ်တာကတော့ မသေပါဘူး။ အင်း ညနေကျ စိုင်းဝဏ္ဏ လေဖိုငှားလို့ရရင် ငှားခိုင်းပြီး အပေါ်က လှည့်ခိုင်းလိုက်မယ်။

လေပြတ်ရင် ဒီလိုပဲ လုပ်ကြတာပဲ။ ဒါမှ မဟုတ်ရင်လည်း ပုဆိုးတစ်ထည်ကို ထောင့်လေးထောင့် စုချည်ပြီး ကြိုးနဲ့ အောက်ချ၊ ဆွဲတင်လုပ်။ ပုဆိုးကလေက အောက်ထဲရောက်သွားပြီး လေရတယ်။

'ဟေ့ကောင်... ပြန်တက်ကြပါစို့ကွာ၊ ငါနေရတာ တစ်မျိုးကြီးပဲ'

'ကဲ... တက်ကွာ၊ သဘော... သဘော'

သိုက်ထွန်းတို့ကတော့ မမေးနဲ့ထဲကပဲ။ ထမင်းစားချိန် မရောက်ပဲ ပြန်တက်ရင် မျှော်ရှင်က ပြောလိမ့်ဦးမယ်'

တွဲလောင်းကျနေတဲ့ ကြိုးမှာ တူရွင်းနဲ့ ပေါက်ချွန်းကို ပြန်ချည်ပြီး လှုပ်ပေးလိုက်တော့ ကိုကျော်မြိုင် ခေါင်း ကျင်းဝမှာ ပေါ်လာတယ်။ သိုက်ထွန်းကတော့ ဘက်ထရီလွယ်အိတ် စလွယ်သိုင်းပြီး အပေါ်ပြန်တက်နေပြီ။

'ဟေ့ကောင်တွေ ပြန်တက်တာ စောလှချည်လား'

ကျင်းနှုတ်ခမ်းပေါ်မှာ အသက်ရှူနေတဲ့ အုပ်စိုးတို့ကို စိုင်းဝဏ္ဏက မပြောရသေးပဲ ကိုကျော်မြိုင်က ဟောက်တယ်။

'ခင်ဗျားကြီးကလို့ တစ်ခါမှလဲ ကျင်းထဲ ဆင်းဖူးတာလဲ မဟုတ်ပဲနဲ့၊ အသက်ရှူကျပ်လာလို့ဗျ'

သိုက်ထွန်းက ပြန်ဒေါက်တော့လည်း ကိုကျော်မြိုင် ကြောက်ပြီး မျက်နှာငယ်နဲ့ ကျင်းထဲ ငုံ့ကြည့်နေတယ်။ စိုင်း

ဝတ္ထုကို အကျိုးအကြောင်းပြောတော့ စိုင်းဝတ္ထု လေဖို့ဌာ၊ ဖို့ ထွက်သွားတယ်။ အုပ်စိုး အသက်ဝဝရှုရှစ်း ကျွန်းဘော မှာ လက်ထောက် ခေါင်းအုံးရင်း လှဲလိုက်တယ်။

အို..... ကြည့်စမ်းပါဦး။ လူဘော့.... လူတွေ...။ ဝါးရုံ တွေ ချုံတွေကြားထဲမှာ နည်းတဲ့လူဒတွေ မဟုတ်ဘူး။

နေပူစူးစူးကြီး အောက်မှာ ကျောင်းစဖောက်နေသူတွေ၊ တွင်းထဲဆင်းနေတဲ့သူတွေ၊ မြူးမြေပုံတွေ တင်ဖနေတဲ့သူတွေ၊ ရေခမ္ဘူးမယ့် ရေကန်ထဲ လာလာပြီး ရေတဝုန်းဝုန်း လောင်း ထည့်နေသူတွေ။

ရေကန်ဘေးမှာ အင်ရွှေနဲ့ ရွှေခကို ထိုးယူနေသူတွေ၊ အင်ဝိုင်းလှည့်ခနေတဲ့ မိန်းမတွေကလည်း အများကြီး။

သူတို့အားလုံးလိုလို ရှုံရေခဲ့ ရှဲလို့။ ရှစ်ကျက်တွေ အလိမ်း လိမ်းကပ်နေတဲ့ မျက်နှာတွေဟာ ငှက်ဖျား၊ ဒဏ်ကြောင့် ဖောသွပ်သွပ် ဖြစ်နေတာက လွဲရင် အားလုံးလိုလို မျော် လင့်ချက်တွေနဲ့ တက်ကြွလို့။

သူတို့တွေဘေးမှာ အဆင်သင့်စောင့်နေတဲ့ နေကာမျက် မှန်၊ ဦးထုပ်နဲ့ ရှိုက်မစဉ်တဲ့သူတွေလည်း ရှိသေးတယ်။ ရွှေ ဝယ်ဖို့စောင့်နေတဲ့ ရွှေကုန်သည်တွေ။

'ထ.....ကလေးတော့ရေ၊ ဒါ 'အင်ချီး' မဟုတ်သေးဘူးတ ခက်ပါသပဲ၊ ဖယ်ကြစမ်း၊ နင်တို့ ရွှေခတော်တော် လိုချင်တယ် ထင်တယ် ဟုတ်လား'



ဟော... ကိုကြီးထိန်နဲ့ ကလေးတွေတော့ တွေ့ကုန်ပြီ။ ကြီးထိန် အော်လိုက်တော့ ကလေးတွေ ဒီဘက် ထဝုန်းဝုန်း ပြေးလာကြတယ်။ လက်ထဲမှာ အင်ဝိုင်းလေးတွေ ကိုယ်စီနဲ့ ပင်းမှာ ပြဒါးပုလင်းနဲ့ ရွှေမှုန်ထည့်ဖို့ ဗူသင်းလေးတွေ ယ်စီ။ ကြိုးလေးတွေနဲ့ဆွဲလို့။

ကိုမောင်ကျော်မြင့် သားသမီး အောင်တင့် အငြိမ်းဝူး ညီမ နှင့်ပါတယ်။ သူတို့က ကျွမ်းကျင်အဆင့်တွေလေး ခေါင်း ဆောင်တွေလေ။

သူတို့တွေ အတွက်တော့ ပျော်စရာကြီး၊ ဘေးဆင်ရ ဘာ င်ရ။ တစ်နေကုန် အင်ဝိုင်း ကိုယ်စီနဲ့၊ အင်ချီးမြေတွေ က်ရှာတာ။ တွေ့တာနဲ့ ခင်လှည့်၊ တွေ့တဲ့နေရာမှာ ပြဒါးနဲ့ း ရသမျှ ရွှေစလေးတွေ စုပေါင်းပြီး သွားရောင်းကြ။

ရတဲ့ဆန်စိတစ်ဝက်ဖိုး ဆန်တစ်စိဖိုးကို ခွဲဝေယူပြီး ကြိုက် ယ်စားကြ။ မုန့်သည်တွေကလည်း တောထဲမှာ ပေါတာ း မိဘတွေကလည်း လိုက်ကြည့်မနေနိုင်တော့ တွေ့က တွ့ တည့်သည့်မတည့်တည့် အကုန် ဝယ်စားပြီး နောက် ခံတွေကို သွားချင်တဲ့နေရာ သွားကြ။

လူမြင်ကွင်းလည်း မရှောင်ဘူး။ လူကြီးတွေလည်း အိမ် ရှိတာ မဟုတ်ပေမယ့် ဝါးရုံကြား ချုံကြား လူကွယ်ရာ းဘာလေး ရွှေသွားကြတော့ မမြင်ရဘူး။ ဒါပေမယ့် ည်းကတော့ လေသင့်ရာ မွှေးနေတာပဲ။

'ဒါဖြင့် တို့ ထမင်း သွားစားလိုက် ရအောင်လေ'

သိုက်ထွန်းဆာပြီနဲ့တူတယ်။ အုပ်စိုးသိပ်မဆာသေးပေမယ့် ပြီးအောင် စားထားလိုက်တာပဲ ကောင်းပါတယ်လေ။

'အေး…သွားလေ၊ ကိုကြီးထိန်တို့ ဘက်ကဖြတ်ပြီး သူ ပါ ခေါ်ရအောင်'

ကိုကြီးထိန်တို့ သွားတူးထားတဲ့ နေရာက အုပ်စိုးတို့ နည်းနည်း လှမ်းသေးတယ်၊ ခိုင်ကြီးရယ်၊ ကိုကြီးထိန်ရယ် ဦးဘခွေးကြီးရယ် သုံးယောက်သား ဖတ်ဖတ် မောနေ ရတယ်။ တကယ်တော့ သူတို့ထဲမှာ အောင်တင်က လု အားအရှိဆုံး၊ အလုပ်နိုင်ဆုံးကောင်ပဲ။

'သိပ် လောဘမကြီးနဲ့လေဗျာ၊ ကိုကြီးထိန်။ ဟော… ဟော… အင်ရှေ့ထဲမှာ လိမ့်ပါသွားတာ ရွှေဖတ်…ရွှေဖတ် တောင်တော်ကြီးမယ်'

အင်ရှေ့ထိုးနေတဲ့ ကိုကြီးထိန်ကို သိုက်ထွန်းက နောက် တော့ ကိုကြီးထိန် ပျော်သွားပြီးမှ 'မင့်အမေကြီးတဲ့မှ' တဲ့

ကိုကြီးထိန်အောက်ပိုင်းတစ်ပိုင်းလုံး ရေငုံ ရွှံ့စိုနေတယ် ဦးဘခွေးနဲ့လူငှားတစ်ယောက်က ပုံးတွေဆွဲတင် နေကြတယ် ခိုင်ကြီးကတော့ ဇောင်းထဲဆင်း ဖြုံးကျုံးရတယ်။

'ထမင်းသွားစားရအောင်လေဗျာ၊ ကိုကြီးထိန်'

'ဟ…နေပါဦးဟ၊ အားအားရှိ ထမင်းစားနေကြတာပဲ မင်းတို့ကလဲ အလုပ်လေးဘာလေးလဲ လုပ်ကြဦး'

'အို…အလုပ် ဖြည်းဖြည်းပေါ့ဗျာ၊ ကိုကြီးထိန်တို့သူ့ ဓလောင်းတွေကမျာ၊ ပြောနေသေးတယ်'

ကိုကြီးထိန်က ဖြုံးစကာထဲ ရေလောင်းတာ ရပ်ပြီး



လွယ်သိုင်းထားတဲ့ လွယ်အိတ်ထဲ ဟိုရှာသည်ရှာနေရင်း မင်းပြောတဲ့အတိုင်း ဖြစ်ပါစေ ရွှေပါးစပ် ငွေပါးစပ်ရာ ဆိုပြီး မျက်နှာက သဘောကျနေတဲ့ပုံ။

'ဟာ…ဒုက္ခ၊ ချွေဖမ်းဆေး တဲမှာ ကျန်ခဲ့ပြီ'

'ခင်ဗျားမလဲ၊ ဒီပြဒါးပုလင်းမေ့တာက အလုပ်တစ်လုပ် အလေးတွေလို လည်ပင်းဆွဲထားပါလားဗျ ကိုကြီးထိန်'

ကိုကြီးထိန်က ဒေါသနဲ့ အုပ်စိုးကို လှမ်းကြည့်တယ်။

'ဒဟ့ကောင် မင်းပါးစပ်ပုပ်ကြီးကို ပြင်စမ်း၊ ဘာ ပြဒါးလဲ၊ ချွေဆေး ချွေဖမ်းဆေး၊ မင်းကြောင့်မို့လို့ ငါ တော့ ဒီနေ့ ချွေအရ နည်းတော့မယ်၊ တော်တော် ပါးစပ် သွားတဲ့ကောင်ကွာ'

'အေးပါဗျာ၊ ဘွာ…ဘွာ၊ ရွှေဖမ်းဆေး…ရွှေဖမ်းဆေး'

ကိုကြီးထိန်က တကယ် အယူသည်းတဲ့လူ။ ရွှေတောထုံးစံ အယူအဆတွေကို အကုန်လုံးရှိရှိသေသေလက်သင့်ခံတဲ့လူ။

ရွှေတောထုံးစံက နယ်ပိုင်နတ်ကိုသိပ်ယုံတယ်။ နတ်မကြိုက် တာ ဘာမှမလုပ်ရဘူး။ မိန်းမ မျောထဲမဆင်းရဘူး။ မျော ဆင်းတူးပြီးရင် မျောတွင်းနား ဖိနပ်ခစီးရဘူး။

ရွှေဖော်ခါနီးဆိုရင် အမွှေးတိုင်တွေထွန်း၊ ကြက်ဥပြုတ် တွေတင်နဲ့။ နယ်ပိုင်ကို ပသကြတယ်။ သစ်ပင် ဝါးပင် ကြီးကြီးတွေမှာလည်း နတ်စင်လေးတွေနဲ့။ ပန်းတွေ ဘာ တွေထိုးလို့။ နတ်ရုပ်တော့မရှိဘူး။

နောက်ပြီး ရွှေတောထုံးစံ ပစ္စည်းအရာဝတ္ထုကို 'စုံ'မကိုင် ရဘူး။ 'မ' ကိုင်ရတယ်။ ဒါမှ နတ်က 'မမစစ' ရှိမယ်ဆိုတဲ့

သဘော၊ ပြီးတော့ မြွေပါးကို မြွေပါးလို့ မခေါ်ရဘူး။ ပြွေ... လို့ခေါ်ရင် ရွှေပြေးသတဲ့။ 'မရှုဖမ်းဆေး' လို့ခေါ်... ခွက်ထဲမှာ ရွှေကျန်ခဲ့သတဲ့။ အယူမရှိတဲ့လူက မြွေပါး... ရင် ဒီဝဲက လူတွေက သိပ်အမြင်ကပ်ကြတာ။

'သွားမယ်ဗျာ၊ ကိုကြီးထိန် လုပ်၊ ဟိုမယ်... ခိုင်ကြီး... တက်လာပြီ'

သိုက်ထွန်း၊ ဒီကောင်က ဆာပြီဆိုရင် မဟားတ... ချည်းပဲ။ 'မင်းတို့ကတော့ကွာ' လို့ ညည်းညူရင်း ကိုကြီး... လိုက်လာတယ်။ လမ်းမှာ ခိုင်ကြီးက မြုံးတွေ ကျုံးရင်း... တုန်ချင်သလိုလို ဖြစ်လာသေးတယ်။ တွင်းထဲတင်အမျိုး... တက်မှာလားလို့၊ တော်သေးရဲ့ မရထဲနေတာကြာလို့... တာနဲ့တူပါတယ်၊ ဒါကြောင့်မို့ အပေါ်ပြန်တက်လာ... လို့ ပြောတော့ ကိုကြီးထိန်က

'မင်း ငှက်ဖျားက ညကျမှ မှန်မှန်တက်တာပဲဟာ'

'မဟုတ်ဘူးဗျ၊ ငှက်ဖျားရှင့်လာရင် အချိန်ခေတ... တက်တက်တယ်'

'ဟေ... ဟုတ်လား၊ ငါတော့ ကံကောင်း သေး... မောင်၊ ခုထိ မဖြစ်သေးဘူး၊ ငါ ရေ သတိထားလို့... ရေနွေးမျှားမှုား သောက်လို့'

'ဟာ.... ကိုကြီးထိန်ကလည်း ရေနဲ့မဆိုင်ဘူးဗျ၊ ငှက်... က ခြင်နဲ့ဆိုင်တာ၊ ခြင်ကိုက်လို့ ဖြစ်တာတဲ့'



'ဗိုး... ရေလဲ ပါတာပေါ့ ခိုင်ကြီးရ၊ မင်း ဘယ်သူပြော လဲ၊ ခြင်ကြောင့် ဖြစ်တာလို့' တို့ ရေသောက်နေရတဲ့ ရေ တွေကြည့်၊ ဘယ်လောက်ညစ်ပတ်လဲ'

'ဟာ... ခင်ဗျားကလဲ၊ ဗွတ်ခြင်းပြန်ပြီး ကျုပ် ဆရာဝန် ပြောလို့ သိတာဗျ၊ ခင်ဗျား ဒီရေတွေကို တစ်ချို့ဆို ဒီ ရွှေဖော ထောက်ထောက်ချင်း၊ တမင်ကလာကို ခပ်သောက် ပစ်ကြတာ၊ ငှက်ဖျားမအောင်ပြီလို့'

'တော်စမ်းပါကွာ၊ အဓိပ္ပာယ်မရှိတာတွေ၊ ဘာကြောင့် ပဲဖြစ်ဖြစ် သူ့ဖြစ်ချင်တဲ့နေ့ ဖြစ်မှာပဲ၊ သိုက်ထွန်းကတော့ မနေ့က စ ချော်ဦးပေါက်ပြီ'

အဖိုင် ငြင်းနေကြတဲ့ ကိုကြီးထိန်နဲ့ ခိုင်ကြီးကို အုပ်စိုး နားကြားမြင်းတပ်လာတယ်၊ ဒီအကြောင်း ပြောမယ့်အစား ရွှေအကြောင်းပဲ မပြော ကြပါတော့လား။ ဒါကို မအေးသေး ဘူး ကိုကြီးထိန်က

'သိုက်ထွန်း ဂရုစိုက်ပေါ့၊ အုပ်စိုး ခင်းလည်း မဖြစ်သေး ဘူးပေါ့'

'မဖြစ်သေးပါဘူးဗျာ၊ ကဲ.... ဘယ်ဆိုင်မှာ စားကြမှာ လဲ'

သိုက်ထွန်းကတော့ မဆိုင်းမတွပဲ၊

'မချိုတို့ဆိုင် စားမယ်ဟေ့'

ခိုင်ကြီးက သိုက်ထွန်းကို ခေါင်းညိတ်တယ်။

'သိပ် မစားချင်ရှာဘူး၊ ဒီဆိုင်ကို၊ မအေပေး၊ ပျာယာကို ခက်လို့။ သေခါနီး ရိက္ခာယူရမှာ ကျနေတာပဲ'

သိုက်ထွန်းကတော့ ဘယ်သူပြောတာမှ ဂရုမစိုက်ပဲ ဖြီးဖြီးနဲ့၊ ဆိုင်တဲဝင်ရင်း မျက်နှာလို အားရနဲ့။

'မချိုရေ၊ စားပွဲလေးပွဲ လာပြီဟေ့'

'ဟုတ်ပြီအစ်ကိုရေ၊ ဦးဦးဖျားဖျားလေး အစ်ကိုတို့ စောတယ်နော်၊ ဘာနဲ့စားမလဲအစ်ကို'

မချိုအသံက တစ်ဆိုင်လုံးကို စီစီလွှိုင်သွားတယ်။ အုပ်စိုးကတော့ သိုက်ထွန်းကြိုက်တဲ့ ဗီအသံစာစာ မချိုကိုသဘော မကျပါဘူး။ အသားဖြူစပ်စပ်၊ မျက်လုံးမွေးမွေးနဲ့ ရှမ်း တရုပ်ကပြားနဲ့ တူပ ရဲ့။

သိုက်ထွန်းတို့ကျတော့ ရောက်ကတည်းက ကွက်ကြည့်။ ကွက်ကြည့်နဲ့ဟာ။ မျက်နှာပိုးကို မသေဘူး။

'အစ်ကိုတို့ လိုတာပြောနော်။ အစ်ကို၊ အသုပ်ယူဦးမလား ဟင်၊ အစ်ကိုကြိုက်တဲ့ ခရမ်းချဉ်သီးသုပ် သုပ်လိုက်မယ် နော်'

'သုပ်လေ နှစ်ပွဲသုပ်လိုက်'

ခိုင်ကြီးက ကြိတ်ရယ်ရင်း၊ အုပ်စိုးကို တံတောင်နဲ့ တွတ် တယ်။

'ဟီဟီ၊ စားရချည်သေးရဲ့၊ သုပ်လေ၊ နှစ်ပွဲ သုပ်လိုက် တဲ့'

'အို....ငွေ တစ်ဆယ်လောက်ကတော့ သိုက်ထွန်းတို့က မမှု ဘူးဟ'

အုပ်စိုးကပါ ထောင်ပေးလိုက်တယ်၊ သိုက်ထွန်းကတော့ တဟဲဟဲနဲ့ အူပဲ မြူးနေတော့တာပဲ။



'ဟေ့ကောင်သိုက်ထွန်း၊ ကြံမှာဖြင့်လည်း မြန်မြန်ကြံ စမ်း၊ ငါတို့ ထမင်း အလကား စားရအောင်'

ကိုကြီးထိန်ကပါ ဝင်မြှောက် ပေးပြန်တယ်၊ သိုက်ထွန်း က အတည်ပေါက် မျက်နှာနဲ့ 'ကျွန်တော် စာတစ်စောင်ပေး ပြီးပြီဗျ၊ မပြန်သေးဘူးတဲ့'။

မအေးပေး ကြည့် ခုမှပေါ်တယ်၊ ဗီကောင် တကယ် ဖြစ်နေတာကိုး။ ဟိုဟာမလေးကတော့ လူတိုင်းက စာပေး လည်း လူတိုင်းကို လက်ခံယူလိုက်မယ့် အစားမျိုးလေးပဲ။

'ကိုကြီး ဆေးလိပ် ဘာလောက်မလဲ၊ ကျွန်တော် တိုက် မယ်၊ အုပ်စိုး၊ ခိုင်ကြီး ဘာလဲ၊ ဒူးယားလား၊ မာဘိုရိုလား'

'ဟေ့....ဟေ့ သိုက်ထွန်းတို့များ ရက်ရောနေလိုက်တာ။ မာဘိုရိုကွာ'

ခိုင်ကြီးနဲ့ ကိုကြီးထိန်က မာဘိုရို၊ အုပ်စိုးက ဒူးယားဆို တော့ ရှစ်ကျပ်ကျတာကို တစ်ဆယ်တန်ပေးရင်း သူ့အတွက် ဒူးယား ယူလိုက်ပါလား။

မဟုတ်ဘူး၊ ဟိုကောင်မလေးက 'အစ်ကိုလဲ မာဘိုရို လား'လို့ ပြောလိုက်တာနဲ့ တစ်ကျပ် နောက်ထပ်ပေးပြီးနဲ့ မာဘိုရိုယူတယ်။ မအေးပေး ကုန်မယ်၊ ကုန်မယ်၊ ဗီကောင်မပဲ ရသမျှကုန်မယ်။

'အစ်ကို ညနေလဲ လာမှာ မဟုတ်လား'

ဆိုင်အတွက် ကောင်မလေး နှုတ်ဆက်စကားကသိုက်ထွန်း ကို ခေါ်ဆင်းသွားတာပဲ။ 'လာမယ်...လာမယ်' ဆိုပြီး

သဘောမနော ခွေ့ သွားလိုက်တာများ။ မာတိုတို ကိုင်ထားတဲ့ လက်ဖျားလေးတွေတောင် တုန်လို့။

ရောဂါ ရောဂါ၊ ခိုင်ကြီးက 'အစ်ကို ညနေလာနော် လာနော်'နဲ့ တစ်သမ်းသုံး စလိုက်လာတာကိုပဲ ခွေးတောင် တဟီးဟီး ကဟားဟားနဲ့ သဘောကျလို့မဆုံးဘူး။

မျောတွင်းထဲ ပြန်ဆင်းမယ်လုပ်တော့လဲ။ သူ့မယ် အင်အားတွေ ပြည့်နေလိုက်တာ။ လေလေးချွန်ပြီး သူ ရှေ့က ဆင်းတယ်။ စိုင်းဝဏ္ဏလည်း လေဖိုင်မရဘူးကဲ့။ ပုဆိုးကိုပဲ ကြိုးချည်နေတယ်။ ရမှာပေါ့။ ပုဆိုးနဲ့ဆိုလဲ၊ သိပ်အကြာကြီးမှ မဟုတ်တာ။

ကိုကျော်မြိုင် ချပေးတဲ့ တူရွင်းနဲ့ ပေါက်ချွန်းရယ်။ သစ်သားထည့်ဖို့ သစ်သားချောင်းစီးရယ်ကို အုပ်စိုး ဖြုတ်ယူပြီး အုပ်စိုး လွယ်လာတဲ့ လွယ်အိတ်ထဲက ဘက်ထရီနဲ့မီးလုံးကို ထိုက်ထွန်း မေးငေါ့ပြလိုက်တယ်။

'ဟော့ ကောင်၊ ငါ လည်ပင်းကနေ ဖြုတ်လိုက်လေ၊ မီးလုပ်လိုက်'

'မင်း မီးပြလေကွာ၊ ဒီတစ်ခါ ငါထိုးဦးမယ်၊ ပေး.... တူရွင်း၊ 'အသားတွေဘာတွေ အသားတောင်ထော်ဦးကွာ'

ဟုတ်တယ်။ ခေါင်းသား နည်းနည်းဆက်ထိုးပြီး ကျယ်လာတော့မှ အသားထည့်တာ ကောင်းတာ။ အုပ်စိုးက မီးပြပေးပြီး၊ ထိုက်ထွန်းက အချစ်ရဲ့ အင်အားတွေနဲ့ ဖျတ်လတ် သွက်လက်စွာ မြေကြီးတွေကို တူရွင်းနဲ့ သဲသဲမဲမဲ ထိုးချနေတယ်။



အသက်ရှူကျပ်တာတွေ ဘာတွေ ဖိကောင် မေ့ကုန်ပြီ။ အသက်ရှူလည်း သိပ်တော့ မကျပ်တော့ဘူး။ အပေါ်က ပုဆိုးချပေးတဲ့ အရှိန်နဲ့ လေလေး ဝင်ဝင်လာတယ်။ အင်း.... ဖိပ့်အဘိုးဆို ခေါင်းသားမြန်မြန်ထိုး လောက်တယ်။ မြေကြည့်ရတာ ထိုးလို့လွယ်တယ်။ သဲများပုံရတယ်။

'ဟော.... မြောရင်း ဆိုရင်းတောင် ထိုက်ထွန်းဆီက သဲ.... မျက်နှာလာစဉ်သလိုပဲ။ အုပ်စိုး မျက်နှာကို ယမ်းပစ်လိုက်တယ်။ ဒါပေမယ့် နောက်တစ်ခါ ခေါင်းပေါ်ကို သဲမှုန်လေးတွေ တဖွားဖွား ကျလာပြန်တယ်။ ဘာလဲဟ....သဲက ဘယ်က ကျနေတာလဲ။

အုပ်စိုး ခေါင်းမော့ကြည့်လိုက်တော့ ဘုရားရေ သဲမှုန် တဖွားဖွားက ခေါင်းပေါ်က၊ ခေါင်းပေါ်က ကျနေတာပဲ။ မကြုံဘူး။ မတွေ့ဘူးသေးပေမယ့် ကြားဖူးတဲ့အသံက အုပ်စိုး ရင်ထဲ ဒိုင်းခနဲ လာဆောင့်တယ်။ ဒါ ဒါ မြေပြိုတာများလား။ အုပ်စိုး ခြေသစ်လှမ်းဆုတ်လိုက်မိတုန်းမှာပဲ သဲမှုန်တွေ တဖွားဖွား ပိုများလာပြီ။ အို... ပြေးဆိုတဲ့အသိနဲ့ ကြောက်စိတ်က တစ်ကိုယ်လုံးကို လွှမ်းခြုံသွားပြီ။

'ထိုက်ထွန်း ထိုက်ထွန်း၊ ပြေး ပြေး၊ မြေပြိုပြီ မြေပြိုပြီ'

ဘက်ထရီမီးတွေ တာတွေ ဘယ်လိုလွှင့်ပစ်လိုက်မှန်းမသိဘဲ အုပ်စိုး အမြန်ထွက်ရင်း၊ အုန်းခေါက်တွေပေါ်ကို ခြေကုပ်လိုက်မိတုန်းမှာပဲ 'အုပ်စိုး' ဆိုတဲ့ တုန်လှုပ်ချောက်ချားနေတဲ့ အသံနဲ့အတူ 'ဗျော....ဝုန်း' ဆိုတဲ့ မြေပြိုသံ။

'မြေပို့ပြီ မြေပို့ပြီ လုပ်ပါဦး၊ သိုက်ထွန်း၊ သိုက်ထွန်း၊ ကိုကျော်မြိုင်၊ ကိုဝဏ္ဏ၊ ကိုကြီးထိန်၊ ခိုင်ကြီး လုပ်ပါဦး'

လှမ်းခါသွားတဲ့ အုန်းပေါက်နံရံပေါ်မှာ ခြေထောက်တွေ တဆတ်ဆတ်တုန်ရင်း အုပ်စိုး တအားကျုံးအော်လိုက်မိတယ်။ ပါးစပ်က အော်ရင်း သွေးရူးသွေးတန်းနဲ့ ဆတ်တက်ပြေးမိတယ်။ အုပ်စိုး ကျင်းပေါ် ရောက်ရောက်ချင်း လူတွေ ဝိုင်းအုံလာကြပြီး တစ်စုံတစ်ယောက်က အုပ်စိုးကို ဖက်လိုက်တယ်။

'ညီလေး အုပ်စိုး၊ သတိထားစမ်း၊ ခေါင်းသားလိုက်ပြိုသွားမလား၊'

'ကိုကြီးထိန် လုပ်ပါဦး၊ သိုက်ထွန်းအောက်မှာ အောက်မှာဗျ၊ ပြိုတဲ့ထဲမှာ၊ ဖယ်....ကျွန်တော်သွားခေါ်မယ်'

'မင်းသွားလဲ အပိုပဲ အုပ်စိုး၊ မြေပို့ရင် မလွယ်ဘူးဆိုတာ မင်းလဲ သိသားနဲ့။ သိုက်ထွန်းရာ တောက်....'

'ခိုင်ကြီး ဒါဖြင့် သိုက်ထွန်း သေပြီပေါ့၊ ဟုတ်လားကွ ခိုင်ကြီး' အုပ်စိုး မြေကြီးပေါ်မှာထိုင်ပြီး ရှိုက်ကြီးတငင် ငိုတယ်။ 'သိုက်ထွန်း သိုက်ထွန်း' နဲ့ ဗလုံးဗထွေး ထွက်လာတဲ့ အုပ်စိုး ငိုသံကို မျောတွင်းထက် ၌ ရေမြင်က မြေပို့တဲ့ အရှိန်နဲ့ တဖျပ်ဖျပ် လှုပ်ခတ် လှောင်မြောင်နေသလိုပဲ။

* *



ကြည့်စမ်းပါဦး။ လူတွေအားလုံး ဘာမှ မဖြစ်ကြသလို ဒီတန်ဟုန်ရဲ့ ဆိုင်ထဲမှာ တဟားဟား တဝါးဝါး။ အသောက်မပျက် အစားမပျက်။ ဟင်း....အပြင်ဘက် ဈေးဆိုင်တန်းမှာလဲ၊ မိန်းမတွေ အဝယ်မပျက် အခြမ်းမပျက်။ ဟော့....နင်တို့လင်တွေရဲ့ ပိုက်ဆံက သိုပ်ပေါ်နေလို့လား။ အုပ်စိုး....အုပ်စိုးက ရှေ့ကစားပွဲကို လက်ဝါးနဲ့ ဖြန်းခနဲ ရိုက်မစ်လိုက်တယ်။ ဂလုံဂလွမ် အသံတွေ ဆူညံသွားပြီး အရက်ပုလင်းတွေ လဲကုန်တယ်။ ဖန်ခွက်တစ်လုံးလည်း ကွဲပြီ။

အုပ်စိုးနဲ့ တစ်စားပွဲတည်း ထိုင်နေတဲ့ လူနှစ်ယောက်က မမူးတမူး။ သူတို့ပုလင်းက အရက် ကုန်ပြီးသားမို့ ဘာမှ မပြောပဲ မိုက်ကြည့်ပဲ ကြည့်တယ်။ မူးစပြုနေတဲ့ အုပ်စိုးကတော့ ဘာကိုမှ ဂရုမစိုက်ပဲ ဖန်ခွက်တစ်ခွက်ကို ကိုင်မြှောက်ရင်း....

'ဟော့.... လာစမ်း၊ ဒီထဲမှာ ဝီစကီထည့်စမ်း၊ နိုင်ငံခြား ဝီစကီ၊ ငါ့သူငယ်ချင်း သောက်ဖို့၊ တစ်ပက် သုံးဆယ်တန် ဝီစကီနော်'

ဟိုလူနှစ်ယောက်က ဒါမျိုးတွေ ကိုတန်ဟုန်ဆိုင်မှာ ရိုးနေပြီဆိုတော့ အုပ်စိုးကို ဂရုမစိုက်ပဲ သူတို့ဘာသူတို့ ဒူးယားတစ်ဖွာဖွာနဲ့ ဆက်စကားပြောကြတယ်။

'ဒီကိစ္စကျရှင်းတယ်ငါ့လူ၊ သူ့ဘာသာ မြေပို့လို့သေတယ်ဆိုတာ အဲဒီကောင် လုပ်ကြံတာ၊ မင်း မြင်တယ်မဟုတ်လား။ အဲဒီကိစ္စ ဖြစ်ပြီးကတည်းက သူ့လွယ်အိတ် လည်ပင်းက ချလို့လား၊ ဘာမှ မဟုတ်ဘူး၊ နှစ်ယောက် ကျင်းထဲဆင်းတုန်း

ရွှေတုံးတွေပါလိမ့်မယ်၊ အဲဒါ ခွဲရမှာစိုးပြီး သတ်ထားခဲ့တာ၊ ပြီး မြေပြိုပါတယ်ဆိုပြီး နောက်နှစ်ရက်သုံးရက်ကြာမှ ရဲသွားအကြောင်းကြားတာ၊ မင်း စဉ်းစားကြည့်၊ ဒီကောင် နောက်နေ့ တန်းလစ်တာပဲ'

'ဟေ့.... ဘယ်ကောင်တုန်းကွ၊ မြေပြိုတဲ့ အကြောင်း ပြောတာ'

ရုတ်တရက် ထအော်လိုက်တော့ ဟိုလူနှစ်ယောက် လန့်သွားပြီး ဒေါသလည်း ဖြစ်သွားကြတယ်။

'ဘာလဲကွ.... မင်းက ဘာကောင်လဲ၊ ပြောတော့ ဘာဖြစ်သေးလဲ'

'မပြောနဲ့ကွ'

'ပြောတယ်ကွာ... ကဲ'

အုပ်စိုး ဝုန်းခနဲထပြီး ခါးကြားက ဓားမြှောင်ကို အဆင်သင့် ထုတ်ကိုင်လိုက်တယ်။ ဟိုဘက်လူကလည်း အားကျမခံ ဓားမြှောင်ကို ထုတ်တယ်။

ကျင်းထဲဆင်းချိန်ကလွဲရင် ကြားအချိန်တွေမှာ ရွှေသမားမှန်ရင် ခါးကြားမှာ ဓားမြှောင်ကိုယ်စီနဲ့ ဆိုတော့ ထစ်ခနဲဆို ဓားမြှောင်ထုတ်တာက ရွှေတောထုံးစံ။

'လာစမ်းကွာ၊ သတ္တိရှိရင် ရှေ့တိုးခဲ့၊ လူလေးက လက်တောက်လောက်နဲ့'

'အောင်မာ.... ခင်ဗျားကြီးကလား'

အုပ်စိုး ဇာမူးရှူးထိုး ခေါနဲ့ ပြေးဝင်လိုက်တုန်း နောက်ဘက်ကနေ သိမ်းချုပ်ခံလိုက်ရတယ်။



'ဟေ့ကောင် အုပ်စိုး၊ ညီလေး စိတ်ထိန်းစမ်းကွာ၊ ဗျို့ ထူးတွေ ဘော်ပါဗျာ၊ ဒီကောင် စိတ်ညစ်ခနလို့ပါ၊ လာစမ်း ခိုင်ကြီး၊ ဒီကောင့် ဟိုဘက်ကဆွဲစမ်း'

'အောင်မာ... ဖယ်စမ်းဗျာ၊ ကိုကြီးထိန် ခင်ဗျားက ဟိုဘက်ကလား'

ကိုကြီးထိန်နဲ့ ခိုင်ကြီးက ဘာမှမပြောပဲ အုပ်စိုးကို တရကြမ်း ဆွဲထုတ်လာတယ်။ လားလမ်းမ ဟိုဘက် ရွှေတောအဝင်ပလမ်းမှာ အုပ်စိုးကို ဆွဲထိုင်ခိုင်းရင်း ကိုကြီးထိန်က....

'ဟေ့ကောင်.... ခိုင်ကြီး၊ ရေ့ဒွ ပိုက်ဆံ သွားပေးစမ်း၊ ဟိုမယ် တန်ဟန်ဆိုင်က လိုက်လာနေပြီ'

'ဘာပိုက်ဆံလဲ မပေးနဲ့၊ အလကားကောင်တွေ၊ ငါ့သူငယ်ချင်း မြေပြိုတာ မင်းတို့နဲ့ ဘာဆိုင်လဲ'

'ကဲကွာ.... ငြိမ်ငြိမ်နေစမ်း အုပ်စိုး၊ တို့ပြန်ရအောင်'

ကိုကြီးထိန်က အုပ်စိုး လက်တစ်ဘက်ကို သူ့လည်ပင်းမှာ သိုင်း။ သူက အုပ်စိုးခါးကို ထိန်းဖက်ပြီး ယိုင်ယိုင်နဲ့ လျှောက်ခဲ့ကြတယ်။ ရွှေတောသွားလမ်းကလေးကတော့ ကြယ်ရောင်မှိန်မှိန်အောက်မှာ ဖုန်တွေနဲ့ ဖြူဖွေးမြဲဖြူဖွေးနေသလို လမ်းဘေးက ပျားရည်ပန်းချုံက ပျားရည် ပန်းနံ့လေးတွေကလည်း မွှေးပျံ့နေမြဲ။

'ကိုကြီးထိန်'

'ဘာလဲကွာ'

'သိုက်ထွန်း မရှိတော့ဘူး၊ သေပြီ'

'အေးပါကွာ အေးပါ'

'မြေပြိုလို့သေတာ'

'အေးပါကွာ'

'သိုက်တွန်း၊ ငှက်ဖျားတက်လို့ မရတော့ဘူး'

'အေး.... အေး....'

'ဟိုရှမ်းတရုပ်မလဲ ယူလို့မရတော့ဘူး'

'အေးပါကွာ.... အေးပါ'

အုပ်စိုး၊ ငိုသံပါနဲ့ တောင်စဉ်ရေမရစကားတွေက ကိုကြီးထိန်နဲ့ ခိုင်ကြီးကို စိတ်ထိခိုက်စေတယ်၊ မြေပြိုတယ်၊ လူသေတယ်နဲ့ ကြားဖူးနေရုံနဲ့ ရိုးနေခဲ့ပေမယ့် ကိုယ့်အချင်းချင်း တကယ်ခံရတော့မှ ဘယ်လောက် ဝမ်းနည်းနာကျင်ဖို့ကောင်းတယ်ဆိုတာ သိရတော့ဘယ်။

'မငိုပါနဲ့ကွာ အုပ်စိုး၊ မင်း ယောကျ်ားမဟုတ်ဘူးလား၊ အချောက်လား'

'ယောကျ်ားဗျ၊ ဘာအချောက်လဲ'

'အေး.... အဲလိုဆို မငိုနဲ့'

'ကိုကြီးထိန်'

'ဘာလဲကွာ'

'ကျွန်တော် တဲမပြန်ချင်ဘူး'

'တဲမပြန်လို့ မင်း ဘယ်မှာ အိပ်မလဲ'

'မသိဘူး'

ကိုကြီးထိန် ငြိမ်သွားပြီး ခဏနေတော့မှ....

'အေး ဟုတ်ပြီ၊ မင်းကို ဂျက်ကလင်းဆီ လိုက်ပို့မယ်'

'ဘယ်က ဂျက်ကလင်းလဲ'



'ဘယ်က ဖြစ်ဖြစ်ကွာ၊ ငြိမ်ငြိမ်လိုက်ခဲ့၊ ဂျက်ကလင်းက ကယ်မိတဲ့ဟာလေးကွ၊ မင်း သဘောကျသွားမှာ၊ မင်းနဲ့ ရွယ်တူလောက်ပဲရှိမယ်၊ နော် ခိုင်ကြီး'

'မသွားချင်ဘူးဗျာ၊ အင်္ဂလိပ်မဆို ကျုပ် မကြိုက်ဘူး'

ကိုကြီးထိန်နဲ့ခိုင်ကြီး ရယ်ကြတယ်။

'လာစမ်းပါကွာ၊ မင်း ရောက်တော့ သိလိမ့်မယ်၊ မင်း ကြိုက်ဆံ့ကာ ပါရှိလား'

'ပါတာပေါ့ဗျာ ဗိန္ဒုရတဲ့ ငါးဆယ်၊ ဟောဒီထဲမှာ'

'ဟား ဟား ရမယ် ငါးဆယ်နဲ့၊ ဂျက် က လင်း၊ က တစ်ရာဗျ၊ ရန်ကုန်က'

'အို... ငါးဆယ် အကြွေးမှတ်'

'ရမယ် ရမယ် မင်းကြီးဒေါ်တဲ့ဒွ၊ လာပါ ငါစိုက်ပါ့မယ်'

ကိုကြီးထိန်တို့ ဆွဲရာနောက်ကို အုပ်စိုး ယိုင်ယိုင်၊ ယိုင်ယိုင်နဲ့ လိုက်ခဲ့တယ်။ တစ်နေရာ တဲဆာလေးတစ်တဲနားရောက်တော့ ခိုင်ကြီးက တဲကိုပုတ်တယ်။

'ကိုဆန်း... ကိုဆန်း...'

'လာပြီ... လာပြီ....'

လူတစ်ယောက်က ထရံတံခါးလေးကို လာဖွင့်တယ်။ အပေါက်ဝမှာရပ်ပြီး ကိုကြီးထိန်နဲ့ တွတ်တွတ် တွတ်တွတ် တွေပြောကြပြီး အုပ်စိုး အိတ်ထဲက ပိုက်ဆံလာနှိုက်တယ်။ ပြီးတော့ အုပ်စိုးတို့ တဲထဲဝင်ခဲ့ကြပြီး အုပ်စိုးကို ညင်ဖြူးပေါ်မှာ ထိုင်ခိုင်းတယ်။

'ဟဲဟဲ....ဂျက်ကလင်း၊ သိပ်လှနေပါလား၊ ဒီမှာထားခဲ့တော့မယ်နော်'

'ထားခဲ့ ထားခဲ့'

တဲတံခါးပိတ်သံကြားရတယ်။ အုပ်စိုး ထရံကို မှီထားရာက ကြိုးစားပြီး မျက်လုံးဖွင့်လိုက်တော့ သူ့ရှေ့မှာ နီရဲနေတဲ့ နှုတ်ခမ်းလေးတစ်စုံ ပွင့်ဟလို့။ သူ့ကို ငေးကြည့်နေတယ်။ ဆံပင်တွန့်တွန့် သေးသေးလေးတွေ။ မှင်စိမ်းလေးတွေနဲ့ ဘောင်ခတ်ထားတဲ့ မျက်နှာလေးက တော်တော်လှတာပဲ။

ဒီလိုဆိုတော့လည်း အုပ်စိုး ဟိုတစ်ခါ ထွက်ပြေးခဲ့ဘူးတဲ့ မိန်းမကြီးနဲ့ ကွာလှချည်လား။ ရွှေတောရောက်စလေး ကိုတင်ဦး ခေါ်သွားလို့ လိုက်သွားမိတယ်။ တစ်ခါမှ မကြုံဘူးတဲ့ အသိနဲ့ အစိတ်တန်မိန်းမဆိုတာ ဘယ်လိုဟာလဲဆိုတာ သိချင်စိတ်နဲ့ လိုက်သွားမိပါတယ်။

အသားဖြူစပ်စပ် ကိုယ်လုံးဝဝ၊ မျက်နှာမှာ သနပ်ခါးတွေ အဖွေးသား၊ ပန်းတွေ ပန်ထားတဲ့ မိန်းမကြီးကိုလည်း မြင်ရော အုပ်စိုး ပြန်လစ်ပြေးခဲ့ဖူးတယ်။ ဒီကောင်မလေးကျတော့လည်း ငယ်လိုက်တာနော်။

'ရှင် မူးနေလားဟင်'

ကောင်မလေးက အနားမှာ လာထိုင်တယ်။ အနံ့တွေက မွှေးလွန်းတော့ ခေါင်းထဲမှာ ပိန်နောက်သွားတယ်။ အုပ်စိုး မျက်လုံးဖွင့်ပြီး တဲထဲလျှောက်ကြည့်တော့ တဲရဲ့ ဟိုးထောင့်ကျွေး ခြင်ထောင်ထဲမှာ လူတစ်ယောက် အိပ်နေတယ်။



'ဟိုဟာက ဘယ်သူလဲ'

'စုလှိုင်ပါ၊ သူ ခုနလေးတင်မှ ငှက်ဖျားထက်ပြီးလို့ အိပ်ပျော်နေတာ'

'မင်းရော ငှက်ဖျားမထက်ဘူးလား'

'တက်တာပေါ့၊ ဒါပေမယ့် ဂျက်ကလင်းက တစ်ရက်ခြား တက်တာ'

'နာမည်ကလဲ ဂျက်ကလင်းတဲ့ ဟာ...ဟာ'

'ဘာလဲ ရှင် မခေါ်ချင်ဘူးလား၊ မခေါ်ချင်မခေါ်နဲ့ ၊ ဂျက်ကလင်းမှာ နာမည်တစ်မျိုး ရှိသေးတယ်၊ အေး တဲ့၊ ခေါ်လို့ရတယ်'

'မခေါ်ချင်ပါဘူး၊ ဂျက် က လင်း ဆို တဲ့ နာမည်က ကောင်းတယ်၊ မခေါ်ဘူးတဲ့ နာမည်လေး၊ ဟား....ဟား'

အုပ်စိုး ပြောချင်ရာတွေ လျှောက်ပြောရင်း အူမြူး တယ်။ မြူးမြူးနဲ့ ကောင်မလေးလက်ကို ဖျတ်ခနဲ လိုက်တော့ ကောင်မလေးက အလိုက်သင့်ပါလာတယ်။ ခိုင်း အုပ်စိုး အမူးမပြေ့တပြေနဲ့ ရင်တွေ တဒိုင်းဒိုင်း လာတယ်။ ရုတ်တရက် ကောင်မလေးက သူ့ရင်ခွင်မှာ က်နှာအပ်တိုးဝှေ့ပြီး...

'ရှင်က ထွန်းနဲ့တူလိုက်တာ၊ မျက်လုံးနဲ့ပါးစပ် သိပ်တူ တယ်'

'ဘယ် ထွန်းလဲ'

ဂျက်ကလင်းက မပြောဘူး။

'ရှင်က ရွှေကျင်ဘာပဲလားဟင်၊ ရှင့်ကိုယ်က ရွှံ့နံ့တွေ ရတယ်'

'ဟာ....ဒုက္ခပါပဲ'

အုပ်စိုး အရှက်ကြီး ရှက်နေမိတယ်။ ရည်းစားနဲ့ ချိန်းတယ်ဆိုတာ ဒါမျိုးပဲနဲ့တူရဲ့။ ဒါကြောင့်မို့ ကိုကြီးထိန်တို့ ဒါတွေ လိုက်စားနေကြတာ။ ဒီအရသာတွေ ခံစားနေကြတာ မနေမှာ။

အုပ်စိုး ကောင်မလေးကို တင်းတင်းကျပ်ကျပ် ဖက်ပစ်လိုက်တယ်။ အသံတုန်တုန် ဗလုံးဗထွေးနဲ့ 'မင်းအ သိပ်လှတာပဲ၊ သိပ်လှတာပဲ'လို့ ပြောမိတုန်း ရုတ်တရက် ဂျက်ကလင်း ကိုယ်က သိမ့်သိမ့်လေးတုန်လာတယ်။

'ဂျက်ကလင်း ချမ်းလာသလိုပဲ၊ ဒီနေ့ အဖျားတက်ရင်လဲ မဟုတ်ဘဲနဲ့ ဘာဖြစ်လို့လဲ မသိဘူး၊ ဂျက်ကလင်း ဆေးသောက်မှ ဖြစ်မယ်'

ပြောရင်းနဲ့ ဂျက်ကလင်း တစ်ကိုယ်လုံး တဆတ်ဆတ် တုန်လာပြီး အုပ်စိုး ရင်ခွင်ထဲမှာတင် 'ချမ်းတယ် ချမ်းတယ်' နဲ့ ဖြစ်လာတယ်။ တဟီးဟီးနဲ့ မေးရိုက်သံတောင် တရိုက်ရိုက် ထွက်လာတော့ အုပ်စိုး အမူးတွေ ဘယ်ရောက်သွားမှန်း မသိတော့ဘူး။

'ချမ်းတယ် ချမ်းတယ်၊ စောင်စောင် ဆေးဆေး'

ကြာတွေ ဗျာတွေ အမူအရာတွေ မရှိတော့ဘဲ တခိုက်ခိုက်တုန်ယင် အဖျားတက်နေရှာသူလေးကို အုပ်စိုး ပွေ့သွားပြီး ဟိုမိန်းကလေးဘောက ခြင်ထောင်တစ်လုံးထဲမှာ ရှိတဲ့



စောင်တွေကို အထပ်ထပ် ခြုံပေးမိတယ်။ သူလေးတောင်းနေတဲ့ ဆေးဆိုတာကကော ဘယ်မှာလဲ။

အိပ်ရာ ခေါင်းရင်းက ဂျပ်ဘူးခွံလေး တစ်ခုထဲမှာ စုပြုံနေတဲ့ ဆေးပုလင်းတွေကိုမြင်တော့ ဝမ်းသာအားရ အုပ်စိုး သူလိုက်ပေးမယ့် အင်္ဂလိပ်လိုတွေ ရေးထားတာ၊ အုပ်စိုး ဘယ်လိုလုပ်သိမလဲ။

ငှက်ဖျားဆေး၊ အင်္ဂလိပ် ဆေးပြားလေးတွေဟာ အဖြူဆိုတာပဲ အုပ်စိုးသိတယ်။ ဒီပုလင်းတွေထဲမှာ ဆေးပြားအဖြူတွေအများကြီး။ အို—ဒုက္ခပါပဲ။ ဂျက်ကလင်း ကတော့ စောင်ခြုံအောက်မှာ ကွေးကုပ်ရင်း တအားချမ်းနေရှာပြီ။

'ဂျက်ကလင်း....ဂျက်ကလင်း'

အုပ်စိုးခေါ်ပေမယ့် ဂျက်ကလင်းဆီက မေးရိုက်သံ တခိုက်ခိုက်ပဲ တုံ့ပြန်တယ်။ ကိုတင်ဦး လုပ်သလို မျက်စဉ်းခတ်ပေးရအောင် ကလည်း ရေသကြီးရွက်က အဆင်သင့် မရှိ၊ အေးလေ ရှိရင်တောင် မဖြစ်ပါဘူး၊ သူ သိပ်စပ်မှာပေါ့။

အုပ်စိုး အပူပန်ကြီး ပူပန်နေမိရင်း ဘာလုပ်ရမှန်းမသိပဲ။ တစ်ကိုယ်လုံး တုန်ယင်နေတဲ့ ဂျက်ကလင်း ကိုယ်လုံးလေးကို အားရှိသလောက် ပွေ့ဖက်ထားမိတယ်၊ စိတ်ထဲကလည်း ကျပါစေတော့ ငှက်ဖျားရယ်။ ကျပါစေတော့။ ကျပါစေတော့လို့ ဆုတောင်းပေးမိတယ်။

'အတော်ကြီး ကြာတော့မှ အတော်ကြီး ခံစားလိုက်ပြီးတော့မှ ဂျက်ကလင်း ကိုယ်လုံးလေး အတုန့်ရပ်သွား... တယ်။

ဆောင်တွေကို ဖယ်လိုက်တော့ နဖူးမှာ ချွေးလေ... လေးတွေ စို့နေတဲ့ ဂျက်ကလင်း မျက်နှာလေးက ... စရာ။

'မကောင်းသွားပြီလား ဂျက်ကလင်း ဟင်'

ဂျက်ကလင်းက ခေါင်းညိတ်တယ်။ မျော့တော့ နွမ်း... နေတဲ့ မျက်နှာလေးနဲ့၊ အုပ်စိုးကို ငေးကြည့်ရင်း မျက်... လေးတွေက မှိတ်ကျလာတယ်။

'ဂျက်ကလင်းကို စိတ်မဆိုးပါနဲ့နော်၊ ဂျက်ကလင်း... နေ့ညည်ထဲက နေသိပ်မကောင်းဘူး'

'ဟာ.... ရပါတယ်၊ ဂျက်ကလင်း စိတ်ချ လက်... အိပ်။ ဂျက်ကလင်း အိပ်ပျော်မှ ကျွန်တော် ပြန်မယ်'

ဂျက်ကလင်းက မှိတ်ကျနေတဲ့ မျက်လုံးလေးတွေကို အ... ယူပြန်ဖွင့်ရင်း 'ကျေးဇူးပါပဲ တွန်းရယ်'တဲ့။

အိပ်ပျော်သွားတဲ့ ဂျက်ကလင်းကို အုပ်စိုး အ... ကြောင်နဲ့ ငေးကြည့်နေမိတယ်။ ကယောင်ကတမ်းနဲ့ ... မျာ၊ ဘယ်က 'တွန်း' ထင်နေတယ်မသိဘူး။ သူ့ယောက်... လား၊ သူ့ရည်းစားလား။ ဒါမှမဟုတ် သူနဲ့ တွေ့... ယောကျ်ားတွေထဲက တစ်ယောက်လား။



ဂျက်ကလင်းရယ်။ ရဲနေတဲ့ နှုတ်ခမ်းလေး မဟတဟနဲ့ အပြစ်ကင်းစင်စွာ အိပ်ပျော်နေသူလေးကို ကြည့်ပြီး အုပ်စိုး ရင်ထဲမှာ တငြိမ့်ငြိမ့်ခုန်နေတယ်။

ဂျက်ကလင်းဆီက တိတ်တိတ်လေးခွာပြီး အပြန်လမ်းမှာ အုပ်စိုးရင်ထဲအမှုးမရှိ။ ရွှေတောမရှိ၊ သိုက်ထွန်းမရှိ။ ဘာဆိုဘာမှမရှိတော့ဘဲ ရင်တစ်ခုလုံး ဟင်းလင်းပြင် တစ်ခုလို။

ရွှေတောရဲ့ မိုးဦးကျတာကလည်း တောထဲမို့လား မသိဘူး။ ရေပါလိုက်တာ တအားပဲ။ နေ့လည် အလုပ်လုပ်နေကြတဲ့ အချိန်ကြီးမှာ ရုတ်တရက် ခြိမ်းခြောက်လာပြီး ရွာချလိုက်တာ၊ ရေမွေးဖို့ လုပ်ထားတဲ့ ကန်လေးတွေ တောင် ချက်ချင်း ပြည့်သွားတယ်။

ဒီမိုးဟာ ရွှေသမားတွေကို ဒုက္ခပေးတော့မယ့် မိုးတွင်းရဲ့ အစဆိုတာ သိရက်နဲ့ မိုးရေ အေးအေးတွေ အောက်မှာ လူကြီးကလေး တဟေးဟေး အော်ရင်း မိုးကို ကြိုကြတယ်။ ဘာပဲဖြစ်ဖြစ် အပူဒဏ်က ခဏသက်သာ သွားတာကိုး။ မလုံမလဲ တဲလေးတွေအောက်မှာ ရက်ပေါင်းများစွာ နေခဲ့ရတာကိုး။

တကယ်ကျတော့ ဒီမိုးဦးပြီးလို့ နောက် မိုးဖွဲဖွဲ ရွာပြီဆိုရင် ဒီမျောတွေက မိုးရေနဲ့ပြည့်။ မြေသားတွေက ရေနဲ့နှူးပြီ၊ ဘယ်လိုမှအလုပ်လုပ်လို့ မရနိုင်တော့ဘူးတဲ့။ ကိုယ်ဟာကိုယ် တပ်ခေါက်ပြီး ပြန်ချင်တဲ့သူပြန်။ မပြန်ချင်တဲ့သူကလည်း ဆောင် စပ်ကိုစောင့်ရင်း ညောင်နိုပင် ရွာနားမှာ ဖြစ်သလို လုပ်စားရင်းနေ။ တချို့ သွားရဲကြတဲ့ သူတွေကျတော့လည်း ဟိုး အရှေ့ဘက် တောင်ပေါ်ကို ဒီ မိုးမှာ အားကိုးနဲ့ ရွှေ ရှာကျင်ကြသတဲ့။

သိုက်တွန်းရယ်၊ တောင်ပေါ်ကို သွားရမှာ မင်းမပြောတော့ တစ်မျိုးကြီးပဲကွာ၊ ကိုတင်ဦးရယ်၊ ကုံကြီးထိန်ရယ်၊ ခိုင်ကြီးရယ်နဲ့ မိုး တအားကျရင် သွားကြတော့မှာ။ ဒီတောင်မှ အပြောကြီးတဲ့ ကုံကြီးထိန် တစ်ယောက် တစ်ခေါက်ကမှစပြီး ငှက်ဖျားဖြစ်လိုက်လို့ တောင်ပေါ် လိုက်ရမှာကြောက်နေလေရဲ့။

ဒါပေမယ့် ဒီလူကြီးကို ကိုတင်ဦး ပြောပြတဲ့ သူများသွားထားဖူးသူတွေ ပြောပြတဲ့ သွားရည်ကျစရာ အကြောင်းတွေက မြူဆွယ်တော့လည်း လိုက်မှာပဲ၊ ပြန်လာရတာပဲ အုပ်စိုးတောင် သိုက်တွန်းသေလို့ ကျမိတဲ့ စိတ်ဓာတ်တွေ တဖွားဖွား၊ ပြန်ဘက်လာမိတာပဲ။ ကိုတင်ဦးကပဲ အပြောကောင်းလို့လား မသိပါဘူး။ ဟိုနေ့ညကပဲ တောင်ပေါ်အကြောင်း မေးကြည့်မိတယ်။

'မင်း အဲဒီတောင်က ရွှေတင်မဟုတ်ဘူး၊ ကျောက်ပါရှိတာ' -



နာမည်ကိုက ရွှေရ၊ ကျောက်ရတောင်တဲ့။ ရွှေဆိုတာကသည်း ရလိုက်ရင် အခဲအတုံး။ ဘယ် ဒီမျောက ရွှေမှုန်တွေဆိုတာ ဖွတ်ပဲ၊ အငယ်ဆုံးအတုံ ဟာ အစိတ်သားပဲ။ ကျောက်စမ်းဦးမလား။ ဟိုတစ်ခါ သားသည်အမေ ငင်ယောက်။ မုဆိုးမ သား လေးငါးယောက်နဲ့ မိုးတွင်း အဲဒီတောင်ပေါ်တက်ပြီ၊ တူးတာ။

တကယ်တော့ မိန်းမက စားစရာမရှိလို့ စွန့်တာ။ ပထမတော့ ဘာမှမရဘူးပေါ့ကွာ။ နောက်တော့မှ တစ်နေ့တူးရင်းနဲ့ ကျောက်တစ်လုံးရတယ်။ အနီလေးဆိုတော့ ကျောက်နီပေါ့ကွာ။ ဒါပေမယ့် ကျောက်က တော်တော်ကြီးကြီးတာ။ ကွမ်းသီးလုံးသာသာလောက်ရှိတာ။

အဲဒါနဲ့ မိန်းမက တော်ပြီပေါ့။ ဒီကျောက်လေးကိုရွှေစရွှေန ရှိတာလေးနဲ့ ဆွဲကြိုးလေးလုပ်။ သားဆင်ပြီးအရပ်ပြန်မယ်ပေါ့။ လုပ်တော့ ဆွဲကြိုးက လုပ်မရဘူး။ သူရှိတဲ့ ရွှေနဲ့ မရဘူး။ ဒါနဲ့ စိတ်ပျက်ပြီး မိန်းမက လူတစ်ယောက်ကို တစ်ရာ့တစ်ဆယ်နဲ့ ရောင်းသွားတယ်။ အဲဒီလူကဖွဲ့ဝိုင်းရှုံးတော့ အဲဒီကျောက် ငါ့လက်ထဲ ရောက်လာတာ။

ကျောက်က သိပ်ကောင်းတာကွာ။ အရည်ကောင်း။ လဲ့နေတာပဲ။ အပြစ်၊ အနာ၊ အဆာ၊ လုံးဝစင်တယ်။ ငါတော့ပွဲပြီဆိုပြီး မန္တလေးတက်ရောင်းကြည့်တယ်။ ပြကြည့်တယ်။ အကုန်လုံးကကွာ ကျောက်က ကောင်းလွန်းနေတော့ ကြီးကလည်းကြီးဆိုတော့ ပတ္တမြားလို့ ဘယ်သူမှ မပြောရဲကြဘူး။

ဒီလိုနဲ့ ဥဒေါင်ကြီးပါကွာ။ ပြင်သစ်ကြီးပါ ကွာနဲ့။ ဥဒေါင်ဆိုတာ အရှည်လွန်နေတာကို ပြောတာ။ ဒါနဲ့ ပြီးသွားရော။

ဘယ်သူမှ ဈေးမပေးရဲကြဘူး။ နောက်ဆုံး ပွဲစားတစ်ယောက်က ငါးရာနဲ့ ဝယ်သွားလိုက်တယ်။ မနက်ကတော့ ရှူးတောင်ရှူးချင်ပါရဲ့ကွာ။ ပွဲစားက အဲဒါကြီးကို မန်းကျည်းစေ့လောက်ထိ အကွက်အမျှားကြီးသွေးပြီးရောင်းလိုက်တာ သိန်းလေးဆယ်တဲ့'

ဘုရား ဘုရား သိန်းလေးဆယ်ဘဲ။ ကိုဘစိုး ရှူသိုရှူး ချင်မှာပေါ့နော်။ ဘာပဲဖြစ်ဖြစ် တောင်ပေါ်ကတော့ သွားရမှာပဲ။

'ကိုစကျော်မြို့ကြီး မိုးရွာပြီလေ၊ လယ်သမားတွေ ပြန်ခေါ်ကုန်ပြီ၊ ဘယ်တော့ ပြန်မှာလဲ'

'ဟေ...သူဌေးမဖြစ်မချင်း မပြန်ဘူးကွ၊ မိုးမကလို့ မိုးအဖေကြီးက ခေါ်ခေါ်၊ လယ်သူရင်းငှားဘဝ စိတ်နာလို့ ကို မပြန်ဘူးကွ'

ခိုင်ကြီးရယ်လေ။ မိုးရေတွေ တစ်ကိုယ်လုံး အရွဲသားနဲ့ ဟိုလူ့လိုက်စီး သည်လူလိုက်စနဲ့။ မျောပိုင်တစ်ယောက်ရဲ့ တွင်းကို ဖောက်ပေးနေရင်းက မိုးမြေးခိုရင်း ငိုင်နေတဲ့ ငါးရုံကြီးအနေ အုပ်စိုး ထရပ်လိုက်တယ်။

'ဟေ့ကောင်၊ အုပ်စိုး၊ ငါးရုံကြီးမှာ ဘာလုပ်နေတာလဲ၊ မင်း မျောရှင်ကြီး စိုင်းဝဏ္ဏကို လွမ်းနေ တာလား၊ ကျောက်ကလင်း ပီလင်တက်နေတာလား'



အုပ်စိုး ခိုင်ကြီးကို ပစ်ပစ်နှစ်နှစ် ငါနှင့် ကိုင်တုပ်ပစ်လိုက်တယ်။

'ငါက အဲဒီရှမ်းကို ဘာကိစ္စ လွမ်းရမှာလဲ၊ သူ့ဘာသာ စိတ်ခေတ်ကျပြီးတာ၊ မရဆီးမရ ပြန်ပြေးတာများ အလကား သတ္တိနည်းတဲ့သူ။ ရှမ်းပြည်အလာပြီး ငှက်ဖြစ်တော့ ကြောက်လိုက်တာလဲ သေချလုလို့'

'ဒါဖြင့် ကျောက်ကလင်း ပီလင် တက်နေတာပေါ့'

အုပ်စိုး မဖြေပဲ နောက်တစ်ခွန်း ထပ်ဆဲပစ်လိုက်တယ်။

ခိုင်ကြီးက 'ဟာ ငါ ဘာလို့ ဖိဆဲနေတာလဲဟ'လို့ အော်ရင်း 'ကိုကြီးထိန် ရေမြန်မြန်ချိုးဗျို့၊ ထမင်းသွားစားမယ်' လို့ လှမ်းပြောမြန်တယ်။

ကိုကြီးထိန်က ရေမွှေးကန်ထဲက ပြည့်လျှံနေတဲ့ မိုးရေ တွေနဲ့ ခေါင်းပေါ်ကနေ လောင်းလောင်း ချိုးနေတယ်။

ဒီလူကြီးကလည်း လူပျိုကြီး တော်တော် ပီသတယ်။ မိုး မိဘာမျှား ရေချိုးပစ်နေရသေးတယ်။ ရေချိုး ပြီးတော့ မိုးစိုဘဲ့ အဝတ်တွေပဲ ပြန်ဝတ်ရမှာမျှား။ အလုပ်မြန်နဲ့ လုပ် တော့လည်း ရေက ပြန်ရွဲဦးမှာမျှား'

'ဗျို့ မနက် လုပ်လှချည်လားဗျ၊ ထမင်းလေး ဘာလေး လည်း စားဦးမှပေါ့'

အုပ်စိုးက ကိုကြီးထိန်ကို ဇဝေဇဝါရင်း ခပ်လှမ်းလှမ်းအ မျောမှာ မြေသယ်နေတဲ့ မနက်ကို နောက်တော့။

'အမယ်လေး၊ လုပ်မှတော်ရရ့ လုပ်မှု။ မတွေ့ဘူးလား။ အဖေမိုးက အချက်ပြနေပြီ။ မိုးတွင်းစရာပြီး ရွာနားခိုအပ်

နေရမှာ ကျုပ်တို့က တော်တို့တွေလို တောင်မပေါ် တက်နိုင်မှာ မဟုတ်ဘူး'

'နေအောင်မာ၊ ခင်ဗျားတို့လင်မယား ရှာထားတဲ့ ပိုက်ဆံတွေနည်းတာမှ မဟုတ်တာကို ဖြိုးမနေစမ်းပါနဲ့ဗျာ'

'ဟဲ့ အုပ်စိုးရဲ့၊ ပြောလို့ပြောတာ မဟုတ်ဘူး၊ ငှက်ဖျားဖြစ်သေးရစေ၊ စုမိဘူးဟဲ့'

မနက်က ခေါင်းဖုန့်မျက်နှာက ရှုံ့စက်တွေကိုသုတ်လိုက်၊ သူ့အင်္ကျီလက်ပြတ်အဝါ အဖု အဖုလေးတွေပေါ်က ရှုံ့စက်တွေကို တယုတယ သုတ်လိုက်နဲ့ စိတ်ပါလက်ပါ ပြောနေတယ်။ မနက်ဝတ်ထားတဲ့ အင်္ကျီစမျိုးပဲ။ ဒီအရောင်ပဲ အဝါထိန်ထိန် အဖုအဖု လေးတွေနဲ့ဟာ။ ဟိုညက ဂျက်ကလင်း ဝတ်ထားတာ သိပ်လှတာပဲ။ မနက်နဲ့တော့ တခြားစီ။

အင်း..., မနက်က ရွှေတောရောက်ခါစ မနက်နဲ့တော့ မတူတော့ဘူး။ အင်္ကျီ အပွင့်မပေါ်။ လုံချည် မွဲခြောက်နဲ့ မနက် မဟုတ်တော့ဘူး။ အင်္ကျီအကောင်းစား၊ နောက်ဆုံးပေါ် ပါတိတ်လုံချည် အပွင့်အခက်နဲ့ မနက် ဖြစ်နေပြီ။

သူတို့မိန်းမတွေလည်း အုပ်စိုးတို့လို ရှိမှာပေါ့လေ။ ဒီမှာ ကိုယ် တစ်သက်လုံးက ဝယ်ဝတ်နိုင်မယ်မထင်တဲ့ ကင်ဗိုအင်္ကျီတို့၊ မလေးရှားလုံချည်တို့။ ထက်ထရက် လုံချည်တို့ ဂျင်းဘောင်းဘီတွေနေရတယ်။ ကိုယ်စားချင်တာ စားလို့ရတယ်။

ဝယ်မှာပေါ့။ ဝတ်မှာပေါ့။ ဘာဖြစ်လဲ။ ဒီနေ့ကုန် နက်ဖြန် ထပ်ရှာမယ်။ ဘာဖြစ်သေးလဲ။ ဟို တစ်ခါကဆို



အုပ်စိုး ဂျင်းဘောင်းဘီကို တစ်ထည်။ တစ်ရာပဲ၊ ကြိုက်ကလည်းကြိုက် မျောထဲဆင်းရင် သိပ်မိမှာဘဲပေါ့။

ကိုယ့်လက်ထဲ ရှိတာကလေး နှစ်ရက်လုပ်ခ တစ်ရာပဲရှိတာ။ ဘာဖြစ်ဖြစ် လာခဲ့ကွာဆိုပြီး ဝယ်ချပစ်တာ။ နောက်နေ့မနက် လက်ဖက်ရည် သောက်စရာကို မရှိတော့ဘူး။

ဒါပေမယ့် အဲဒီနေ့က ကြိတ်မှိတ်အစာခံပြီး မျောထဲဆင်း ခေါင်းသား ထိုးပေးလိုက်တော့ ညနေ ပက်စနဲ့ ငွေခြောက်ဆယ် ရတာပဲ။ အဟီး ဝတ်တော်နဲ့ တရုပ်စာတွေကားလမ်းမ ကိုတန်ဟုန့်ဆိုင် သွားဝယ်တာ။ ငါးကျပ် ပိုတော့တယ်။ လူ့ကို 'အင်း' ထိုးနေတာဝ။ ဆိုင်ထဲက မနည်းထွက်ရတယ်။

'ခင်ဗျားတို့ မြန်မြန်ပြန်လာကြ၊ ဒီမှာ အလုပ်တွေက တန်းလန်း၊ သိပ် လေဆာနဲ့မနေကြနဲ့ဦး'

'အေးပါဟ၊ အောင်တင်ရ'

ကိုကြီးထိန်တော့ အောင်တင်ကိုတော့ ဖြုံတယ်.... မဒအပေးလောဘကတော့တကယ်ပြီးတဲ့ကောင်။ ရင်ဘတ်ကအကင်း မသေ့တသေ အမာရွတ်ကြီးနဲ့ အလုပ်ပြန်ဆင်းနေတာကြာပြီ။

ထမင်းမျှားလည်း၊ စားလိုက်တာ။ နောက်က် ခွေးရှူးလိုက်တဲ့အတိုင်း ရှူးရှူးရှဲရှဲနဲ့၊ သူ့အမေမချက်တဲ့ ငရုတ်သီးချက် တစ်ခွက်နဲ့ စားတာပဲ။ စားပြီးတာနဲ့ တန်းပြီး မျောထဲဆင်းတာပဲ။

ကိုကြီးထိန်တို့ ထမင်းစား သွားတော့မယ် ဆိုလည်း မြန်မြန် ပြန်လာလို့မှာပြီး ရှားတယ်။ ဒီကောင်မျိုး ကတော့။

'အောင်တင်ကတော့ အလုပ်ရှုပ်ရှုပ်ပြီး သေမှာဘဲ'

အုပ်စိုးက လမ်းသွားရင်း ပြောင်းပြောင်းမြမြ ပြောမိတယ်၊ ကိုကြီးထိန်ကတော့ 'မပြောပါနဲ့ကွာ၊ ဒီကောင်ကလည်း မိန်းမလိုချင်နေတာကွ၊ ဒါကြောင့်မစားရက် မသောက်ရက် စုနေတာ'တဲ့။

'မိန်းမတစ်ယောက် ရဖို့များဗျာ၊ ဒါလောက် ပင်ပန်းခံစရာ မလိုပါဘူး၊ အလကား၊ ငွေအစိတ် သုံးဆယ်နဲ့ကို မိန်းမ တစ်ညတစ်ယောက် ယူလို့ရသေး၊ ဟဲ...ဟဲ'

ခိုင်ကြီးကရပြောရင်း အူမြူးသံနဲ့ ရယ်တယ်။ ဒါမျိုးဆို စိတ်ပါတဲ့ ကိုကြီးထိန်ကလည်း။

'ဟေ့ကောင်၊ ဂျက်ကလင်းလို ဟာမျိုးတော့ မရဘူးကွ သိလား၊ မင်း တစ်ရာမှ။ တန်ပါတယ်ကွာ၊ တကယ်တော့ နော်။ ဟေ့ကောင် အုပ်စိုး'

အုပ်စိုး ရောယောင် ခေါင်းညိတ်ရင်း ပါးစပ်က လွှတ်ခနဲထွက်သွားတယ်။

'ဂျက်ကလင်းဆီ သွားချင်တယ်ဗျာ'

ကိုကြီးထိန်နဲ့ ခိုင်ကြီးက အားရပါးရ အော်ရယ် ကြတယ်။



'ဟကောင်ရ။ သွားချင်သွားပေါ့ဟ၊ အပျက်ဆီ သွားတာများ ငွေတစ်ရာရှိရင် ဂျက်ကလင်းဆီ ဘယ်သူမဆို သွားလို့ရတယ်'

ဟုတ်သားပဲ၊ ဂျက်ကလင်းဟာ အပျက်မဘဲ၊ ငါသွားချင်သွားလိုက်နိုင်တာပဲ၊ ဘာမှ တခြားလူတွေထက် ပိုထူးပြီး ခေါ်မှာလည်း မဟုတ်ဘူး။ ပြောမှာလည်း မဟုတ်ဘူး၊ မျှော်လင့်နေမှာ မဟုတ်ပါဘူးလေ။

* * *

'ထွန်း၊ ဂျက်ကလင်းဆီ ဘာလို့ မလာတာလဲဟင်'

'ဒီတောထဲမှာ၊ လူတွေက အများကြီး၊ သူ့ကို ဘယ်ထိုက်ရှာရမှန်းလည်း မသိဘူးကွာ'

'မျှော်လိုက်ရတာ ထွန်းရယ်၊ သိပ်ချစ်တယ် သိလား'

ပေါက်ပြားရိုးကို အုပ်စိုး တင်းကျပ်နေအောင် ဆုပ်ကိုင်ထိုက်မိတယ်။ ဂျက်ကလင်းရယ်။ သိပ်ချစ်တယ်တဲ့ လားငါ့ကို ရူးအောင် လုပ်ခဲ့ပြီ။ အုပ်စိုး ငိုင်နေရာကနေ ပေါက်ပြား ဆက်ပေါက်တယ်။

မြေကြီးတွေဆို ဆောက်ကူ ခြင်းလေးထဲ ယက်ထည့်လိုက်တယ်။ ပြီးတော့ ပေါက်ပြား ဆက်ပေါက်တယ်။

ဟင်း... သူ့ကြည့်ရတာငါ့ကို တကယ် မျှော်နေတဲ့ပုံပဲ။ ကိုက်လိုက်။ ယမ်းလိုက်။ ချလိုက်၊ နွဲလိုက်တာတွေ ကလည်း

တာဘယ့်ကို တွတ်တီးတွတ်တာနဲ့။ သိပ်လဲ ပျော်နေတဲ့ပုံ။ လူဆိုတာ ဝမ်းထဲက ပါတာနဲ့ မပါတာ သိတော့ သိသာပါတယ်လေ။

သူဟာ သိပ်ဟန်ဆောင် ကောင်းတယ်ဆိုရင် ငါ့ကို မုန့်အကောင်းစားတွေ ဘာလို့အတင်း ကျွေးတာလဲ။ 'မြေကြီးတူးရတာသိပ် ပင်ပန်းမှာပဲနော်' လို့ပြောရင်း လက်တွေကို ဖြန့်ကြည့်ပြီး ဘာလို့ ပါးနဲ့ အပ်ထားရတာလဲ။

ခိုင်ကြီးတို့က ပြောတယ်လေ။ အပျက်တွေဟာ သူများဆီက ဘာလေးရရ၊ ရသမျှ ခုတ်တတ် လှီးတတ်တယ်ဆို။ ဘယ်တော့မှလည်း ရင်းရင်းနှီးနှီး မဆက်ဆံ တတ်ဘူးဆို။

အုပ်စိုး ဘယ်နှစ်ကြိမ်မြောက်မှန်း မသိ။ ဆက်ပြင်းချရ ပြန်တယ်။ မသိဘူးကွာ၊ မသိဘူး၊ ဘာဖြစ်ဖြစ်။ ဘာဖြစ်ဖြစ် ဂျက်ကလင်းကို အုပ်စိုးသနားတယ်။ ချစ်တယ်။ ချစ်တယ်။

သူ့ဟာသူ 'တွန်း' ခေါ်ခေါ် 'ထက်' ခေါ်ခေါ် တွန်းဆိုတာ ဘာကောင်ဖြစ်ဖြစ် အုပ်စိုး ဂရုမစိုက်ဘူး။ သွားမယ် ဂျက်ကလင်းဆီကို အုပ်စိုး ပိုက်ဆံတစ်ရာရှိတဲ့နေ့တိုင်း သွားမယ်၊ အုပ်စိုး ဘယ်တော့မှ ဂရုမစိုက်ဘူး။

အုပ်စိုး ဘာရယ်မသိ။ ဒေါသဖြစ်လာရင် ပေါက်တူးကို အားရှိပါးရှိမြဲပြီး ပေါက်ပစ်မိတယ်။

'ဟကောင်လေးရ၊ ငါ့ခြေထောက်လဲ ခုတ်မိပါဦးမယ်ဟ၊ ဘယ်လိုဖြစ်တာလဲ'

ဘေးနားက ပေါက်နေတဲ့ ကိုကျော်မြိုင် အော်တော့မှ အုပ်စိုး သတိဝင်လာတယ်။ ဒါပေမယ့် ရှုံသိုးသိုးနဲ့ပဲ 'ကြည့်



ရှောင်ပေါ့ဗျာ' လို့ ပြောရင်း တဝုန်းဝုန်း ဆက်ပေါက်တယ်။

'ဟ.... ပြဿနာပဲဟ၊ ဒီကောင်'

ကိုကျော်မြိုင်က အုပ်စိုးကို နားမလည်သလို ငေးကြည့်နေတုန်း၊ မြောင်းစပ်မှာ မနက် ပျာပျာယာယာနဲ့ ရောက်လာတယ်။

'ကိုကျော်မြိုင်၊ ကိုကျော်မြိုင်၊ ကယ်လာပါဦး၊ ရှင့်သမီး ဝမ်းတွေ ထပ်လျှောနေပြန်ပြီ'

'ဟာကွာ၊ မင်းကလဲ၊ ဒီမှာအလုပ်နဲ့၊ မိုးကျဲတော့ အပူ ဝမ်းသွားတာပေါ့ကွ၊ ဆေးခန်းက ဆေးပြား ဝယ်တိုက်လိုက်၊ သွား'

'အော်.... ဒါတော့ ရှင်ပြောမှလား၊ လင်းအားကြီး နှစ်ခါ သုံးခါ သွားကတဲက ဝမ်းပိတ်ဆေး တစ်ပြား တိုက်လိုက်တာပဲဟာ၊ ခုဟာက ရှင့်သမီး ကလေးတွေနဲ့ ဟိုမြောက်ဈေးမှာ၊ အင်ဝိုင်း လှည့်ရှင်း လဲနေတာ၊ ဘယ်နှစ်ခါ ထပ်သွားထားမှန်း မသိဘူး'

ကိုကျော်မြိုင်ကြီးက ဟေ....ဆိုပြီး အဲဒီကျမှ ဖောက်လက်စ မြောင်းထဲက ခုန်ပြေးတယ်။

ပြဿနာပါပဲ။ ဒီကလေးတွေနဲ့တော့။ ပိုက်ဆံကလွယ်လွယ် ရနေတော့ အစားစုံစား၊ ဝမ်းတွေလျှောနဲ့ဟာ၊ ဆေးခန်းသွားတော့ ပိုက်ဆံကုန်ရနဲ့၊ ဟိုရမ်းကုတွေ ကောင်းစားဖို့ ဖြစ်နေတာပဲ။

အဲဒီကိုကျော်မြှိုင် သမီးလေး အကဲဆုံး၊ အစားသိပ်ဖြစ်ည
ကောင်မလေး၊ သူ့ပါးစပ်လေး ကြည့်လိုက်ရင် လှုပ်လှုပ်
လှုပ်လှုပ်နဲ့ အမြဲ ဝါးနေတာချည်းပဲ။ ဟို ခေါင်တင့်ညီ
အမြွာလေး နှစ်ယောက်ကမှ တော်သေးတယ်။ စည်းကမ်
လေးတွေနဲ့။

'ရေခဲရေ၊ ရေခဲရေ၊ ရမယ်၊ မန်းကျည်း၊ ဖျော်ရည်
ရမယ်'

နေနည်းနည်း ပြန်ပူတာနဲ့ ရေခဲရေသည်တွေ မန်ကျည်း
ဖျော်ရည်သည်တွေ ပြန်ရောက်လာကြ ပြန်ပါပကောလား၊
ရေခဲရေတစ်ခွက် တစ်ကျပ်။ မန်ကျည်း ဖျော်ရည် တစ်ခွက်
နှစ်ကျပ်။ ရောင်းတဲ့လူ လက်မလည်ဘူး၊ ကလေးတွေ
ကဆို အဆိုးဆုံးပဲ၊ ဒါမျိုးဆို ဟစ္စတ်စွတ် ဝယ်သောက်နေ
ကြတာ။

မိုးကလည်း တစ်ခါ ဖြိုင်ဖြိုင်ကျပြီးသတဲ့ထာ နောက်ထပ်
မရွာပြန်တော့ဘူး။ နေက ပြန်ပူလာတယ်။ ကောင်းပါ
တယ်လေ၊ မိုး ထပ်မရွာသေးတာပဲ။ မိုးတွင်းကို အုပ်စိုး
မရောက်ချင်ဘူး၊ မိုးတွင်းကျရင် ဂျက်ကလင်း၊ ဘယ်မြို့မှာ
ပါလိမ့်။ သူက ရန်ကုန်ကပဲ။ ရန်ကုန်မြို့မှာပေါ့။

'ရေခဲရေ၊ ရေခဲရေ၊ သောက်မလားအစ်ကို'

အုပ်စိုး ရင်ပူလာတယ်၊ မျောနားအော လာရပ်တဲ့ ရေ
ခဲရေသည်ဆီက ရေခဲရေ တစ်ခွက် ဝယ်သောက်လိုက်တယ်။
တင်း… ရေတွေကလည်း နောက်တောက်တောက်နဲ့။



'တော့ ကောင်၊ မင်း မျောထဲကရေတွေ ရောထားပြီးပြီ
ဘတ်လား'

'မဟုတ်ပါဘူး အစ်ကိုရ၊ ကားလမ်းမက တွင်းတွေကိုက
နေမကြည့်လို့ပါ'

ကောင်လေးက ပိုက်ဆံတစ်ကျပ်ယူပြီး ခပ်သုတ်သုတ်ထွက်
သွားတယ်။

အလကား ဒီကောင် ရေကုန်တာနဲ့ ဒီမျောတွေ ထဲက
ရေတွေနဲ့ ရောထားတာ၊ ခက်ပါတယ်၊ ဒီမျောက ရေတွေပဲ
သောက်နေရလို့ တစ်ခါတလေ ရေကြည်၊ ရေသန့်အေးအေး
လေး သောက်ချင်ပါတယ်။

ရေခဲပါတာကလွဲရင် ဒီရေနဲ့ပဲ ပြန်ညား နေရတယ်။
တစ်ကျပ်ပေးလိုက်ရတာပဲ အဖတ်တင်တယ်။

'သရက်သီးတွေ မနွေးလေးရင်ခွဲ၊ ချိုမွှေးလေးတွေ လုံး
ကြီးတွေ တစ်လုံးမှ နှစ်ကျပ်ထဲ'

ဟော… လာပြန်ပြီတစ်သည်။ ဒါလည်း ရောင်းရတာပဲ။
…ဝိုန်းဆို ကုန်တာပဲ။ နေကပူပူ သရက်သီး ကလည်း
…ဦးပေါ်ဖျားဆိုတော့ တအား ဝယ်စားကြတာပဲ။
…မွှေးကန်ထဲက ရေနဲ့ဆေးတဲ့ပြီး ဒီတိုင်း ကိုက် ကိုက်စား
…ကြတာ၊ တစ်ယောက်ကို သုံးလုံး လေးလုံး။

'အုပ်စိုးရေ လာဟ၊ သရက်သီး စားရအောင်'

လူဝိုင်းနေတဲ့ သရက်သီးသည် နားမှာ ကိုကြီးထိန်နဲ့
…ကြီး၊ သက်ထဲမှာ သရက်သီး တစ်ယောက်တစ်လုံးစီနဲ့။
အုပ်စိုး စားချင်လာတယ်။ တစ်ဆက်တည်းပဲ ဒါမျိုး

အသီးတွေဆို မိန်းမတွေ သိပ်ကြိုက်တာလို့ တွေးမိတယ်။ တော်ပါပြီလေ၊ မီနေ့ အုပ်စိုးမှာ ပိုက်ဆံတစ်ရာ မရှိပါဘူး။

'ချီတယ်ဟာ၊ အုပ်စိုး၊ ရော့'

ကိုကြီးထိန် လှမ်းပေးတဲ့ သရက်သီးကိုယူရင်း သရက်သီးခတောင်းကို လှမ်းကြည့်လိုက်တယ်။ သရက်သီး မမြင့်ရ... ယင်တွေကို အရင်မြင်ရတယ်။ ယင်တွေကတော့ ရွှေတော... မှာ ဗိုလ်ကျသလား မမေးနဲ့။ နေရာတကာမှာ သူတို့။ မိုး... ပြီးမှ ပိုတောင် ပေါလာသလိုပဲ။ ကြည့်လေ စားနေ... သရက်သီးကို လာအုံနေတာ။ ဘယ်လောက်များ သော... ကျန်းလိုက်သလဲလို့။

'ဟေ့ ကောင်ခိုင်ကြီး ည ဂျက်အလင်းဆီ သွားရအောင်...'

အုပ်စိုးရင်ထဲ ဗိုန်းခနဲဖြစ်ပြီး ခိုင်ကြီးကို လှမ်းပြော... ကောင်ကို ကြည့်မိတယ်။ ဒီကောင် သိပါတယ်။ ဖုလို... ရိုက်။ ရွှေဘူးလိုက်လုပ်နေတဲ့ကောင်။ တစ်ခါ အုပ်စိုးတို့တ... ကိုတင်ဦးနဲ့ လိုက်လာဘူးတယ်။ အသား မည်းပြောင်ပြောင်... မျက်နှာရှည်ရှည်။ ဖေါသွပ်သွပ်။ ခေါင်းဆံပင် ပေါ့က်... ငှက်ဖျားရုပ်။ မင်းရုပ်နဲ့ ဂျက်ကလင်းနဲ့ ဘာဆိုင်လို့လဲ။

'နီးမန်းနီး ကိုယ့်လူရေ၊ တစ်ရာမရှိဘူး၊ မသွားနိုင်ဘူး'

ခိုင်ကြီးက အဲဒီကောင်ကို လက်ခါပြနေတုန်း မှာ... ရုတ်တရက် ခိုင်ကြီးပါးစပ်က

'ခိုင်ကြီး၊ ဂျက်အလင်းဆီ ဒီနေ့ည ငါသွားမှာ၊ အဲ... ကောင် သွားလို့မရဘူးလို့ ပြောလိုက်စမ်း'

ခိုင်ကြီးက အုပ်စိုးကို အံ့ဩတဲ့ အကြည့်နဲ့ ကြည့်တယ်။



'အိုး....သူလဲ သွားချင် သွားမှာပေါ့ဟာ၊ မင်းကလဲ ...သောက်ရှူးလား၊ မင်းလဲ သွားချင်သွားပေါ့'

အုပ်စိုး ငိုင်နေမိတယ်။ ကိုကြီးထိန်က 'ဒီကောင်တော့ ...ရူး အမဲသား ကျွေးမိသနပြီ'တဲ့။

အုပ်စိုး သူတို့နားက ချာခနဲ လှည့်ထွက်ခဲ့မိတယ်။ ရင်ထဲ ...လည်း တူးဆန်းစွာ မနာလိုစိတ်တွေက ထကြွဆူဝေလို့။ ...ုံးထဲမှာ ကိုကြီးထိန် ရင်ခွင်ထဲက ဂျက်ကလင်း။ ...ိုင်ကြီးရင်ခွင်ထဲက ဂျက်အလင်း။

သူတို့ခေါ်သွားလို့ ငါနဲ့ တွေ့ရတာနေ့ဘ်။ ပြီးတော့ ...့ ငှက်ဖျားရုပ်နဲ့ကောင်ရဲ့ ရင်ခွင်ထဲမှာရော ဂျက်ကလင်း ...ယ်နှစ်ခါ ဝင်ခဲ့ပြီးပြီလဲ။ တကယ်တော့ ငါ့မှာ ဒီနေ့ ...က်ဆံ တစ်ရာ မရှိဘူး။ ဂျက်ကလင်း။ ညနေ မြေကျင်း ...ာက်ခ သုံးဆယ်ပဲရမှာ။

ကိစ္စမရှိဘူး။ သိပ်မဝတ်ရသေးတဲ့ ဂျင်း ဘောင်းဘီနဲ့ ...လေးရှားပုဆိုး တစ်ထည်ရောင်းပြီး ဟုံကောင် တွေထက် ...အောင် မင်းဆီ ငါလာခဲ့မယ် ဂျက်ကလင်းရေ့။

* * *

...လမိုက်ရက်မို့ ရွှေတော တစ်ခုလုံး မှောင်မည်း တိတ် ...တ်နေတယ်။ တက်ထရီ မီးလုံးလေးတွေပဲ ဟိုနား ဖျောက် ...ျောက် ထည်နားဖျောက်ဖျောက် အုပ်စိုး စိတ်ထဲမှာ

တော့ မှောင်တာတွေ မည်းတာတွေဘာမှမသိ။ မြေလ[...] မကြောက်။ ကင်းလည်းမကြောက်။ ဖောင်တိန် လက်[...] ဓာတ်မီးခလုတ်တောင်မှ မထိုးပဲ ခြေကုန် သုတ်နေမိတ[ယ်]။

ပါးစပ်ကလည်း တက် တစ်ချက် ခေါက်မိတယ်။ ဗြော[...] နှီပင် ကားလမ်းမက အဝတ်ဟောင်းပြန်ဝယ်တဲ့ မိန်းမ[...] ကိုလည်း ကျိန်ဆဲမိတယ်။

အလကား၊ မိန်းမကြီး။ သူ မတရားသဖြင့် ဈေး[...] တာနဲ့ ကြာသွားတာ၊ ဂျင်းဘောင်းဘီတော၊ ပုဆိုး[...] အသစ်ကြီး ရှိသေးတာကို နှစ်ခုပေါင်းမှ ငါးဆယ်ပဲ [...] မယ်တဲ့။ ဘယ်လောက် ရိုက်သတ်ပစ်ဖို့ ကောင်းလဲ။

အုပ်စိုးက ရှစ်ဆယ်ပဲ တောင်းတာပါ။ ဒီခန့်ရှတဲ့ [...] က သုံးဆယ်ရယ်။ ရှစ်ဆယ်၊ သုံးဆယ် တစ်ရာ့ တစ်ဆ[ယ်] ပြီးနေပြီ။ တစ်ရာဖယ်ပြီး ပိုတဲ့တစ်ဆယ်နဲ့ ထမင်းသုံးကျပ်[...] ဝက်ခေါင်းသုပ် ငါးကျပ်ဖိုးနဲ့ ထမင်း စားမယ်။ ကျန်တဲ့[...] ကျပ်နဲ့ ဒူးယားသောက်လိုက်၊ ပြီးပြီ။ ထမင်းဝဝ မ[...] အရေးမကြီးပါဘူး။

ဒါကိုပဲ ဝယ်တုန်းက နှစ်ရာကျော် ကုန်ထားရတဲ့ ပစ္စည်း[...] တွေကို ရှစ်ဆယ်ရဖို့ကိုပဲ ရှုံးဦးတင် ပြောလိုက်ရ[...] မသိတာကျလို့။ ဒီအဝတ်တွေကို သေချာဖွပ်လျှော် [...] တိုက်ပြီးတော့ မတန်တဆ ဈေးတင်ပြီး အောင်တင်[...] အသစ်ဝယ်ရမှာ ကြောက်ပြီး အချောင်လာနှိုက်တဲ့ [...] တွေကို ရောင်းမှာ။



မိန်းမကြီးနှယ် စိတ်မရှည်စရာ ကောင်းလိုက်ပုံများတော့ ဒီလောက် တောင်းပန် ပြောနေတာတောင် ခု နှစ်ဆယ်ပဲ ပေးမယ် လုပ်သေးတာ။ ရှုပ်မနေနဲ့။ ငွေလေး တစ်ဆယ်နဲ့ ခင်ဗျားမပေးရင် ဓားနဲ့ထိုးမယ်ဆိုပြီး ကျိတ် ခြိမ်းခြောက် တော့မှ တုန်တုန်ယင်ယင်နဲ့ ထွက်လာတာ။ အုပ်စိုး စိတ် ကလည်း တွေနေတာ မရရင် တကယ် ထိုးပစ်မိမှာ။

ဂျက်ကလင်းတို့ တဲလေးက မီးရောင် လှမ်းမြင်တော့ အုပ်စိုး ရင်တွေ တဒိတ်ဒိတ် ခုန်လာတယ်။ ကိုယ့်နာမည် လည်း မဟုတ်ပဲနဲ့ 'ထွန်းခရ'လို့ နွဲ့တဲ့တဲ့ခေါ် ပိုက်သံလေးကို မျှော်လင့်နေမိတယ်။

အုပ်စိုး တဲနားကပ်လိုက်တော့ ထွက်လာတဲ့ ရယ်သံတွေက အများကြီး။ အဲဒီထဲမှာ ဂျက်ကလင်း ရယ်သံလေးက မထင် ရှား။ အုပ်စိုး လက်က ခါးကြားမှာထိုးထားတဲ့ ဓား မြှောင်ကို စမ်းလိုက်မိတယ်။ သေချာပါပြီ။ ဟိုခွေးသား တွေ ရောက်နေပြီထင်ပါရဲ့၊ အုပ်စိုး တံခါးကို ပုတ်လိုက် တယ်။

'ဂျက်ကလင်း — ဂျက်ကလင်း'

'ဘယ်သူလဲကွ'

ဪ.... ဟိုကောင် ဆန်းမြင့်ဆိုတဲ့ကောင် ရှိသေးတာ ကိုး။ ဒီလိုဆို ဈေးစကား၊ လူစကား ပြောတုန်းပေါ့။ ဒီကောင့်အသံက သူ့ကိုမခေါ်ပဲ ဂျက်ကလင်းကို ခေါ်လို့ စိတ်တိုတဲ့အသံ။

ပုံစံအမှန်က သူနဲ့ အရင်တွေ့ရမယ်။ စကားပြောရမယ်။ သူ့ကိုလည်း ငွေပေးရမယ်လေ။ အုပ်စိုး စိတ်လောကြီးပြီး ဂျက်ကလင်းကို ခေါ်လိုက်မိတာ။

'ကိုဆန်းမြင့်ရှိလား၊ ခဏလေး'

တဲတံခါးဖွင့်ပြီး ကိုဆန်းမြင့် ထွက်လာတယ်။ ဖျတ်ခနဲ လှမ်းမြင်ရတဲ့ ဂျက်ကလင်း မျက်နှာ ဘေးစောင်းနဲ့ အထ ဟိုင်ငှက်ဖျားရုပ်ရဲ့ နောက်ကျောက အုပ်စိုး ဒေါသစိတ်တွေကို ကြွလာစေတယ်။

'ဂျက်ကလင်း ရှိတယ်မဟုတ်လား၊ ရော့ ဒီမှာ ပိုက်ဆံ'

အုပ်စိုး ဆန်းမြင့်လက်ထဲ ပိုက်ဆံ ထိုးထည့်လိုက်တယ်။ ဆန်းမြင့်က ပိုက်ဆံကိုတော့ ခပ်တည်တည် အိတ်ထဲထည့်ရင်း ခပ်တိုးတိုးလေသံနဲ့

'ဂျက်ကလင်းက ညှို့သည်တွေ ရှိနေတယ်၊ စုလှိုင်း ရမယ်'

'ဘယ်က စုလှိုင်လဲ၊ မသိဘူး၊ ကျုပ် ဂျက်ကလင်းဆီ သွားမယ်'

ဆန်းမြင့် နောက်ကျောပေါ်ကနေ လှမ်းမြင်လိုက်ရတဲ့ ဟိုင်ငှက်ဖျားရုပ်ဆိုး ဂျက်ကလင်းပါးကို လှမ်းဆွဲလိမ်တာဟာ အုပ်စိုး ဒေါသကို ဖောက်ခွဲပြီးသား ဖြစ်သွားတယ်။ ဆန်းမြင့်ကို တွန်းပစ်ခဲ့တယ်။

'ဂျက်ကလင်း'



ဂမူးရှူးထိုးနဲ့ ဝင်လာတဲ့ အုပ်စိုးကို ဂျက်ကလင်းက ကြောင်ကြည့်နေတုန်း ဆန်းမြင့် နောက်က လိုက်လာရင်း—

'ခင်ဗျား မူးနေတယ် ထင်တယ်၊ အေးအေးဆေးဆေး ပြန်ပါဗျာ၊ ရော့ ဒီမှာ ခင်ဗျားပိုက်ဆံ'

'ဖယ်စမ်းပါ ကျုပ် မမူးဘူး၊ ဂျက်ကလင်း ဒီကောင်တွေကို ပြန်လွှတ်လိုက်'

အုပ်စိုး ဘာမှ မစဉ်းစားတော့ဘူး။ မသိတော့ဘူး။ ဖြစ်ချင်တာ ဖြစ်ကွာ။

'အို.... ဒါ ဒါ ဂျက်ကလင်း၊ ညှို့သည်တွေလေ ထွန်း'

ဩော်.... ဒါ ဂျက်ကလင်း ညှို့သည်တွေတဲ့လား။ ထွန်းလို့တော့ မင်း ခေါ်နိုင်သေးသားပဲ။

'ဒီမှာ ငါကတော့ မင်း ညှို့သည် မ ဟုတ် ဘူး လား၊ ဟိုမှာ ငါ ပိုက်ဆံတစ်ရာ ပေးခဲ့ပြီကွ'

အုပ်စိုး အသံ နည်းနည်းကျယ်သွားတယ်။ ဆန်းမြင့်က ဆတ်ခနဲ အုပ်စိုး ရင်ဘတ်ကို ဆောင့်တွန်းပစ်လိုက်ပြီး—

'ဟေ့လူ ပြန်ဗျာ၊ ဘာ ရှုတ်ရှုတ်လာလုပ်တာလဲ'

ယိုင်သွားတဲ့ကိုယ်ကို ပြန်ထိန်းရင်း ဂျက်ကလင်းနားကို အုပ်စိုး တိုးကပ်သွားမိတယ်။ ဂျက်ကလင်း မြန်းဆို မတ်တတ်ထရပ်လိုက်တော့ ဟိုင်ငှက်ဖျားရုပ်နဲ့ သူ့အဖော်ကလည်း မတ်တတ်ထရပ်တယ်။

'ဘာလဲ.... မင်းတို့က ဘာကောင်တွေလဲ၊ ချချင်တဲ့ ထဘောလား၊ ရတယ် ကိုယ့်လူ'

အုပ်စိုးက ခါးကြားက ဓားမြှောင်ကို ဆွဲထုတ်လိုက်တော့ ဟိုကောင်တွေက တွန့်ခနဲ ဖြစ်သွားပြီးမှ သူတို့ခါးကြားတွေက ဓားမြှောင်တွေကို ဆွဲထုတ်တယ်။

'အို.... မလုပ်ပါနဲ့၊ ထွန်းထွန်းရယ်.... ဂျက်ကလင်း တောင်းပန်ပါရစေ၊ ဒါ ဂျက်ကလင်း အလုပ်လေ၊ ဂျက်ကလင်းကို မသနားတော့ဘူးလား'

'ဟေ့ ဂျက်ကလင်း၊ ဘာသနားတာတွေ၊ ညာသနားတာတွေ လုပ်မနေနဲ့၊ မရရင် ဆွဲထုတ်မယ်၊ အလကား သက်သက်မဲ့ နှောင့်ယှက်တာ'

'နှောင့်ယှက်တယ်ကွာ၊ ကဲ... နှောင့်ယှက်တယ်ကွာ'

အုပ်စိုး ဆန်းမြင့် မျက်နှာကို လက်သီးနဲ့ စထိုးပစ်လိုက်တော့ ဆန်းမြင့်က ဇွတ်ပြန်ပြေးဝင်လာပြီး ပြန်လုံးတယ်၊ အုပ်စိုး ဓားမြှောင်သည်း လွတ်ကျသွားပြီ။ ဟိုကောင်တွေကလည်း အုပ်စိုးကို ဝိုင်းချုပ်ကြတော့ ဆန်းမြင့် လက်သီး တစ်ချက် အုပ်စိုးပါးမှာ မိသွားတယ်။

'အို... အို... ဖယ်စမ်းပါ၊ ရှင်တို့က ဘာလို့ ဝင်ပါရတာလဲ၊ အစ်ကိုဆန်း မလုပ်ပါနဲ့ဆို၊ ရှင် လူသတ်မှု ဖြစ်ပြီး ထောင်ထဲ သွားနေချင်တယ် ထင်တယ်၊ ဟုတ်လား'



ကြည့်စမ်း၊ ခုလိုကျတော့လည်း ဂျက်ကလင်းက ရဲရဲတောက် သတ္တိတွေနဲ့ အုပ်စိုးကို သိမ်းဖက်တွယ်ထားရင်း ရန်တွေ့နေလိုက်တာ။ အုပ်စိုး ဝုန်းခနဲ ဂျက်ကလင်း လက်ကို ဆွဲပြီး....

'လာ.... သွားစို့၊ ဂျက်ကလင်း'

'အို... ဘယ်လိုလဲ'

'ဘယ်ဖြစ်ဖြစ် လိုက်ခဲ့၊ မင်းကိုငါယူမယ်၊ မင်းကို ငါ ချစ်တယ်၊ ဘယ်ကောင်နဲ့မှ မဆိုင်ဘူး၊ လာ သွားမယ်'

'အို...'

ဂျက်ကလင်းက အုပ်စိုးလက်ကို ပြန်ရုန်းတယ်။ ပြီးတော့ အုပ်စိုး မျက်နှာကိုကြည့်ရင်း မျက်ရည်တွေ ကျလာတယ်။

'သွားပါတော့ ထွန်းရယ်၊ ဂျက်ကလင်း... ဂျက်ကလင်း'

ဂျက်ကလင်း စကားမပြောနိုင်တဲ့ ရှိုက်ကြီးတငင် ငိုနေရစ်ခဲ့တယ်၊ အုပ်စိုး ပြေးထွက်ခဲ့ပြီ။ နေရစ်တော့ ဂျက်ကလင်းရေ၊ မင်း ငါ့ကို မယုံခဲ့ဘူး၊ ငါ့စေတနာကို စော်ကားတဲ့သူ။

ခိုင်ကြီးတို့ ပြောတဲ့စကား မှန်လိုက်လေခြင်း။ အပျက်ဟာ အပျက်ပါပဲတဲ့။ ငါ့အမှားပါပဲ။ ငါချစ်သလို ချစ်လိမ့်မယ်လို့ ယောကျ်ားတိုင်းကို ချစ်တဲ့ မိန်းမအပေါ် ထင်ခဲ့မိတာကိုက ငါ့အမှားပါပဲ။

ခုချိန်လောက်ဆို မင်းမျက်ရည်တွေ သုတ်ပြီးပြီ နေမှာ ပေါ့။ မျက်နှာကို ပေါင်ဒါတွေ၊ မိတ်ကပ်တွေ ပြန်ဖို့ပြီး ဟိုကောင်လေ နဲ့ ရယ်လားမောလား၊ မစဉ်းစားတော့ဘူး ဂျက်ကလင်းရေ။ ရင်နာတယ် ဂျက်ကလင်းရေ့။

မင်းရဲ့ယောကျ်ားလား၊ အထိန်းလား၊ အဆွယ်လား၊ သခင်လား၊ ကျွန်လား မသိတဲ့ကောင် ထိုးလိုက်တဲ့ ပါးက ဒဏ်ရာထက် မင်း ငါ့လက်ကို ရုန်းလိုက်တဲ့မျက်နှာက ပိုအခံရ ခက်ပါတယ် ဂျက်ကလင်းရယ်။

အုပ်စိုး ကိုယ့်အဖြစ်နဲ့ကိုယ် ဘေးဘီ ဂရုမစိုက်ပဲ ထွက်မိ ထွက်ရာ ထွက်လာခဲ့ပြီးမှ ရုတ်တရက် ရှေ့မှာ မီးရောင်တွေကို မြင်တော့ ရပ်လိုက်တယ်။ ဩော်.... ဘိန်းခန်းဘက် ရောက် လာတာပဲ။ ဘိန်းခန်းကတော့ ငြိမ်လိုက် တိတ်လိုက်တဲ့ အမျိုး။ အေးချမ်းလိုက်တဲ့အမျိုး။ စိတ်ကူးယဉ်ကမ္ဘာလေးထဲ မှာ ရွှေခတွ ဘယ်နှစ်ပိဿာလောက်ရပြီး တိုက်ဘယ်နှစ်လုံး ကားဘယ်နှစ်စီး စီးပြီးနေကြလည်း မသိဘူး။

'ခင်ပုံ'ကို အဆင်သင့် ဇိမ်မပျက်ရအောင် မီးညှိပေးတဲ့ မိန်းမတွေလည်း ရှိတယ်။ တစ်ခါညှိ ငါးကျပ်၊ ခြောက် ကျပ် ပေးလိုက်ရုံပဲ။

ဒါလောက်တောင်ရှိတာ စိတ်တွေတွေနဲ့ ဘိန်းခန်းဝင်ပြီး ဘိန်းရှူရင်းနဲ့ ကောင်မတွေနဲ့ ကြည်မှုထင်တယ်။ သိလမ်း



ဂျက်ကလင်းရေ့။ ဒီမိန်းမတွေက မင်းလောက် ဖိုက်ဆိုလဲ မကုန်ဘူး၊ စိတ်ဒုက္ခလဲ မခံစားရဘူး။

အုပ်စိုး ဘိန်းခန်းဘေးက ဖြတ်ထွက်ခဲ့တယ်။ ခုလိုညမှာ တော့ ဒီတဲခန်းက နိဗ္ဗာန်ဘုံပေါ့။ မနက်ခင်းကျရင်တော့ နိဗ္ဗာန်ဘုံလည်း ကြွက်ပျောက်ငှက်ပျောက်။ နိဗ္ဗာန်ဘုံ နတ် သမီးလေးတွေလည်း ကြွက်ပျောက်ငှက်ပျောက် ပျောက်ပြီး သာမန် ရွှေတူးအလုပ်သမားတစ်ယောက် နေထိုင်တဲ့ တဲကြီး ဖြစ်သွားလိမ့်မယ်။

ဒီညတော့ ကိုကြီးထိန်တို့ဆီမှာပဲ သွားအိပ်မှပဲ ထင်တယ်။ စကားပြောရင်း ရင်ဖွင့်ရင်းနဲ့ပေါ့လေ။ ကိုတင်ဦးကလည်း ဝိုင်းကောင်းနေလို့ တဲပြန်မအိပ်တာ ငါးရက်လောက် ရှိပြီ။

ဘိန်းခန်းကနေ ဒီဘက်အထွက်က မှောင်တော့ အုပ်စိုး ဖောင်တိန်ဓာတ်မီးလေး ဖွင့်ရတယ်။ အုပ်စိုးတို့ဘက် နီးလာ လေ နောက်ဖေးနံ့တွေက နံလာလေပဲ။ အုပ်စိုးတို့နားက ကလေးပေါ့တာကိုး။

ဒါပေမယ့် အနံ့အသက်တွေက ပို ဆိုး လာ သ လို မို့ မသက်သာဖြစ်ပြီး အုပ်စိုး လမ်းဘေး ဝဲယာ ဝါးရုံချုံတွေဆီကို လက်နှိပ်ဓာတ်မီးနဲ့ ထိုးလိုက်တော့—

လား... လာ .... နောက်ဖေးထိုင်နေတဲ့လူ နှစ်ယောက်၊ သုံးယောက်။ အုပ်စိုး လက်နှိပ်ဓာတ်မီးကို အမြန်ရှပ်ပြီး ရှေ့

တည့်တည့် ထိုးလိုက်မှာကယ်။ ဟင်... ဟိုရွှေနားမှာလည်း နောက်ဖေးတွေ သွားထားလိုက်တာ လတ်လတ်ဆတ်ဆတ်။

အုပ်စိုး ကွေ့ရှောင်ရင်း ရုတ်တရက် ဘေးနားက ညည်းသံ လိုလို ကြားတာနဲ့ ဓာတ်မီး ထိုးလိုက်တော့။ ဟောဗျာ ဇီဝါးရုံကြားတွေမှာလည်း နောက်ဖေးထိုင်နေတဲ့ လူတွေ။ ဘယ်လို ဖြစ်ကုန်ကြပါလိမ့်။

ဧကန္တတော့ နေ့လည်က သရက်သီးဒဏ် ခံရပြီထင်တယ်။

အုပ်စိုး ကိုကြီးထိန်တို့ တဲဆီကို လှမ်းကြည့်ရင်း အိပ်သေးဘူးဟလို့ အားတက်သွားမိတုန်း ဗြုန်းဆို မနက်ရဲ့ စူးစူးရှရှ အော်ငိုသံ။

'အမလေး၊ သမီးလေးရဲ့၊ အပျက်အပျက်နဲ့ ခုတော့ သေပါပေါ့လား၊ အို ကိုကျော်မြိုင်၊ အပူဝမ်းဆို တော့၊ ဆေး ပြေးလေး တိုက်လိုက်ဆို တော့၊ အခုတော့ ကျုပ်သမီးလေး'

အုပ်စိုး တစ်ကိုယ်လုံး တောင့်တင်းသွားမိတယ်။ ဘုရား ရေ... နေ့လည်က ဝမ်းလျှောနေတဲ့ မနက် သမီးလေးသေပြီ။ မယုံနိုင်စရာ။ စိတ်မကောင်းစရာ။

'သမီးရေ... ဆွဲကြိုး ဆွဲမယ်ဆို၊ လက်ကောက်ဝတ်မယ် ဆို၊ ပူဆာပါဦးလား၊ ဟောဒီမှာ ညည်းလှည့်တဲ့ အင်္ကျီ လေးကို ယူသွားပါဦး'



တိတ်ဆိတ်နေတဲ့ ညအမှောင်မှာ မနက်ရဲ့ ငိုသံစူးစူးနဲ့အတူ ယင်သံတွေက တဝုန်းဝုန်း၊ ခြင်သံတွေက တဝီဝီ။

* * *

'အုပ်စိုးရေ၊ ငါလဲ ထိပြီဟ'

ခိုင်ကြီးက ဗိုက်နှိပ်ရင်း ဝါးရုံကြားက ထွက်လာတယ်။ ယိုင်တိယိုင်ထိုးနဲ့။

အုပ်စိုးနား လျှောက်လာရင်း သရက်သီးလေး နှစ်လုံး စားမိပါတယ်။ လွန်တယ်ကွာ၊ ခုကလေးနဲ့ ငါးခါ ရှိနေပြီ'တဲ့။

'မင်း ဝမ်းပိတ်ဆေးသောက်လေကွာ၊ မပေါ့နဲ့၊ မင်းကံ လူကြီးမို့၊ ကလေးဆို ကြည့်...သွားတာ'

'သောက်ပြီးပြီကွ၊ နှစ်ပြား နှစ်ပြား ဝယ်သောက်တာ။ နှစ်ခါရှိပြီ။ ဟီး...ဟီး။ ကလေးပြီး ကလေး အဖေလားလဲ မသိဘူး၊ ကိုကျော်မြိုင် ဟိုဘက် ဝါးရုံတဲမှာ သူ့သမီး ငိုရင်း နောက်ဖေးထိုင်နေတာ ကြာလှပြီကွ'

'ဟုတ်လား။ ကိုကြီးထိန်ရော ဟောကောင်'

'အို…သူက ကျန်းမာပကတိ၊ ဘာမှမဖြစ်ဘူး၊ တိုမှာ အောင်တင်နဲ့ အင်ရှေ လောင်းနေကြတယ်'

ခိုင်ကြီး မြေကြီးပေါ်မှာတင် ဗိုက်ကိုအသာ မှောက်ပြီး ငြိမ်နေတုန်း ဝါးရုံထဲက ကိုကျော်မြိုင် ထွက်လာတယ်။ ကိုကျော်မြိုင် မျက်နှာမှာ မျက်ရည်တွေနဲ့။ လက်ကလည်း ဗိုက်ကိုနှိပ်ရက်။

'သမီးရေ ငါ့ကိုလဲ ခေါ်ပါဟ၊ ဝေဒနာ မခံစားပါရစေနဲ့'

'ခင်ဗျားကလဲဗျာ.... ယောကျ်ားကြီး တန်မဲ့နဲ့၊ ဝင်းသွားတာလေးများ၊ ကဲ-လုပ်၊ မသွားဘူးလား၊ တိုမြောက်ဖျားက ကျင်းဖောက်ဖို့ ခင်ဗျားနဲ့ကျုပ် ခေါ်ထားတာလေ'

အုပ်စိုးက စိတ်မရှည်သလို ခေါ်တော့ ကိုကျော်မြိုင်က ခေါင်းရမ်း ရှုံ့မဲ့ရင်း။

'မင်းကလဲကွာ၊ ဘာတတ်နိုင်မှာလဲ၊ ဗိမှာ ခဏခဏ ဝမ်းက လျှောနေတာကွ'

'နေပျာ၊ ခင်ဗျား ဒါကြောင့် မနက်က ပြောတာ၊ လူပျော့လို့'

အုပ်စိုး စိတ်တိုတိုနဲ့ တစ်ယောက်တည်း သွားမယ်လို့ဒီဘက် လှည့်တုန်း အရှေ့ဘက်ကလူတချို့ အုပ်အုပ်အုပ်အုပ်နဲ့ ပြေး



လာကြပြီ၊ အလယ်မှာစောင်ပုခက်တစ်ခုကို လူနှစ်ယောက်က ထမ်းလို့။

'ဘာဖြစ်တာလဲ၊ ဘာဖြစ်တာလဲ'

အားလုံးက ဝိုင်းမေးရင်း အနားကပ် သွားကြတော့။

'မြေပွိုလို့၊ ကျင်းပိတာ'

'အဖျားစက်ရှိတင်မို့ ဖော်လို့ရတာ၊ ဆေးရုံသွားမလို့'

စောင်ပုခက်ထဲကလူကိုကြည့်ပြီး အုပ်စိုး မျက်လုံးမှိတ်ပစ် လိုက်တယ်။ သွေးချင်းချင်း နီရဲပြီး ပွန်းပဲ့ စုတ်ပြတ်နေတဲ့ မျက်နှာနဲ့ ရင်ဘက်တစ်ပြင်လုံးဒဏ်ရာအဖျားစက်မှီရုံတင်တဲ့။ လူတကိုယ်လုံး ဖော်လို့မရအောင် ပြိုကျတဲ့မြေကြီးအောက်က င်းကို တွေးမကြည့်ပါရစေနဲ့ သိုက်တွင်းရယ်။

အုပ်စိုး ကျင်းဖောက်ရမယ့် မြောက်ဖျားဆီကို ထွက်ခဲ့ရင်း သိုက်တွင်းကိုသတိရနေမိတယ်။ သိုက်တွင်းတစ်ယောက် ညောင်နီပင်ဆိုတဲ့ နေရာမှာ ငွေရှာရင်းမြေပွိုလို့ သေသွားပြီ ဆိုတာကို သူ့ အမေဖနဲ့ မိထွေး ဘယ်သိပါ့မလဲနော်။

ဒီလိုပါပဲ။ အုပ်စိုး တစ်ယောက် (ဖွ—လွဲစေ....ဖယ်စေ) ကျင်းပိုလို့ပဲဖြစ်ဖြစ် အသက်ရှူ ကျပ်လို့ပဲဖြစ်ဖြစ် သေခဲ့ရင် ဘယ်သူမှ သိလိုက်ကြမှာ မဟုတ်ပါဘူး။ ဂျက်ကလင်း ခင်းလဲ သိလိုက်မှာ မဟုတ်ပါဘူး။

ဒအေးလေး သူ့အကြောင်းကို မတွေးတော့ဘူးလို့ အုပ်စိုး ဆုံးဖြတ်ထားပါတယ်။

အုပ်စိုး သက်ပြင်း တစ်ချက်ချရပြန်တယ်။ မင်းနဲ့တူ ငါလည်း လူပျော့လူနု တစ်ယောက် ဖြစ်နေပြီ ဂျက်ကလင်ရေ။

'သားလေးရေ။ အမေခေါ်တာ ထူးပါဦး သားရဲ့'

ဟဲ့.... ဒီနားကလည်း ကလေး မသလိုဟ။ မွေးထားတဲ့ ကလေးက ကိုကျော်မြိုင်သမီးနဲ့ မတိမ်းမယိမ်း လောက်ရှိမှာ။ ငှက်ဖျားနဲ့ပဲတူတယ်။ ငှက်ဖျားက လူကြီးတွေသာ အချိန်မှန်တက်လိုက် ပြန်ကျလိုက်နဲ့ ကြာရှည် ခံနေရတာ ကလေးတွေကျတော့ သိပ်အဖျားကြီးရင် သွားတာပဲ။

'သွားစမ်း ဟောဒီအသီးတွေ ဝါမကြည့်ချင်ဘူး၊ ဒါ တွေကြောင့် ငါ့သားလေး ဝမ်းလျှောတာ။ ဟောဒါတွေ ကြောင့်'

ဟောဗျာ၊ ဒီကလေးလည်း ဝမ်းလျှောပြီး သေရှာတာ ကိုး။ မအေလုပ်တဲ့သူ တဲထဲကနေ ပေါက်လွှင့်ပစ်နေတဲ့ သရက်သီး ဝါဝါတွေကို အုပ်စိုး ငေးကြည့် နေမိတယ်။ လိမ့်ထွက်လာတဲ့ သရက်သီးတွေပေါ်မှာ ယင်ကောင်တွေ ကကျင်းနဲ့ မည်းသွားတာပဲ။

ဒုက္ခပါပဲ။ ဒီယင်တွေနဲ့ သရက်သီးနဲ့ပေါင်းပြီး ကလေး တွေရော လူကြီးတွေကိုပါ ဝမ်းပျက်အောင် လုပ်နေကြပြီ ဟင်း.... နှစ်ရက် သုံးရက်ကတော့ အနံ့အသက်တွေက ဆိုး



နေမှာ အသေအချာပဲ။ ယင်ကောင်တွေလည်း ပိုများလာဦး မယ်။

ခုမနက်ဆို အုပ်စိုး လက်ဖက်ရည်သောက်တော့ အညို အဟောက်လည်း မဟုတ်ဘဲနဲ့လက်ဖက်ရည်ခွက်ထဲ ယင်ကောင် နှစ်ကောင် ကျလာသေးတယ်။

အဲ... ထမင်းစားရင်တော့ ယင်ကောင်နှိုင်းချင်း နဲ့များ စားနေရမလား မပြောတတ်ဘူး။ ထို့။ အရင် မရှုံ့မရှစ စားနေကျပေမယ့် ရှုံ့တယ်။ ဒီယင်ကောင်တွေက နေရာ အနှံ့အပြားနားကြမယ့်ဟာတွေ။ ဟိုပေါ် ဒီပေါ်တွေနားပြီး ထမင်းဆိုင်တွေကိုလည်း ရောက်လာမှာပေါ့။

'အုပ်စိုး အုပ်စိုး'

ဟင်....အမောတကောနဲ့ အောင်တင်ရယ်၊ အုပ်စိုးနောက် ပြေးလိုက်လာတယ်။

'ဘာလဲဟ အောင်ထင်'

'ကိုကြီးထိန်က လာဦး၊ ခိုင်ကြီး ကြွက်တက်နေလို့တဲ့'

'ကြွက်တက်တာများကွာ ခြေသလုံးပေါ် ကြောင်လို့ ရေးလိုက်....'

'သွား၊ အလကား၊ ဒီအောင် ဝမ်းသွားနေလို့၊ နှစ်ချင် လို့၊ ကိုကြီးထိန်ကို လုပ်ပြနေတာ နေမှာ'

'ဟာ....မဟုတ်ဘူးကွ ခိုင်ကြီး၊ မင်းသွားပြီး ဝမ်းတွေ ထပ်သွားတာနှစ်ခါတောင်မှ၊ပြီးတော့ ကြွက်တက်တယ်ဆိုပြီး သတ္တိကို မရတော့ဘူး'

'ဟင်....သတိမရဘူး ဟုတ်လား'

မြဿနာပဲ၊ ဘာများဖြစ်ပြီလဲ ဒီကောင်ကလည်း ပျော့လိုက်တာ၊ အားနည်းသွားတာလား မသိဘူး၊ ဒီလောက်ဝမ်းသွားမှတော့ အားပြန်ဖြစ်အောင် နွားနို့လေး ဘာလေး သွားဝယ်သောက်ဖို့ ကောင်းတယ်။

အုပ်စိုးနဲ့ အောင်တင် ရောက်သွားတော့ ခိုင်ကြီးနားမှာ မနက်တုန်း ဦးဘဓွေးတို့ လင်းမယားရော၊ ဗိုက်နှိပ်ထားတဲ့ ကိုကျော်မြိုင်ရော၊ အားလုံး ဝိုင်းနေကြတယ်။ ကိုကြီးထိန်က မြေကြီးပေါ် ခွေခွေလေး လဲနေတဲ့ ခိုင်ကြီးကို ပွေ့ထားတယ်။

'ခိုင်ကြီး၊ ဟေ့ကောင် ခိုင်ကြီး'

အုပ်စိုးခေါ်တော့ ခိုင်ကြီးပါးစပ်က နည်းနည်း လှုပ်လာသလိုပဲ။ အုပ်စိုး ခိုင်ကြီးမေးကို ကိုင်ပြီး တအားဆွဲလှုပ်ရင်း ခိုင်ကြီး ခိုင်ကြီးနဲ့ ထပ်ခေါ်တော့ ခိုင်ကြီး မျက်လုံးတွေ နည်းနည်းဖွင့်လာတယ်။ ကြွက်တက်တယ် ဆိုတဲ့ လေသံသဲ့သဲ့လေးလည်း ထွက်လာတယ်။

'ကဲ...လာ ကိုကြီးထိန်၊ ဆေးခန်းသွားမယ်၊ ကျွန်တော် ပွေ့ခဲ့မယ်'

အုပ်စိုး ခိုင်ကြီးကို ပွေ့ချီပြီး၊ ဟိုတစ်ခါ သွားဖူးတဲ့ ဒေါက်တာ ငြိမ်းချမ်း ဆေးခန်း တဲလေးဆီကို ရောက်တော့ တဲထဲကနေ လှမ်းမြင်တော့ ဒေါက်တာ ငြိမ်းချမ်းက [illegible]ပျ သလဲ ပါပဲ။

'လာ လာ၊ ဘာဖြစ်လာတာလဲ'



'ကြွက်တက်လို့ ဆရာ'

'ကြွက်တက်လို့ ဟုတ်လား'

အုပ်စိုးက ဆေးခန်းခုတင်ပေါ် ခိုင်ကြီးကို တင်ရင်း—

'ဝမ်းပျက်တာ ဆရာ၊ သွားတာများတော့ အားနည်းပြီး ကြွက်တက်သွားတာ၊ ခေါ်လို့ကို မရချင်တော့ဘူးဆရာ'

'ဒုက္ခပါပဲ၊ ဝမ်း ဘယ်နှစ်ခါသွားလဲ သိလား'

အုပ်စိုးက ကိုကြီးထိန်ကို လှည့်ကြည့်ပေမယ့် အောင်တင်ကပဲ....

'ဒီကောင် ဆယ်ခါလောက်တော့ ရှိမယ်၊ အလုပ် လာမလုပ်လို့ ကျွန်တော် လှမ်း လှမ်းကြည့်နေတာ'

'ဆယ်ခါ ဟုတ်လား'

ဒေါက်တာ ငြိမ်းချမ်းက အထိတ်တလန့် ရေရွတ်ရင်းနဲ့ ခိုင်ကြီးကို အမြန် စမ်းသပ်နေတယ်။

'သေချာပါတယ်၊ ကဲ အမြန်လုပ်၊ ခင်ဗျားတို့ လူကို ဆေးရုံ အမြန်ပို့၊ ဒီလူ ဝမ်းရောဂါ ဖြစ်တာ၊ နောက်ကျရင် မလွယ်ဘူး'

'ဝမ်းရောဂါ ဟုတ်လားဆရာ၊ ဆရာ ဒီမှာတင်'

'ကျွန်တော့်မှာ ဆေးအပြည့်အစုံ ဘာမှ မရှိဘူး၊ ငှက်ဖျားဆေးတွေပဲရှိတာ၊ ကဲပါဗျာ ပြောတာ လုပ်စမ်းပါ၊ ခင်ဗျားတို့ အကုန် ဒုက္ခ ရောက်ကုန်လိမ့်မယ်၊ သွား သွား၊ တခြားလူတွေလဲ ဂရုစိုက်ကြ၊ ဝမ်းသွားနေတဲ့လူရှိလား'

'ရှိတယ်ဆရာ၊ ကလေးနှစ်ယောက်တောင် ဝမ်းလျှောလို့ ဆုံးသွားပြီ'

'ဟင်....'

ဒေါက်တာ ငြိမ်းချမ်း အထိတ်တလန့် 'ဟင်'သံကို အုပ်စိုးတို့ မကြားတော့ဘူး။ ခိုင်ကြီးကို အမြန်ပွေ့ထွက်ခဲ့ပြီး စောင် ပုခက်လုပ်ဖို့၊ ဒါမှမဟုတ်ရင်လည်း သစ် ဝါး လာရောင်းတဲ့ လှည်းတွေရင် ခေါ်ခဲ့ဖို့ အုပ်စိုးတို့ အမြန်လုပ်ကြတယ်။

တော်သေးရဲ့။ ခိုင်ကြီး ကံပဲထင်ပါရဲ့။ လှည်းတစ်စီးလာ တာနဲ့ ငါးဆယ်ပေး အမြန် မောင်းခိုင်းရတယ်။

ဒါပေမယ့် ခိုင်ကြီး ကံမကောင်းပါဘူး။

လှည်းအမြန်မောင်းရင်းက လမ်းတစ်ဝက်မှာတင် ခိုင်ကြီး ဆုံးတယ်။

အဲဒီခန့် ညနေစောင်းမှာပဲ ကိုကျော်မြိုင် ဆုံးတယ်။

* • *

မြန်လိုက်တဲ့ဖြစ်ခြင်း။ ခဏချင်းအတွင်းမှာ တစ်ယောက် ပြီး တစ်ယောက်။ တစ်ယောက်ပြီးတစ်ယောက်။ အို.... ငိုသံ တွေက ဟိုနားက ပေါ်လာ၊ သည်နားက ပေါ်လာ။ လူ



တစ်ခါသာ်ဘင်းကျော် ရှိတဲ့ ရွှေတောတစ်ခုလုံး ကြောက်စရာ ကောင်းအောင် ငြိမ်သက်တိတ်ဆိတ်သွားလိုက်တာ၊ တစ်ခါ တစ်ခါ ဆူညံလာတဲ့ သံပုံးတီး တောထုတ်တဲ့အသံနဲ့ ယင်သံ တဝုန်းဝုန်းပဲ မင်းမူနေတော့တာ။

ရွှေတောရှိသမျှ ဆေးခန်းတွေထဲမှာလည်း လူတွေ ကြိတ် ကြိတ်တိုးပြီး ဝမ်းနဲ့ပတ်သက်လို့ ရှိတဲ့ဆေးမှန်သမျှ အကုန် ကုန်တဲ့မြင် စိတ်မရှည်တဲ့အသံနဲ့ အော်ပြောနေတဲ့ 'ဆေးရုံ သွားကြ၊ ဆေးရုံသွားကြ'ဆိုတဲ့ ဆရာဝန်တွေရဲ့ အသံကို ကြားနေရတယ်။

အုပ်စိုး ခြေထောက်တွေ အမြန်နှုန်းနဲ့ ဝါးရုံပင်တွေ ကြားမှာ တအား လျှောက်နေမိတယ်။ စိတ်ချောက်ချား နေတဲ့ ကိုကြီးထိန်က မနက်တို့ သားအမိတွေကို စောင့် ရှောက်အားပေးရင်း အုပ်စိုးကို မြန်မြန် ပြန်လာခဲ့တဲ့။

ကိုတင်ဦးနဲ့ ဂျက်ကလင်၊ သင်းတို့နှစ်ယောက် သံယော ဇဉ်နဲ့ အုပ်စိုး အားတင်းပြီး အပြေးအလွှား လာနေတာ။ တကယ်ခတော့ အုပ်စိုးလည်း ဝမ်းစလျှောနေပြီ။ သေမှာ လားတော့ မသိဘူး။

ဂျက်ကလင်းရေ.... မသေခင်တော့ မင်းကို ငါတွေ့သွား ချင်သေးတယ်။ ဒါပေမယ့် မပြောကောင်း ပြောကောင်း သေနေပြီဖြစ်တဲ့ မင်းကိုများ ငါ ခုတွေ့ရမလား သိဘူး နော်။

ဟောဒါ ဖဲခန်းပဲကွ။ 'ကိုတင်ဦး— ကိုတင်ဦး' ဆိုပြီး အုပ်စိုး ခေါ်ဝင်သွားပေမယ့် ဖဲခန်းထဲမှာ လူကတစ်ယောက်မှ မရှိတော့ဘူး။ ဖဲခန်း အပြင်ဘက်မှာသာ မိန်းမကြီးတွေ အမွှေးတိုင်တွေပန်းတွေပူဇော်ပြီး နယ်ပိုင်တွေကို တောင်းပန် ပသနေကြတယ်။

'ခွင့်လွှတ်တော်မူပါဘုရား၊ အမိုက်အမဲတွေကို ဒီမျှနဲ့ပဲ ကျေတော်မူပါဘုရား. ကျေတော်မူပါ၊ ရောဂါဆိုးကို ဖယ်တော်မူပေးပါ၊ ရှားတော်မူပေးပါ၊ နယ်ပိုင်သခင် ကျေးဇူးရှင်'

အိနေခက်နေတဲ့ အမွှေးတိုင်နံ့နဲ့ အသံပြာပြာ မိန်းမကြီး အသံကိုက ချောက်ချားစရာ ကောင်းလိုက်ထာ။

ဪ.... ကိုတင်ဦးလည်း ဘယ်ဝါးရုံပင်ကြားမှာ ခွေခွေလေး တွေ့ရမလဲ။ အုပ်စိုး ဂျက်ကလင်းတို့တဲဆီကို ဆက် ပြေးခဲ့တယ်။ မနေ့ညတည်းက ဘာမှမစားပဲ အုပ်စိုး နေလိုက်လို့ ဝမ်းသိပ်မခလျှာတာထင်တယ်။

မနက်က တစ်ခါ သွားပြီးကတည်းက ခုထိ မသွားသေးဘူး။ တစ်နာရီခွဲကျော်လောက် ရှိနေပြီပဲ။ ဒါပေမယ့် အစာ မရှိတဲ့ ဗိုက်ထဲတော့ နေရတာ မကောင်းဘူး။ ပြေးရတာ တောင် မောလာသလိုပဲ။



ဂျက်ကလင်းတို့ တဲမရောက်ခင် ဝါးရုံပင်တွေ ကြားမှာ လဲနေတဲ့လူတွေမနည်းပါလား။ ညည်းညူနေသူ၊ ငြိမ်သက်နေသူတွေ၊ ငိုယိုနေသူတွေ။

ပွင့်နေတဲ့ ဂျက်ကလင်းတို့ တဲတံခါးလေးကို ကြည့်ပြီး အုပ်စိုးရင်ထဲ ဒိန်းခနဲ ဆောင့်ခုန်တယ်။ ဘုရား— ဘုရား— တဲထဲမှာ ဂျက်ကလင်းတစ်ယောက် ဘယ်ပုံစံမျိုးနဲ့ အုပ်စိုးကို ကြိုနေမှာလဲ။

'ဂျက်ကလင်း'

အုပ်စိုးအသံက တုန်နေတယ်။ တဲတံခါးဝမှာ ရပ်ရင်း လူက မောနေတယ်။ တဲထဲကတော့ ငြိမ်သို့။

'ဂျက်ကလင်း'

အုပ်စိုး တဲထဲကို ဝင်လိုက်တယ်။ ဘုရား ဘုရား အုပ်စိုး မျက်လုံးတွေကို မှိတ်ပစ်လိုက်တယ်။ တဲထဲမှာ ငြိမ်သက်ပြီး လဲလျောင်းနေတဲ့ မိန်းမ တစ်ယောက်ရဲ့ မျက်နှာ ပေါ်မှာ ဂျက်ကလင်းရဲ့အင်္ကျီ အဝါ အစုံအပုလေး လွှမ်းလို့။

'ဂျက်ကလင်း မင်း သေပြီလား'

အုပ်စိုး တုန်တုန်ယင်ယင်နဲ့ ပြေးကပ်ပြီး အင်္ကျီကို ဖယ် လိုက်တော့။

'အို... စုလှိုင်'

စုလှိုင်ဆိုတဲ့ မိန်းကလေးက မနို့တနို့ နှုတ်ခမ်း လေးကို ပွင့်ဟလို့။ ရွှေတောကို နှုတ်ဆက်နေသလို။ သွားပေတော့ စုလှိုင်ရယ်။

ဒါဖြင့်—ဒါဖြင့်၊ ဂျက်ကလင်၊ မသေဘူးလား။ ဂျက်ကလင်းကဘယ်မှာလဲ။ ဟိုကောင် ဆန်းမြင့်ကော၊ တဲထဲမှာ ပစ္စည်းတစ်ချို့ တစ်ဝက်လဲရှိနေသေးတယ်။ ဂျက်ကလင်းတို့ ထွက်ပြေးကြပြီလား၊ ဒါမှမဟုတ်၊ ဝါးရုံပင် ချုံတစ်နေရာရာမှာများ လဲနေပြီလား။

အုပ်စိုး ဘာလုပ်ရမလဲ။

ရုတ်တရက် သံပုံးတီး၊ တောထုတ်သံတွေအား ဆူလာပြန်ထလို။ အုပ်စိုး ဗိုက်ထဲက်လည်း နာလာပြန်ပြီ။ ဝမ်းလျှောပြန်ဦးမယ်၊ အုပ်စိုး အံကြိတ်အားတင်းရင်း တဲထဲက ထွက်ပြေးခဲ့တယ်။

ဒါပေမယ့် မရဘူး။ နှစ်လှမ်း၊သုံးလှမ်း ပြေးအပြီးမှာ ဝါးရုံပင်ကြား ဝင်ထိုင်ရတယ်။

ပြီးတာနဲ့ အားတင်းရင်း ကိုကြီးထိန်တို့ဆီကို ရောက်အောင်ပြေးတယ်။ တဲရောက်ခါနီးမှာ အုပ်စိုး ဝါးရုံပင်ကြား တစ်ခါဝင်ရပြန်တယ်။ အုပ်စိုး သိပ်မောနေပြီ။

'ကိုကြီးထိန်',

တဲထဲရောက်ရောက်ချင်း ဗိုင်းခနဲ လဲသွားတဲ့ အုပ်စိုးကို ကြည့်ပြီး ကိုကြီးထိန်ရော မနက်ဆီကပါ အထိတ်တလန့် 'ဟင်'သံတွေ ထွက်လာတယ်။

'အုပ်စိုး မင်းလဲ့ ဝမ်းလျှောနေပြီ ဟုတ်လား'



အုပ်စိုး အသက်ကို ဝမအောင်ရှူရင်း မျက်နှာ ဖြူဖပ်ဖြူရော်နဲ့ သိပ်ကြောက်နေတဲ့ မနက်တို့ သားအမိတတွေကို ကြည့်ပြီး အရေးမကြီးသလို....

'ကိစ္စမရှိပါဘူး၊ မသေနိုင်ပါဘူး၊ ကိုကြီးထိန် ကျွန်တော်တို့ ဆေးရုံသွားကြစို့၊ ဒီအထွက်စို့'

'အေး.... ဟုတ်တယ်၊ သွားမှ ဖြစ်မယ်၊ ငါလဲ ဝမ်းလျှောနေပြီ'

'ဟာဗျာ'

အုပ်စိုး တင်းထားတဲ့အားတွေ ဘယ်ရောက်သွားမှန်း မသိတော့ဘူး။ ကိုကြီးထိန် အားကိုးနဲ့ အုပ်စိုး ဒီကထွက်ရမှာ။ ဘယ်တော့ အုပ်စိုး ကားလမ်းမထိထွက်ဖို့ လမ်းလျှောက်နိုင်တဲ့အင်အား မရှိတော့ဘူး။

အုပ်စိုး မျက်လုံးပြန်ဖွင့်ပြီး တဲဘေးနားထားနေ ဖြတ်သန်းသွားနေတဲ့ စောင်ပုခက်တွေ၊ တရွေ့ရွေ့ ထွက်နေကြတဲ့ ချို့လူတွေကိုကြည့်ရင်း....

'မနက်'

'ဟဲ့.... ပလုတ်တုတ်၊ ဘာလဲအုပ်စိုး'

'ခင်ဗျားတို့ သားအမိတွေ အရင် ထွက်ကြတော့၊ ဟိုမှာ လူတွေနဲ့လိုက်သွား၊ ကျွန်တော်တို့ကို မစောင့်နဲ့'

'ဟဲ့—ငါလိုက်သွားတာက ဟုတ်တယ်၊ ကားလမ်းမ ရောက်တော့ ငါတို့က ဘယ်သွားရမလဲ'

'ကြော်ဗျာ... ခင်ဗျားအရပ် ပြန်ပေါ့၊ ပုသိမ်ပြန်ပေါ့၊ ကိုကျော်မြိုင် မရှိတဲ့နောက် ခင်ဗျားက ဒီမှာ ဘာလုပ်ဦးမှာလဲ'

စကားပြောရင်း မောလာတာနဲ့ အုပ်စိုး မျက်လုံး ပြန်မှိတ်လိုက်တယ်။ မနက်ရဲ့ရှိုက်သံက အုပ်စိုးနားထဲ ဝင်လာတယ်။

'ဟုတ်ပါတယ်တယ်... ငါပြန်မှာပါ၊ ဒါပေမယ့် ပြောတာက လွယ်တယ်၊ ငါတို့သားမိတွေ ဘာစရိတ်နဲ့ ပြန်မလဲ၊ ပုသိမ်ပြန်ဖို့ ဟောဒီမယ် ငွေလေးငါးကျပ်ရှိတယ်'

ဒုက္ခပါပဲ။ အုပ်စိုး အိတ်ထဲမှာ ဘယ်လောက် ရှိပါလိမ့်။ အုပ်စိုး အိတ်ကို လက်နဲ့စမ်းလိုက်တယ်။ အဲ... ကိုကြီးထိန်မှာရော...

'ဒီလို ရောဂါဖြစ်ပြီး ဒီလို ပြန်ရမယ်မှန်းမှ မသိတာ ဘယ်သူ စုလိမ့်မလဲ၊ သုံးသုံးစားစားနဲ့ ကုန်တာပဲ၊ မိုးတွင်း စာလေး ခုမှ စုံမယ်လုပ်တုန်း ဒီလိုဖြစ်တော့၊ ဟင်း... ကိုကျော်မြိုင်ရေ.... တော်ကတော့ အေးပေါ့'

မနက်ငိုသံက စိတ်နှလုံး ပိုနောက်လာတယ်။ သူပြောတာလည်း ဟုတ်ပါတယ်။ ဒီလိုပဲ အုပ်စိုးတို့လည်း ဘာထူးလဲ။ ပေါ့ပေါ့ရ ပေါ့ပေါ့သုံးနေ့ပဲ မစုမိကြပါဘူး၊ မနက်ပြောသလိုပဲ ဒီလိုဖြစ်မယ်မှန်းမှ မသိတာ။ သိရင် စုမှာပေါ့။



'မနက်၊ ရော့၊ ဒါရှိတာ အကုန်ပဲ။ ကိုကြီးထိန်...ကိုကြီးထိန်'

'ကိုထိန် ဝမ်းသွားနေတယ်'

'သွား.... သူ့ဆီကလဲ တောင်းသွား၊ ခင်ဗျားတို့ သွားကြတော့။ ဖြစ်အောင်သာပြန်ဗျာ၊ ကလေးတွေ ဒုက္ခရောက်လိမ့်မယ်'

'ဒါဖြင့် ငါတို့ သွားတော့မယ်နော်၊ အုပ်စိုး နင်တို့ကတော့ ဘယ်လို'

'ရတယ်၊ ဖြစ်တယ်၊ သွား၊ ရအောင်ထွက်မယ်၊ ကျုပ်တို့ဘာသာကျုပ်တို့'

'သွားမယ်နော်' ဆိုပြီး မနက်က ငိုပြန်တယ်၊ ဝါးရုံပင်ကြားက ရှုံ့မဲ့ထွက်လာတဲ့ ကိုကြီးထိန်က မနက်တို့ကို ပိုက်ဆံပေးနေတာ။ မနက်တို့ သားမိတွေ၊ မနက်က တောင်းလေးရွက်။ သားအကြီးကောင်လေးက ဆေးတ္တာလေးထမ်းပြီး ထွက်သွားတာကို အုပ်စိုး မျက်စိတဆုံး ငေးကြည့် နေမိတယ်။

'ကျွတ်....ကျွတ်...ကျွတ်.... ငါတို့ ဘယ်လို လုပ်ကြမလဲ အုပ်စိုး၊ ငါလဲ လမ်းမလျှောက် နိုင်တော့ဘူး'

ကိုကြီးထိန်က အုပ်စိုးဘေးမှာ ခွေခွေလေး ထိုးအိပ်တယ်။ အုပ်စိုး မျက်လုံးတွေ စုံမှိတ်ထားလိုက်တော့တယ်။ ဘာလုပ်ရမှာလဲ။ လမ်းလျှောက်ပြီး ညောင်နီပင် မထွက်နိုင်ရင် သေမယ့်အချိန်ကိုစောင့်ပေါ့။ ဒါ ရှိတာပဲ။

သေတစ်နေ့မှာတစ်နေ့ပဲ ကိုကြီးထိန်ရှာ၊ ကြောက်မနေပါနဲ့။ အုပ်စိုး ရင်ထဲမှာ ထူးထူးဆန်းဆန်း ရွာက ထွက်ခါနီး သူငယ်ချင်းမ မိပိုက်ပြောတဲ့ 'သေချင်ရင် ရွှေကျင်သွားတဲ့၊ နင် ငါ့ကို တစ်ခါထဲများ နှုတ်ဆက်တာလား' ဟယ် ဆိုတဲ့စကားကို သတိရလာတယ်။

သောက်ကောင်မမိပိုက်၊ ဦးဦးဖျားဖျား နိမိတ်ဖတ်ထဲ ပါးစပ်ပုပ်။ သေရမှာ ငါ မကြောက်ပါဘူးမိပိုက်ရဲ့၊ တစ်[illegible] နင်လို့တစ်ရွာလုံးကို ရွှေသူဌေးအုပ်စိုး အဖြစ်နဲ့ အနိုင်[illegible] လိုက်ရတာ တစ်ခုပဲ ငါ ဝမ်းနည်းမိတယ်။

'ဘုရား.....ဘုရား။ အောင်တင်တို့လဲ ဘယ်လိုများ နေ[illegible] မှာလည်း မသိဘူးကွာ၊ အမြွှာလေး နှစ်ယောက်ရော ဦး[illegible] ခွေးကြီးရော ပက်လက်ရယ်'

ဟုတ်သားပဲ။ အောင်တင်တို့ ဘယ်လိုများ ဖြစ်နေကြပါလိမ့်။ သူတို့တဲလေးက ဝါးရုံချုံ ထူထူကြားမှာ ဆိုတော့ လှမ်းမြင်ဖို့ ခက်တယ်။ အို... တတ်နိုင်ပါဘူး။ အားလုံးဟာ ဒီအချိန်မှာတော့ ဃတ္တဝါတစ်ခု၊ ကံတစ်ခုပဲလေ။

ပြောရင်းဆိုရင်း အုပ်စိုး ဝမ်း သွား ချင် လာ ပြန် ပြီ။ တဖြည်းဖြည်းနဲ့တော့ ဝမ်းသွားတဲ့အကြိမ် စိပ်လာပြီ။ မကြာခင် ခိုင်ကြီးလိုပဲ ကြွက်တက်လာပြီးတော့။

အုပ်စိုး အားတင်းထပြီး အနီးဆုံး ဝါးရုံထဲကို ဝင်ရပြန်တယ်။ ပြီးတော့ လေးဘက်ထောက် ပြန်လာခဲ့ပြီး တဲတိုင်ကို



ဆုပ်ပြီးတင်းတားမိတယ်။ ရပါသေးတယ်။ အုပ်စိုး ကြွက်တက်တော့ မဖြစ်သေးဘူး။ သေဖို့ နည်းနည်းဝေးပါသေးတယ်။ ရုတ်ဘရက် တမ်းတမိတဲ့စိတ်နဲ့ 'ဂျက်ဆလင်းရေ'လို့လည်း ခေါ်လိုက်မိသေးတယ်။

ဟော... သံပုံးတီးသံတွေ ဆူညံလာကြပြန်ပြီ။ ပြီးတော့ ဘာသံတွေလဲ။ လှည်းမောင်းတဲ့အသံတွေထင်ရဲ့။ ဟုတ်ဘူး။ ဒါ မော်တော်ကားသံပဲ။ မြင်းလှည်းမောင်းတဲ့ အသံတွေလည်း ကြားရသလိုပဲ။

အုပ်စိုး တဲတိုင်ကိုဆုပ်ရင်း မျက်လုံးတွေကို ကြိုးစားဖွင့်လိုက်တော့ ဖုန်တလုံးလုံးကြားမှာ မှုန်တဝါးဝါးနဲ့ မော်တော်ကားပဲ။ ဟော.... ဆင်းလာနေကြတာ ရဲတွေပါလား။ နောက်ကလည်း ဆင်းလာတဲ့လူတွေ။ အုပ်စိုး မျက်စိထဲမှာ အနီတွေ၊ အပြာတွေ ရှုပ်ရှက်ခတ် မြင်နေရတယ်။

'ကဲ.... ကဲ... လုပ်ကြဟေ့၊ အကုန် ကား ပေါ် တင်၊ လှည်းတွေ၊ မြင်းလှည်းတွေပေါ်လဲ အကုန် သံ့သလောက် တင်၊ ပစ္စည်းတွေ ထားပစ်ခဲ့'

'ထွက်၊ ထွက်၊ ထွက်၊ ခုချက်ချင်း ဒီထဲက လူတွေ အကုန် ထွက်၊ လမ်းလျှောက်နိုင်သေးတဲ့လူက လမ်းလျှောက်ထွက်၊ သွား၊ သွား၊ တာပစ္စည်းမှ လျှောက်သိမ်းမနေနဲ့၊ အကုန် သေကုန်လိမ့်မယ်'

'ဟော့.... ဈေးဆိုင်တန်းတွေ အခု ပိတ်ဖို့ သွားပြောစမ်း၊ ချက်ချင်း အမြန်ထွက်လို့၊ ဒီနေ့ကစပြီး ရွှေတောပိတ်ပြီလို့ ပြော'

'အခြေအနေဆိုးတဲ့သူတွေ ကားပေါ် မြန်မြန်တင်ဟေ့၊ ဆေးရုံဘန်းမောင်း'

အသံဗလံတွေက အုပ်စိုး နားထဲ မဝင်တချို့၊ ဝင်တချို့။ 'ဆေးရုံ'ဆိုတာကိုကြားတော့ ရင်ထဲမှာ ထိတ်ခနဲ ဝမ်းသာသလို ရွှေတောပိတ်ပြီဆိုတာကြားတော့လည်း မဟုတ်ပါစေနဲ့လို့ ဆုတောင်းမိပြန်တယ်။ မိုးမှ ဖြိုင်ဖြိုင်မကျသေးတာ၊ တယ်နှယ်လုပ် ရွှေတောပိတ်ပစ်လို့ဖြစ်မှာလဲ။

ဒီရောဂါဆိုးတဲ့လူတွေ မြန်မြန်ပျောက်အောင် ခေါ်သွားကုလိုက်ရင် ဒီထဲက မဖြစ်သေးတဲ့လူတွေကို ဘယ်ကူးတော့မလဲ။ ကျန်တဲ့လူတွေ မိုးဖြိုင်ဖြိုင် မကျမချင်း ဆက်လုပ်၊ ရောဂါပျောက်ကြရင်လည်း ပြန်လုပ်ကြပေါ့။

မိုးဖြိုင်ဖြိုင်မရွာခင် အလုပ်လုပ်ထားမှ မိုးတွင်းနားတဲ့လူလည်း စားစရာ သုံးစရာ ရမှာ။ အုပ်စိုးတို့သည်၊ တောင်ပေါ်စရိတ် ရမှာ၊ ရွှေတောကိုတော့ မပိတ်ကြပါနဲ့ဦး၊ နောက်ပါ။ မိုးက မကြာခင် တအားရွာလာတော့မှာပါ။

'အုပ်စိုး ဆေးရုံကားတွေ လာကုန်ပြီထင်တယ်၊ ငါတို့ မသေသေးဘူးလား'

ကိုကြီးထိန်က ခေါင်းဘက်ထောက် တွားသွားရင်း တဲထဲရှိ ခြေမှာ ထိုးထားတဲ့ ပလွေနဲ့ဘားဂျာကို ဆွဲထုတ်ပြီး ထပ်



ဝတ်ထားတဲ့ ဂျင်းဂျာကင်အိတ်ထဲ ထိုးထည့်နေတယ်။

'ဟာ ထွက်ကြပါစို့၊ အကုန် သေကုန်လိမ့်မယ်၊ ရောဂါဖြစ်နေပါတယ်ဆိုမှ ဘာ တွန့်ဆုတ် တုန့်ဆုတ် လုပ်နေကြတာလဲ'

'စရိတ်မရှိတာတွေ ဘာတွေတော့ ကျုပ်တို့လဲ မသိဘူး၊ အရေးကြီးတာက ခင်ဗျားတို့အားလုံး ဒီထဲက အမြန်ထွက်၊ ကိုယ့်နေရပ်ကို အမြန်ပြန်၊ ဒါပဲ'

'ဩော်.... ဟုတ်တယ်၊ ပိတ်ပြီ ပိတ်ပြီ၊ ဒီထဲမှာ ရောဂါဖြစ်ဖြစ် မဖြစ်ဖြစ် ဘယ်သူမှ မနေရဘူး၊ ရှင်းပလား'

'မသိဘူး၊ မိုးတွင်းပြီးတော့မှ ဆောင်းတွင်းလာရမှာတွေ နောက်မှ စဉ်းစားဗျာ၊ အခုသာ ထွက်ကြစမ်းပါ'

အသံ ကျယ်ကျယ် ကျယ်ကျယ်တွေ အုပ်စိုးနား နားနီးလာသလို ဖြစ်လာပြီး 'ဟော့ ဟိုမှာနှစ်ယောက်' ဆိုတဲ့ အသံနဲ့အတူ ခေါ်ကြတော့ အုပ်စိုး ကိုယ်လုံး မြောက်ခနဲ ပါသွားတယ်။ အုပ်စိုး ပါး စပ် လှုပ်ရင်း 'ကိုကြီး' လို့ ကြိုးစား ခေါ်လိုက်မိသေးတယ်လားပဲ။

'အောင်တင်တို့ ဟိုဘက်မှာ' လို့လည်း ပြောလိုက်မိသလိုလို၊ ကားစက်သံ တဝူးဝူးကို အနားကပ် ကြားလိုက်ရတဲ့ အချိန်မှာတော့ အုပ်စိုး စိတ်တွေ လျှော့ချပစ်လိုက်တယ်။

*



☆ တက်လှိုင် စာပေ ☆

'အုပ်စိုး— အိုးစုပ်၊ အိုးစုပ်— အုပ်စိုး'

တင်— ဒါ ရွာပြန်ရောက်နေတာလား။ မိပိုတ်ရဲ့ ပြောင်စပ်စပ် မျက်နှာက နီးသွားလိုက်၊ ဝေးသွားလိုက်။ ထောင်မ ငေါ့ကို ငယ်ငယ်ကလို လူတကာခိုင်းဖတ် အုပ်စိုးမှတ်လို့ ပြောင်နေတာလား။ ငါရလာတဲ့ ရွှေတွေကိုမြင်ရင် မိပိုက် မျက်လုံးတွေ ပြူးသွားလိုက်မယ့်အမျိုး။ မိပိုက် ကောင်မစုတ် အိုးစုပ်လို့ ခေါ်ရဦးမလား။

ဟော....ဟိုမှာ မိပိုက်နားမှာ ဂျက်ဆလင်း။ မသေဘူးနော်။ ဟာ.... ဂျက်ကလင်း။ အဲဒီအင်္ကျီအဝါ မဝတ်နဲ့လေ။ အဲဒါ စုလျှိုင် မျက်နှာပေါ်ကဟာ။

'ဟော့၊ မြန်မြန်လုပ်၊ ဟိုမှာ လူနာတွေ နောက်ထပ်ကားတစ်စင်း'

'အို...ဒုက္ခပါပဲ'

အုပ်စိုး မျက်လုံးတွေ ဖွင့်ကြည့်လိုက်တယ်။ ဂျက်ကလင်းလို နှဲ့တဲ့တဲ့ အသံမျိုးလေးပိုင်ရှင် ဆရာမ မျက်လုံး မှေးမှေးလေး တစ်ယောက်က အုပ်စိုး လက်မောင်းထဲကို ဆေးတွေ သွင်းပေးနေတယ်။ မျက်စိဖွင့်လာတဲ့ အုပ်စိုးကို မျက်လုံး လှန်ကြည့်ပြီး 'ငြိမ်ငြိမ်နေနော်'တဲ့။

အုပ်စိုး မျက်လုံးတွေ ပြန်မှိတ်လိုက်တယ်။ ဆေးရုံ ရောက်နေပြီပဲ။ အုပ်စိုး မသေတော့ဘူးပေါ့။ ကိုကြီးထိန် တစ်ယောက်ရော သေပလား။



အောင်တင်တို့ သားအဖ တတွေ့ရော။ ဂျက်ကလင်း
...။

အားလုံး မသေကြယင်တော့ ရွှေတောမှာ ပြန်တွေ့ကြ
...ပေါ့။ ဟင်း.... အုပ်စိုး မသေရတဲ့အတွက် နေကောင်း
... ရွှေတော ပြန်နိုင်ပြီပေါ့။

'ဆရာမ'

အုပ်စိုး အသံထွက် ဟနိုင်သားပဲ။ ဆရာမက မေးဆတ်
... ထူးရင်း ဆေးထိုးအပ် အကြီးကြီးကို လက်မောင်းထဲက
...နှုတ်ပြီး အုပ်စိုး လက်မောင်းကြားထဲ ဂွမ်းစလေး ညှပ်
...တယ်။

'နေကောင်းတဲ့သူတွေ ဒီရွှေတော ပြန်သွား ကြပလား
...ရာမ'

'ဟောတော့ ဒုက္ခပါပဲ။ ဘယ့်နှယ်ပြန်ရမလဲ၊ ရှင်တို့အလဲ
...ဘ်၊ ရှင်တို့ရွှေတောထဲ ဘယ်သူမှ မဝင်ရတော့ဘူး၊ အကုန်
...ထားပြီ။ နေကောင်းကောင်း မကောင်းကောင်း ဘယ်
...မှ ပြန်မဝင်ရတော့ဘူး၊ ဘာလဲ၊ တောထဲမှာ ရွှေ ဘယ်
...ပိုသာ ကျန်ခဲ့လို့လဲ'

ဆရာမက သွက်သွက်သွက်သွက်နဲ့ ပြောပြီး ထွက်သွားပြီ။
...လိုက်တာ ဆရာမရယ်။ အုပ်စိုးဆိုတဲ့ကောင်မှာ ရွှေတစ်
...းသားတောင် မရှိသေးလို့ ရွှေတော ပြန်သွား ချင်တာ
...ါ့။ ဆရာမထင်သလို ပိုသာမပြောနဲ့၊ အစိတ်သား ရမ်း

ပါစေ။ အုပ်စိုးဆိုတဲ့ကောင် ဇာနယ်မြေ မနင်းတော့
ဆရာမရေ။

ဒီလိုဆိုယင် ထနိုင်သွားနိုင်တာနဲ့ အုပ်စိုး ဘာလုပ်ရမယ်
အိုး။ ရွာကိုတော့ တစ်သက်မပြန်ဘူးမှတ်။ အုပ်စိုး ပြုံး
ဖြည်းချင်း ဒီဘက်စောင်းလိုက်တော့ ဟာ… ဒီဘက်မှာ
လူနာတွေ။ တစ်တန်းကြီး။

လက်စသက်တော့ အုပ်စိုးတို့တတွေ ဆေးရုံအပြင်
တာမှာ အားလုံး တန်းစီထားရတာကိုး။ အခန်းတွေ
တောင် လူနာတွေ မဆံ့တော့ဘူးထင်ရဲ့။ အေးလေ မြို့
ဆေးရုံလေး တစ်ခုမှာ လူနာဒီလောက် အများကြီး
လိုလုပ်ထားပါ့မလဲ။

လူနာတွေကို ခုန့်ပျံကျော်လွှားပြီး ဆရာဝန် ဆရာမ
ပျာယာခတ်နေကြတယ်။ ဆေးသွင်းကြ။ လူနာတွေ သယ်
လာပြီး ရှိသမျှနေရာ ကွက်လပ်မှာချကြ။ မြန်မြန်
သွားကြနဲ့။ ကြည့်ရတာတောင် မူးလာတယ်။

ကိုကြီးထိန်တို့ အောင်တင်တို့ ဘယ်နားများ ပါလိမ့်
အုပ်စိုး ထကြည့်လို့တော့ မရနိုင်ဘူး။ ထရမှာ မူးနေတုန်း
မလှုပ်မယှက်ပဲ နေချင်တုန်း။



'အုပ်စိုး၊ အုပ်စိုးရေ'
ခေါင်းမူးမူးနဲ့ နားထဲမှာ ကိုယ့်နာမည်ခေါ်သံ သဲ့သဲ့ကို
ကြားသလိုလို ဘာလိုလို ဖြစ်နေတယ်။
'ကိုကြီးထိန်….ကိုကြီးထိန်'
ကိုကြီးထိန်ခေါ်တာလဲ အုပ်စိုး နားထဲမှာ ကြားနေ
သလိုပဲ။ ဘာဖြစ်လို့လဲ။
'အုပ်စိုး၊ ကိုကြီးထိန်၊ အုပ်စိုး'
'ဟေ့လူ၊ ဘာတွေ လာအော်နေတာလဲ၊ သွား….သွား။
လူနာတွေ တက်နင်းမိကုန်ဦးမယ်'
'ဟုတ်ကဲ့ပါဆရာ။ ဒီမှာ ကျွန်တော့် သူငယ်ချင်းတွေ ရှိ
လို့ပါ'
ကြည့်စမ်း၊ ကိုတင်ဦးပဲ။ အုပ်စိုး မျက်လုံးအမြန် ဖွင့်ရင်း
ဘက်က လက်တစ်ဘက်ကို အားယူ ထောင်ပြလိုက်တယ်။
ပါးစပ်ကတော့ ဘယ်လိုမှ လှမ်းမအော်နိုင်ဘူး။ တော်သေး
ဖွဲ့သမားမျက်စိမို့ လျှင်ပေလို့။
'ဟော….တွေ့ပြီ၊ ဟိုမှာဆရာ၊ ကျွန်တော့် ခင်လေး
တွေ့ပါရစေနော်'
ကိုတင်ဦး လူနာတွေကို သတိထား ရှောင်ရှားရင်း
အုပ်စိုးဆီ လာနေတယ်၊ အတော် ကံကောင်းတဲ့လူ။ ဒီလူ့
ကြည့်ရတာ ကျန်းကျန်းမာမာ ရွှင်ရွှင်လန်းလန်း။ ဘာမှ
မဖြစ်အောင် ဘယ်နားများ သွားခိုနေပါလိမ့်။

'အမလေးကွာ ရှာလိုက်ရတာ၊ လူနာတွေကလဲ ဆေး... ရှေ့ မြေကြီးပေါ်မှာတွေရော၊ ဘာတွေရော၊ ကြောက်စ... မင်း ဆေးမိဘာ တော်သေးတာပေါ့ကွ၊ ငါလဲ ကံဖယ်... မောင်၊ အဒေဖာ်ကောင်းတာနဲ့ ငါ မန္တလေး ဝိုင်းကြီး... ဝိုင်း လိုက်သွားတာ ဟုတ်သွားလို့၊ ခု ကိုကြီးထိန်ရော'

အုပ်စိုး ခေါင်းယမ်းပြလိုက်တယ်။

'ခိုင်ကြီးနဲ့ ကိုကျော်မြိုင် သေပြီ'

'ဟာ....'

ကိုတင်ဦး လန့်သွားပုံရတယ်၊ ငိုင်သွားပြီးမှ ဟိုကြ... သည်ကြည့်နဲ့၊ 'ဆိုးလိုက်တာကွာ၊ ရွှေတော ဇီလိုအချိန် မ... ကလည်း ဝမ်းပျက်ကြတာပဲ။ ဒီလိုပဲ ဝမ်းပိတ်ဆေး... တာခလေးသောက်ပြီး ပျောက်သွားတာပါပဲ။ လူမသေ... ကွ။ ခုဘာ့ကွာ ပြောမနေပါနဲ့။

'ဒီမယ် ဟော့ကောင်၊ မြို့ထဲမှာဆို အိမ်တွေရဲ့ ဝင်းထ... တွေမှာ မသေမရှင်ဒဘူ ထောင်ထားခဲ့လို့တဲ့။ ဟာ ဆူညံ... တာပဲ။ မန္တလေးဘက်သွားတဲ့ ကားတွေပေါ်မှာလဲ အကူ... ပြွတ်သိပ်ကျပ်ညပ်ခနတာပဲ။ ပိုက်ဆံ တောင်းလို့လည်း မရ... ဘူး။ အကုန် စရိတ်မရှိတဲ့လူချည်းပဲကွ'

'ရှိတဲ့ အဝတ်အထည်လေးတွေ လိုက်ရောင်းနေတဲ့ လူနဲ့ ဒန်အိုးဒန်ခွက် ရောင်းတဲ့သူနဲ့ မိန်းမတစ်ယောက်များ ငွေ... များရော ဝမ်းလျှောရောနဲ့ တူပါရဲ့ကွာ။ တလေးလေးနဲ့



တရွတ်ဆွဲပြီး အိမ်တစ်အိမ်ရှေ့မှာ သူ့ထလေး ရောင်းနေလို့ အိမ်ရှင်မိန်းမကြီးက ပြောလိုက်တာ ဆူညံနေတာပဲ'

'ရွှေတော ပိတ်လိုက်ပြီဗျ'

'အေးပေါ့ကွ၊ မင်းကလဲ၊ ဟိုမှာ အကုန်ဝင်ပြီး ဆေးတွေ ဘာတွေ ဖျန်းကုန်ပြီ၊ မလုပ်လို့ မင်း ဝမ်းရောဂါဟာ၊ မြို့ပေါ် ကူးလာမှာ၊ ရွှေတောပိတ်တာ ဘာဖြစ်လဲကွ၊ မဟုတ်လဲ မင်း မိုးကျနေပြီ၊ ရှေ့မိုးတွင်းပဲဥစ္စာ၊ ဒီမြို့ထဲမှာ တစ်ပတ် နှစ် ပတ်လောက်နားပြီး ငါတို့ တောင်ပေါ် တက်မှာပေါ့ကွ၊ ပူမနေစမ်းပါနဲ့၊ မင်း ထနိုင်ရင် နက်ဖြန် ငါလာခေါ်လှည့် မယ်၊ နေဦး၊ ခု ကိုကြီးထိန်တို့ ငါလိုက်ရှာဦးမယ်'

ကိုတင်ဦးက ဖျိုးဖျိုးဖျတ်ဖျတ်နဲ့ လူနာတွေကို ကျော် လွှားပြီး သွားပြန်တယ်။ ကိုတင်ဦး ဝမ်းရောဂါ မဖြစ်တာ ဟာ အုပ်စိုးတို့အတွက် တကယ့်ကို နယ်ပိုင်ပယ်ပိုင် မှတာ ပါပဲ။

* * *

ညောင်နီပင်တစ်ရွာလုံး ငြိမ်ဆိတ်နေလိုက်တာ။ လမ်းမ ဘေးက သက်ကယ်မိုး ဆိုင်တန်းလေးတွေ ပေါ်မှာလည်း

ဟာလာဟင်းလင်းနဲ့ ခွေးတွေ အိပ်စက်နားခိုရာ ဖြစ်လို့။ အသား ငါး ဟင်းသီးဟင်းရွက်ရောင်းတဲ့ ဈေးတန်းလေးလည်း ခြောက်သွေ့လို့။ အိမ်နဲ့တွဲဖွင့်တဲ့ ကုန်စုံဆိုင်လေးတွေလည်း တံခါးလေးတွေကို ကိုယ်စီပိတ်လို့။ လက်ဖက်ရည်ဆိုင်လေးတစ်ဆိုင်နဲ့ ကွမ်းယာဆိုင်လေးတွေက လွဲရင် ကျန်တဲ့ လမ်းဘေးက စားသောက်ဆိုင်တွေ မှန်သမျှလည်း အကုန် ပိတ်။

ကြည့်စမ်းပါဦး။ ဘယ်တုန်းကမှ လူပြတ်တယ် မရှိတဲ့ နာမည်ကျော် ကိုထန်ဟုန်ဆိုင် လည်း တံခါးပိတ် ဂျိတ်။ ဝမိုးယပါတဲ့ မြင်းလှည်းလေးတွေလည်း လမ်းဘေးမှာ ငြိမ်လို့။ မြင်းတွေက စားမြုံ့ပြန်ရင်း ငိုက်မျဉ်းလို့။ လူတွေ ဘယ်သောသော။ ငွေတော့ဘာဖြေဖြေနဲ့ သိပ်စည်ကားခဲ့တဲ့ ညောင်နီပင်မှ ဟုတ်ပါလေစသို့ ထင်ရာ။

ရွှေတောသွားရာ ဖုန်လမ်းလေးနားမှာတော့ ကုလားထိုင်တွေနဲ့ ထိုင်နေတဲ့ တာဝန်ကျရဲတွေ။ အသားမည်းမြာမြာ၊ မျက်လုံးဝါဝါ၊ ခေါင်းတုံးပေါက်စ ဆံပင်ကျိုးတိုးကျဲတဲတွေနဲ့လူတွေ ဘယ်ရောက်ကုန်ကြပြီလဲ။

အုပ်စိုးတို့ ရွာထဲကို ဖြည်းဖြည်းလျှောက်ဝင်ခဲ့ကြတာကိုပဲ ဖုန်လမ်းနားက ရဲတွေက လှမ်းကြည့်နေကြတယ်။ ရွှေတောထဲ ပြန်ဝင်မှာ သိပ်ခြောက်နေကြတဲ့ပုံ။ ကိုတင်ဦးက 'ဖြည်းဖြည်းသာလျှောက်' ဆိုပြီး နောက်ကနေ ကိုကြီးထိန်ကို တွဲခေါ်လာတယ်။ အုပ်စိုးက ကိုကြီးထိန်ထက်စာရင် လမ်းလျှောက်နိုင်ပေမယ့် ခပ်ယိုင်ယိုင်ထဲကပဲ။



အမှန်မှာတော့ ဆေးရုံပေါ်မှာ အားရှိအောင် နားနေသင့်သေးတယ်။ ဒါပေမယ့် တခြားလူနာတွေကို အုပ်စိုးတို့ အားနာသေးတယ်။ ဆေးရုံပြင်ဘက်မှာ နေရတဲ့သူတွေက အများကြီး။ ဝမ်းရောဂါပျောက်ပေမယ့် ငှက်ဖျားထလာပြီး အားပြတ်နေသူတွေကလည်း ဟုပုံတပင်နဲ့။ ဆေးရုံထဲမှာ မနေချင်တော့ဘူး။

ကိုတင်ဦးက ဆေးရုံကနေ ညောင်နီပင်ရွာ ပြန်လာပြီး သူ့အသိအိမ်မှာ နားမယ်တဲ့။ အားရှိတော့မှ သွားနိုင်လာနိုင်ပြီဆိုတော့မှ တောင်ပေါ် တက်ကြမယ်တဲ့။ ဒီညောင်နီပင်ရဲ့ အရှေ့ဘက်ကဖြတ်ပြီး တောင်ပေါ်ကလည်း တက်ရမှာလေ။

တကယ်ကျတော့ ရွှေတောထဲဝင်ပြီး တောရဲ့အရှေ့ဘက်ထဲကို ဖြတ်တက်ရင် ပိုနီးတယ်တဲ့။ ခုချိန်မှာတော့ ရွှေတောထဲမှ မဝင်ရဘူး။ တောကိုပတ်ပြီးတော့ပဲ တောင်ပေါ်တက်ရမယ်တဲ့။

ကိုတင်ဦး စီစဉ်သမျှ နာခံပြီး အုပ်စိုးတို့ သူ့ကိုပဲ အားကိုးနေရတာပဲ။ သူ မန္တလေးဝိုင်းကြီးက တော်တော်နိုင်လာတယ်နဲ့တူတယ်။ အဲဒီ အရင်းအနှီးနဲ့ တောင်ပေါ်မှာ အုပ်စိုးနဲ့ ကိုကြီးထိန်ရယ်၊ တောင်ပေါ်အကြောင်း နားလည်တဲ့ လူကြီးတစ်ယောက်ရယ်နဲ့ လေးယောက် စပ်တူ 'ကုံစား' လုပ်မယ်တဲ့။

ဒါပေမယ့် ခြွင်းချက်က သူက မော့မော့ပန်းပန်း မလုပ်နိုင်ဘူး။ အရင်းအနှီး စိုက်ထုတ်တဲ့အတွက် သူ့ဆီတော့ [illegible] ကျင်တဲ့ထဲ မပါဘူး၊ သူကဖဲ့ပဲလည်ရိုက်မယ်။ အချိန်တန်လို့ ရွှေခွဲကြရင် လေးယောက်အချိုးကျခွဲမယ်။ ရွှေရောင်းချင်ရင် သူ ရောင်းပေးမယ်။ ဈေးဝယ်ချင်ရင် သူ ဝယ်ပေးမယ်ပေါ့။

ကောင်းပါတယ်။ ကြိုက်ပါတယ်။ အုပ်စိုးနဲ့ ကိုကြီးထိန်မှာက လေးလေးဆယ် အဝတ်တစ်ထည် ကိုယ်တစ်ခု တင်ဦး တွေ့အောင် လိုက်ရှာတာကိုပဲ ကျေးဇူး တင်နေရတာ။ နို့မို့သာဖြင့် ဘယ်ဆီဘယ်စခန်း မြန်းရမှန်းကိုသိမှာ မဟုတ်ဘူး။

ဟို အောင်တင်တို့ သားအဖတွေလည်း ဆေးရုံ တဝင်းလုံးကို လိုက်ရှာတာဖတ်ဖတ်သာမောတယ်။ မတွေ့တော့ဘူး။ ဘယ်သူသေလို့ ဘယ်သူကျန်လဲ။ ဒါမှမဟုတ် မိသားစုတစ်စုလုံး ရွှေတောကို စိတ်နာပြီး တံငါပဲပြန်လုပ်ကြ လေပြီလား။

'အုပ်စိုး အဲဒီအိမ်ပဲဟ။ အထဲဝင်လိုက်။ ဗျို့ဘိုးရွှေ ဘာတွေလုပ်နေတုန်းဗျို့'

ကိုဘင်ဦးက နောက်ကနေ လှမ်းအော်တော့ အိမ်လေးပေါ်က အင်္ကျီတုံးလုံးနဲ့ ပိန်ပိန်ကျစ်ကျစ် အဘိုးကြီး တစ်ယောက် ဆင်းလာတယ်။

'ဟာ...ဆရာတင်၊ ဘယ်လိုလဲ၊ ဒီလူတွေ ဝမ်းရောဂါ ဖြစ်လာတဲ့ လူတွေတော့ မဟုတ်ပါဘူးနော်'



'ဖြစ်လာတဲ့လူတွေ မဟုတ်ဘူး၊ ဝမ်းရောဂါ ဖြစ်ပြီးတဲ့ လူတွေ၊ ဆေးရုံက ဆင်းလာတာ၊ ခင်ဗျားအိမ်မှာ နားမလို့'

'ရပါ့ဗျား၊ ရပါ့ဗျား၊ ဆရာတင်ကတော့ ဘာမှမဖြစ်ဘူးလား'

'ဘယ်ဖြစ်မလဲဗျ၊ ဖဲ....ဖဲ့.... ကျုပ်က ကြိုသိလို့ ရှောင်သွားတာ'

ဘိုးရွှေက အသက်အရွယ်နဲ့ မလိုက်အောင် ဖျတ်ဖျတ်လတ်လတ်နဲ့ လုပ်နိုင်ကိုင်နိုင်တယ်။ ခေါင်းအုံးချ၊ ရေနွေးအိုးတည်၊ ပဲလှော်သုပ်၊ ထမင်းအိုးတည်နဲ့ ဆက်တိုက်လုပ်သွားတာပိပိရိရိ။

ကိုတင်ဦးကိုလည်း ဆရာတင် ဆရာတင်နဲ့။ ကိုတင်ဦး ပေးကျွေးထားတယ်နဲ့ တူပါရဲ့၊ ကိုတင်ဦးဆိုတဲ့ လူကလည်း နေရာတကာ အကွက်နဲ့လူ။ သူ အသုံးတည့်မယ် ထင်တဲ့လူကို ဘယ်လောက်ပေးရပေးရ နှမြောတတ်တဲ့လူမှ မဟုတ်တာ။

'ကိုတင်ဦး၊ တောင်ပေါ်ခေါ်မယ့် သူက ဘိုးရွှေလား'

'အစစ်ပေါ့ကွ၊ တောင်ပေါ် ရွှေကြောနဲ့ ပတ်သက်လို့က တော့ သူက ဆရာတစ်ဆူပဲမောင်။ နာမည်ကိုက ဘိုးရွှေ ပါတဲ့ဆိုမှ။ ဒီမှာဘိုးရွှေ ခု ဆင်ဈေး ဘယ်လောက်ရှိလဲ'

'ဘာလဲ၊ ဆင်ငှားသွားမလို့လား၊ မလုပ်ပါနဲ့ ဆရာတင်ရာ။ ပိုက်ဆံကုန်ကကုန်နဲ့။ ဒီလူတွေ လမ်းလျှောက် နိုင်တော့မှ သွားကြတာပေါ့၊ ဆင်ဆ ရှစ်ရာနဲ့ တစ်ထောင် ကြားမှာရှိတယ်၊ အလကား၊ ရွှေကုန်သည်တွေပဲ ပိုက်ဆံ ပေါလို့ ဆင်ငှားတာ။ ကိုယ်က ဘာလို့ ငှားမလဲ'

'ဟုတ်သားပဲဗျာ'

အုပ်စိုးကပါ ဝင်ထောက်ခံလိုက်တော့ ကိုတင်ဦး ငြိမ်ပြီး စဉ်းစားနေတယ်။ သူက လူနု။ ပင်ပန်းမှာ ကြောက်လို့။ ဖွဲ့ လည်ရိုက်စားနေတဲ့ ဘူဆိုတော့ ဆင်ငှားဖို့ မငှားဖို့ သူ့ဟာ သူ ဆုံးဖြတ်ပါလိမ့်မယ်လေ။ သူ့ပိုက်ဆံပဲဟာ။

ကိုတင်ဦးက မာဘိုဒိုဘူးထုတ်ပြီး မာဘိုဒိုတစ်လိပ် မီးညှိရင်း အုပ်စိုးကိုတစ်လိပ်၊ ဘိုးရွှေကိုတစ်လိပ် ပစ်ပေးတယ်။

'ခင်ဗျား သောက်ပေါ့ မာဘိုဒို ဖွာနိုင်တော့တယ် ကိုတင်ဦးရေ'

အုပ်စိုးက မာဘိုဒိုကို ဖွာကြည့်လိုက်တယ်။ ဒူးယား မသောက်ကြိုက်ဘူး။ မာဘိုဒိုအနံ့ဆိုးနဲ့ ကိုကြီးထိန်ကတော့ မသောက်ရတာ ကြာသွားတဲ့ မာဘိုဒိုနဲ့ ခေါင်းအုံးပေါ်မှာ မှိန်းနေလိုက်တာ။

'ဘိုးရွှေ၊ ရွာထဲမှာ တောင်ပေါ် တက်ကြမယ့် လူတွေ ရှိလား'

'ဟာ... ရှိတာပေါ့ ဆရာတင်ကလဲ၊ ရွှေတောထဲက ထွက်လာတဲ့ လူတွေကို ဒီထဲမှာရှိတယ်၊ ဒီမှာနားပြီး တက်ကြမယ့်လူတွေလေ'

ဝမ်းရောဂါဖြစ်တဲ့ လူတွေလား'

'ဟာ... မဟုတ်ဘူး၊ ဖြင်တဲ့လူ ရွာက ဘယ်လက်သင့်ခံ မလဲ။ မဖြစ်တဖြစ်တို့ မဖြစ်ခင် ထွက်လာတဲ့သူတို့ပေါ့၊ ကျုပ်တို့ရွာထဲလဲ ဆေးဖြန်းတယ်၊ ဈေးဆိုင်တွေလဲ ပိတ်တယ် လေ ဆရာတင်ရဲ့'



'အေးပါ၊ ဟုတ်ပါတယ်၊ ဒီလိုဆို တောင်ပေါ် နေရာကောင်းလေး ဘာလေးရအောင် စောစောလေး တက်မှ ထင်တယ်၊ ဘယ့်နှယ်လဲ'

'ဆရာတင့်သဘောလေ၊ နေရာကောင်း ရွေးဖို့တော့ ကျုပ်တာဝန်ထား'

ကိုဘင်ဦးက 'အင်း' ဆိုပြီး မျက်လုံးမှိတ် စဉ်းစားနေတယ်။ အုပ်စိုး သူတို့စကားတွေ နားထောင်ရင်း အိပ်ချင် သလိုလို ဖြစ်လာတယ်။ ကိုကြီးထိန်တောင် မာဘိုဒိုနဲ့မှိန်းပြီး အိပ်ပျော်နေပြီ။ နေ့ဆောင်းခါစ အားနည်းတော့ ခဏခဏ အိပ်ချင်တယ် ထင်ပါရဲ့။ အုပ်စိုးတို့အားလုံး ငြိမ်သွား ကြတယ်။

အောက်ဆင်းလိုက်။ အထက် တက်လိုက်လုပ်တာနဲ့ ဘိုးရွှေကိုကြည့်ရင်း အုပ်စိုး မျက်လုံးတွေ တဖြည်းဖြည်း မှိတ်လာတယ်။

'အို...အို... မငိုပါနဲ့ သမီးလေးရယ်။ မေမေ နိုးပါပြီ'

ဝူးဝူးဝါးဝါး ကလေးငိုသံက အုပ်စိုး မျက်လုံးတွေကို ပြန်ဖွင့်လာစေတယ်။ ဘိုးရွှေတို့ ခြေရင်းအိမ်က လာတဲ့အသံ။ အိုး... ကလေးက တအား အာခေါင်ခြစ်ငိုနေလိုက်တာ။

'သမီး တိတ်ပါကွယ်၊ ခဏလေး ခဏလေး၊ မေမေ နို့ ဖျော်နေပါတယ် မေ့သမီးလေးရဲ့၊ ဟော... ကြည့်ပါဦး ငိုလိုက်တာ။ သမီး အေးအေးထွန်း'

အုပ်စိုး ဝုန်းခနဲထထိုင်လိုက်မိတယ်။ 'ထွန်း' ဆိုတဲ့ အဖျားခံသံက အုပ်စိုး ရင်ကို တဒိုင်းဒိုင်း ခုန်စေတယ်။ ဒီနွဲ့တဲ့တဲ့ အသံဆွဲဆွဲလေးမျိုးကို ခေါ်တတ်သူဟာ ဂျက်ကလင်းကလွဲလို့ ဘယ်သူများ ဖြစ်နိုင်ဦးမှာလဲ။

ဒါပေမယ့် ခက်လိုက်တာနော်။ ဂျက်ကလင်းနဲ့ ညောင်နီပင် ရွာထဲက ကလေးအမေနဲ့ ဘယ်လိုများ ဆက်စပ်ကြမှာလဲ။ ဂျက်ကလင်းရယ် ယောကျ်ားတတာလိုပဲ မင်း ငါ့ကို ဆက်ဆံခဲ့တာပါပဲ။ ဒါကိုပဲ ငါ ဘာဖြစ်လို့ ဒီလောက် တောင် စွဲလမ်းနေမိတာလဲ။

'ကဲ... ရပါပြီကွယ်၊ စိုးပါကွယ်၊ မေမေ့မှာ ညက သမီးငိုလို့ အိပ်ပျက်လို့ ခုတလေး အိပ်မိတာပါ၊ ဒါကိုပဲ သူ့မှာ ဂိတ်ဆောက်လိုက်ရတာကွယ်၊ နော် သမီး'

အို... ဂျက်ကလင်းပါ။ 'သူ့မှာ မနာလို လိုက်ရတာကွယ်' ဆိုပြီး အုပ်စိုးကို ပြောခဲ့တဲ့ ဒီလေပါ။ အုပ်စိုး အိမ်အောက်ကို ဘယ်လိုရောက်လာမှန်း မသိဘူး။ တစ်ဘက်အိမ်ဝင်းထဲကိုလည်း ဘယ်လို ရောက်လာမှန်း မသိဘူး။ ဝင်းခြံလယ်ခေါင်က မြေစိုက်အိမ် သေးသေးလေးထဲကို အုပ်စိုး ဝင်လိုက်တော့။

'ဂျက်ကလင်း'

'ဟယ်... ထွန်းရယ်၊ ကြည့်စမ်း'

'ထွန်း' ရယ်တဲ့လား။ ခေါ်နိုင်သေးတယ်နော်။ ဂျက်ကလင်း မသေဘူးပေါ့။ အုပ်စိုး ရင်ထဲမှာ ဝမ်းသာစိတ်၊



အာဃာတစိတ်တွေ တလိမ့်လိမ့် ထက်လာရင်း ဂျက်ကလင်းကို နာကျင်သမျှတွေ ပျောက်လွင့်ရပြန်တယ်။

'ထွန်းကို သေပြီမှတ်လို့ ဂျက်ကလင်း ငိုလိုက်ရတာ၊ တော်ပါသေးရဲ့ ထွန်းရယ်နော်၊ လူတွေသေကြတာ ကြောက်စရာကြီးပဲ၊ စုလိုင်လဲ ဆုံးရှာတယ် ထွန်းရယ်'

ဂျက်ကလင်း မျက်နှာက ညှိုးသွားလိုက်၊ မှိုင်သွားလိုက်၊ ပါးစပ်လေး မဲ့သွားလိုက်၊ တွန့်သွားလိုက်နဲ့။

'ထွန်း ဒီမှာကြည့်ပါဦး၊ ဂျက်ကလင်း သမီးလေးကို'

'ဟာ... ဟုတ်လို့လား'

အုပ်စိုး ပါးစပ်က လွတ်ခနဲ ထွက်သွားမိတော့ ဂျက်ကလင်းက တခစ်ခစ်ရယ်ရင်း အုပ်စိုး လက်ကို ကန္တဲကလျ ဆွဲခေါ်တယ်။

'လာ... ဒီကိုလာကြည့်၊ ဂျက်ကလင်း သမီးက ဂျက်ကလင်းနဲ့ မတူဘူးလား၊ ထွန်းရဲ့၊ ဟင်း ဟင်း ဟိုတစ်ပတ်ကမှ ဂျက်ကလင်း မွေးလိုက်တာလေ၊ မယုံဘူးလား'

ဂျက်ကလင်းက ငြိမ်ငြိမ်လေး နို့စို့နေရှာတဲ့ ကလေးရဲ့ ချေးစို့နဖူးပြင်လေးကို ယုယုယယ တို့သုတ်ပေးရင်း....

'ထွန်းရယ် သနားစရာလေးပါ၊ သူလေးကို သူ့အမေဆီက ဂျက်ကလင်း ဝယ်ထားလိုက်ရတာ၊ နှစ်ရာနဲ့'

'ဘာတွေ လျှောက်လုပ်နေတာလဲ ဂျက်ကလင်းရယ်'

'အို.... ထွန်းကလဲ ဂျက်ကလင်းက ကလေးသိပ်ချစ်တာ၊ ကလေးနဲ့ သိပ်နေချင်တာ၊ သနားပါတယ် ထွန်းရယ်၊ သူ့

အမေက ပြန်စရာစရိတ် မရှိလို့ဆိုပြီး ဂျက်ကလင်းဆီကို ငိုယိုပြီး ပြောတော့ သမီးကလေး ဟိုကြည့်သည်ကြည့်နဲ့၊ အခါလည် ကျော်လေး ရှိသေးတာ၊ သူ့အဖေဟာ ဝမ်းရောဂါဖြစ်ပြီး ဆုံးတော့ အမေလုပ်တဲ့သူကလဲ မကြံတတ် မဖန်တတ်နေမှာ ပေါ့၊ သူ့အထက် အကြီးသုံးယောက်လဲ ဓားမှာ ပါသေး တယ်၊ ဂျက်ကလင်းက ကားသမ်းမဓေးမှာ ကြောက်လန့်ပြီး ငိုချင်နေတဲ့အချိန်၊ အဲဒီမိန်းမကို ကိုဆန်းမြင့်က ထအား ငေါက်ထုတ်တာပဲ၊ သူ့မှာ ဟိုလိုက်ပြော၊ ဒီလိုက်ပြောနဲ့ သမီးလေးကို လိုက်ကြည့်မိရင်၊ ဂျက်ကလင်း မနေနိုင်တော့ ဘူး၊ ကိုဆန်းမြင့်နဲ့ အကြီးအကျယ်ဖြစ်ပြီး ဂျက်ကလင်း ဝယ် ထားလိုက်တာ'

'ဒဲ့ခု ဆန်းမြင့်ကခရာ'

'ရှိတာပေါ့၊ မနက်တည်းက' အကြံအဖန်ဆိုပြီး ထွက် သွားတာ၊ ပြောတာပဲ သုံးလေးရက်နေရင် ရန်ကုန် ပြန်မယ် လို့ ...'

ဂျက်ကလင်းက သူပြောချင်တာတွေကို တရစပ် ပြောနေ ရင်းက လလေးကိုပဲ တစ်ချိန်လုံး စိုက်ကြည့်နေပြီး မျက်နှာ ထ ညှိုးရမြန်တယ်။

'တကယ်တော့ အဲဒီ မိန်းမဟာ ဂျက်ကလင်းဟာ ဘယ်လို မိန်းမစားလဲဆိုတာ မသိလို့၊ သိရင် သမီး မိန်းကလေးကို ဂျက်ကလင်းလို မိန်းမဆီ ဘယ်ရောက်ပါ့မလဲနော်ထွန်း'



ဩော်... ဒါတွေသိရက်နဲ့ မင်း ဘာဖြစ်လို့ မေးသေးလဲ ဂျက်ကလင်းရယ်၊ ဘာမှ မသိရှာတဲ့ ကလေးလေးကတော့ နို့ဘူးလေးကိုပဲ ငြိမ်ငြိမ်ချမ်းချမ်းစို့လို့။

'ကိုဆန်းမြင့်ကိုတော့ ဂျက်ကလင်း အပြတ် ပြောထား တယ်၊ ကလေးအမေကို မကပ်ချင်ကြရင်နေ၊ ဂျက်ကလင်း ကတော့ သမီးကို မစွန့်ပစ်နိုင်ဘူးလို့၊ တစ်ခါတလေတော့ ဂျက်ကလင်းလဲ ကိုယ့်စိတ်ချမ်းသာသလိုလေး နေချင်သေး တာပေါ့'

ပျက်နေရတဲ့ ဘဝနဲ့မတန်အောင် စိတ်ထားဖြူ ရှာသူ လေးကို အုပ်စိုး ပြင်းပြင်းထန်ထန် ပြန်ပြီး ဆနားမိပြန်ပြီ။ သူ့ဘဝနဲ့ ဒီဇာလေးကို သူ ကြီးပြင်းအောင် မွေးဦးမယ်တဲ့ လား ဂျက်ကလင်းရယ်။

'လာပါဦးသမီးရဲ့၊ မေမေ ချီထားပါဦးမယ်၊ အိုး.... ကြည့်ပါဦး၊ ရှုးတွေကလဲစိုလို့'

သူက်တော့ အရုပ်လေး တစ်ရုပ်နဲ့ ပျော်နေတဲ့ ကလေး လေး ကျနေတာပဲ။ အုပ်စိုးတို့တောင် ရှိတယ်မှ ထင်သေးရဲ့ လား မသိပါဘူး။

'ဟင်.... ခွေးသမီး၊ သူ့အနှီးတွေကို လျှော်ရလို့ လူလဲ ရှူးနံ့တွေကို နံနေပြီ၊ ဘယ်သူမှတော့ ကပ်ချင်မှာမဟုတ်'

ဂျက်ကလင်းအသံ တိုးဝင်သွားပြီး အုပ်စိုးကို မလုံမလဲ လှမ်းကြည့်တယ်။

'မင်းဟာမင်း ပြောချင်ရာပြောပါ ဂျက်ကလင်းရယ်၊ ငါနဲ့ ဘာဆိုင်တာလိုက်လို့'

'…… …… …… ……'

'ဂျက်ကလင်း'

'ဘာလဲ ထွန်းရယ်'

'မင်း ငါ့ကို ဘာဖြစ်လို့ မယုံဘာလဲဟင်၊ မင်းကိုအငတ်ထားမယ် ထင်လို့လား၊ ဒါမှမဟုတ် မင်းယောကျ်ားတွေနဲ့ ဒီလိုပဲ နေချင်သို့သလား၊ ငါခေါ်ရာ မလိုက်တာ၊ ဟင်… ဂျက်ကလင်း'

'…… ……'

'ဂျက်ကလင်း၊ မင်း ရန်ကုန် ပြန်လိုက်သွားမှာလား'

'လိုက်ရမှာပေါ့ထွန်း၊ ကိုဆန်းမြင့်ခေါ်ရာ ဂျက်ကလင်း လိုက်ရမှာပဲ'

'မလိုက်ရဘူးကွာ၊ မင်း တို့နဲ့တောင်ပေါ်လိုက်ခဲ့၊ နော်၊ ဂျက်ကလင်း လိုက်မယ် မဟုတ်လား'

ဂျက်ကလင်းက အုပ်စိုး ပါးပြင်ကို သူ့ လက်ကလေးနဲ့ လာပွတ်သပ်ရင်း မျက်ရည်တွေက ကျလာတယ်။

'မလိုက်ဘူးထွန်း၊ ဂျက်ကလင်းကိုမခေါ်နဲ့၊ ဂျက်ကလင်း ဘယ်သူ့မှ ဒုက္ခမပေးပါရစေနဲ့၊ ဂျက်ကလင်းမှာ ခု သမီး ရှိပြီ။ သမီးအတွက် ဂျက်ကလင်း ကြိုးစားရဦးမယ်။ ထွန်းကို



…က်ကလင်း ချစ်ပါတယ်၊ သနားပါတယ်၊ ဂျက်ကလင်း …တော့ ထွန်းမချစ်ပါနဲ့၊ မသနားပါနဲ့'

'ရတယ်လေ၊ သိပ်ရတာပေါ့၊ မင်း အနေနဲ့ သိပ်လွယ် …ပေါ့နော်၊ ဂျက်ကလင်း'

'ထွန်း ခု တောင်ပေါ်ကို ဘာသွားလုပ်မှာလဲ၊ မသွား …နဲ့ အိမ်ပြန်ပါလားဟင်'

'ဘာအိမ်လဲ၊ ငါ့မှာမှ အိမ်မရှိတာ၊ တစ်ကောင်ကြွက်ပဲ …တောင်ပေါ်သွားမယ်၊ ငွေရှာမယ်၊ ပဲရိုက်မယ်၊ ဘိန်းရှူ…ယ်၊ အရက်သောက်မယ်၊ မိန်းမတွေနဲ့ ပျော်ပါးမယ်'

'ဟိုမှာ ကိုဆန်းမြင့် ပြန်လာနေပြီ'

အုပ်စိုး အိမ်ပြင်ဘက်ကို လှမ်းကြည့်လိုက်တော့ ကိုဆန်း…င့်နဲ့ ထွားထွားနွားနွား လူသုံးယောက်။ ဂိုက်တွေက ရှေ…နဲ့သည်ဂိုက်တွေပဲ၊ အုပ်စိုးကို တောင်းပန်ဆလို လှမ်းကြည့် …တဲ့ ကလေးပွေ့ထားတဲ့ ဂျက်ကလင်းကို ကြည့်ရတာ …ပ်စိုး ရင်ထဲမှာ နာလာတယ်၊ ကလေးလေးက မျက်လုံး …ဝိုင်းလေးနဲ့ ပြုံးနေတယ်၊ သိပ်မိုက်တဲ့မိန်းမ။

'သွားတော့နော် ထွန်း'

အုပ်စိုး အမြန်ထွက်ပြေးခဲ့တယ်၊ ရန်စချင်တဲ့စိတ်နဲ့ ဆန်း…င်ပခုံးကိုလည်း ဝင်တိုက်ပစ်ခဲ့တယ်။ ဆန်းမြင့်သာကြောင် …နေပဲ အုပ်စိုးနောက်လိုက်လာရင်တော့ ဒီကောင့်ကို အုပ်စိုး …တ်မှာ။

ဝမ်းရောဂါနဲ့ မသေတဲ့ အုပ်စိုးလက်နဲ့ သေရစေ့မယ်။

ဒါပေမယ့် သူ့ကောင်တွေကို ဖုံးဖိပြောနေတဲ့ ဆန်းငြိမ်းရဲ့ တဟဲဟဲ အသံနဲ့ နာကျင်ဖွယ်ရာ ဂျက်ကလင်းရဲ့ နှိပ်စက်ရယ်သံကပဲ အုပ်စိုးကို နှိပ်စက်ကြတယ်။

ဒီကြေးထဲမှာ လန့်ပြီး ငိုလိုက်တဲ့ ကလေးရဲ့ ရှူးရှူးရှားရှား အသံကလည်း အုပ်စိုးရင်ထဲမှာ နင့်နေတာပဲ။

• •

တောင်ပေါ် အတက်လမ်းက တထယ့်ကို တောလမ်းခရီးကြမ်းပဲ။ ဆင်နဲ့ပဲသွားသင့်တဲ့လမ်း၊ အရေးထဲမှာ မိုးရွာထားတာက မကြာသေးတော့ လမ်းသွားရတာက စိုစိုစိုနဲ့ ချော်နေတယ်။

မိုးတော့ တကယ်ရွာနေပြီ။ ညောင်နီပင်မှာ နားနေတဲ့ နှစ်ရက် ကြာတဲ့ အတွင်းမှာကဲ မိုးကြီးတစ်မိုး ရွာလိုက်သေးတယ်။ အဲဒီမိုးကြီးရွာပြီး နှစ်ရက်နေတော့ အုပ်စိုးတို့ ထွက်လာတာပဲ။



အုပ်စိုးတို့လေးယောက်။ ထခြားတက်တဲ့လူ ခြောက်ယောက်အဖွဲ့နဲ့ ဆယ်ယောက် စုထွက်ခဲ့ကြတာ။ အားလုံးလိုလို ဘာပစ္စည်းမှ မသယ်နိုင်ဘူး။ နည်းနည်းစီ လိုအပ်တဲ့ပစ္စည်း၊ မယူမဖြစ်တဲ့ပစ္စည်းလောက်ပဲ ခွဲပြီး သယ်ခဲ့ရတယ်။

တစ်ယောက်ကို ဆန်ငါးပြည်စီနဲ့ ကုလားပဲ နည်းနည်းစီ သယ်ရတယ်။ ဘိုးရွှေရဲ့ စီမံချက်လေ။ ဘိုးရွှေက ဆန်အိတ်အပြင် ဓန်အိုးနှစ်လုံးနဲ့ ဓားတစ်ချောင်း ပိုလွယ်တယ်။ ဒါပဲ။ တခြား ဘာမှမယူဘူး။ ရွှေကျင်ဖို့အတွက် တခြား လိုအပ်တဲ့ ပစ္စည်းကရိယာတွေ အကုန် တောင်ပေါ်ကျမှ သူ့ဟာသူ လုပ်မယ်တဲ့။

ဘိုးရွှေက အင်ရှည်၊ အင်ဝိုင်း၊ မြေသယ်တဲ့ ဆောက်ကူခြင်း၊ အားလုံးဖြစ်စေမယ်တဲ့။ ပေါက်တူး၊ တူရွင်းဆိုလည်း ပေါက်တူးသွား၊ တူရွင်းသွားပဲ ထည့်ယူတယ်။ အရိုးကို ဟိုကျမှပဲ တပ်မယ်တဲ့။ ဟုတ်မှာပေ့ကွာ။ ဒါကြောင့်လည်း ဘိုးရွှေကို ကိုတင်ဦး အားကိုးတာပဲ။

အိမ်ကနေ စထွက်ခါစတော့ ဆန်ငါးပြည်အိတ်က ပေါ့နေသေးတယ်။ တခြား အသားခြောက်လေး၊ လိုအပ်တဲ့ပစ္စည်းလေး သယ်ရရင် ကောင်းမှာဆိုပြီး ဘိုးရွှေကို ပြောမိသေးတယ်။ ခုတော့ သိပြီလေ။ နေ့တစ်ဝက်ကျိုးပြီ။ ခရီးတစ်ဝက် မကျိုးသေးဘူး။

'ဘိုးရွှေရေ— ခုလိုပုံနဲ့တော့ ငွေတစ်ထောင် ဘာအသုံးကျလဲဗျ၊ ခင်ဗျားနှယ်'

ကိုတင်ဦး သိပ်မောနေပြီ။ ဘိုးရွှေကတော့ ပြုံးပြုံးပဲ 'ရောက်တော့မှာ ဆရာတင်ရာ၊ ခဏပါ၊ ခဏပါ'နဲ့။ သူ့ ... တော့ သိပ်အနှံမှာဘာပဲ။ လုံးဝ မောတဲ့ အရိပ်အယောင် မရှိဘူး။

တောလမ်းခရီးက တဖြည်းဖြည်း မတ်စောက်လာပြီး တောက ပိုပြီး ညို့လာတယ်။ မိုးမျှား ရွာမလားပဲ။

'ဟော့ ကောင်လေး… ဒီမှာကြည့်၊ မြင်ဖူးလား၊ ... ကျားခြေရာပဲ'

ဘိုးရွှေပြတဲ့ မြေပြင်စိုစိုပေါ်မှာ လက်တစ်ဖိုက်လော ... ရှိတဲ့ ခြေရာကွက်ကြီးတွေကို မြင်ရတယ်။

'ဟာဗျာ ဘိုးရွှေကလဲ မောရတဲ့ထဲ ထိတ်ခအောင် ... အောင် လုပ်နေပြန်ပါပြီ'

အုပ်စိုးက ညည်းတော့ ဘိုးရွှေက ပြုံးပြုံး၊ ပြုံးပြုံးနဲ့—

'ဘာမှ မလန့်နဲ့၊ ကျားက ညမှထွက်မှာပါကွ'တဲ့။

'ဟော့ ကောင် အုပ်စိုး၊ စုံတောမြိုင်ပဲကွ၊ ပြောင်×ဆင် ကျားရယ်×ကျွဲနဲ့ယုန်သူငယ်× ပျော်ဘွယ် ဗိုမ မြူးထူးကြော စုံတောမြိုင်'

ကိုကြီးထိန်က သီချင်းဆိုပြရင်းက အိတ်ထဲက ဆေးလာ ... ရှင်မကွာ ပါခဲ့တဲ့ ပလွေကို ထုတ်တော့တာပဲ။ ဒီလော ... မောနေတဲ့ကြားထဲမှာကို ကိုကြီးထိန်တို့ကတော့ကွာ။



'ကိုကြီးထိန်ရေ— ကြည့်လဲမှုတ်ဗျာခနဲ၊ ခင်ဗျား ပလွေသံကြောင့် မြွေတွေလဲ ထွက်လာဦးမယ်'

သီချင်းဝါသနာမပါတဲ့ ကိုတင်ဦး သတိပေးသံကို ဘိုးရွှေ မျက်နှာ ပျက်သွားရင်း….

'ဆရာတင်ကလဲဗျာ ခရီးတော့ ရှည်တော့မှာပဲ၊ ဘယ့်နှယ် လင်းတွေ ထွက်လာဦးမယ်လို့ လုပ်စမ်းပါ'

'အေးဗျာ…. အေးဗျာ…. မေ့လို့၊ ခရီးမရှည်ပါစေနဲ့၊ မြန်မြန်ရောက်ချင်လှပါပြီ၊ ကိုကြီးထိန်ရေ ကြည့်မှုတ်ပျို့၊ လင်းတွေ ထွက်လာဦးမယ်၊ ကဲ'

ကိုကြီးထိန်က ခပ်ကြောင်ကြောင်နဲ့ 'အေးပါကွာ'လို့ ကိုတင်ဦးကိုပြောပြီး မှုတ်တော့တာပဲ။ အဲဒီ'မြွေ'ကို မြွေလို့ ခရီးသွားရင်း မခေါ်ရဘူးဆိုတာလဲ အယူအဆ တစ်ခုပဲ။ ခရီးရှည်တတ်သတဲ့။ မြန်မြန် မရောက်ဘူးတဲ့။ ကြန့်ကြာ တတ်သတဲ့။

ဒါကြောင့် ခရီးသွားရင်း ပြောချင်ရင် 'လင်းမြွေ'ကို ခေါ်သလို 'လင်း'လို့ပဲခေါ်။ ဒါမှမဟုတ် ဟိုအကောင်ရှည် ပေါ့။

အဲလိုခေါ်ရတာ ဘာဖြစ်လဲ။ ခေါ်လိုက်ရုံပေါ့။ မြန်မြန် ရောက်ဖို့အတွက် မြွေကို လင်းလို့ခေါ်ရတာ ဘာမှ အပန်း မကြီးပါဘူး။

'ဖေဒ်မပါနိုင်× တစ်ယောက်တည်း× အသည်းထိတ်စရာ ရုံမြိုင်'

'ကောင်းလိုက်တဲ့ ပဒလွှဲမျိုး၊ အမောကို ပြေသွားတာပဲ'

ရှေ့ကသွားနေကြတဲ့ လူခြောက်ယောက်ထဲက လူတွေက လှမ်းအော်ကြတယ်။ သွားပြီ၊ ကိုကြီးထိန်ကတော့ မှုတ်တော့မယ်။

ရသမျှသီချင်း အကုန်အထိ၊ 'ကမ္ဘာမကြေ'ထိ မှုတ်မှာပဲ။

'မောင်နဲ့မယ် လွဲရ×× သည်နဖူးစာ×× တပေါင်းနွေဦး ပြောင်းလေရှူး×× မြူးဆော့သောအခါ××

'ဟာ.... တပေါင်း မဟုတ်ဘူး၊ ဝါဆိုဝါခေါင်ဗျ'

ရှေ့ကလူတွေက ဆိုလိုက်၊ ကိုကြီးထိန်က မှုတ်လိုက်နဲ့ အချီအချ သိတ်ဟုတ်နေကြတယ်။

အုပ်စိုး ဆန်ဖျင်အိတ်ကို ပခုံးပြောင်းလွယ်ရင်း နွယ်ပင်တစ်ခုကို လှမ်းဆွဲတက်လိုက်တယ်။ ဒီတောလမ်းခရီးမှာ ဂျက်ကလင်းနဲ့ကလေး ပါလာခဲ့ရင်တော့ လွယ်မယ် မထင်ဘူး။ မလိုက်တာပဲ ကောင်းပါတယ်လေ။

ဒီလိုပဲ ဖြေရတော့မှာပေါ့။ ခက်ပါတယ်ဂျက်ကလင်းရယ် မင်းကိုငါ ဘာပြုလို့ ဒါလောက် စွဲလမ်းမိတာလဲ၊ မင်းအညာတွေကို ငါ အမျိုးမျိုးခံရတယ်။



ခု ရန်ကုန်ပြန်မယ်ပြောပြီး နောက်နေ့တွေကျ ဟိုလူတွေနဲ့ခြေရင်းအိမ်မှာမင်းရှိနေတာဘဲ။ မင်းရယ်သံနဲ့ ကလေးငိုသံဟာ ငါ ဘယ်သွားသွား ကြားနေမိသလိုဘဲ။

ဂျက်ကလင်းအကြောင်း တွေးရတာ အုပ်စိုး ပိုမောလာတယ်။ မတွေးမိအောင် သတိထားပြီး ငြိမ်ငြိမ်လေး လျှောက်တယ်၊ ကိုကြီးထိန် ပလွေသံတောင် တိတ်သွားပြီ။

အားလုံးမောပြီး ဖိလျှောက်နေကြတယ်။ 'ကိုတင်ဦးရဲ့ မရောက် သေးဘူးလား၊ မရောက် သေးဘူးလား' ဆိုပြီး ဘိုးရွှေကို ကြိမ်းမောင်း ညည်းညူနေတဲ့ အသံပဲ တစ်တောလုံးကို ကြီးစိုးနေတယ်။

နေတောင် စောင်းတော့မယ်လေ။ ဘိုးရွှေပြောတဲ့ နေရာက မရောက်သေးဘူးလား။ ဗိုက်တွေဆာလည်း အူနဲ့ ဟောင်းလောင်း။

ဟိုရောက်ရင် ထမင်းချက်ရ။ မီးမွှေးရဦးမှာနဲ့ အို.... အဆင်သင့် ဝယ်စားလို့ရတဲ့ ယင်ကောင်တွေတဲ့။ ရွှေတောထမင်း ဆယ့်နှစ်ကျပ်တန်ကို သတိရလိုက်ပါဘိတော့။

'ဟော့။ ဒီလိုနေရာမျိုး လူသတ်ထားခဲ့ယင် ဘယ်သူမှတောင် လာသိမှာ မဟုတ်ဘူး၊ တစ်ယောက်ထဲဆို အော်လို့လဲ ကြားမှာ မဟုတ်ဘူးဟ'

'ဒါကြောင့်မို့ ဒီထဲကဖြတ်ပြီး ရွှေသွားရောင်းရင် ဓားပြလဲ တိုက်ပစ်လိုက်တာပဲလေ။ မနှစ်ကလူတွေ ဒီလိုပဲ ခံပြီးပြီ'

အော်—အရေးထဲမှာ စိတ်ခတ်ကျရတဲ့ထဲ ဘိုးရွှေနဲ့ လူတစ်ယောက်က လူသတ်တာတွေ ခါးပြတိုက်တာတွေ ပြောနေကြသေးတယ်။ စိတ်ခတ်ပျက်စရာ။

တော်ပြီကွာ၊ မဟန်ရင်တော့ ဒီလောက် ကြောက်စရာစုံတဲ့နေရာမှာ ရွှေလေးတစ်မှုန်နှစ်မှုန်အတွက် စွန့်စားမနေတော့ မြန်ဆင်းမယ်။

'ရောက်ခါနီးပြီဟေ့၊ ဟာ၊ ဒီမှာဘိုးရွှေ၊ စားဆိုး စားခွက်တွေ၊ စောင်တွေ၊ အင်္ကျီတွေ အဝတ်အစားတွေ၊ လတ်လတ်ဆတ်ဆတ် ကြီးတွေဗျို့၊ ပစ်ထား ခဲ့တာလား။ လူများ ကျားဆွဲသလား၊'

ဟုတ်ပါရဲ့။ ရွှေကလူ့အော်သံကြောင့် အုပ်စိုးတို့ ပြေးကြည့်ကြတော့ ပြန့်ကျဲနေတဲ့ လူ့အသုံးအဆောင်ပစ္စည်းတွေ။

'ဟိုမယ် မမြင်ဘူးလားကွ၊ ဝါးရုံပင်ကြီး အောက်ခြေကို တူးထားတဲ့နေရာ။ ဒါ သေချာတယ်၊ ဒီကောင် ဟော ဝါးရုံအောက်ခြေက ရွှေရသွားပြီ၊ ဒါ တစ်ပိဿာ ငါးဆယ်သားမို့ ပစ္စည်းတွေအကုန် ပစ်ပြေးတာ။ မနှစ်ကလဲ တစ်ယောက် ဒီလိုပဲ'

အုပ်စိုးတို့အားလုံး ငြိမ်သွားလိုက်ကြတာ ဝါးရုံအောက်ခြေချိုင့်ကြီးကို စူးစိုက်ကြည့်မိပြီး ခုနက မောတာတွေ၊ ဆာတာတွေ၊ ညောင်းတာတွေ၊ အားလုံး ပျောက်လွင့်ကုန်ကြတယ်။



အားလုံး မျက်စိထဲမှာတော့ ဝင်းလက်နေတဲ့ တစ်ပိဿာ ရွှေချပ်ကြီး။

● ● ●

ချောင်းရေပြင်က 'ရွှေရ ကျောက်ရ' တောင်ကိုပတ်ပြီး တငြိမ့်ငြိမ့် စီးနေတယ်။ ဒီချောင်းက မိုးကုပ်၊ မိုးမိတ်ကို သွားတဲ့ချောင်း။

နွေမှာ ကျရေနည်းပြီး မိုးတွင်းကျတော့ ချောင်းကြီး ဖြစ်လာတယ်။ မိုးတွင်း တောင်ပေါ်ကလာတဲ့ ရွှေသမား အားလုံး ဒီချောင်းကိုပဲ အားကိုးကြရတာ။

ချောင်းဘေး တစ်လျှောက် တောင်ပေါ် မြေပြန့်ရှိတဲ့ နေရာလေးတွေမှာ တဲလေးတွေကိုယ့်အစုလေးတွေနဲ့ကိုယ်ထိုး ကြတယ်။

တောထဲမှာရှိတဲ့ ဝါးကိုခုတ်၊ ဝါးနဲ့ဆောက်၊ အင်ဖက်မိုးပေါ့။ ပြီးတော့ အင်ရှည်တို့၊ အင်ပိုင်းတို့ကိုလည်း သစ်ခုတ်ပြီး လက်ဖြစ် လုပ်ကြရော။ မြေသယ်တဲ့ ဆောက်ကူခြင်းဆို အလွယ်ဆုံးပေါ့။

ဝါးတိုလွှာလိုက်၊ ခွာတဲ့၊ ခွာတဲ့ပြီးဟက်လိုက်တာဖြတ်ဖြတ် ဆိုတာပဲ။ ဝါးကလည်း ပေါ့နေတာကိုး။

ဒီတောင်ပေါ် ရွှေသမားတွေ ကျတော့ 'ကံစား' များတယ်။ အလုပ်သမား သိပ်မရှိဘူးတဲ့။ ဒီတောင်ပေါ်က ရတဲ့ရွှေက ကျင်ပြီးရင် ကောက်ယူရုံပဲ။ မြေဒါးနဲ့ ဖမ်းစရာ မလိုဘူးဆိုတော့ ဒီရွှေကို မက်ကြတယ်။

စပ်တူလုပ်ပြီး ခွဲယူကြမယ်ဆိုတဲ့ အုပ်စိုးတို့ လုပ်သလို ကံစားတွေများတယ်။

ဒီလိုဆိုရင် တစ်မိုးတွင်းလုံး ရွှေတွေစုထားပြီးမှ စခန်းသိမ်းတော့မှ ခွဲယူကြတာပေါ့လို့ ဆိုတော့ မဟုတ်ဘူးတဲ့။ အုပ်စိုးတို့ ခုလိုရောက်ပြီး ရွှေကျင်ဖို့ဘာဖို့တွေ လုပ်ကိုင်ပြီး ကြပြီဆိုရင် ရွှေကုန်သည်တွေ လိုက်လာတာပဲတဲ့။

သူတို့က ပစ္စည်း အပြည့်အစုံနဲ့ ဆင်ငှား တက်လာပြီး တစ်လ၊ ဆယ်ရက်နေပြီး ဝယ်တာတဲ့။ စုထားပြီး မရောင်းပဲ ဈေးကောင်းရအောင် မြို့ပြန်ရောက်မှ ရောင်းမယ် ဆိုပေမယ့် မဖြစ်ဘူးလေ။

ဘိုးရွှေက ပြောတယ်။ ဆန်၊ ဆား၊ ဆီ၊ ကုန်တော့ ဘာ ပိုက်ဆံနဲ့ ဝယ်မလဲတဲ့။ ရောင်းပြီး ခွဲလိုက်တာပဲတဲ့။

ရွှေကုန်သည်တွေက ရွှေဝယ်ဖို့အပြင်၊ ရွှေသမားတွေကို လိုအပ်တဲ့ ပစ္စည်းရောင်းဖို့အတွက်လည်း ဆင်တစ်စီးနဲ့ရောင်းစရာ သယ်လာကြသေးတာ။



တခြားဈေး ချည့်ပဲ လာရောင်းတဲ့ ဈေးသည်တွေလည်း ရှိတယ်။ သူတို့က ဆယ်ရက်တစ်ခါလောက် ဆင်နဲ့ တက် ရောင်းကြတာ၊ ဆင်နဲ့တက်ရောင်းနိုင်အောင်လည်း သူတို့က မြတ်တယ်လေ။

ဈေးက မြို့ပေါ်နဲ့ ခေါက်ချိုး ထက်ဝက်မက တင်ထား ပြီးသား၊

ရွှေသမားဆိုတဲ့ အမျိုးတလည်း လက်ထဲ ငွေရှိလာလို့ ဆိုတော့ ထေပြီသာမှတ်။ ဘယ်လောက်များ ဈေးတင်ဦး မလဲ၊ မကြောက်သေးဘူး။ ငတ်သမျှ အတိုးချစားမှာပဲ။

နောက်ပြီး ဒီတောင်ပေါ်မှာအ မက်လုံးတအကြီးကြီး၊ တောင်ပေါ်ကို စွန့်စား တက်လာပြီး လုပ်တဲ့သူ နည်းသလို ရလိုက်ရင်လဲ ထုနဲ့ထည်နဲ့ ရတာတွေကိုပဲ ကြားဖူး၊ တွေ့ဖူး နေတော့ အားလုံးဟာ မျှော်လင့်ချက်တွေနဲ့။ ပိုက်ဆံကို သောက်ဂရုမစိုက်ဘူး။

ဟုတ်တယ်လေ။ တောင်ခြေ ဟိုနေရာ သည်နေရာ တူးရှင်း တစ်ချက်ထိုးရုံနဲ့ ရွှေသူဌေး ဖြစ်သွားနိုင်တာပဲ။ ကံလေး တစ်ချက် ကောင်းလို့ဆိုတော့ လိုသလိုပေါ့လေ။

အုပ်စိုးတို့ တဲလေးဆောက်တာ တစ်နေ့ထဲနဲ့ ပြီးသွား တယ်။ အင်ဖက်ကို စိပ်စိပ်မိုး၊ စိပ်စိပ်ကာထားတယ်။ အုပ်စိုးနဲ့ ကိုကြီးထိန်က အင်တော ဝါးတောထဲ ဘိုးရွှေနောက် တစ်ကောက်ကောက်လိုက်ရင်း ဆစ်၊ ဝါး ခုတ်ရတယ်။

သွားပြီ၊ ကိုတင်ဦးကတော့ ဖဲဝိုင်းရှိမယ့် နေရာကို သွား စနည်းနာနေပြီ။

ဒီတောင်ပေါ် လူနည်းနည်းလေး မှာတောင် ဖဲဝိုင်းက တော့ရှိမြဲ၊ အရက်ရောင်းတဲ့လူလည်းရှိမြဲ။ မိန်းမလည်း ရမြဲပဲ။

'ဒီရွာရဲ့ ကျောက်ရတောင် လာတူးတဲ့ သူတိုင်းကွာ အရှုံးတော့ မရှိဘူး၊ သူဌေးလေးနဲ့ သူဌေးကြီးပဲ ကွာတယ်။ အသုံးအဖြုန်းလည်း ဂရုစိုက်ရမှာပေါ့ကွာ။ ဖြုန်းရင်တော့ မလွယ်ဘူးပေါ့။ မင်းတို့ ငါပြောမယ်။ ငါကြုံဖူးတဲ့ လူ တစ်ယောက်။ ဒီတောင်ပေါ်ကို ရောက်ပါပြီ။ ရွှေကျင်ပါ ပြီဆိုကတည်းက တစ်နေ့ကို ငါးမူးသား တစ်မတ်သား အဲလိုရတာ။ မှန်မှန်ကိုရတာ။ ကံတကယ်ကောင်းတဲ့ ကောင်။

မင်းတို့တွက်ကြည့်။ တစ်နေ့ ငါးမူးသားနဲ့ မိုးတွင်း လေးလ လုပ်နေတာ။ ပိုက်ဆံ ဘယ်လောက်ရ ရှိလိမ့်မတုန်း။ ထစ်ရာရှိတယ်။ ဘယ် ဟုတ်တုန်းကွာ။ စားသောက် ဖဲချ၊ မိန်းမရော စုံနေအောင်ရမ်းတာ။ မင်းကွာ။ ဒီကောင် ဘယ်လောက် ရမ်းတတ်သလဲလို့ ဒီပေါ်က တောအရက်နဲ့ ရမ်လောက်ပဲရှိတော့ အောက်ကနေမှာပြီး နိုင်ငံခြား အရက် ကို လေးငါးခြောက်ရာ ပေးသောက်တယ်၊ သွားတာပဲ။ ဒီကောင်မြန်တော့ စားစရာကိုမရှိဘူး၊ ငှက်ဖျားကလဲရှိတော့ မသေတာတောင် ကံကောင်း'



ထစ်ဝါးခုတ်ရင်း၊ အင်ရှည်လုပ်ရင်း၊ အင်ဝိုင်း ထွင်းရင်း၊ သောက်ကူယက်ရင်း ဟိုးရှေ့က ပေးနေတဲ့ တောင်ပေါ်ထင် တန်းတွေက အုပ်စိုးနဲ့ ကိုကြီးထိန်အဖို့ ဘွားရေ ကျစရာ တက်ကြွစရာတွေ။

'အေး.... ငါသာ အဲလို ငါးမူးသားစီ ရနေလို့ကတော့ အုပ်စိုးရေ၊ မိုးတွင်းအပြန် သီဘင်းကျတ်မှာ ဟီတီး ပိုပို လေးနဲ့'

ကိုကြီးထိန်က အူမြူးနေတယ်။ အုပ်စိုးလည်း ဝင်းခနဲ လက်လာတဲ့ စိတ်ကူးနဲ့။

'ဂျက်ကလင်းဟာ၊ အခုမြဲ့ အနေပဲ့လို့ ငြင်းတာပါ။ ရွှေသူဌေးဖြစ်ရင် ငါ ရန်ကုန်ထိ လိုက်ယူပြမယ်၊ သူ ငြင်း နိုင်ဦးမှာလား'လို့တွေးပြီး စိတ်ထဲမှာ ပျော်လာတယ်။

ငါ မင်းကို သိပ်ချစ်တယ် ဂျက်ကလင်းရယ်။ ဘယ် တော့မှ စိတ်ကုန်မယ် မထင်ဘူး။

'ဘိုးချေ၊ ငှက်ဖျားမဖြစ်ဘူးလား'

'ဖြစ်ပေါင်ဘူး၊ မှတ်ထား၊ မောင်ထိန်ရ။ ညောင်နီပင် ငှက်ဖျားက တခြားနယ်သားမှ ဖြစ်တာ။ နယ်ခံလူဆို မဖြစ် ဘူး၊ တို့က မွေးကတည်းက ဗီရေသောက် ဒီခြင်ကိုက်ခံပြီး ကြီးလာတဲ့ ကောင်တွေကိုးကွ၊ ငှက်ဖျားပိုးနေပြီ၊ အေး၊ ဘစ်ခုတော့ရှိတယ်၊ တခြားနယ်တော့ ခရီးရက်ရှည် မထွက်

လိုက်နဲ့၊ တစ်ခါတည်း ငှက်ဖျားဖြစ်တာပဲ။ ကိုယ့်နယ်မှာသာ နေ ဘာမှမဖြစ်ဘူး'

'နေဦး၊ ဒါနဲ့ ဘိုးချေကော၊ ဗီတောင်ပေါ်က ချေတွေ တာတွေ မရဖူးဘူးလား'

ဘို ရွှေကပြုံးတယ်၊ ပြီးတော့ ကိုကြီးထိန်ကို 'မင်းပြောတဲ့ ချေတုံးတော့ မသိဘူးကွ' လို့ ပြောရယ်ရင်း

'မရပဲ နေမလားကွ၊ ငါ ဗီတောင်ပေါ်လုပ်တာ အသက် ခြောက်ဆယ်တွင်း ရောက်နေပေါ့ပဲ၊ ငါတို့ မိသားစုလဲ လာလုပ်ဖူးတယ်။ နှစ်တိုင်း မိုးတွင်းတိုင်း ငါ မရောက်တဲ့ နှစ်မရှိဘူး၊ ငါ့တစ်သက်မှာ တစ်ဆယ်သားတုံး၊ တစ်တုံး အကြီးဆုံးရဖူးတယ်၊ မိသားစုနဲ့ လာတုန်းက ရွှေဈေးက ဘာရှိမှာလဲကွ၊ သူတို့ဆီမှာ ဝယ်တဲ့ဈေးက အဲဒီတုန်းက တစ်ထောင် သောက်ဟာကို၊ တစ်သောင်း သောက်တော့ ရလိုက်တာပေါ့ကွာ၊ အဲဒီနှစ်က အလှူလုပ်တယ်၊ အိမ် ဆောက်တယ်၊ ကြွေးလဲ တင်တယ်ဟေ့၊ နောက် နှစ်တွေ သွား ဲ့ အခေါက်တွေကျတော့ ရတဲ့ဟာလေးတွေ ကြွေး ဆပ်ရတာနဲ့ ကုန်တာပါပဲ'

'ဘိုးချေ၊ ခုချိန် တစ်ဆယ်သား ရလိုက်တော့ နော သောင်းချီမှာပဲ'

'ဒါပေါ့ကွာ၊ ဒါပေမယ့် ခုချိန်ခါမှတော့ သိပ်မကြာ တော့ပါဘူး၊ ငါ့မှာ အမယ်ကြီးလဲမရှိတော့ဘူး၊ သားသမီး တွေကလဲ သူ့ဟာနဲ့သူ နေတဲ့သူနေ၊ ဆုံးတဲ့သူဆုံး၊ မနှစ်က



ကျုပ်သားတစ်ယောက် ဗီတောင်ပေါ်မှာပဲ လင်း ကိုက်ခံရ လို့ဆုံးတယ်လေ၊ ငါ့ဟာလေးနဲ့ငါ စားလောက် ပြီးတာပဲ'

'ဘိုးချေက အောက်က ရွှေတောထဲ လာမလုပ်ဘူးလား'

'တစ်ခါဘာလေပဲ၊ ရွှေကြောလေး ဘာလေး ကြည့်နိုင်တဲ့ လူက ခေါ်ရင်တော့ လာကြည့်ပေးတယ်၊ ငါက တောင် ပေါ်ကို တစ်မိုးတွင်းပဲကွ၊ နွေနဲ့ဆောင်း ထိုင်စားနေတာပဲ'

ကိုကြီးထိန်က အားမလိုအားမရနှင့် 'ဟင်း… ကျွန် တော်သာ ဘိုးချေလို ရွှေကြော နားလည်နေရင် လိုက်ရှာ နေမှာပဲတဲ့။

ဘိုးရွှေရွှေမှာ စကားပြောရင်းနဲ့ ဖြစ်သွားတဲ့ ဆောက် ကူခြင်းသုံးခြင်း၊ အရိုးတပ် ပြီးသား တူရွင်းနဲ့ ပေါက်ပြား ဘိုးရွှေက ထိုင်ရာကထရင်း။

'အား…. ချောင်းထိပ်မှာ မိုးတွေ လာပဟေ့ တဲဆီ သွားစို့'

ချောင်းထိပ်ပိုင်းဆီမှာ ညို့နေတာ မြင်ရတယ်၊ မိုးသက် လေနဲ့ ချောင်းရေပြင်က လှိုင်းလေးတွေ ထလာတယ်။

အုပ်စိုး ဆောက်ကူခြင်းတွေကို ထပ်ပြီး ခေါင်းပေါ် ဆောင်းရင်း

'ကျွန်တော်တို့က ရွှေဘယ်နား သွားကျင်မှာလဲ ဘိုးရွှေ၊ ဗီချောင်းထဲလား'

'မဟုတ်ဘူးလေ၊ ဖတောင်ခါးပန်း ရွှေကြောကို ဖြိုပြီး ကျင်ရမှာ၊ ဒီချောင်းရေတွေကို တောင်ထိပ်တင်ရမှာ'

အို.... တောင်ထိပ်ထိဆိုရင်တော့ ကူဘိုတာ ရေစက်ငှားရမှာ၊ ကိုတင်ဦး ပိုက်ဆံအတော်ကုန်မှာပဲ၊ ရေစက်ထရေဘယ်သွားငှားမလဲ။

အလုပ်လုပ်ချင်ပြီ။ အချိန်ရှိခိုက် ရွှေရှာချင်နေပြီ။

'ကူဘိုတာက ဘယ်က ငှားမလဲ၊ ဘိုးရွှေ'

ဘိုးရွှေက တဟားဟားရယ်တယ်။

'ဟ....ကောင်လေးရ၊ တောင်ပေါ် ရေတင်တာများ ဘာကူဘိုတာမှ မလိုဘူး၊ မင်းကြည့်....ချောင်းရေတွေ အကုန်လုံး ငါ တောင်ထိပ်ရောက်အောင် တင်ပြမယ်'

အုပ်စိုး အံ့ဩပြီး တောင်ထိပ်ကို မော့ကြည့်တုန်း မိုးစက်လေးတွေ မျက်နှာပေါ်ကျလာကြတယ်။

မဖြစ်နိုင်တာပဲ။ ဒီတောင်အောက် ချောင်းရေတွေကို ဘိုးရွှေ့တောင်ပေါ် ဘယ့်နှယ်လုပ် တင်မှာလဲ။

* * *

တောင်ထိပ်တစ်ဝက် ရောက်နေပြီဖြစ်တဲ့ ချောင်းရေကို အုပ်စိုး ငေးကြည့်နေမိတယ်။ ညနေဆို တောင်ထိပ်ရောက်ပြီပဲ။



ဘိုးရွှေက ဝါးနဲ့ ယက်ထားတဲ့ ကပ်ကြမ်းနှစ်ခုသုံးခုကို သယ်ပြီး တက်လာတယ်။ အုပ်စိုးက ဆွဲယူပြီး ကပ်ကြမ်းတစ်ခုကို တောင်ထိပ်တစ်ဝက် မြေကြီးပေါ်မှာ ရိုက်ပြီး ထောင်လိုက်တယ်။

'ဟော့ ကောင်လေး....ရေတွေ တောင်ပေါ်ရောက်ရဲ့လား'

'ဘိုးရွှေက အင်ဂျင်နီယာပဲဗျ'

ဘိုးရွှေက ပြုံးပြုံးနဲ့ တောင်အောက် ဆင်းသွားမြန်ပြီ။ တကယ်ပဲ ဘိုးရွှေ ရေတင်ပုံတင်နည်းတော့ ထကယ်သင်းတယ်။

သူက ပထမ ချောင်းစီးလာတဲ့ တောင်ခါးပန်းမှာ ချောင်းရေကို ပိတ်ပစ်လိုက်တယ်။ ချောင်းထဲမှာ ကပ်ကြမ်းကြီးတစ်ခု ထောင်လိုက်ရိုက်ချ။ ပြီးတော့မှ အင်ဖက်တွေနဲ့ ကပ်ကြမ်းကိုကာ၊ ရှိတဲ့ဝါးအစအနတွေ ဝါးဖတ်တွေ၊ ချောင်းသောင်က သဲတွေ၊ ကျောက်တွေ၊ အကုန်လုံးကိုလည်းချ။ အဲဒီကျမှ ချောင်းရေက တန့်ပြီး ရပ်သွားတာ။

ချောင်းရေ ပိတ်သွားဖို့၊ တန့်သွားဖို့အတွက် အုပ်စိုးတို့ လူလေးယောက် ခုနစ်ရက် ရေထဲမှာ စိမ်ပြီး လုပ်ရတယ်။ ချောင်းရေက ပိတ်သွားပြီ။ တန့်သွားပြီဆိုတဲ့အခါ ချောင်းရေ မျက်နှာပြင်က မြင့်တက်လာပြီလေ။

မြင့်တက်လာတဲ့ ချောင်းရေကို တောင်ပေါ် ဖက်မြောင်းဖောက်သွယ်ပြီး ကပ်ကြမ်းထောင်၊ အင်ဖက်ကာပြီး ထပ်ဆင့်ပိတ်လိုက်တယ်။

အဲဒီအခါ ရေက တစ်ခါ မြင့်တက်လာပြန်ပြီ။ အဲဒီရေကိုပဲ တောင်ပေါ်ဖက်မြောင်းဖောက်သွယ်ပြီး ကပ်ကြမ်းပိတ်၊ အင်ဖက်ကာ။ ရေက တစ်ခါ တောင်ပေါ် မြင့်တက်လာပြန်ရော။

ဒါပေမယ့် တောင်ပေါ်ဖက် ရေတက်လာဖို့ မြောင်းဖောက်တဲ့အခါမှာ တစ်ဆင့်ချင်း မြေလိမ်မြေထောက်စောင်းပြီး ဖောက်ဖောက်သွားရတာ။ မြောင်းကို တည့်တည့်ဖောက်လို့မရဘူး။ ဒီလိုနဲ့ တစ်ဆင့်ချင်း တင်လိုက်၊ ကာလိုက်၊ ရေမြင့်လာလိုက်၊ မြောင်းကို ကွေ့ဖောက်သွယ်လိုက်နဲ့ပဲ။ တောင်ထိပ်ထိ ရေရောက်လာတာ။

တအယ်တော့ ရေကာတာ လုပ်တဲ့သဘော၊ တမံတုပ်တဲ့သဘောပါပဲ။

တောင်ထိပ်ရေတင်တာလည်း အုပ်စိုးတို့ တစ်ပတ်လောက်တော့ လုပ်ရတာပဲ။

ဒီချောင်းရေတွေ တောင်ထိပ်ရောက်ပြီဆိုတော့မှ ရွှေကျင်ဖို့ တောင်ခါးပန်းကို ဖြိုရမှာ။

တောင်ခါးပန်း မြေတွေကို တော်တော်များများ ဖြိုချပြီးတဲ့အခါ တောင်ထိပ်က ရေစီးနဲ့ စားပစ်ရမယ်။

ရေစီးက တောင်ခါးပန်း ရွှေမြေတွေကို တိုက်စားပြီး ဆင်းလာမယ့် ရေစီးနဲ့ သဲနဲ့ ရွှေတွေနဲ့ အရောအနှောတွေကို ရေစီးပြတဲ့နေရာမလောက်မှာ ကန့်ကူးပြီး ဆီးခံထားရတယ်။

အဲဒီကန့်ထဲမှာ အားလုံး လာစုကြတယ်။



အဲလို ရေစီးနဲ့ စားစားပြီး ရလာသမျှ အရောအနှောတွေကို ရေကန်ထဲ ဗုန်စရက်ပတ်လုံး စုထားပြီးမှ အင်ရွှေနဲ့ ထိုးယူတယ်။

အင်ရွှေ လောင်းတဲ့အခါမှာ အင်ရွှေ အထစ်လေးတွေမှာ ကပ်နေမယ့် ရွှေဟာ ပြဒါးနဲ့ ဖမ်းစရာမလိုတော့ဘူး။

အဖတ်လိုက်၊ အဖတ်လိုက်၊ အင်ရွှေမှာ ကပ်နေမယ့် ရွှေစလေးတွေကို ကောက်ယူရုံပဲ။

အင်ဝိုင်း လှည့်တာကျတော့ ဒီမှာ အင်ချိုးကိုပဲ နောက်ဆုံး စခန်းသိမ်းတဲ့အနေနဲ့ လှည့်တာ။ ရွှေစလေးရအောင်ပေါ့လေ။ ရသမျှ အကုန်ယူတဲ့ သဘောပေါ့။

'ဘိုးရွှေ ကျွန်တော်တို့ နက်ဖြန် သဘက်ဆို စလုပ်ကြတော့မလား'

'နက်ဖြန် သဘက်တော့ နေဦးလေ၊ ဆရာတင့်ရဲ့ တောင်ခါးပန်း ဖြိုရဦးမှာ ရှိသေးတာ။ အေးအေးဆေးဆေး နေစမ်းပါ ဆရာတင်ရာ။ ကိုယ့်ဟာကိုယ် ဝိုင်းမှာသာ နေစမ်းပါ'

ကိုတင်ဦး ငြိမ်သွားတယ်။ ဒီမှာတော့ ဘိုးရွှေက သူ့ဆရာလုပ်လို့ မရဘူးလေ။ ဒီမှာ ဘိုးရွှေက ဆရာကြီးပဲ။ ကိုတင်ဦးက စိုက်စိုက်နဲ့ စိုက်စိုက်နဲ့ ဟိုဘက်တောင်ကြောဝိုင်းရှိရာကို ထွက်ပြီ။

'ဟော—ဆင်သံဟေ့၊ ကုန်သည်တွေ တက်လာပြီနဲ့တူတယ်'

ဘိုးရွှေက ဆင်အော်သံကို မှန်းပြီး ပြောရင်း တောင်ပေါ်အတက်လမ်းက တောထဲဆီကို ကြည့်နေတယ်။

'ဒီမှာ ဘယ်သူမှဖြင့် ရွှေသိပ်မရသေးပါနဲ့၊ သူတို့က ဘာဝယ်မှာလဲ၊ ဘိုးရွှေရ'

'နောက်နေ့တွေ ရတော့မှာပဲကွာ၊ တချို့ တောင်ခါးပန်းက မြေကို အင်ပိုင်းလှည့်တဲ့ သူတွေကျတော့ ရွှေရနေပြီကွ'

'ကဲ....တို့လဲ နောက်နေ့ဆို ရတော့မယ်ဟေ့၊ လုပ်ထားဟ အုပ်စိုးရ၊ ငိုင်မနေနဲ့၊ တို့မျောက အစိတ်သားတုံးတွေချည်းရမှာဟ'

ကိုကြီးထိန်က အုပ်စိုးကို ရေနဲ့လှမ်းပက်တယ်။ အိုး....ချမ်းလိုက်တာ....၊ အုပ်စိုး သိပ်နေမကောင်းသလိုပဲ။ မနက်အိပ်ရာထ ကတည်းက စိမ့်တိမ့် စိမ့်တိမ့် ဖြစ်နေတယ်။

ခုနစ်ရက်လုံးလုံး ချောင်းပိတ်တော့ ရေစိမ်ရတာရယ်၊ ဒီတောင်ပေါ် ရေဘင်တဲ့ တစ်ချိန်လုံးလည်း ရေစိမ်နေရတာဆိုတော့ ချမ်းလာတာပေါ့၊ လက်ဖျားတွေ ခြေထောက်ဖျားတွေ ပဲကြီး ရေစိမ်ဖြစ်ပြီး ပွလိုက်နေကြပြီ။

'ကိုကြီးထိန်၊ ကျုပ် စိမ့်နေတယ်ဗျ'

'ကောင်လေးရ၊ အဲဒါ ငှက်ဖျားတက်ချင်လို့ပေါ့ဟ၊ မှသိဘူးလား'



ဘိုးရွှေက ဝင်ပြောတယ်။

'မဟုတ်ဘူး၊ ကျွန်တော်မှ ငှက်ဖျားမဖြစ်ဖူးတာ'

'အေး....ဒါဆို အခုဖြစ်တော့ မလို့။ တောင်ပေါ်ငှက်က ဘယ်လိုကောင်မှ အလွတ်မပေးဘူးမှတ်'

ကိုကြီးထိန်က 'မင်း တုန်လာပြီလား'တဲ့။

အုပ်စိုး ခေါင်းခါပြလိုက်တယ်။

အချိန်တန်တော့လည်း ငှက်ဖျားက ရောက်လာတာပါပဲလား။ ကိုကြီးထိန်ကတော့ ညတိုင်း၊ အချိန်မှန် ငှက်ဖျားနဲ့ ရင်းနေပြီး ရေသကြီးရှက် မျက်စဉ်း ခတ်လိုက်။ ပိတ်ချင်းနဲ့ ဂျင်းရေ ကြိုသောက်လိုက်နဲ့။ ငှက်ဖျားကတော့ အချိန်တန်ရင် ရောက်လာမြဲ။

'ငှက်ဖျားက ရုပ်ပျက်လာတာ အဆိုးဆုံးပဲဗျာ'

'အမလေး ကိုလူပျိုရာ၊ ငှက်ဖျားရုပ်က ချက်ချင်း မပျက်ပါဘူးကွ၊ ငှက်ဖျားဖြစ်ပြီး တစ်နှစ်လောက်နေမှ ရုပ်ပျက်တာပေါ့၊ ခု စဖြစ်တုန်း မိန်းမယူပေါ့ကွ၊ ဟား ဟား၊ ရုပ်ပျက်တာ တော်သေးတယ်၊ ငှက်ဖျားများ ကြီးမိပြီဆိုရင် ဒါတွေ ဘာတွေ ပျက်သွားတ ...ကြောင်သွားတာတွေ ရှိသေးတယ်၊ သေတာတွေ ရှိသေးတယ်'

ဘိုးရွှေက ခေါင်းကို ထိုးပြပြီး ငှက်ဖျား အမျိုးမျိုးကို ရှင်းနေတုန်းမှာ အုပ်စိုး တဖြည်းဖြည်း တုန်စပြုလာတယ်။

ခါးတောင်းကျိုက်ထားတဲ့ မလေးရှား ပုဆိုးကို ဖြုတ်ပြီး တစ်ကိုယ်လုံးကို ခြုံရင်း ငှာဖျားဆိုတဲ့ အဖျားဟာ ဆေးတွေ

သောက်နေကြတဲ့ ကြားက ဘာဖြစ်လို့ ပျောက်မသွားတာပါလိမ့်လို့ တွေးကြည့်မိတယ်။

ရွှေတောမှာ ဆေးခန်းတွေလည်း အများကြီး၊ အဲဒါက ဆရာဝန်တွေကလည်း ငှက်ဖျား ဆရာဝန်တွေပဲ။ သူတို့ဆီမှာ အများဆုံး ထားတာတွေကလည်း ငှက်ဖျားဆေးတွေချည်းပဲ။

အုပ်စိုးတို့ ရွှေတောထ ငှက်ဖျားရောဂါသည် မှန်သမျှကလည်း ငှက်ဖျားဆေးကို ပဲလှော်ဝါးစားသလို တဂျွတ်ဂျွတ် ဝယ်စားနေကြတာပါပဲ။

တုန်ပြီဟေ့ဆို ပြေးဝယ်။ ဘယ်လောက် ပေးရ ပေးရ ဝယ်သောက်နေကြတာပဲ။ ဒါ့အပြင် မြန်မာဆေးလည်း တူသေးတယ်။ ဒါတောင် ဘာဖြစ်လို့ မပျောက်ဘဲ နှစ်ရှည်လများ တည်တန့်နေတာလဲ။

တဖြည်းဖြည်း ဆံပင်ကျွတ်၊ မျက်လုံးဝါ၊ ဗိုက်ပူ၊ နံကား နဲ့ ရုပ်ပျက်လာပြီး သေသွားရတာလဲ။

အို....မသိပါဘူး။ ခု လေးလေးဆယ် အုပ်စိုး သိတာက တော့ ချမ်းပြီး တုန်လာတာပဲ သိတယ်။

'ဟဲလို....ဘိုးရွှေ၊ ဂွတ်မောနင်း'

'ဟာ....နေကောင်းတယ်နော၊ အမိန့်တော်ရ မင်း'

ဘယ်သူတွေလည်းဟ။ အုပ်စိုး ပုဆိုးခြုံကြား ခေါင်း ငုံက်ထားရာက မော့ကြည့်လိုက်တော့ ဘိုးရွှေနဲ့ နှုတ်ဆက်နေ



တဲ့ ထူးထူးဆန်းဆန်း လူကြီးတစ်ယောက် ညောင်နီပင် တောထဲမှာတုန်းက ကြည့်တဲ့ ဗွီဒီယို ရုပ်ရှင်ထဲက ကျနေတာပဲ။

ကုတ်အင်္ကျီအစုတ်၊ ဘောင်းဘီအရှည် အနက်။ ဆံပင်ရှည်ရှည်၊ မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေး ပလပျစ်။ ခြေထောက်မှာလည်း ဘွတ်ဖိနပ်အရှည်ကြီး စီးထားတဲ့ အဘိုးကြီးတစ်ယောက်။

လွယ်အိတ်တစ်လုံးကို စလွယ်သိုင်း လွယ်ထားပြီး ကုတ်အင်္ကျီအောက်က ရင်ဘတ်ပေါ်မှာ ဖြဒါးပုလင်းလေးကို တွဲလောင်း။ လက်ထဲမှာတော့ အပိုင်းလေးနဲ့။

'ဘယ်နား သွား အဝိုင်းလှည့်မှာတုန်း အမိန့်တော်ရမင်းက'

ဘိုးရွှေက မေးတော့ အဘိုးကြီးက ခါးလေးညွတ်ပြီး သေချာ နားစွင့်ရင်း....

'ဟိုဘက် တောင်ကြောခလာ၊ ရွှေတွေအများကြီး၊ စားလို့မကုန်ဘူး သွားမယ်၊ ဂွတ်လတ် ဂွတ်လတ်'

အဘိုးကြီးက လမ်းသွားရင်း လွယ်အိတ်ထဲက အရက်ပုလင်းကို ထုတ်မော့လိုက်သေးတယ်။

'ဘယ်သူလဲဗျ ဘိုးရွှေ'

'ဟိုတုန်းကတော့ နာမည်ကြီး အမိန့်တော်ရ ပေါ့ကွား ခုတော့ ဒါဖြစ်နေတယ်၊ ဦးနှောက်ချောင်နေတယ်၊ သူက

ဒီတောင်ပေါ်ပဲနေတာ၊ တဲလေးတစ်လုံးနဲ့၊ အိမ်မပြန်တော့ဘူး၊ သူ့မိန်းမ သားသမီးတွေ မြို့ပေါ်မှာ’

‘ငှက်ဖျားကြောင့် ကြောင်သွားတာပေါ့ ဟုတ်လား ဘိုးရွှေ’

‘အဲဒါလဲ ပါတယ်ပေါ့ကွာ၊ အဓိက ငါထင်တာကတော့ သူ့သမီးကိစ္စကြောင့် အဘိုးကြီး ထိခိုက်သွားတာကွ၊ သားယောကျ်ားလေးတွေထဲမှာ သမီးလေးက တစ်ယောက်တည်း ပါတာ၊ အဲဒီ သမီးလေးက လူစော်ကားခံရပြီး ကိုယ့်ကိုယ်ကို သတ်သေသွားကတည်းက အဘိုးကြီး ဒီရောက်လာတာ’

ဘိုးရွှေ ပြောတာ နားထောင်လို့ ကောင်းပေမယ့် အုပ်စိုး မနေနိုင်တော့ဘူး။ တခိုက်ခိုက်တုန်ပြီး တအား ချမ်းလာပြီ။

‘ကိုကြီးထိန်....ကျွန်တော် မရတော့ဘူး၊ တဲဆီ သွားတော့မယ်’

‘အေး—သွားလေ၊ လာ လာ ငါလိုက်ပို့မယ်၊ ဘိုးရွှေ ဟိုအဘိုးကြီးက ရွှေတွေ အများကြီးတဲ့၊ ဘယ်မှာလဲ မသိဘူး’

ကိုကြီးထိန်က အုပ်စိုးကို တွဲရင်း လောဘဇော တက်နေသေးတယ်။

‘အလကားပါ မောင်ထိန်ရာ၊ ဒီလိုပဲ လျှောက်ပြောနေတာ၊ သူ့အနေနဲ့တော့ဟုတ်တာပေါ့၊ မြေကြီးလေး အင်ဝိုင်း လှည့်ပြီး ဆန်စေ့ နှစ်စေ့ရရင် ကိစ္စပြီးတာကိုး၊ တော



တစ်ပုသင်းဝယ်ပြီး ပြန်၊ ချက်ပြုတ်စား၊ အိပ်၊ အင်္ဂလိပ်စာတွေ ဖတ်’

ဘိုးရွှေ အသံကို အုပ်စိုး မကြားတစ်ချက် ကြားတစ်ချက်။ တဲထဲကို ရောက်လို့ ရောက်မှန်းမသိအောင် အဖျား တအား တက်ပြီး ခိုက်ခိုက်တုန်နေတယ်။

‘ကိုကြီးထိန်....ကျွန်တော့်ကို ဖက်၊ တအား ဖက်ထားစမ်းပါ’

‘မင်အေးပေးလေး၊ ငါ့များ ဂျက်ကလင်း မှတ်နေလား’

ဂျက်ကလင်း ဟုတ်လား၊ ဘယ်မလဲ။ အုပ်စိုး မျက်လုံးကို ကြိုးစားဖွင့်ပေမယ့် မရတော့ဘူး။ ဝါ၊စိမ်း၊နီ၊ပြာတွေထဲမှာ ဂျက်ကလင်းနဲ့ သမီးလေး။ အို....ဂျက်ကလင်းရေ့။

* • *

တောင်ပေါ်ညက တိတ်ဆိတ် မှောင်မည်း နေတယ်။ နေ့လည်က တောင်ခါးပန်း ဖြိုပြီး ပင်ပန်းထားတဲ့ အရှိန်နဲ့ အိပ်လို့ကောင်းနေတုန်း ခြင်တွေ ဝိုင်းတွယ်တော့ အုပ်စိုး လန့်နိုးလာတယ်။

ခြင်ထောင် နှစ်လုံးနဲ့ လူလေးယောက် အိပ်တာပါပဲ။ ဒါပေမယ့် အုပ်စိုးက ခြင်ထောင်နဲ့ အိပ်ရတာ မုန်းတယ်၊ မအိပ်တတ်ဘူး။ ကိုယ့်စောင် ကိုယ် ခေါင်းမြီးခြုံပြီး အိပ်လိုက်ချင်တာ။ ကိုကြီးထိန် ပြောတုန်း ခဏပဲ။ အိပ်ခါပဲ ခြင်ထောင်ထဲ ဝင်တာ။

ကိုကြီးထိန် အိပ်တာနဲ့ ခြင်ထောင်ပြင်ဘက် စောင်နဲ့ ထွက်အိပ်တာပဲ။ လိမ့်အိပ်ရင်းနဲ့ စောင်လွတ်တဲ့ ခြေသလုံး တွေကို အုပ်စိုး တဗျင်းဗျင်း ကုတ်ရတယ်။ ခြင်ကိုက်ဖုတွေက ခြေသလုံးတွေမှာ စမ်းကြည့်ရင် ကြက်သီးတစရာ။

အုပ်စိုး စောင်ကို မြင်ခြုံပြီး ပြန်အိပ်ဖို့ လုပ်တယ်။ ကိုကြီး ထိန်နဲ့ ဘိုးရွှေ ဟောက်သံကလဲ အတိုင်အဖောက်ကို ညီလို့။

ကျွတ်—ကျွတ်....အောက် ဝါးကပ်ကြမ်းကလဲ မာလိုက်၊ နာလိုက်တဲ့ အမျိုး။ ရွှေတောမှာတုန်းကလို မြေမွေ့ရာပေါ် အိပ်တာကမှ ကောင်းဦးမယ်။ ဘိုးရွှေ စေတနာလွန်ပြီး မြေကြီးပေါ် ဝါးကပ်ကြမ်း ခံတော့မှပဲ ပိုဆိုးနေသလိုပဲ။

အုပ်စိုး မျက်လုံးမှိတ်လိုက်တယ်။ ခဏနဲ့ အိပ်ပျော်တတ်တဲ့ အကျင့်အတိုင်း မှေးမှေး....မှေးမှေး ဖြစ်စမှာ ခပ်ခပ်ဝေးဝေးက ကျားဟိန်းတဲ့ အသံ ကြားရတော့ ခေါင်းက ထောင်လာမိ သေးတယ်။

ဒါပေမယ့် ညတိုင်း ကြားနေရတော့ ရိုးသွားပါပြီ။ ခဏ ကြာရင် ပျောက်သွားမှာပဲဆိုတာသိတော့ ခေါင်းမြှုပ်ချရင်း တခြား မြွေတွန်သံ၊ မျောက်ဟောက်သံ၊ သမင်တောက်သံတွေကို နားထောင်ပြီး အိပ်ပျော်စပြုတယ်။



အိပ်ပျော်တာနဲ့ ဗသုံးဗထွေး မက်နေကျ အိပ်မက်ထဲမှာ ထုံးစံအတိုင်း ဂျက်ကလင်းကို ဆန်းမြင့် လက်ထဲက ဆွဲပြေး နေတုန်းမှာ ခေါင်းကို တွန်းလိုက်သလို ဖြစ်သွားပြီး အုပ်စိုး ဆတ်ခနဲ နိုးရပြန်တယ်။

ဟာကွာ—ကိုကြီးထိန်ကလဲ ယောင်ပြန်ပြီ။ အုပ်စိုး စောင် ခေါင်းမြီးခြုံကို ဆွဲဖွင့်ရင်း ကိုကြီးထိန်ကို ဟိုဘက် တွန်းလိုက် တုန်းမှာပဲ တဲပြင်ဘက်က ချွတ်ခနဲ အသံကြားရတယ်။

အုပ်စိုး ခေါင်းနပန်းကြီးပြီး၊ ခေါင်းရင်း မှောင်ထဲက ဓားမြှောင်ကို စမ်းလိုက်မိတယ်။ စမ်းနေတုန်းမှာပဲ ကာ ထားတဲ့ အင်ဖက်တွေကို တိုးတဲ့ အသံ ကြားရတယ်။ ပြီးတော့ အင်ဖက်တွေကြားကနေ အုပ်စိုး လည်ပင်းဆီကို အမြန်နှုန်းနဲ့ ရောက်လာပြီး တွန့်လိမ် ရစ်ပတ်တဲ့ အရာတစ်ခု။

'အမယ်လေး—မြွေ....မြွေ—ကိုကြီးထိန်'

အုပ်စိုးလည်း လန့်အော်ရော တွန့်လိမ်နေတဲ့ဟာကြီး ပြန် ရုပ်သွားပြီး ကျီခနဲ အော်လိုက်တဲ့အသံ။

'ဟာ—ကောင်လေး—မကြောက်နဲ့၊ ဆင်ဟာ....ဆင်....ဆင်၊ မြွေ မဟုတ်ဘူး'

ဘိုးရွှေက ချက်ချင်း လှမ်းပြောနိုင်ပေမယ့် သူကိုယ်တိုင်လဲ ကိုတင်ဦး ထိုးထားတဲ့ လက်နှိပ်ဓာတ်မီးရောင် အောက်မှာ စွင့်စွင့်ကြီး ရပ်နေတဲ့ ဆင်ကြီးကို သတိနဲ့ ကြည့်နေတယ်။ ဆင် ကြီးက အုပ်စိုးကို လာပတ်တဲ့ နှာမောင်းကြီးကို တွန့်လိမ်ရင်း နောက်ပြန်လှည့်တယ်။

'ဆင်ယဉ်ကြီးပါကွာ၊ တော်သေးရဲ့ ဆားစားချင်လို့ လာတာကွ၊ သစ်တောကြိုးဝိုင်းက အစိုးရဆင်ရှိမှာ၊ သောက်ကျိုးနဲ့ ငါတော့ ဟိုကောင်လေး 'လင်း' ခဲ့ပြီ ထင်လိုက်တာ'

အုပ်စိုး ခုမှ အသက်ရှူနိုင်တော့တယ်။ ဆင်ယဉ်မို့ တော်သေးတာပေါ့။ တောဆင်ရိုင်းဆို ဘယ့်နှယ်လုပ်မလဲ။ ငှက်ဖျားနဲ့မသေ၊ ဝမ်းရောဂါနဲ့ မသေဘဲ ဆင်နင်းလို့ သေနိုင်တာပဲနော်။

'ပေးစမ်းဗျာ၊ တစ်ဖွာလောက်'

ဆေးလိပ်ဖွာနေတဲ့ ကိုကြီးထိန်ဆီက ဆေးလိပ်တစ်ဖွာ ယူဖွာပစ်လိုက်မှ အုပ်စိုး စိတ်နည်းနည်း ပြန်ငြိမ်သွားတယ်။ ဘိုးရွှေထာ ကိုတင်ဦး ခေါ်မိနဲ့ ဟိုဒီ ထိုးကြည့်ရင်း

'နောက်ညတွေ နည်းနည်း ဂရုစိုက် အိပ်ကြတာပေါ့၊ မနေ့က ငါ့ကို ဟိုအထက်နားက ကောင်တွေ ပြောတယ်၊ ကလေးလေးနဲ့ အစိုးရ ဆင်မတစ်ကောင်လဲ လွတ်နေတယ်တဲ့။ ကိုးလောင်းပြိုင် သတ်ထားတာလို့ ပြောတာပဲ'

'ဟာ....ဘိုးရွှေထာလဲဗျာ၊ ဒါ နောက်စရာ မဟုတ်ဘူးဗျ....'

ကိုတင်ဦးက ခပ်ပေါက်ပေါက် ပြောလဲပြောစရာပဲ။ အကိုးကြီးကဲလဲ ဒီမှာ လူတွေ လန့်နေရတဲ့ အထဲမှာ။

'ဩော်....အဟုတ် ဆရာတင်၊ ဒါပေမယ့် ကြောက်စရာ မလိုပါဘူး၊ ခု ပစ်မိန့်ပေးထားပြီးပြီတဲ့၊ အစထာ ကလေး လေးရှိလို့ ညှာနေတာတဲ့၊ ဒီမယ်ကျုပ်ပြောထားမယ်၊ ဆင်



လိုက်ရင် တောင်ပေါ်သာတက်ပြေး၊ စိတ်ချ လွတ်တယ်၊ ချောင်းအတိုင်းသာ မပြေးနဲ့ မှတ်ထား'

'ဘိုးရွှေ အဲဒီ ကိုးလောင်းပြိုင် သတ်ထားတဲ့ဆင်က ခု မမိသေးဘူးပေါ့'

'အေး'

ကိုကြီးထိန်က အိပ်ရာပေါ် ဗုန်းခနဲ ပြန်လှဲရင်း—

'ကိုးလောင်းကနေ ဆယ်လောင်း၊ ဆယ့်ငါးလောင်း မဖြစ်ခင် မိဖို့ အရေးကြီးတယ်'

'ကဲ....ကိုကြီးထိန် နိမိတ်မရှိတာတွေ မပြောစမ်းပါနဲ့၊ ပါးစပ်ပိတ်ပြီး အိပ်တော့'

ကိုဘင်ဦးက သေရမှာတော့ တကယ် ကြောက်တဲ့သူ။ အထူးသဖြင့် မလှတပ သေရမှာမျိုးကို တကယ် ကြောက်တဲ့သူ။ မလဲ့မရှောင်သာ ဖြစ်ရတဲ့ ငှက်ဖျားတောင်မှ ညောင်နိုင်မှာတုန်းက တစ်လတစ်ခါလောက် မန္တလေး သွား 'သွားကုတဲ့သူ။

'ကျုပ်ကတော့ ဓားနဲ့ ခုတ်ပစ်မှာ သူသေ ကိုယ်သေပဲ'

အုပ်စိုးကတော့ နောက်ဆုံးမှာ လူပိုက်စကား ပြောပြီး စိတ်တင်းပစ်လိုက်တယ်။

မတင်းလို့ မဖြစ်ဘူးလေ။ ခုမှ ရောက်တာတစ်လ။ ရွှေကလဲ ဘာမှ ရသေးတာ မဟုတ်နဲ့။ နောက်နှစ်လကျော်လောက် ရှာရဦးမှာ။ အရာရာအတွက် အားတင်းထားရဦးမှာဘဲ။

* ● *

'ဟဲလိုဗွတ်မောနင်း၊ အမိန့်တော်ရမင်း'

'မောနင်း....မောနင်း ဂွတ်လပ်'

အမိန့်တော်ရမင်းသာ အုပ်စိုးတို့ဆီ ဟန်နဲ့ပန်နဲ့ လျှောက်လာတယ်။ အင်ဝိုင်းလေးကို ဟန်ပါပါ ပိုက်ရင်းနဲ့ လာတာ။ အုပ်စိုးတို့နဲ့ သူနဲ့ သိပ်ခင်နေကြပြီ။

မနက် အုပ်စိုးတို့ အလုပ်လုပ်ပြီဆိုရင် သူလဲ မကြာခင် တောင်ထိပ် သူ့တဲလေးကနေ ဆင်းလာတာပဲ။

သူ့မှာ ကိုကြီးထိန်က အင်္ဂလိပ်လို နှုတ်ဆက်တာကို သဘောတွေကျလို့။

'မင်းကွ တကယ့် ဂီတပညာရှင်၊ ဘဲရီးဗွတ် မြူးဇင်ရှင်၊ မင်းပလွေသံမကြားရရင် ကျုပ် အိပ်မပျော်တော့ဘူး၊ ကျုပ်တောင်းဆိုပါရစေ၊ ဟိုသီချင်းလေး မှုတ်စမ်းပါ၊ ဝတ္တမြားရောင်ဝါ....ကံ့ကော်ဦးမှာလ....ဆုထူးကို....ပန်.... ရွယ်တာ....ဆုထူးကို၊ အဲ....အဲ....ရလား....အဲဒီသီချင်း'

အဘိုးကြီးက အဟုတ်။ မျက်လုံးမှိတ်ပြီး အသံနေအသံထားနဲ့ ဆိုပြနေလိုက်တာ။

'ဟား....မရဘူး၊ အမိန့်တော်ရမင်း၊ ကျွန်တော်တို့က ခေတ် ခေတ် သီချင်းတွေမှရတာ၊ ဟိုဟာမျိုး နားထောင်မလား၊ နည်းနည်းလေးချစ်တာ မဲလောက်လို့....အများကြီးချစ်ပါဦးလို့'

'မထောက်ဘူး'



အုပ်စိုးက ဝါနောက်တာကို အဘိုးကြီး စိတ်ဆိုးသွားတယ်။ အင်ဝိုင်းကို ဝုန်းဆို လွှင့်ပစ်ပြီး တောင်ပေါ်ပြန်တက်သွားတယ်။

'အမိန့်တော်ရမင်း အမိန့်တော်ရမင်း'

ဘိုးရွှေက အင်ရွှေနားထိုင်နေရာက ထခေါ်သေးတယ်။ မရတော့ဘူး။ လှည့်တောင်မကြည့်ဘူး။

'မစကြပါနဲ့ကွာ၊ သနားပါတယ်၊ မင်းတို့ကလဲ၊ ပြောချင်ရာ ပြောစမ်းပါစေ၊ သူ့ဟာသူ'

'တော်နေ ဆင်းလာမှာပါ ဘိုးရွှေရ၊ သူ ဒီနေ့ အင်ဝိုင်းသွားမလှည့်ရသေးပါဘူး၊ ရယ်ရတယ်ဗျ အဘိုးကြီးက'

အုပ်စိုးက ရေအန်ထဲက ရေခပ်ပြီး ကိုကြီးထိန် ထည့်နေတဲ့ ဗြူးစဘာထဲကို လောင်းပေးရတယ်။ ရွှေစလေးတွေ အင်ရွှေ အထဲတွေမှာ တလက်လက် ကပ်ငြိတာ မြင်ရတာ အားတက်စရာ ကောင်းလိုက်တာ။

ဒီခုနစ်ရက် တစ်ခါ ဖော်တာက ဘယ်လောက် ရမှာပါလိမ့်။ အရင် နှစ်ခါဖော်တာက သိပ်မရဘူး။ တစ်ယောက် ငါးရာစီလောက်ပဲ ရတယ်။

ဆီ၊ ဆန်၊ ဆား၊ ငါးပိ ဝယ်ရပြီမလား။ ကိုတင်ဦးကလဲ ညောင်နီပင်ကနေ တောင်ပေါ်လာတုန်းက ဝယ်ခြမ်းလာတဲ့ ပစ္စည်းစရိတ်ပဲ ခံတာ။

ဒီတောင်ပေါ် ရောက်ပြီး နောက်ပိုင်းကတော့ ကိုယ့်စရိတ် ကိုယ် အချိုးကျခံရမှာ။ မဆိုးပါဘူး။ ဒါ အစပဲ

ရှိသေးတာ။ ရွှေက သိပ်မလိုက်သေးဘူးတဲ့။ နေ့စက်ရက်တွေမှ ကျောက်ခဲများများရမှာတဲ့။

ကျုလိုက်စမ်းပါကွာ တစ်ဆယ်သားတုံးတွေ တဖျာဖျာနေအောင်။ အင်း...ဘိုးရွှေနဲ့ ကိုတင်ဦးလဲ ရွှေဖော်တဲ့ ခုနစ်ရက် တစ်ပတ်တိုင်း နယ်ပိုင်၊ ပယ်ပိုင် တင်ရ၊ သရတာက အမော။

'ဟေ့....ဒီထဲမှာ ပတ္တမြားတွေ ဘာတွေ ပါမလာဘူးလို့ ဘယ်သူမှ မပြောနိုင်ဘူးဟေ့နော်၊ ရွှေရ ကျောက်ရတောင်ကွ၊ သိလား'

ကိုကြီးထိန်က မြုံးစကာထဲ မြုံးတွေ ကျုံးထည့်ရင်း အားရပါးရ ကြုံးဝါးနေတာ။ လူကြီးက စိတ်ဓာတ်ထတော့ အမြဲ တက်ကြွနေတာပဲ။ လူကသာ တဖြည်းဖြည်း ကျုကျုလိုက်လာပြီး မည်းပိန် ဗိုက်ပူ၊ ခါးကိုင်းကြီး ဖြစ်လာတာ။

ပြီးတော့ ပိုပို့ကိုလဲ အိပ်မက် မက်မြဲ။ စိတ်ကူးယဉ်ကမ္ဘာထဲမှာ ရွှေတွေရောင်းပြီး၊ အိမ်တစ်ဆောင် မီးတစ်ပြောင် ထူထောင်ပြီး၊ အိမ်ဆိုင်လေးပေါ်မှာ ပိုပို့ကို သနပ်ခါး အဖွေးသားနဲ့ တင်နေတုန်း။

ဩော်...ဘာထူးမှာလဲလေ။ အုပ်စိုးလဲ ရွှေတွေရောင်းပြီး အိမ်တစ်ဆောင် မီးတစ်ပြောင် ထူထောင်ပြီး ဂျက်ထလင်းနဲ့ သမီးလေးကို။



ပြီးတော့ နောက်တိုးလာမယ့် ကလေးလေးတွေနဲ့ ဂျက်ထလင်းကို မျက်စိထဲမှာ မြင်ကြည့်မိတာပဲ။

'ဒီတစ်ခါရော နိုပ်ရဲ့လားဗျို့ ဘိုးရွှေ'

ကိုတင်ဦးက ရွှေဖော်တဲ့နေ့ဆိုရင်တော့ ပဲဝိုင်းထ ပြန်လာနေကျ။ ရွှေကုန်သည်တွေဆီ သွားရောင်းပေးနေကျ။ ဘိုးရွှေ ရွှေစ ထည့်ထားတဲ့ ပုလင်းလေးကို ကိုတင်ဦး ထောင်ပြရင်း

'မဆိုးပါဘူး ဆရာတင်ရ၊ အစဆို ဒီလိုပေါ့၊ နောက်ပိုင်းလာမယ့် အခဲတွေ ရှိပါသေးတယ်လေ'

'ကျုပ် ခုတောင် ဈေးစုံစမ်းခဲ့သေးတယ်၊ မထူးပါဘူး၊ ဒီကောင်တွေကတော့ ဒါ...ဒါပဲ၊ ကျုပ် အဲဒီကောင်တွေ ဆင်းတဲ့ ဆင်နဲ့တောင် အောက်လိုက်ရောင်းရ ကောင်းမလားလို့၊ အောက်မှာတော့ ဈေးတက်တယ်တဲ့ဗျ၊ ဒါပေမယ့် ဒီကောင်တွေနဲ့ လိုက်ဆင်းရမှာလဲစပ်လန့်လန့်။ ခါးပြတ သူတို့ တိုက်ချင်တာနဲ့ ကိုယ်ဟာလေး ပါသွားမှာ ကြောက်ရသေးတာ၊ ခုလဲ ခါးပြကြောက်လို့ ဒီကောင်တွေ ဆင်းတာ၊ ဝယ်ထားတဲ့ ရွှေတ များလာပြီလေ'

'သူတို့ သက်တော်စောင့်တွေ ပါတယ် မဟုတ်လား ဆရာတင်ရ'

'ပါတော့ ပါတာပေါ့ဗျာ၊ ဒါပေမယ့် သူတို့ ငှားလာတဲ့ လူမိုက်က နှစ်ယောက်ရယ်၊ ဟို ကောင် တွေ က တစ်အုပ်ကြီးလာမှာ၊ ဆေနတီနဲ့၊ ဒါက ရှိသေးတာ၊ အောက်

ကလဲ ရွှေကုန်သည်တွေ ထပ်တက်လာတယ်၊ ဈေးတက်တာ၊ သူတို့ ဆင်ငှားလာတဲ့လူက ပြောတာ၊ ဟော့ကောင် အုပ်စိုး၊ အဲဒီ ရွှေကုန်သည်တွေနဲ့ ဟိုကောင်မ ပါလာတယ်ကွ၊ မင်းကောင်မလေ၊ ဂျက်ကလင်း’

အုပ်စိုး ရင်တွေ တဒိုင်းဒိုင်း ခုန်လာတယ်။

‘ဟိုကုန်သည်တွေ အပျော်ခေါ်လာတာနဲ့ တူတယ်ကွ၊ ကောင်မက ပျော်နေတာပဲ။ သူဌေးကတော်ကျလို့၊ ကလေးလေးလဲ ပါတယ်၊ ဟိုကောင် ဆန်းမြင့် ဆိုတဲ့ ကောင်ရော’

အုပ်စိုး ရင်ထဲမှာ မနာလို ဒေါသစိတ်တွေ အုပ်ပွက်လာရပြန်ပြီ။ ဂျက်ကလင်း... မင်းဟာ ငါ့ကို သတ်သတ်ဒုက္ခပေးဖို့ ဒီကို လိုက်လာပြန်ပြီ။

အေးလေ.. ငါ့ဆီ လိုက်လာတာတော့ မဟုတ်ပါဘူး၊ မင်းကောင်တွေနဲ့ မင်း လိုက်လာတာပါ။ အခကြေးငွေနဲ့ မင်း လိုက်လာတာပါ။ ဒါပေမယ့် ငါမနာလိုဘူး၊ မကြည့်ချင်ဘူး။

‘ဟော့ကောင်...ဖီလင်တက်သွားပြီလား၊ လုပ်မနေစမ်းပါနဲ့ကွာ၊ ဒီလိုလုပ်ဟော့၊ တို့ ငွေတစ်ရာစီ စုလိုက်မယ်၊ မင်းသွားခေါ်ရင် ရမှာပါ၊ တို့ ပျော်ရတာပေါ့ဟ’

‘ဟာဗျာ.... ကိုတင်ဦး’

ဘာဆိုင်လဲ။ ဘာဆိုင်လဲလေ။ အုပ်စိုး လက်သီးတွေကို မဆုပ်မိဖို့ ကိုတင်ဦး မျက်နှာကို မထိုးလိုက်မိဖို့ အကြောင်းကြောင်းတွေကို ထောက်ပြီး ထိန်းလိုက်ရတယ်။



ဟုတ်သားပဲ။ သူက ငွေတစ်ရာပေးရင် ဘယ်သူနဲ့ဖြစ်ဖြစ် လိုက်တဲ့မိန်းမဘဲ။ အုပ်စိုးက ဘာနာစရာရှိလဲ။ ဘာဆိုင်လို့လဲ။

‘ဟော့ကောင် ဘယ့်နှယ်လဲ’

အုပ်စိုးခေါင်းရမ်းလိုက်တယ်။ ပြီးတော့ အသံတုန်တုန်နဲ့။

‘မသိဘူး၊ စိတ်လဲမဝင်စားဘူး၊ ကျုပ်ကောင်မလဲမဟုတ်ဘူး၊ ဒီမှာဘိုးရွှေ၊ မနေ့က ဘိုးရွှေပြောတဲ့ ရွှေရှိတယ် ဆိုတဲ့ ဂူကြီးကို ဟိုဘက်ကလူတွေနဲ့ နက်ဖြန်ကျ ကျွန်တော် လိုက်သွားမယ်’

မည်းမှောင်အားစိမ့်နေတဲ့ ဒီဂူကြီးထဲမှာ ရွှေတွေရှိသတဲ့။ ဟုတ်နိုင်ပါ့မလား၊ ဂူပေါက်ဝက ကျဉ်းလွန်းတဲ့အပြင် ဂူထဲက ရေစီးသံတွေကလဲ တဝေါဝေါနဲ့ အတိုင်းသား ကြားနေရတယ်။

အုပ်စိုးနဲ့ဟိုဘက်တဲက လူနှစ်ယောက် ဂူဝရှေ့မှာ ရပ်ငိုင်း ဘာလုပ်ရမှန်းမသိဘူး။

တာယ်တော့ သူများ ပြောသံကြားနဲ့ လေဘာဘေဘော တိုက်ပြီး အုပ်စိုးတို့ ရောက်လာကြတာ။

အုပ်စိုးက လောဘဇောအပြင် အချစ်ဒုက္ခဇောပါ ကပ်ငြိပြီး ရောက်လာတဲ့သူ။

ဒီဂူကရွှေဂူဆိုပြီး နာမည်ကြီးသတဲ့။ ဒီရွှေဂူရှိတဲ့ တောင်ကြောကို ရောက်ဖို့က အတော်လာရတယ်။ အုပ်စိုးတို့ ရွှေကျင်ခနေတဲ့ တောင်ကနေ ဒီတောင်ကြောကို သုံးနာရီအနည်းလေး လျှောက်ရတာ။

ဒီဂူကြီးထဲကို ရောက်သွားတဲ့တချို့ ရလာတဲ့ ရွှေတွေကို အကြောင်းပြုပြီး ဒီဂူက နာမည်ကြီးလာတာ၊ ဒါပေမယ့် တော်ရုံသတ္တိနဲ့တော့ ဒီဂူထဲ မဝင်ရဲကြဘူး။

ရွှေတုံးရွှေခဲတွေ ရှိတယ်ဆိုတဲ့ နေရာကို ရောက်ဖို့အတွက် ပထမ ဒီဂူကြီးထဲစီးနေတဲ့ ရေထဲကနေ ကူးပြီးသွားရမယ်။

ရေကူးပြီး မြေကြီးထောက်မိတဲ့နေရာရောက်ရင် တစ်ဘက်နှုတ်ခမ်းပေါ်တက်။ အဲဒီမှာတွေ့တဲ့ မြေဆိုင်မြေခဲ ကျောက်ဆိုင်ကျောက်ခဲတွေကို တူးဆွပြီးရှာ။

အဲဒီအခါမှာ ရွှေတုံးရွှေခဲလေးတွေဟာ အင်ရှည်လောင်းစရာ အင်ဝိုင်းလှည့်စရာမလိုဘဲ တွေ့တာလို့ ဆိုတာကိုး။ ဒီထဲကို ရှာရှာဖွေဖွေ ရောက်သွားတဲ့ သူတွေဟာ ဘယ်သူတွေလဲတော့ မသိဘူး။ ရွှေတုံးရလာတယ်ဆိုတဲ့ လူကလဲ ဘယ်သူမှန်း မသိဘူး။ ဒါပေမယ့် ဒီရွှေက နာမည်ကြီးတာ အမှန်။



မနှစ်ကလဲ ဒီရွှေဂူထဲကို လူသုံးယောက် ဝင်သွားကြတာ နှစ်ယောက်က ပြန်ထွက်မလာတော့ဘဲ တစ်ယောက်ကတော့ ချမ်းသာသွားတယ်လို့ ပြောတာပဲ။

ဒီအဖြစ်တွေဟာ သူမြင်လိုက်သလို ငါမြင်လိုက် သလိုနဲ့ ရေရေရာရာ မရှိလှပေမယ့် စမ်းကြည့်ရင်တော့ မမှားဘူးလို့တော့ အုပ်စိုး ထင်တာပဲ။

အုပ်စိုးလိုပဲ ဟိုဘက်တဲက မောင်ကြီးနဲ့ အေးဆောင် တို့ကလဲ လူငယ်ပီပီ စမ်းကြည့်ချင်ကြတယ်။ ကိုကြီးထိန်နဲ့ ကိုတင်ဦးကတော့ မသွားစေချင်ဘူး။ ဒီလိုနေရာမျိုးမှာ သိုက်ထွန်းတို့ ခိုင်ကြီးတို့ကို သိပ် သတိရတာပဲ။ ဘယ်လောက် သွားလို့ ကောင်းလိုက်မလဲ။ ဘာပဲပြောပြော ဒီတောင်ပေါ် ကျွမ်းတဲ့ ဘိုးရွှေအပြောနဲ့ကို သွားထိုက်နေပြီ။

ဘိုးရွှေကပြောတယ်၊ သွားလို့ရမရတော့ မသိဘူး၊ ဒါပေမယ့် ဒီဂူထဲမှာတော့ ရွှေကြော ရှိကိုရှိတယ်တဲ့။ အဲဒီဂူထဲအရတာပါဆိုပြီး ရွှေလာပြဖူးတဲ့ လူတစ်ယောက်နဲ့လဲ တွေ့ဖူးသတဲ့။

'ဟေ့ ကောင်အုပ်စိုး ဘယ့်နှယ်လဲ၊ မှောင်နေတာ ဘာမှ တော့မမြင်ရဘူး ချမှာလား'

မောင်ကြီးက ဂူခပေါက်ဝမှာ ငြိမ်သက်ပြီး အကဲခတ်နေရာက စိတ်ရှည်တော့ဟန်မတူဘူး။ အေးဆောင်ဆိုတဲ့ ကောင်ကလဲ အကျီတွေဘာတွေ ချွတ်ကုန်ပြီ။

အိုး... သိပ်ရဟာပေါ့။ အုပ်စိုးလို့က ဆုံးဖြတ်ခဲ့ပြီးသား။ ကိုတင်ဦးတို့ ကိုကြီးထိန် တို့ကိုတောင် ပြောခဲ့ ပြီးသား။ တကယ်လို့များ ဒီထဲက ရွှေ မတော်တဆများများ ရခဲ့ယင် အုပ်စိုး တစ်ခါထဲ ဒီက ပြန်ပြေးတော့မယ်။

ရွှေမရဘဲ တစ်ခုခုကြောင့် သေချင်လဲသေ။ ဗိုနှစ်လမ်းဟာ အကောင်းဆုံးပဲလို့ အုပ်စိုး တွက်ပြီးသား။ တော်ပြီ။ ဂျက်ကလင်းကို အုပ်စိုး မတွေ့ပါရစေနဲ့တော့ အုပ်စိုး ကင်ဇိုအင်္ကျီနဲ့ မလေးရှားပုဆိုးကို ချွတ်လိုက်တယ်။ ဘောင်းဘီနဲ့ ရေကူးရမှ လွတ်လပ်တယ်လေ။

'ဟေ့ တို့သုံးယောက် တစ်ခါတည်း ကူးဝင်မယ်နော်'

'ချမလ'

'သေတော့လဲ အသိသာကြီးပဲကွာ'

ရေကူးအသန်ဆုံး မောင်ကြီးက အိတ်ရှုံ့တစ်လုံး ထဲမှာ ဖယောင်းတိုင်ခါတ်မီးရယ်။ ဓားမြှောင် နှစ်ချောင်းရယ် ထည့်ကြိုးချည်ပြီး လည်ပင်းမှာလွယ်ထား်။ ပြီးတော့ ဂူပေါက်ထဲ ဝင်ပြီး ရေကိုလက်နဲ့စမ်းကြည့်။

တစ်ယောက်ပြီးတစ်ယောက် ခုန်ဆင်းပြီး၊ ရေစီးထဲမှာ ကူးကြတယ်။ ရေက အေးလိုက်တာ မပြောနဲ့။ ရေကိုဖိကူးရင်းက ရေထဲမှာ မြွေ အဲ...အဲ...လင်း လင်း လင်းများမျောပါလာပြီး လည်ပင်းများခဲလိုက်ရင် အခက်ဆိုတဲ့ အတွေးက ဝင် ဝင်လာသေးတယ်။



ရေကို တဖူးဖူး မှုတ်ထုတ်ရင်းက ခေါင်းဖော်ပြီး 'မောင်ကြီးရေ' 'အုပ်စိုး' 'အေးဆောင်'နဲ့ အော်ရတာက တော့ အကြောက်ပြေတဲ့ပြင် ပျော်စရာတောင် ကောင်းလာ သေးတယ်။

မှောင်မည်းနေတဲ့ ရေစီးအတိုင်း ရမ်းကူးနေရာက တော်တော်ကြာတော့ ခြေထောက်က ထောက်မိမလို ဖြစ်လိုက်၊ လွတ်သွားလိုက်နဲ့ မြေကြီးကို တွေ့လာရတယ်။

နောက်တစ်ချက်မြေကြီး ထောက်အမိမှာ အုပ်စိုးရမ်းပြီး ကျုံးကူးလိုက်တော့ ကောင်းကောင်း ထောက်မိသွားပြီ။ လက်ကလဲ မှောင်ထဲမှာ စမ်းရင်း မြေကြီး နံရံလိုဟာမျိုးကို တွယ်တက်ပစ်လိုက်တယ်။ အရေးထဲမှာ ခါတ်မီးပါတဲ့ ကောင်က မရောက်သေးဘူး။

'မောင်ကြီးနဲ့ အေးဆောင်ရေး ငါ မြေကြီးပေါ်ရောက် ပြီဟေ့'

တော်သေးရဲ့။ မောင်ကြီးနဲ့ အေးဆောင်ဆီက'ဝူး''ဝူး'နဲ့ ရေထဲက အသံပြန်ပေးကြတယ်။ ဒီကောင်တွေ မသေသေး ဘူးပေါ့။ အုပ်စိုး မှောင်ထဲက မြေကြီးပေါ်မှာ ဖင်ချထိုင် ရင်း အမောဖြေနေမိတယ်။ ဂူက ကျဉ်းတော့ နေရတာ မွန်းမွန်းကြီး။

'အုပ်စိုး'

'ဟေ...ငါဒီမှာ'

ရေသံမွှန်းမွှန်းနဲ့ မောင်ကြီးအသံ ကြားရတယ်။ ခဏ ကြာတော့ အသက်ရှူသံပြင်းပြင်းနဲ့ မောင်ကြီးအနားရောက် လာပြီး ဓာတ်မီးရောင်လေး ဖျတ်ခနဲ ပွင့်လာတယ်။

'ဟေ့ကောင် လုပ်လုပ်၊ အေးဆောင်ကို မြန်မြန်ထိုးပြ လိုက်ဦး'

ဓာတ်မီးရောင်အောက်မှာ အေးဆောင်က ဟိုဘက်ရေ စီးသန့်တဲ့ဘက်ကို ကူးနေတယ်။ တော်သေးကွာ။ ဓာတ်မီး နဲ့ကောင် ရောက်လာ့ပေလို့။ အေးဆောင် မြေကြီးပေါ် ရောက်လာတော့ အံတော်မော့နေပြီ။ ဒီကောင်က သုံး ယောက်ထဲမှာ ရေကူးမကျွမ်းဆုံးကောင်။

'ကဲ...အမောပြေရင် လုပ်ဟေ့၊ ဒီထဲ ညအိပ်လို့ မဖြစ် ဘူး၊ ရွှေတွေ့ရင် နောက်တစ်ခေါက် ပြန်လာလို့ ရတာပဲ'

မောင်ကြီးက အုပ်စိုးကို ဓားမြှောင် တစ်ချောင်းပေး တယ်။ သူက တစ်ချောင်းယူပြီး အေးဆောင်ကို မီးထိုးခိုင်း တယ်။ မောင်ကြီး ပြောတာ ဟုတ်တယ်။ အုပ်စိုးတို့ ညအိပ် လို့မဖြစ်ဘူး။ ပြီးတော့ အုပ်စိုးတို့ သုံးယောက်စလုံး ကစား လုပ်တဲ့သူတွေ။ ဒီနေ့က ရွှေဖော်တဲ့ရက်မို့ သိပ်အလုပ်မရှိ လို့ လာလို့ရတာ။ နောက်နေ့တွေ သူများတွေလုပ်တဲ့အချိန် ကိုယ်မရှိရင် မကောင်းဘူး။

အုပ်စိုးကတော့ စိတ်တိုတာရယ်၊ စိတ်လေ တာရယ် ပေါင်းပြီး ဒေါသဖြစ်ဖြစ်နဲ့ မြည်တွန် တောက်တီးနေတဲ့



ကိုကြီးထိန်ကို 'ကျုပ်ပြန်လာချင်မှ လာမှာ' လို့ ပြောဖြစ် ခဲ့တယ်။

အေးလေ၊ တကယ်တော့ ကိုတင်ဦး ပြောသလို ပြော ရရင် အုပ်စိုးက စားမာန်ခုတ်နေတာတဲ့။ ကိုကြီးထိန်တို့နဲ့ ဘာဆိုင်လို့လဲ။ အို...ဒါပေမယ့် ဘာပဲဖြစ်ဖြစ် ယောဒီကာ သာ ရွှေရကြည့်စမ်း။ အုပ်စိုး တောင်ပေါ်က ဆင်းတော့ မယ်။ ပြေးတော့မယ်။

အုပ်စိုးနဲ့ မောင်ကြီးက တွေ့တဲ့ ဂူနံရံတွေ အောက်က မြေကြီးတွေကို ဓားမြှောင်တစ်ချောင်းစီနဲ့ ထိုးကြ၊ ဆွကြ တယ်၊ မျက်လုံးတွေကို အစွမ်းကုန် ပြူးကြည့်ရင်းနဲ့ ဖယောင် တိုင်ဓာတ်မီးလေးကို အားမရကြဘူး။ ဓာတ်မီးရောင် အောက်မှာတော့ မြေကြီးက လက်လက် လက်လက်နဲ့တော့ နေသား။

တော်တော်ကြာ ထိုးဆွတဲ့အထိ မြေကြီးလက်လက်၊ လက်လက်လေးတွေပဲတွေ့နေရတော့ အေးဆောင်က 'အမှန်က ငါတို့ အင်ဝိုင်းယူခဲ့ရမှာကွ'လို့ စိတ်တိုပြီး ထပြောတယ်။

'အေးဒလကွာ၊ အလကား သောက်ရှူးစကား ပြောနေ ကြတာ။ လက်တွေ့ကျတော့ အလကား'

မောင်ကြီးစကား တန့်သွားပြီး၊ အေးဆောင် ရမ်းထိုး နေတဲ့ ဓာတ်မီးကို ဆတ်ခနဲ ဆွဲယူထိုးလိုက်တယ်။

'လူအရိုးစုကြီးဟ'

'သောက်ကျိုးနဲ့ကွာ၊ ရွှေတော့မတွေ့ဘဲ အရိုးလာတွေ့နေတယ်'

အေးဆောင်က အသံတုန်ပေမယ့်၊ အကြောက်အလန့်မရှိတဲ့ မောင်ကြီးက အရိုးစုကို ဆဲတောင်နေသေးတယ်၊ အုပ်စိုးအလဲ သွားကိုင်ကြည့်ရင်း....

'ဟေ့ကောင်တွေ ဒါ မနှစ်ကမြုပ်မထွက်လာတဲ့ လူနှစ်ယောက်ထင်တယ်ဟ'

'တစ်ယောက်ကရော'

'မသိဘူးလေ'ဆိုပြီး မောင်ကြီးက ခါတ်မီး တစ်ချက်ချမ်းထိုးကြည့်ပေမယ့် မတွေ့ပါဘူး။

'ဒီထဲအ မွှန်းလိုက်တာကွာ၊ အသက်ရှူရတာ ထပ်မျိုးကြီးပဲ'

အေးဆောင် ပြောတာဟုတ်တယ်။ ရေကူးလာရလို့ မောတာလို့ အုပ်စိုးမှတ်နေတာ။ တကယ်တော့ အသက်ရှူမဝဖြစ်နေတာပဲ။အသက်ရှူကျပ်နေတာ။ မြောင်းထဲမှာ လေပြတ်ရင် အသက်ရှူရပ်သေတယ်ဆိုတာကို သိထားတဲ့ ရွှေသမားတစ်ယောက်အနေနဲ့ အုပ်စိုး အန္တရာယ်ကို မြင်လာတယ်။

'မောင်ကြီးတို့ထွက်ကြစို့၊ ဒီထဲလေမရှိဘူး၊ ငါထင်တယ် ဟိုအရိုးစုလဲ ဒီထဲ အိပ်တာဖြစ်ဖြစ်၊ အကြာကြီး နေတာဖြစ်ဖြစ် နေရင်းနဲ့ ကြသွားတာ ဖြစ်လိမ့်မယ်'



ခါးတစ်ချောင်းနဲ့ တူးမြဲတူးနေတဲ့ မောင်ကြီးကတော့ ရွှေဂူအကြောင်းပြောတဲ့လူတွေကို မအေနှမကုန်အောင်ဆဲရင်း သူတူးနေတဲ့ မြေကြီးတွေကို အိတ်ရှို့ထဲ ထည့်နေတယ်။

'ဟေ့ကောင် အဲဒီမြေကြီးတွေက ဘာလုပ်ဖို့လဲ၊ အဟို.... အမိန့်တော်ရ အတိုးကြီး အင်ဝိုင်းလှည့်ဖို့လား၊ ထားခဲ့စမ်းကွာ၊ အလေးခံပြီးတော့မျှား မင်းနှယ်'

'ဟ....ဒီမှာ အခဲဟ'လို့ ထအော်တော့ အုပ်စိုးတို့ ပျာသွားတယ်။

'မြစမ်း....မောင်ကြီး ပြစမ်း'

'ဟာ...သေပါကွာ၊ အနှံခဲကြီးဟ၊ ဒါတောင် မသိဘူးလား၊ ဒီဝါတာတာက ကန့်ခဲကို၊ သွားစမ်း'

အေးဆောင်က ကန့်ခဲကို ပလုံခနဲမြေအောင် လွှင့်ပစ်လိုက်တယ်၊ မောင်ကြီးက စိတ်ပျက်လက်ပျက်နဲ့ ရေနဲ့ရော ရွှဲနေတဲ့ ချွေးတွေကို ဆပ်ချပြီး....

'ရွှေမရပဲ အပြတ်သေမယ့်ကိန်းပဲ မြင်ပါတယ်ကွာ၊ သွားကြစို့၊ မွန်းလာပြီကွ၊ မိန်းမရေ....မောင်ကြီးတို့ ဒီတစ်ခါလဲ သူဌေးဖြစ်ကိန်းနဲ့ လွဲပြန်ပြီ၊ အင်ဝိုင်းသာ နာနာလှည့်ဖို့ ပြင်ထားဟ'

မောင်ကြီးက ထင်ရာတွေအော်ပြီး ရှူ့အိတ် လည်ပင်းသိုင်းပြီး ပြန်ဆင်းတယ်။ 'ဆင်း' ဆိုပြီး အုပ်စိုးနဲ့ အေးဆောင်ကို မီးထိုးပြပြီး သူက နောက်ဆုံးမှ လိုက်ဆင်းတယ်။

'မောင်ကြီး...မင်းအိတ်က လေးပြီး ရေထဲ ဆွဲကြိုးချ သေသလိုဖြစ်နေမှ ဟုတ်ပေ့ဖြစ်နေမယ်နော်'

'ရတယ်ငါ့လူ၊ သွား'

အုပ်စိုး ရေထဲဆင်းလိုက်တယ်။ အား...ချမ်းလိုက်တာ၊ ဘုရား...ဘုရား ရေကူးရင်း အုပ်စိုး လန့်လာတယ်။ နေ့လည် နှစ်နာရီလောက်ဆို အချိန်မှန်လာတဲ့ ငှက်ဖျားလာတော့မယ် ထင်တယ်။

မလုပ်လိုက်ပါနဲ့။ မလုပ်လိုက်ပါနဲ့။ နည်းနည်းလေး အချိန်နောက်ကျလိုက်စမ်းပါ ငှက်ဖျားရယ်၊ ရေစီးအစုန်မို့ ကူးရတာ မြန်နေပေမယ့် ဂူပေါက်ဝမရောက်ပဲ တခြားဘက် ရောက်သွားမှာလဲကြောက်ရသေးတယ်။ အရေးထဲမှာကွာ... ငှက်ဖျားကလဲ။ အုပ်စိုး ရေကူးနေရင်း တအားချမ်းလာ ပြီး လက်တွေ၊ ခြေတွေ တစ်ကိုယ်လုံး တုန်ပြီး မသယ်ချင် ဖြစ်သွားလို့ကတော့ ရေထဲမှာ သင်္ဂြိုဟ်ရကိန်းပဲ။

အို...ဒုက္ခပါပဲ။ စိတ်တင်းထားပေမယ့် ဂူပေါက်ကလဲ ခုထိ ရှာမတွေ့နိုင်ဘူး။ ဂူထဲမှာ လည်နေပြီထင်တယ်။

'ဟော့ကောင်...မောင်ကြီး...'

မေးရိုးရိုက်သံနဲ့ ခေါ်တဲ့ အုပ်စိုး၊ အသံကို ရေသံကြားမှာ ဘယ်ကြားနိုင်မလဲ။ အုပ်စိုး မျက်လုံးတွေ ပြူးလာတယ်။ လက်တွေ ခြေတွေကိုလည်း လျှော့ချလိုက်ချင်ပြီ။ လျှော့ချ လိုက်ရင်တော့ နစ်သေမှာပဲ။



သေရင် တစ်ကောင်ကြွက် အုပ်စိုး ဘဝက လွတ်မြောက် သွားမှာပဲ။ တခြားကောင်တွေရဲ့ ရင်ခွင်ထဲက ဂျက်ကလင်း ကို မြင်နေရတဲ့ ဘဝကလဲ လွတ်မြောက်သွားမှာပဲ။

ဒါပေမယ့် အလျှော့မပေးတဲ့ အုပ်စိုးရင်ထဲကစိတ်ဓာတ်က တင်းခံထားနေဆဲ။ အံကြိတ်ပြီး ရေထဲမှာ လှုပ်ရှားနေမိဆဲ ပါပဲ။ လင်းခနဲ ဂူပေါက်ကို လှမ်းမြင်ရပြီး ဂူပေါက်ကို ကုန်းတက်နေတဲ့ အေးဆောင်...။

'အေးဆောင်...'

မေးရိုက်နေတဲ့ အသံနဲ့ပဲ တတ်နိုင်သမျှ အော်ခေါ်ရင်း မြင်ရတဲ့ဂူပေါက်ရှိရာကို တိုးချလိုက်တယ်။ ရေစီးအရှိန်နဲ့ လိုက်သွားရင်း လက်တွေ ခြေတွေကိုလဲ အုပ်စိုး လျှော့ချ လိုက်ပြီ...။

* * *

အုပ်စိုး မျက်လုံးဖွင့်ကြည့်လိုက်တဲ့ အချိန်မှာ မိုးစက် တွေက မျက်နှာပေါ် တစ်ပေါက်ပေါက်ကျနေတယ်။ ဟင်း... အုပ်စိုးက ဝါးလုံးနှစ်လုံးနဲ့ ပုဆိုးကို လုပ်ထားတဲ့ အရေးပေါ် ထမ်းစင်ပေါ်မှာပဲ။ အုပ်စိုးပေါ်ကို ရှိသမျှ အဝတ်တွေ

ပုဆိုးတွေ ဖုံးပေးထားပြီး မောင်ကြီးနဲ့ အေးဆောင်တ ဘောင်းဘီဟိုလေးတွေနဲ့ ထမ်းထားတယ်။

အုပ်စိုးချမ်းနေတုန်းပဲ၊ အရင်ငှက်ဖျားကျရင် လူကောင်းလို ထနိုင်တာပဲ။ ချမ်းလဲ မချမ်းတော့ဘူး။ ခုတစ်ခါတော့ မိုးရွာနေလို့များ ချမ်းနေတာလားတော့ မသိဘူး။ မျက်လုံးတွေအလဲပွပြီး လူကလည်း ဟိုက်နေတာပဲဆိုတော့ တခြားအဖျားများ ဝင်ချင်လို့ပဲလား။ ခြောက်နေတဲ့ အာခေါင်ကို ဟပြီး မိုးရေတွေကို ပါးစပ်နဲ့ ခံလိုက်တော့ ပါးတွေ ကျင်တက်သွားတာပဲ။

'မောင်ကြီး၊ အေးဆောင်'

အုပ်စိုး အသံတွေ တုန်နေတယ်၊ ရင်ထဲမှာလည်း မောမောနေတယ်။

'ဟေ့ကောင်၊ အပေါ်ကနေ ငြိမ်ငြိမ်သာလိုက်ခဲ့။ မင်းရေနစ်မသေတော့ဘူး၊ စိတ်ချ'

မောင်ကြီးနဲ့ အေးဆောင်ခမျာ ထနားစရာ။ အုပ်စိုးကို အားပေးရင်း၊ မိုးရေချောတဲ့တောင်ပေါ်လမ်းတွေမှာထမ်းစင်နဲ့သွားရတာ သက်သာမှာ မဟုတ်ဘူး။ တောက်၊ ငှက်ဖျားဆလဲကွာ၊ တကယ့်အချိန်မှာမှ လာတက်ရတယ်လို့။

မိုးတဖွဲဖွဲရာက နည်းနည်းသည်းလာတယ်။ အုပ်စိုး ချမ်းနေရာက မျက်လုံးတွေပူပြီး အိပ်ချင်လာတယ်။ မဖြစ်သေးပါဘူး။ ဗိုအောင်တွေကိုချနိုင်းပြီး လမ်းလျှောက်ပစ်၊ တအားပြေးပစ်ပြီး ဓာတ်ကြမ်းကုပစ်မှပါ။ အုပ်စိုး ထထိုင်လိုက်ပြီး ခေါင်းလုံးကို လက်နဲ့ပုတ်လိုက်တယ်။



'ဟေ့ကောင်တွေ။ ငါ ဆင်းမယ်ကွ'

'ဟာ... ဗိုကောင်ကွာ၊ ငြိမ်ငြိမ်နေလို့ ပြောသားနဲ့၊ ခရီးတောမတွင်ရတဲ့အထဲ မိုးချုပ်သွားလိမ့်မယ်ကွ၊ အုပ်စိုး'

'ငါ ဖျားချင်နေတာကွ၊ ဓာတ်ကြမ်းကုမှ ဖြင်မယ်၊ ငါလမ်းတအားလျှောက် တအားပြေးပစ်မယ်'

'ကဲကွာ၊ ဒါလောက်ခေါင်းရှိတာ သွားစမ်း'

အုပ်စိုး ထမ်းစင်ပေါ်ကဆင်းပြီး အားတင်း လိုက်တယ်။ လာခဲ့စမ်းကွာ၊ အုပ်စိုး လမ်းလျှောက်တယ်။ အားမရတော့ ဒေါသဖြစ်လာပြီး ဒေါနဲ့မာန်နဲ့ ပြေးတယ်၊ လေးငါးဆယ်လှမ်းပြေးပြီး ဒူးတွေ တဆတ်ဆတ် တုန်လာပြီး တအားမောဟိုက်လာတယ်။

အရင်ဆို 'ငါ၊ ရပါတယ်ကွာ'၊ အုပ်စိုးစိတ်ပြန် တင်းပြီး ဆက်လျှောက်ပေမယ့် လေးငါးလှမ်းလဲ လှမ်းပြီးရော ရပ်လိုက်ရပြန်တယ်။

မောင်ကြီးနဲ့အေးဆောင်ထ ထမ်းစင်ချပြီး နောက်ကနေ လိုက်ကိုမလာပဲ ရပ်ကြည့်နေကြတယ်။

'ဟေ့ကောင်၊ ဓာတ်ကြမ်း သမားကြီး၊ ဆက်ပြေးလေကွာ၊ စခန်းရောက်အောင် ဆက်ပြေးလေကွာ'

မောင်ကြီးနဲ့ အေးဆောင်ကလဲ မောက်မာ၊ စိတ်ကတိုတိုနဲ့ မြေပေါ်ထိုင်ချနေတဲ့ အုပ်စိုးကို ထမ်းစင်ပေါ် ပြန်တင်ကြတယ်။ထမ်းစင်ပေါ် စိတ်ကိုလျှော့ချ လိုက်တာနဲ့ အုပ်စိုး တအားမောဟိုက်ပြီး တစ်ကိုယ်လုံး ပူလာတယ်။

ဖျားပြီ။ အုပ်စိုး တကိုယ်ဖျားပြီ။ ခြောက်သွေ့နေတဲ့ အာခေါင်ကို အစွမ်းကုန်ဟပြီး မိုးရေခံလိုက်၊ ပူနေတဲ့ မျက်လုံးတွေကို မှိတ်လိုက်နဲ့ မိုးရေထဲမှာ အုပ်စိုး အိပ်ပျော်လုနီး ဖြစ်လာတယ်။

'ဂူ၊....ကိုကြီးထိန်၊ ဘိုးရွှေ'

ဟော...တဲပြန်ရောက်ပြီ ထင်တယ်။ အုပ်စိုး ဘယ်လိုမှ ခေါင်းထောင်ထလို့ မရဘူး။ 'ကိုကြီးထိန်ရေ ကျုပ်တော့ ရွှေမရဘဲ အဖျားပဲ ရလာခဲ့ပြီ။ ခင်ဗျားပြောသလို ကျုပ်က အရှစ်ကြီးတော့ အမျက်ကြီးပြီး ဒေါသနဲ့ ရွှေဂူကို ထွက်သွားတာ ကံကောင်းလို့ မသေတာ ကိုကြီးထိန်ရေ'

'ဟော့ကောင်တွေ၊ အဲဒါ အုပ်စိုးလား၊ ဘာဖြစ်လာတာလဲ'

'ဖျားလာတာ ကိုကြီးထိန်ရေ၊ ငှက်ဖျား ထလာတာ'

'သောက်ကျိုးနဲ့ကွာ၊ ထိတ်လိုက်တာ၊ ဘာများ ဖြစ်တာတုန်းလို့'

'ဟော့ကောင် အုပ်စိုး၊ ပြစမ်းပါဦး၊ မင်းရွှေတိုးတာ ဘယ်လောက်များကြီးတုန်း'

ဒါ ကိုတင်ဦး အသံပဲ၊ ဒီလူမိုးအေးအေးနဲ့ ပွဲပိုင်းမသွားဘူးလား၊ အသံကတော့ ပွဲနိုင်တဲ့အသံပဲ။ ရှင်လို့။

'အား....ကျွတ်ကျွတ်.... ရေ ပေးစမ်းပါ'

'ဘာအခုမှ ကျွတ်နေတာလဲ၊ မအေပေးလေး၊ မသွားပါနဲ့ဆို မရဘူး'



အုပ်စိုး ကိုယ်ခန္ဓာထဲက ဝါးကပ်ကြမ်းပေါ် ရောက်လာတယ်၊ ကိုကြီးထိန်ရဲ့ဝေါက်သံ၊ငမ်းသံနဲ့အတူ အုပ်စိုးကို ကိုကြီးထိန် မထူတယ်။ ပြီးတော့ ရေတိုက်ရင်း မျက်လုံး မဖွင့်တဲ့ အုပ်စိုးကိုကြည့်ပြီး၊ 'ဘိုးရွှေရေ၊ ဘာ့ဆေး လုပ်ရမလဲ၊ ဒီကောင် တော်တော် ဖျားတာဗျ'တဲ့။

အုပ်စိုး ခေါင်းရမ်းပြလိုက်တယ်။ ကိစ္စမရှိပါဘူး။ပျောက်သွားမှာပါ။ အုပ်စိုး ရေတွေကို တကျိုက်ကျိုက်နဲ့ တအား သောက်ပစ်နေမိတယ်။

'ကိုကြီးထိန်၊ဒီကောင် အဖျားပျောက်သွားအောင် ပြောလိုက်ပါဦး၊ဗျ၊ ဟဲဟဲ....ဟော့ကောင် မင့်ကောင်မ လာတယ် သိလား'

အုပ်စိုးကိုယ်လုံး တင်းခနဲ ဖြစ်သွားပြီး မျက်လုံးတွေ ဖျပ်ဆို ပွင့်လာတယ်။

'လန့်မသွားပါနဲ့ကွ၊ ငါတို့ တစ်ရာနဲ့ ခေါ်လို့ လာတာ မဟုတ်ပါဘူး၊ မင်း ရွှေဂူဘက် လိုက်သွားတယ်ဆိုတာ ကြားလို့တဲ့ မောင်ရေ့ သိပလား၊ မျက်ရည် ကလည် ကလည်နဲ့ဗျ၊ စိုးရိမ်လို့တဲ့၊ စိုးရိမ်လို့ ဟား...ဟား...ငါတော့ မင်း ရွှေရ မလာမှာ စိုးရိမ်တာနဲ့ တူပါတယ်ကွာ'

မဟုတ်ဘူး၊ မဟုတ်ဘူး။ ကိုတင်ဦး၊ သူ ကျွန်တော့်ကို တကယ် စိုးရိမ်တာပါ။ သူ ကျွန်တော့်ကို ချစ်ပါတယ်။ ဂျက်ကလင်းရယ်။ မင်း ငါ့အပေါ်မှာ တကယ် မနေနိုင်ပါဘူး။ ငါ ပျော်လိုက်တာ ဂျက်ကလင်းရယ်။

'ဆရာတင်ကလဲ ဒီကောင် ဝမ်းသာအောင် ဟိုဟာ အရင်ပြလိုက်စမ်းပါဦး၊ အဲဒီစကားတွေက နောက်မှ'

ဟောဒါ ဘိုးရွှေအသံ။ ဘိုးရွှေအသံကလဲ ရှင်လို့။

'ဟေ့ကောင် အုပ်စိုး၊ မင်းကောင်မကို တစ်ခုတော့ ကျေးဇူးတင်တယ်ကွာ သိလား၊ ကလေးလေး ပါလာတဲ့အတွက်လေ၊ တို့ ရွှေသမားတွေ အယူတစ်ခု ရှိတယ် မဟုတ်လား၊ ရွှေဖော်တဲ့နေရာ ကလေးလေး ပါလာရင် လာဘ်ကောင်းတယ်လေ၊ ဒီမှာ ကြည့်စမ်း၊ တို့ ဒီနေ့ရတာ'

ငွားဖွင့်ကြည့်တဲ့ အုပ်စိုး မျက်လုံးရှေ့မှာ ကိုတင်ဦးက လှည့်ပတ်ထောင်ပြနေတယ်။

ဂျက်ကလင်၊ သမီးလေးတဲ့။ ဝင်းလက်နေတဲ့ ရွှေတုံးအကြီးစားလေးတစ်တုံး။

'အုပ်စိုးဆိုတာ ဘယ်ကောင်လဲကွ'

'ဟာ....အမိန့်တော်ရမင်း'



အုပ်စိုး လွဲနေရာက လူးလဲထလိုက်တယ်။ အရက်နဲ့ ဆေးမြစ်တွေဒဏ်၊ အင်္ဂလိပ်ဝှက်ဖျားဆေးတွေ ဒဏ်နဲ့ ခေါင်းမိုက်ခနဲ ဖြစ်သွားသေးတယ်။ သုံးလေးရက်အတွင်းမှာ လူကို မျော့သွားတယ်။

တဲပြင်ဘက်မှာ အမိန့်တော်ရမင်းက ခပ်တည်တည်ရပ်လို့ အင်ဝိုင်းကို ပိုက်လို့။ လွယ်အိတ်ထဲမှာလဲ တောပုလင်းအသစ်နဲ့ တစ်နေကုန်လုပ်ပြီး ရွှေဆန်နှစ်စိ ရောင်းပြန်လာတာလေ။

ဘိုးရွှေက ထွက်လာတဲ့ အုပ်စိုးကို မေးငေါ့ပြရင်း...

'အမိန့်တော်ရမင်း သူပဲ အုပ်စိုး၊ ဘာလုပ်မလို့လဲ၊ အရက်တိုက်မလို့လား'

'အို...ဘယ်ကလာ တိုက်ရမှာလဲ၊ ဒီကောင့်ကို ကျုပ် ရွှေရောင်းတဲ့ ရွှေကုန်သည် မိန်းမက ဒါ ပေးလိုက်လို့'

အုပ်စိုးရှေ့မှာ ပလစ်စတစ်ထုပ်လေးတစ်ထုပ် ဘုတ်ခနဲ ကျလာတယ်။ အုပ်စိုး ရင်ထဲမှာလဲ ဒိန်းခနဲ တုန်တယ်။ ဘယ်သူရမှာလဲ။ ဂျက်ကလင်းပဲ နေမှာပေါ့။

'အမိန့်တော်ရမင်းခနော်၊ မကြီးမငယ်နဲ့ အောင်သွယ်လုပ်ရင် အဖမ်းခံရမယ်'

'ဘာ အောင်သွယ်လဲ၊ မိန်းမက ကလေးအမေကွ၊ ကလေးလေးက အားကြီးချစ်စရာကောင်းတယ်၊ သမီးလေး သမီးလေး'

ကိုကြီးထိန်က နောက်တာကို ဂရုမစိုက်ဘဲ အဘိုးကြီးက သူ့ဟာသူ ကြည်နူးရင်း လှည့်ထွက်ခါနီးမှ အုပ်စိုးကို လက်သိုးထိုးပြီး

'ဟော့ ဟောင် သမီးလေး အမေကို မတော်မတရားမကြိုနဲ့ ပုဒ်မ (၃၉၇)နဲ့ ဖမ်းချုပ်မယ်'

အားလုံးက ပိုင်းရယ်ကြတော့ ထုံးစံအတိုင်း အင်္ကျီကို ခေါ်နဲ့မောနဲ့ လှင့်ပစ်ပြီး သူ့တဲဆီကို ဆက်လက်ချီတက်သွားတယ်။ အုပ်စိုး အထုပ်လေးကို ယူပြီး တဲထဲပြန်ဝင်ခဲ့တယ်။ ပလင်စတစ်အထုပ်လေးထဲမှာက ငါးရံ့ခြောက် အသားမျှောင်း သုံးမျှောင်းနဲ့ ဟိုကေဇင်တွေ ရွှေချေးတွက်ထားတဲ့ စာရင်းစာရွက်နောက်မှာ ရေးထားတဲ့ ဂျက်ကလင်းရဲ့ လက်ရေးလေးတွေ။

တွန်း... ငှက်ဖျားဖြစ်နေတယ်ဆိုတာကြားလို့ ဆန်ပြုတ်နဲ့ စားရအောင် ငါးခြောက်ပေးလိုက်တယ်။ ဂျက်ကလင်းနဲ့ ခင်မင်တဲ့ စေတနာပါ။ 'တွေ့တော့မတွေ့ချင်ပါနဲ့။ ဒီလူတွေက ဘယ်သူနဲ့မှ မရောတွေးစေချင်ဘူးဆိုလို့ ကိုဆန်းမြင့်က ဘယ်မှမထွက်ရဘူး။ သမီးလေးက တွန်းကို သတိရပါတယ်တဲ့။

အုပ်စိုး အကြာကြီးငိုင်နေမိတယ်။ မင်းရော ငါရော ဝဋ်ဘစ်ခုကို ခံနေရသလိုပါပဲ ဂျက်ကလင်းရယ်။ မင်းက မတွေ့ချင်ပါနဲ့ဆိုမှ ငါသိပ်တွေ့ချင်နေမိတယ်။

မင်းကို လွမ်းတယ် ဂျက်ကလင်းရယ်။ ဆန်းမြင့်ဆိုတဲ့ ကောင်က ဘယ်သူနဲ့မှ မရောခိုင်းရအောင် ဒီကောင့်ကို တို ရွှေကုန်သည်တွေက ဘယ်လောက်ပေးထားမှန်းမှ မသိထား



မင်းလေးကို တယ်လို ကြေးဖြတ်ပြီးများ ခေါ်ခဲ့တာလဲ ဂျက်ကလင်းရယ်။ ဟိုရွှေကုန်သည်တွေရဲ့ တစ်မိုးတွင်းစာ အဖျော်ဖြေခံရမယ့် သက်ရှိပစ္စည်းလေးပေါ့။

အုပ်စိုး အံ့ကြိတ်ရင်း မနာလိုစိတ်တွေ ထကြွရပြန်တယ်၊ ဒေါသစိတ်တွေ ဆူဝေရပြန်တယ်။ ဂျက်ကလင်း မင်း ဘယ်လောက်ထိ ဆန်းမြင့်ကို ကြောက်နေရဦးမှာလဲ။ သွားစမ်းပါ။ ဒီငါးခြောက်ကလဲ ဟိုရွှေကုန်သည်ကောင်တွေရဲ့ဟာတွေနေမှာပါ။

အုပ်စိုး ငါးခြောက်မျှောင်းတွေကို တဲပြင်ဘက် လှင့်ပစ်လိုက်တော့ ဘိုးရွှေက ကပျာကယာ လိုက်ကောက်ပြီး—

'ဟ...ကောင်လေးရ၊ မလုပ်ပါနဲ့ဟ၊ မင်း မစားချင် တို့စားမှာပေါ့ဟ၊ အမလေး တောင်ပေါ်မှာ ငါးရံ့ခြောက် ရှားပါတီခြင်း၊ စေတနာနဲ့ပေး သေဆေးတောင် စားရတယ်ဆိုတာ မကြားဖူးဘူးလား...ဟ'

'ဇိမ်ပဲဟ၊ ဒီနေ့ညစာတော့ ခရောက်ဖုတ်လေးနဲ့ စားရချည်သေး၊ အမလေး ပျော်လွန်းလို့ ပလွေလေးတောင် မှုတ်လိုက်ချင်သေးတယ်'

'ဘိုးရွှေနဲ့ ကိုကြီးထိန်တို့ တကယ်ပျော်နေကြတာ။ ငါးရံ့ခြောက်ကြောင့် မဟုတ်ပါဘူး၊ တကယ်တော့ ပျော်လဲပျော်စရာပါ။ ခုနောက်ပိုင်းရက်တွေ မျှောက ရွှေဖတ်တွေ အခဲလေးတွေ တော်တော်များများ ကျနေပြီလေ။ ဘိုးရွှေ

ကတော့ ဂျက်ကလင်းသမီးလေးကို ကျေးဇူးတင်လို့ ဆုံးဘူး။ မလာသေးဘူးလားဆိုပြီး မျှော်နေရတာလဲအမေ။

ကိုတင်ဦးက ရွှေဒင်္ဂါကိုမရောင်းသေးဘဲ စုထားပြီး ဈေးစနည်းနေသေးတယ်၊ တော်ပြီးလို့ရှိရင် အောက်ဆင်းရောင်းမယ်တဲ့။

အုပ်စိုးဖျားလာတဲ့နေ့က ရတဲ့အတုံးရောဆိုရင် အုပ်စိုးတို့အနည်းဆုံး ငါးကျပ်သားလောက်တော့ ရနေရောပေါ့။

ဦးအတိုင်းသာ ဆက်နေရလို့ကတော့ မဆိုးဘူး။ မိုးလကနောက်တစ်လလောက်တော့ လုပ်ကွဲက်ရှိသေးတယ်။ အင်း.... ဦးသောင်ပေါ်ကျမှ အုပ်စိုးတို့ တကယ်စုမိတော့မယ် ထင်ပါရဲ့။

ဘိုးရွှေတို့၊ ကိုကြီးထိန်တို့၊ ကိုတင်ဦးတို့ ပျော်သလောက် အုပ်စိုးလဲ ပျော်ချင်လိုက်တာ။ အုပ်စိုးလဲပျော်သင့်သလောက် ပျော်ပါတယ်။ အုပ်စိုး ဦးရွှေလိုချင်လို့ ဒုက္ခအမျိုးမျိုးခံခဲ့တာပဲ။ ဒါပေမယ့် ရွှေဖတ်လေးတွေကျတော့ မြင့်လို့ ပျော်ခဲ့တာနဲ့အမျှ ရင်ထဲထစ်နေရတာလဲ တစစ်စစ် နာကျင်လာတတ်တယ်။

အုပ်စိုးဟာ ရွှေတွေရတော့လဲ တစ်ကောင်ကြွက်ဟာ တစ်ကောင်ကြွက်ပါပဲ။ ဘာမျှော်လင့်ချက်နဲ့မှ ပျော်လို့ မရတော့တဲ့ ငါ့ရင်ထဲကို မင်း နည်းနည်းလောက် ဝင်ကြည့်စေချင်တယ် ဂျက်ကလင်းရယ်။



'အုပ်စိုး....ဟေ့ကောင်....ငိုင်မနေနဲ့၊ အင်ဝိုင်း လာလှည့်ပါလား'

ကိုကြီးထိန် ခေါ်တဲ့ဆီကို အုပ်စိုးထွက်လာခဲ့ပြီး အင်ချီးတွေ နားမှာ အင်ဝိုင်း လှည့်နေလိုက်တယ်။ ရွှေဖတ်တွေ ရနေတော့ အုပ်စိုးတို့က အင်ချီးကို မယူချင်တော့ပေမယ့် စနစ်ကောင်းတဲ့ ဘိုးရွှေကတော့ အကုန်မသေရအောင် လုပ်ခိုင်းတာပဲ။

'ဆရာတင်တော့ ပြန်လာပဟေ့၊ ဈေးဘယ်လိုနေတယ် မသိဘူး'

ဖဲရိုက်ရင်း ဈေးစုံစမ်းပြန်လာတဲ့ ကိုတင်ဦးနားမှာ အားလုံး ဝိုင်းလာကြတယ်။ ကိုတင်ဦးက ဟိုဟိုဒီဒီ ကြည့်ရင်း လေသံခပ်တိုးတိုးနဲ့ ...

'ကဲ.... ဈေး ဘယ်လောက်တွေဘာတွေ မေးမနေကြနဲ့၊ ကျုပ် နက်ဖြန်ပဲ အောက်ဆင်းရောင်းတော့မယ်'

'ဘာဖြစ်လို့လဲ၊ ဈေးနည်းသေးရင်လဲ စုထားပါလားဗျ၊ ဆင်ကြံ့ရှိလို့ ဆင်းမှာလား'

အုပ်စိုး မေးတာကို မဖြေဘဲ ကိုတင်ဦးနဲ့ ဘိုးရွှေ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်နေကြပြီးမှ ဘိုးရွှေက....

'ဆရာတင် သတင်းကြားလို့လား'

'ကြားတော့မကြားဘူး၊ ဒါပေမယ့် စိုးရိမ်လို့၊ ဒီနားတစိုက်မှာ ကျုပ်တို့မျောက ရွှေတုံးတွေ ရတယ်လို့ သတင်းထွက်နေတာ ပြဿနာပဲ'

'အင်း ... ဟုတ်တယ်'

ဘိုးရွှေဆာ အုပ်စိုးနဲ့ ကိုကြီးထိန် ဘက်လှည့်ပြီး လက်ညှိုးကို ကွေးပြရင်း ....

'ဒါကြောက်လို့ကွ၊ မေးမြ ... မေးမြ၊ ဒီကောင်တွေက ဒါလောက်ချောင်းနေတာ၊ ရွှေကုန်သည်တွေဆို ဒါကြောင့် ဆယ်ရက်၊ ဆယ့်ငါးရက်၊ အလွန် တစ်လပဲ။ ဝယ်ပြီး ရွှေ များလာတာနဲ့ ပြန်ဆင်းတာ၊ ဒါတောင် ကုန်သည်တွေက လူမိုက်နဲ့ သက်တော်စောင့်နဲ့နေတာ'

'အို ... လာကြည့်ပါလား .... ချမ်းသာပေါ့ဗျ၊ ဘိုးရွှေဆာလဲ လက် လက်ချင်း၊ မေး မေးချင်းပေါ့'

အုပ်စိုးက ထုံးစံအတိုင်း သေးက ဆူချိုင်လာတယ်။ အပင် ပန်း အဆင်းရဲခံပြီး ခြစ်ခြစ်ကုပ်ကုပ် ရှာထားရတဲ့ ပစ္စည်းကို ဓါးလိုလာလုပ်လို့ ဘယ်ရမလဲ။

'အုပ်စိုး ဇွတ်တွေ မပြောနဲ့ကွ၊ ငါတို့က အတွေ့အကြုံနဲ့ ပြောတာ၊ သူတို့က သေနတ်နဲ့ကွ၊ တကယ်ဖြစ်ရင် ပေးလိုက် ရတာပဲ၊ သဘောပြောတာပေါ၊ ဖြစ်ချင်မှလဲဖြစ်တာ၊ ဒီ ပေါမှာ ဒီနှစ် တစ်ခါမှတော့ မဖြစ်သေးပါဘူး၊ ဘာဖြစ် ဖြစ်ဗျာ၊ နက်ဖြန် ကျုပ် ဆင်းမယ်၊ ဈေးသည် ဆင်ကြုံနဲ့ ဖြစ်ဖြစ်၊ ခြေကျစ်ပဲ ဖြစ်ဖြစ်ဗျာ၊ မသိမ္မသာ ထဆင်းသွား မယ်၊ ဘိုးရွှေ ဘယ့်နှယ်လဲ'



'လုပ်လေ ဆရာတင့်သဘော၊ ကဲ ... ကဲ .... သိပ်တွေးမနေနဲ့ တို့ရွှေလေး၊ မဖြစ်စလောက်နဲ့ ထမင်းစားရအောင် အုပ်စိုး ရေ၊ ငါးရံ့ခြောက်ဖုတ်ဟေ့'

'တယ်ဟုတ်ပါလားဟ၊ ငါးရံ့ခြောက်တွေ ဘာတွေနဲ့ မနက်က မတော ဝတ်သားလဲရတယ်ဆို ကိုကြီးထိန်၊ ဟိုပုလင်း ထုတ်ဗျာ'

ကိုကြီးထိန်က ကိုတင်ဦး ဖွဲ့နိုင်တဲ့ ပိုက်ဆံနဲ့ ဝယ်လာတဲ့ အာမီရမ်နှစ်ပုလင်း ထုတ်လာတယ်။ ငှက်ဖျားဆေးပါထည့် ထားလို့ ရွှေတောမှာတော့ ရာချီပေးရတဲ့ ပုလင်းတွေ။

'ကဲ ....ချကြဟေ့၊ အမြည်းကလဲ ကောင်းနဲ့၊ တို့ ရွှေတုံ့ မတွေ့အတွက် အောင်ပွဲ ပျော်ပွဲစားတဲ့ သဘောပေါ့ကွာ'

အုပ်စိုးတို့ ပျော်လာကြတယ်။ ထမင်းစားပြီး ချောင်း ဘေးက လမင်းထွက်လာတော့ ပိုးပျော်ကြပြီ။ ကိုကြီးထိန် က ပလွေတစ်လှည့် ဘာဂျာတစ်လှည့် မှုတ်တယ်။ အာမီရမ် မူးမူးနဲ့ အုပ်စိုး တစ်လှည့် ကိုတင်ဦး တစ်လှည့် ကကြပြီ၊ တော့ မူးနေတဲ့ ဘိုးရွှေက ကျကျနန လက်ခုပ်တီးပေး တယ်။

ထုံးစံအတိုင်း သီချင်းက ကိုကြီးထိန် အသည်းစွဲ မြင်း လှည်းလေးနဲ့တူပျော်ပျော်နဲ့ စုံတောမြိုင်။

'ဟေ့ဟေ့ ××ဘုရားပွဲတော် သွားစို့နော်၊ဘုရားပွဲတော် သွားစို့နော်'

ချောင်းခေါင်းမှာ ပလွေသံ၊ သာချင်းသံက ဆူညံနေသလို လက်ခုပ်သံတွေကလည်း မြိုင်လို့။ ဟိုဘက်တဲက မောင်ကြီးတို့ အေးဆောင်တို့တောင် မူးပြီးသားအရှိန်လေးနဲ့ လှာပေါ်င်းပြီး ပျော်ကြလို့။

မငမ္မနိုင်တဲ့ တောင်ပေါ်ညး ပျော်စရာကောင်းတဲ့ညး ပျော်စရာကောင်းတဲ့ညး မူးပြူးခေါ်ကြတဲ့ ဂျက်ကလင်းသံတွေ ဆူညံပြီး အုပ်စိုး ရင်နာရတဲ့ည။

* *

'ထွန်း ထွန်း ထပါဦး၊ ထူပါဦး'

'လာပါ ထွန်းရေ၊ ဂျက်ကလင်းနဲ့ လိုက်ခဲ့စမ်းပါ'

ဟင်...ဂျက်ကလင်းရယ်။ ဘယ်ကို သွားမှာလဲ။ မင်းကလေးလေးရော။ ဟောဗျာ....ကလေးလေးက လမ်းတောင်လျှောက်နေပြီ။ ကလေးလေးက အံ့သြစရာ မင်းနဲ့တူလိုက်တာ ဂျက်ကလင်းရယ်။ အား....ငါ့လက်တွေကို သိပ်မဆွဲနဲ့ကွာ။ ငါ မူးနေတယ်။ ငါ အိပ်ချင်တယ်။



'ဒီမှာကြည့်....ဂျက်ကလင်း ကပြမယ် သမီးလေးနဲ့'

ဟား....ဟား....ဟား...ဟား၊ သိပ်ရယ်ရတာပဲ။ ဂျက်ကလင်းက က,လည်းမကတတ်တဲ့နဲ့။ သမီးလေးက ဟုတ်တုတ်တုတ်ရှိသေး။ ရယ်ရလွန်းလို့ အူတက်သေတော့မယ် ဟ...

ဂျက်ကလင်း ကနေရာက ဖြုန်းဆို ရပ်ပင်လိုက်ပြီး ခပ်တည်တည်နဲ့ အုပ်စိုးနားကို ပြေးကပ်လာတယ်။

'ဂျက်ကလင်း'

'ငြိမ်ငြိမ်နေစမ်း မလှုပ်နဲ့'

ဂျက်ကလင်းက အုပ်စိုး နောက်ကျောကို ဓားနဲ့လား၊ တုတ်နဲ့လား မသိဘူး။ ဖိပြီး ထောက်ထားတယ်။ ဘာလုပ်တာလဲ ဂျက်ကလင်းရဲ့။ မနောက်နဲ့ကွာ။ မင်းဟာ ခုတစ်မျိုး ခုတစ်မျိုး သိပ်ဖြစ်တဲ့ မိန်းမပဲ။ ငါ့ကိုဆို အမြဲညာချင်တဲ့ မိန်းမ။ အို...ဟော ဂျက်ကလင်း ဖယ်စမ်းပါ။ ငါ့ကျောတအားစူးနေပြီ။ ငါ့ကို ဓားနဲ့ထိုးနေတာလား။ ကျွတ်ကျွတ် စူးလိုက်တာကွာ။ ဂျက်ကလင်း မလုပ်ပါနဲ့။

'ဂျက်ကလင်း ဂျက်ကလင်း'

အုပ်စိုး တအားကုန်းပြီး လှိမ့်လိုက်ပေမယ့် ခြေထောက်တစ်ခုက တင်ပါးကို ပိတ်ကန်တယ်။ အိုး...ကျွတ်ကျွတ်။

'ဟော ကောင် မအေ၊ မအော်နဲ့ ငြိမ်ငြိမ် မှောက်နေစမ်း'

ဘာဖြစ်နေတာလဲ။ ဒါ ဂျက်ကလင်း အသံမဟုတ်ပါဘူး၊ အုပ်စိုးမှောက်နေရာက မျက်လုံးတွေဖွင့်ပြီးကပျာကယာ

လျှောက်ကြည့်တော့၊ အုပ်စိုးတို့ အားလုံး ချောင်းဘေးမှာ မှူးပြီး အိပ်ပျော်သွားတာ။ ဂျက်ဆလင်းတာ အိပ်မက်မက်နေတာ။

သွားပြီကွာ။ အုပ်စိုးတို့ အားလုံးမှောက်နေရပြီ။ နောက်ကျောတွေကို ဓားနဲ့လား၊ သေနတ်နဲ့လား ထောက်ထားခံနေရတဲ့ အဖြစ်ကတော့ အိပ်မက်မဟုတ်ဘူး။ တကယ်အစစ်။ အုပ်စိုးတို့ ဓားပြတိုက်ခံနေရပြီ။

'ဟေ့ကောင် ခေါင်းမထောင်နဲ့၊ မှောက်ပြီး မျက်စိမှိတ်ထား'

အုပ်စိုး ခေါင်းနဲ့ မြေကြီးရိုက်မိသွားတယ်။ တောက်... ချလိုက်ချင်လိုက်တာကွာ။ ခေါင်းကို ခြေထောက်နဲ့ ကန်တယ်။ မိုက်ရိုင်းတဲ့ကောင်။

အုပ်စိုးလက်သီးဆုပ်တာ မြင်တယ်ထင်ပါရဲ့။ အုပ်စိုးခေါင်းက ပိုစူးလာပြီး ပိုနာလာတယ်။ ဓားမြှောင်ပဲ ထင်တယ်။ ဝုန်းဆို ထိပြီး လုံးလိုက်ရင် ဓားမြှောင်က ရုတ်တရက် ထိုးလို့မရပါဘူး။

'မင်းတို့ရွှေတုံးတွေ ပေးစမ်းကွာ၊ မြန်မြန်၊ ဟိုဖဲ့သမား ဗီမယ်သေနတ်၊ တွေ့လား'

အုပ်စိုး စိတ်ပျက်သွားတယ်။ ဒီကောင်တွေမှာ သေနတ်ပါတာပဲ။ သေနတ်ဆာပါတာ။ အုပ်စိုး မှေးပြီးဖွင့်ထားတဲ့ မျက်လုံးမှာ မြင်နေရတဲ့ ရုပ်တွေကတော့ ပုဆိုးတိုတို၊ ဂျာဆင်အင်္ကျီအစုတ်တွေနဲ့ ပိန်ချောင်ချောင်တွေ။ အတုံးတွေနဲ့။ ငှက်ဖျားရုပ်တွေများတယ်။



ဒီကောင်တွေလည်း ရွှေသမားတွေ ဖြစ်ဖို့ များပါတယ်။ ညောင်နီပင် လာတဲ့ လူတစ်သောင်းကျော် အားလုံးဟာ ရွှေကို နည်းအမျိုးမျိုးနဲ့ရအောင်ယူဖို့ လာခဲ့ကြတာပဲမဟုတ်လား။

'ဟေ့ကောင်၊ လုပ်စမ်းဆို၊ ငါ ပစ်သတ်လိုက်မယ်၊ မအေ'

ကိုတင်ဦးကို ကန်တဲ့ ကျောက်တဲ့ အသံတွေ။ အင့်ခနဲ အင့်ခနဲ ကြားနေရတယ်။

'တဲထဲက အိတ်ပြာထဲမှာ၊ ခင်ဗျားတို့ ထင်နေတဲ့ ရွှေတုံးတွေ၊ ရွှေခဲတွေ၊ ကျုပ်တို့မရပါဘူး။ ခင်ဗျားတို့ ယူရက်ရင် ယူသွားကြပေါ့ဗျာ'

ကိုတင်ဦး ပြောလဲ ပြော ပြောပဲ။ ဓားပြပဲ သိပ်ယူရက်တာပေါ့။ သုံးကောင်က တဲထဲဝင်ပြီး ကျွမ်း ပြန်အောင် အကုန်ဆွဲရှဲပြီး ရှာကြတယ်။ ကိုတင်ဦးပြောတဲ့ အုပ်စိုးတို့ မိုးတွင်း နှစ်လကျော် လုပ်လာသမျှ ရွှေထုပ်လေး အပြင် တခြားမှာ ဖွက်သေးလားဆိုတဲ့ အသိနဲ့ မြေကြီး ပွနေတဲ့ နေရာတွေတောင် မကျန်ဘူး၊ ထိုးဆွပြီး ရှာကြတယ်။

'ခင်ဗျားတို့ အဲဒီရွှေလေးတွေ အကုန်ယူသွားရင် ကျုပ်တို့ ဝတ်လိမ့်မယ်၊ နည်းနည်းတော့ ပြန်ပေးခဲ့ပါဦးဗျာ'

ကိုကြီးထိန်ရဲ့ တောင်းပန်သံ ဝမ်းနည်းပက်လက်ကို ဂရုစိုက်ဖို့ ဝေလာဝေး။ ပြန်ပေးဖို့လဲ နေနေသာသာ ဟို အငတ်တစကောင်က တစ်လုံးကျန်နေတဲ့ အာမီရမ် တစ်ပုလင်းကိုတောင် အိတ်ထဲ ထည့်ယူတယ်။

အုပ်စိုးတို့ထဲက အင်္ကျီတိုးလုံး ချုပ်ထားတဲ့ လူတွေကို မရှာပေမယ့် လာပျော်ရင်း အဆစ်ပါတဲ့ မောင်ကြီးနဲ့အေးဆောင်တို့ အင်္ကျီအိတ်တွေထဲ နှိုက်ရှာကြပြီး တွေ့သမျှ ပိုက်ဆံနဲ့ ဆေးလိပ်တွေပါမကျန် ယူကြတယ်။

မအေး...တွေ့။ ဘယ်ဘက်က ဝင်တိုက်လာကြတဲ့ ကောင်တွေလည်း မသိဘူး။

အရေးထဲမှာ မိုးလေးက ဖွဲ့ဖွဲ့ကျလာတော့ တခြားသူတွေနိုးပါစေလို့ဆုတောင်းနေတာ။ အလကား ဖြစ်သွားပြီ။ တစ်တဲနဲ့တင်တဲ လှမ်းရတဲ့အထဲ နွေပင်ပန်းတော့ ညကျ တုံးထိုးထားသလို အိပ်ကြတာ။ မိုးလေးဖွဲ့ဖွဲ့ဆို ပိုတောင်အိပ်လို့ကောင်းသေး။

'အကုန်မလှုပ်နဲ့၊ လှုပ်တဲ့ကောင် အသေပဲ၊ ဟေ့... လှုပ်တဲ့ကောင်၊ လိုက်လာတဲ့ကောင် အကုန်ပစ်ဟေ့'

အုပ်စိုးကျောက စူးနေတဲ့ ဓားမြှောင် ရုတ်ခနဲ ဖယ်သွားတယ်၊ ဒီကောင်တွေသွားပြီ။ အုပ်စိုးတို့ ရွှေထုပ်လေး ပါသွားပြီ။

ဂျက်ကလင်း သမီးလေး ပေးခဲ့တဲ့ ရသမျှထဲမှာ အကြီးဆုံးရွှေတုံးလေးရော ပါသွားပြီ။

လရောင် မှုန်မှုန်အောက်မှာ ခြတ်မီးတွေ ဝင်းခနဲဝင်းခနဲ သေနတ်တကားကား နောက်ဆုတ်သွားနေတဲ့ ကောင်တွေကို အုပ်စိုး မှောက်နေရာက အသာခေါင်းထောင်ပြီး ရုပ်တွေကိုကြည့်ပေမယ့် မသဲကွဲပြီ။ မအေးပေးတွေ ခြောက်လုံးပြူးတွေနဲ့ချည်းဟ၊ ဘယ်ကမျှား ရပါလိမ့်။



'လိုက်တဲ့ကောင် ပစ်ဟေ့။ အသေပစ်။ ဟေ့ ကောင်တွေ မထနဲ့ဦးနော်၊ ထရင်တော့ မင်းတို့'

တဖြည်းဖြည်းနဲ့ အသံက ဝေးသွားပြီ၊ ပျောက်သွားတယ်။ သွားပြီ။ ပြေးပြီ။ ဟိုကောင်တွေ သုတ်ခြေတင်ပြီ။ အုပ်စိုးတို့အားလုံး တဝုန်းဝုန်း ထရပ်ကြတယ်။

'တောက် နာလိုက်တာကွာ၊ မအေးတွေ။ မြင်းတစ်စီးတောင် မပါပဲနဲ့ လာတိုက်တာ၊ သေနတ်တွေကြောင့် ခံရတာကွာ'

'နို့ မို့ ချရင် ရတာပေါ့ကွာ၊ တောက်'

အုပ်စိုးရယ်၊ မောင်ကြီးရယ်၊ အေးဆောင်ရယ်က မကျေနပ်နိုင်ပဲ ဓားမြတွေ သွားရာဘက်ကို လိုက်ကြည့်ကြတယ်၊ ကိုတင်ဦးကငိုင်။ ဘိုးရွှေလည်းငိုင်လို့။ ကိုကြီးထိန် ကတော့ ငမ်းနည်းပက်လက် အဖြစ်ဆုံး။ ငိုသံတွေတောင် ပါလာတယ်။

'သွားပါပြီကွာ၊ ငါတို့ ပင်ပင်ပန်းပန်း လုပ်ထားရတဲ့ ရွှေလေးတွေ မတရားသဖြင့်ကွာ၊ အကုန်ယူရက်ကြတယ်'

'မောင်ထိန်ရေ။ ဓားပြကွ၊ ရသမျှအကုန် ယူမှာပေါ့၊ ဒီလိုပါပဲကွဲ၊ ဒါတွေ မဆန်းပါဘူး၊ ဒီကောင် တွေလည်း ရွှေသားခ လုပ်မနေရာကနေ ရိုက်ပုတ်သွားတဲ့ ကောင်တွေပဲ။ ဝင်လို့ တိုက်ရာကနေ အလွယ်လမ်း လျှောက်နေတဲ့ကောင် တွေ၊ မပူပါနဲ့ကွာ၊ တို့ ရွှေတောထုံး နှလုံးမူအမ်းပါ၊ ဒီနေ့ကုန် နက်ဖြန် ပြန်ရမှာပေါ့'

ကိုကြီးထိန် စကားပြန်မပြောဘဲ မှောက်လျက်။ ကိုတင်ဦးကတော့ ဒေါသနဲ့ တစ်တစ်ခွခွ ဆဲလိုက်တုန်းမှာပဲ။ အုပ်စိုးတို့ မောင်ကြီးတို့ တဝုန်းဝုန်းပြန်ပြေးလာကြပြီ။

'ကိုတင်ဦး ဒီမှာကြည့်စမ်း၊ ကျုပ်တို့ ခံလိုက်ရပြီ'

အုပ်စိုး လက်ထဲမှာတော့ ဟိုကောင်တွေ ကျကျန်ခဲ့တဲ့ အနက်ရောင် ကလေးကစားစရာ ခြောက်လုံးပြူးလေးတစ်လက်။

*

မိုးက သဲသဲမဲမဲ ရွာနေတယ်။ တောင်ပေါ်ချောင်းရေတာ တအားပြည့်လျှံပြီး ဆင်းလာတဲ့ မိုးရေတွေကလည်း တဝေါဝေါ။

ပထမတော့ အုပ်စိုးတို့ တောင်ပေါ် ရွှေသမားတွေ ပျော်လိုက်ကြတဲ့အမျိုး။ တောင်ပေါ်ရေတင်စရာ မလိုတော့ဘူး။ ရေမွှေးစရာမလိုတော့ဘူး။ မိုးရေထဲမှာ တောင်ခါးပန်းတွေကို တွင်တွင်ဖြိုပြီ။ မိုးရေအရှိန်နဲ့ တိုက်စားစေတယ်။ ခံထားတဲ့ ရေကန်ထဲမှာ ရွှေစ ရွှေနတွေ ကြိုက်သလောက် စုံစမ်းပေါ့။



ပြီးတော့ တဝုန်းဝုန်း ရွာနေတဲ့ မိုးရေအောက်မှာ ပေါက်တူးတစ်လက်စီနဲ့ တောင်ခါးပန်းတလျှောက် ဟိုပြေး သည်ပြေး ပြေးပြီ၊ မိုးရေစီးတဲ့ နေရာမှာ တူးကြဆွကြတယ်။

'ဟေ့….ရွှေရကျောက်ရ တောင်ကွ၊ ပတ္တမြားတွေ၊ နီလာတွေ၊ စိန်တွေ ရှိတဲ့တောင်။ ဒီမိုးကြီးက လူအပေါင်းကို ရတနာတွေ ဖြိုချပေးဖို့ တောင်ပိုင်နတ်မင်းတွေဆီ ရှခိုးတာတော့၊ ဟား ဟား'

အမိန့်တော်ရမင်း အဘိုးကြီး ထင်ရာတွေကို မိုးရေထဲမှာ ပေါက်တူးမြှောက်ပြီး အော်တဲ့အသံက အုပ်စိုးတို့ တစေတွေကို ပျော်ပြီး စိတ်တက်ကြွစေတယ်။ နောက်ပြီးတော့ အားလုံးကလည်း ရွှေသမားအယူနဲ့ အတိတ်နိမိတ်တွေ ကောက်ကြတယ်။ အရူးစကားဆိုတာ မှန်တတ်တယ်တဲ့လေ။

'ဟောဒီမှာ ကျောက်တစ်လုံး၊ ဟောဒီမှာ ပတ္တမြားတစ်လုံး၊ ဟောဇီမှာ နီလာ၊ ဒါဟိုသမီးလေးဖို့ ရွှေကုန်သည်မိန်းမ သမီးလေးဖို့'

သိပ်ရယ်ရတာပဲ။ အမိန့်တော်ရမင်း အဘိုးကြီး၊ မိုးရေထဲမှာ တောင်ခါးပန်းတွေကနေ လွယ်အိတ်ထဲ ကောက်ကောက်ထည့်ပြီး အော်နေလို့ အဟုတ်မှတ်ပြီး ပြေးကြည့်ကြရင် တွေ့ပါလိမ့်မယ်။ သူ့လွယ်အိတ်ထဲမှာ ကျောက်ဖြုန်းတွေနဲ့ ကျောက်စရစ်ခဲတွေ။

မိုးက အသက်မပြတ် တအားရွာတယ်။ ဘယ်လေးကျော်ရွာရွာ ရွှေသမားတွေ ဘယ်သူမှ မဝင်ကြဘူး။ တောင်ကျောတလျှောက်မှာ တလှုပ်လှုပ်နဲ့ ပြေးနေကြတယ်။ ပြေးနေကြမှာပေါ့။ တောင်ခါးပန်း တစ်နေရာစီကနေ တစ်ယောက်က ရွှေဖတ်ကြီးတစ်ဖတ်နဲ့ တစ်ယောက်က ကျောက်ပြာလေးတစ်လုံးရလိုက်တယ်လေ။

ဘာပြောကောင်းမလဲ။ ဟိုနေရာ ပြေးတူးလိုက်ကြ။ဒီနေရာပြေးတူးကြနဲ့ ခမ်းရမှန်းလည်း မသိဘူး၊ မောရမှန်းလည်း မသိဘူး။ အုပ်စိုးတို့ဆို မိုးရေထဲမှာ ပြေးရင်းလွှားရင်း ပေါက်တက်ကရတွေ တအားအော်ဟစ်အသံတွေတောင် ပြောလာတယ်။

'ဗျို့....ဘိုးရွှေ ဒါကတော့ ကိုယ်ရကိုယ်ယူနော်၊ ကံစားနဲ့ မဆိုင်ဘူး၊ တောင်ခါးပန်းက ရွှေတုံးအကြီးကြီးရရင် ကျုပ်တစ်ယောက်တည်းပဲ ပိုင်တယ်နော်၊ အဲ....အဲ....ကျုပ်နဲ့ ပိုပို့နဲ့ မပါလေ၊ ဟီးဟီး'

'ရှူးပါ့မောင်ထိန်ရာ မင်းမလဲ၊ ရွှေတုံးအကြီးကြီးပဲရရ၊ ပြည်တန်ပတ္တမြားပဲရရ ယူပါ၊ မင်းဟာပင်းပဲ ယူစမ်းပါ'

ကိုကြီးထိန်ကတော့ တဟဲဟဲ ရယ်ရင်း တက်ကြွနေတယ်။ ပင်ပန်းဒဏ်ကြောက်တဲ့ ကိုတင်ဦးတောင် အုပ်စိုးတို့ကိုကြည့်စိတ်ပါလာပြီး ပေါက်တူးတစ်လက်နဲ့ လိုက်ဆွတယ်။ ဘိုးရွှေတစ်ယောက်ပဲ ရွှေမှုန် ရွှေစစုတဲ့ ရေကန်နားမှာ ငြိမ်ငြိမ်ရပ်ကြည့်တယ်။



အုပ်စိုးကတော့ ဆုတောင်းမိတယ်။ ရှိစုရှိမဲ့လေး ခါးပြကြောင့် ကုန်ပြီးတဲ့နောက်ပိုင်းမှာ ရွှေဖတ်က လုံးဝကျမလာတော့ဘူးလေ။ မိုးကသည်း ကုန်တော့မယ်။ လုပ်ကွက်တစ်လလောက်မှာ ရွှေဖတ်မကျရင် အုပ်စိုးတို့ ချမ်းသာဖို့ မပြောနဲ့ ထမင်းစားဖို့တောင် အနိုင်နိုင်ဖြစ်မှာ။ ရတ်တရက် ဗိုးမိုးကြီး ရွာတာဟာ အုပ်စိုးတို့အတွက် ရွှေတွေ ကျောက်တွေရဖို့ပဲ ဖြစ်ပါစေလို့ အုပ်စိုး ဆုတောင်းတယ်၊

ဒါပေမယ့် အုပ်စိုး ဆုတောင်းမပြည့်ပါဘူး။

* * *

မိုးက အညာထုံးစံအတိုင်း ခုနစ်ရက်ခုနစ်လီ ရွာတဲ့ စွေမိုးကြီး။ တစ်နေကုန်။ တစ်ညလုံးမနားတဲ့ ဆက်တိုက် ဆက်တိုက်ရွာတယ်။ အုပ်စိုးတို့ တောင်ပေါ် ရွှေသမား အားလုံးကလည်း မိုးထဲမှာ နေ့တိုင်း၊ နေ့တိုင်း တစ်နေကုန်ထွက်ပြီး မိုးရေစီးနဲ့ တိုက်စားပါလာမယ့် ရွှေတုံးတွေ။ ကျောက်တွေကို မျှော်လင့်ကြတယ်။

ဒါပေမယ့် မျှော်သင့်တဲ့ရွှေတွေ၊ ကျောက်တွေ ကတော့

မိုးရေစီးနဲ့ ပါမလာပဲ မပျော်လင့်တဲ့ ဒုက္ခတွေကတော့ မိုးရေစီးနဲ့ ပါလာခဲ့ပြီ။ မိုးကြီးရွာပြီ။

လေးရက်မြောက်နေ့မှာ အမိန့်တော်ရမင်း ဆုံးတယ်။ ငါးရက်မြောက်နေ့မှာ တောင်ထိပ် တဲ့ တစ်တဲက ရွှေသမား တစ်ယောက်ဆုံးတယ်၊ ခြောက်ရက်နေ့မှာ အစားအစာ အကုန်ပြတ်ပြီး တောင်ပေါ်ရွှေသမားတွေအားလုံး ငတ်ကြတယ်။

မိုးစဲသွားကာ အုပ်စုတို့ ငေးကြည့်နေမိကြတယ်။ ဘယ်တော့မှ မတိတ်တော့မယ့် မိုးသဲသဲကြီးအောက်မှာ အစာရေစာ ငတ်ပြတ်ပြီး အုပ်စုတို့ သေရတော့မှာလား ဆိုတဲ့ အသိနဲ့ မိုးရေစိမ့်ယိုနေတဲ့ တဲထဲမှာ အားလုံးဗိုက်မှောက်ပြီး စိတ်ပျက်အားလျော့နေခဲ့ကြတယ်။

ခုနစ်ညမြောက်တဲ့ ဒီမနက်မှာ တဖြည်းဖြည်း စဲလိုက်လာတဲ့မိုးကို မယုံနိုင်သလိုပဲ။ ဘာပဲပြောပြော မိုးစဲတာ မြင်တော့ အားပြန်တက်လာမိတာတော့ အမှန်ပဲ။ မိုးတိတ်သွားရင် အားလုံး၊ အလုပ်ပြန်ဖြစ်မယ်လေ။



မိုးကြောင့် ဈေးဝယ်မဆင်းနိုင်တဲ့ ဈေးသည်တွေက အောက်ပြန်ဆင်းပြီး ဈေးဝယ်ကြမယ်။ အုပ်စုတို့ ရွှေသမားတွေက ကိုယ့်ရေကန်လေးထဲက ရွှေစရွှေမှုန် အရောအနှောတွေကို အင်ရွှေဒလောင်းကြမယ်။ အင်ဝိုင်းလှည့်ကြမယ်လေ။

ပြီးတော့ ရွှေကုန်သည်တွေဆီမှာ သွားရောင်းပြီး ပြန်တက်လာမယ့် ဈေးသည်တွေဆီက စားစရာ သောက်စရာ ဝယ်ရုံပဲပေါ့။ အနည်းဆုံးတော့ မိုးရွာမနေဘူးဆိုရင် တောထဲမှာ ဘာကောင် ညာကောင်လေးလိုက်ပြီး စားလို့ရတာပေါ့။

အော် ...မိုးနှယ်။, ခုကျတော့လည်း မိုးကို မုန်းလိုက်ကြတာ၊ တိတ်စေချင်လိုက်ကြတာ။ ပထမ စပြီး မိုးရွာတဲ့ရက်တုန်းကများ ရွှေမိုး၊ ငွေမိုး၊ ပတ္တမြားမိုးနဲ့ ပျော်လိုက်ကြတဲ့ဖြစ်ခြင်း။

'ကျွတ်....ကျွတ်....ကျွန်တော်တို့ ဘာလုပ်ကြမလဲ ဘိုးရွှေ'

ကိုတင်ဦးအသံက ပျော့ပျော့လေး....။ ဘယ်လောက်မောပါတယ်ဆိုဆို အသက်က စကားပြောတော့ ဘိုးရွှေခင်ဗျာလည်း မှောက်ရက်လေးတနေ ကိုတင်ဦး စကားမပြန်နိုင်ဘူး။ အဖျားဝင်စပြုနေတဲ့ ကိုကြီးထိန်ကျတော့ ရေမစို တစိုစောင်နဲ့ကွေးရင်း တဟင်းဟင်း ညည်းနေတယ်၊

အုပ်စုတို့လေးယောက်။ မိုးကြီးရွာပြီး ငါးရက်မြောက်ညကတည်းက ဆန်ပြုတ်သောက်ရတာ။ နောက်ခြောက်ရက်မြောက်နေ့၊ တစ်နေ့လုံး ဘာမှမစားရဘူး။ တစ်ညလုံးလည်း ဘာမှမစားရတာ။ ဒီနေ့ ခုနစ်ရက်မြောက် မနက်ထိ။

အုပ်စိုးကတော့ အရင် အဖျားခတ်ခံမှုတာတောင် မဖျားဘဲ နေတာကို ဝမ်းသာနေမိသေးတယ်။ အစာမရှိတဲ့ထဲ ဖျားရင် ပိုဆိုးမှာ၊

ပထမဆုံး တဲထဲမှာ ဘာစားစရာရှိသေးလဲဆိုတာ အုပ်စိုး စဉ်းစားကြည့်တယ်၊ မနေ့ကလည်း စဉ်းစားခဲ့ပြီးပြီလေ။ သေချာတယ်၊ တဲထဲမှာ ဘာမှမရှိဘူး။

ဒါဖြင့် ဘာလုပ်ရမလဲ။ ရေကန်ထဲက ရွှံ့စရွှံ့န အစရော အနေအနာတွေကိုပဲ အင်ရှေသွားလောင်းရမလား။ အလုပ်လုပ်နေရင် ဆာတာကို မေ့နိုင်ပေမယ့် အလုပ်ရပ်လိုက်တဲ့အခါ မတရား ပိုဆာလာမယ်လေ။

ဒါ့ထက် ခုလို ဗိုက်ပိန်ချပ်နေ့က မြူးတပိုးတောင်မပြီး မြူးစကာထဲ ထည့်နိုင်ပါ့မလား။ ကဲ....လုပ်နိုင်ပြီပဲ ထားပါတော့။ ရှေ့ရပြီပဲထားပါတော့။ ရွှေကုန်သည်တွေဆီ သွားရောင်းလို့ ပိုက်ဆံရပြီပဲ ထားပါတော့။ ဘယ်မှာသွားပြီး ဆန်ဝယ်မသဲ....ဆီဝယ်မလဲ။

ရွှေကုန်သည်တွေဆိုလို့ သူတို့လည်း ငါတို့လိုများ ငတ်နေ့မလား။ ဘုရား...ဘုရား။ အုပ်စိုးရင်ထဲမှာ ရုတ်တရက် ပူပန်လာတယ်၊ အေးလေ၊ ဖြစ်တော့ မဖြစ်နိုင်ပါဘူး။ သူတို့က ဆယ့်ငါးရက် နေမယ်ဆို၊ ဆယ့်ငါးရက်၊ တစ်လ နေမယ်ဆို တစ်လ။ ရိက္ခာအပြည့်အစုံနဲ့ လာတဲ့လူတွေပဲ။ ရိက္ခာအပြည့်အစုံဆိုတဲ့နေရာမှာတောင် အုပ်စိုးတို့ ရိက္ခာ ပြည့်စုံသလိုမျိုး ဆန်၊ ဆီ၊ ဆား၊ ပဲတင်မဟုတ်ဘူး။ အသား



ခြောက်၊ ငါးခြောက်၊ ငါးသေတ္တာ၊ ဘီစကွတ် မုန့်မျိုးစုံ ပါသေးတာပဲ။

သူတို့ မဖြစ်နိုင်ပါဘူး။ ဂျက်ကလင်းရယ်။ ပြတ်များပြတ်လို့ကတော့ မင်းမှာ ကလေးနဲ့။ ဒုက္ခပဲ။ အုပ်စိုး မှောက်ရာက ထထိုင်လိုက်တယ်။ ခေါင်းထဲမှာ မိုက်ခနဲဖြစ်သွားတယ်။

ငါ မင်းဆီ လာချင်တယ် ဂျက်ကလင်းရယ်။ ဟိုတစ်နေ့ ညတွေကစပြီး ငါတို့လိုများ မငတ်နေခဲ့ရင် ခု မင်း ဘယ်လိုဖြစ်ခနေမလဲ။ ဟိုသမီးလေး ဘယ်လို ဖြစ်နေမလဲ။

အုပ်စိုး တဲခပါက်ဝမှာ စောရပ်ပြီး ငိုင်နေမိတယ်။ ကိုတင်ဦးပြောတာကတော့ အဲဒီ ရွှေကုန်သည်ကောင်တွေက ဆယ့်ငါးရက်တစ်ခါ တစ်ယောက် အောက်ဆင်းပြီး ရွှေမှုန် ရောင်းသတဲ့။ ဒါဆို ဆယ့်ငါးရက်စာ၊ ဆယ့်ငါးရက်စာ သေချာပေါက် ရှိနေမှာပဲ။

တစ်ခုပဲ။ ဆယ့်ငါးရက် ပြည့်မယ့်နေ့ဟာ မနေ့က ဆိုရင်ရော၊ တမြန်နေ့က ဆိုရင်ရော၊ ဒီနေ့ ဆိုရင်ရော။ သွားပြီ။ အဲသလိုဆိုရင်တော့ သေချာပေါက်ပြတ်ပြီ။ ကံကောင်းထောက်မလို့ မိုးကြီးမရွာခင် နေ့ဟာ ရွှေကုန်သည်ကောင် ဆယ့်ငါးရက်ပြည့်ပြီး အောက်ဆင်းတဲ့နေ့ ဖြစ်ပါစေ။

ဂျက်ကလင်းရယ်... ငါ မလာတော့ပါဘူး။ ဘာပြုလို့လဲ ဆိုတော့ မင်းငတ်နေရင်လည်း ငါ့မှာ ဘာပေးစရာမှ မရှိ။ ငါ့အသားလှီးကျွေးဖို့ပဲ ရှိတယ်။ အေး မင်းမှာ ပြည့်စုံနေခဲ့ရင်တော့ ငါတော်လို့၊ လိုချင်လို့လာတာလို့ ထင်ခံရမှာ ငါ

ကြောက်တယ် ဂျက်ကလင်း၊ မင်းနဲ့ ကလေးလေး ဘာမှမဖြစ်ပါစေနဲ့ ဂျက်ကလင်းရယ်။

အုပ်စိုး မိုးဖွဲ့ဖွဲ့ထဲကို ထွက်ခဲ့တယ်။ ရင်ထဲမှာ တုန်ချင်ပေမယ့် တင်းထားတဲ့စိတ်ကြောင့် လမ်းတော့ လျှောက်နိုင်သေးတယ်။ အရှိန်ပြင်းပြင်း စီးနေတဲ့ ချောင်းဘေးမှာ ရပ်ကြည့်ရင်း မြေစပွပွဖြစ်နေတဲ့ နေရာကို ရုတ်တရက်မြင်တော့ အုပ်စိုး အကြံတစ်ခု ရလာတယ်။

တဲဆီပြန်လာခဲ့ပြီး တဲခေါင်မိုးကနေ လျှောကျနေတဲ့ ငါးမျှားတံကို ယူတယ်။ ဓားမြှောင်ကို ယူတယ်။ ပြီးတော့ ချောင်းဘေး ပြန်လာခဲ့ပြီး မြေကြီးထဲကို ဓားမြှောင်နဲ့ အသာဆွလိုက်တယ်။ တီနှစ်ကောင် သုံးကောင် ပေါ်လာတာကို ဝမ်းသာအားရနဲ့ စားပစ်ချင်စိတ်တောင် ပေါက်တယ်။ ငါးမျှားချိတ်မှာ တီကောင်တပ်ပြီး ချောင်းထဲ ပစ်လိုက်တယ်။ ကြိုးလေးက မျောခနဲ ရေစီးမှာပါသွားပြီး ဖော့လေးကတော့ ထောင်လို့။

အို.... ဘာပဲဖြစ်ဖြစ် တောင်ပိုင်နတ်တွေ မလိုက်စမ်းပါ။ အုပ်စိုးတို့ လေးယောက် ထူနိုင်ထနိုင်ရှိ ငါးလေးနှစ်ကောင် သုံးကောင်လောက် ရပါစေဘုရား။

ကိုတင်ဦး ဖြစ်ကတတ်ဆန်း လုပ်ပြီး ဝါသနာအရ အပျင်းပြေမျှားတဲ့ ငါးမျှားတံလေးကို အုပ်စိုး ရင်တထိတ်ထိတ်နဲ့ ကြည့်နေမိတယ်။ အုပ်စိုး ဖျတ်ကနဲ ကုန်းပေါ် ဆွဲတင်လိုက်



တော့ အို – ငါးလေးတစ်ကောင်။ အုပ်စိုး စိတ်ပျက်လက်ပျက်နဲ့ ငါးမျှားတံကို ပစ်ချလိုက်တယ်။

သောက်ကျိုးနဲ။ ငါးက ငါးလေးဆိုမှ တကယ့် ငါးသေးသေးလေးပဲ။ ဒါပေမယ့်လေ.... ဘာပဲဖြစ်ဖြစ်ပေါ့။ အုပ်စိုး ငါးလေးကိုဖြုတ်ပြီး အသာထား၊ တီတစ်ကောင်ယူ ငါးမျှားချိတ်တပ်ပြီး နောက်တစ်ခါ စိတ်ရှည်ရှည် ထားရပြန်တယ်။

'ဂူ.... အုပ်စိုးရေ'

အုပ်စိုး ရုတ်တရက် လန့်ပြီး လှည့်ကြည့်လိုက်တော့ ဟိုဘက်တဲက အေးဆောင်။ သူ့ ခေါ်ပုံက အမိန့်တော်ရ အဘိုးကြီးနဲ့ သိပ်တူတာပဲ။ သနားပါတယ် အဘိုးကြီး။ တစ်နည်းအားဖြင့်တော့လည်း ဝဋ်ကျွတ်တာပေါ့လေ။ အေးဆောင်ကလည်း အုပ်စိုးနဲ့ အကြံတူ ညဏ်တူ။ လက်ထဲမှာ ငါးမျှားတံကိုင်ပြီး ယိုင်ယိုင် ယိုင်ယိုင်နဲ့။

'ရလားကွ'

'မရပါဘူးကွာ'

'ရရင် ကောင်းမယ်ကွာ၊ ဆန်နဲ့ ပြုတ်သောက်မယ်'

'ဟေ့ကောင်.... ဆန်ပိုသေးရင် ချေးပါကွာ၊ ငါတို့ ငတ်နေတာ နှစ်ညနဲ့နှစ်ရက် ရှိတော့မယ်'

'မရှိပါဘူးကွာ ဆန်ဘစ်ဆုပ်ပဲ ရှိတယ်၊ အရင်နေ့တော ထဲက ဆန်တစ်ဆုပ် ချေပြီး ပြုတ်သောက်နေတာ၊ မင်း စဉ်း စားကြည့်၊ ငါတို့တဲက လူငါးယောက်'

အုပ်စိုး သက်ပြင်းပဲ ချလိုက်တယ်။ ငါးများတံဘက် ပြန် အားရစိုက်လိုက်တော့ဖော့လေးက စုပ်ဆို မြုပ်မြုပ်ပြီး အုပ်စိုး ဆွဲတင်လိုက်တယ်။ ဟာ.... ငါးကြီးကြီး တစ်ကောင်။

'အမလေး.... ရွှေတုံးကြီး ရတာထက်တောင် ဝမ်းသာရ ပါသေးလားဟ'

အုပ်စိုး ငါးကိုဖြုတ်ပြီး ကျောက်ခဲနဲ့ ငါးခေါင်းကို ထု ရတာ အရသာရှိလိုက်တာ။ ချက်ချင်းတီတပ်၊ ငါးများချိတ်ကို ရေထဲပြန်ချ။ ပြီးတော့ ခဏစောင့်။

ဖော့လေးမြုပ်သွားပြီး မကြာခင် နောက် ခစ်ရွယ်ရွယ် တစ်ကောင် ထပ်ရတယ်။ အားလုံး သုံးကောင်ရတဲ့အချိန်မှာ တော့ အုပ်စိုး ထပြန်ပြေးခဲ့တယ်။

'ဟေ့လူ— ကိုတင်ဦး၊ ထ ထ ရေ့— ငါးကင်စားရ အောင်၊ ဘိုးရွှေ၊ ကိုကြီးထိန်လဲ ထပါဗျာ၊ အစာဝင်ရင် ခင်ဗျား ငှက်ဖျားလဲ ပျောက်မှာပါ'

အုပ်စိုး ရှိသမျှထင်းလေးကို အုနေတဲ့ မီးဖိုထဲထပ်ထည့်ပြီး ငါးကင်တယ်။ ဘိုးရွှေရော၊ ကိုကြီးထိန်ရော၊ ကိုတင်ဦးရော ငါးကင်နံ့ကြောင့် ထလာကြပြီ။ တံတွေးတွေ တစွပ်စွပ် မျိုချလို့။

'ရော့.... စား ဘိုးရွေ စား၊ ဆားလေးနဲ့ တို့စား၊ ကိုတင်ဦး ရော့၊ ကိုကြီးထိန် ရော့'



'မင်းလဲ စားလေကွာ'

'အိုး— စားမှာပေါ့၊ ဒါ အဆာပြေစားထားဦး၊ ပြီးရင် ျွန်တော် တစ်ခါ သွားမျှားဦးမယ်'

စားလိုက်တောင်းလိုက်တဲ့ ငါးကင်။ ရွှေတောမှာတုန်းက ားခဲ့ဖူးတဲ့ ဆယ့်နှစ်ကျပ်တန် ထမင်းက ဝက်သားဟင်း က်လည်းတောင်း၊ မစားဖူးလို့ မတန်တန် ဈေးကြီးပေး ဝယ်စားခဲ့ဖူးတဲ့ ငါးသေတ္တာနဲ့လည်း ဘာမှမဆိုင်။ တန်ဟန့်ဆိုင်က ထူးထူးဆန်းဆန်း တရုပ်ဟင်းခတွေထက်လဲ များကြီး သာတယ်။

ဒါပေမယ့် ထပ်ကင်စားဖို့ နောက်တစ်ခါ အုပ်စိုးသွား မျှားနိုင်တော့ဘူး၊ အချိန်မှန်တုန်းလာတဲ့ ကိုကြီးထိန်ကို ရေ ကြီးရွက် မျက်ဥှဦးဝတ်ပေးတုန်းမှာပဲ အုပ်စိုးလဲ၊ အချိန်မှန် ခိုက်ခိုက်တုန်လာလို့ အိပ်ရာထဲလဲတယ်။

ပိုးတိတ်တိတ်ချင်း ပြန်ဆင်းသွားတဲ့ ဈေးသည် တွေက ာ်ချင်း ပြန်တက်လာနိုင်ကြတော့ ဗီနေ့တစ်နေ့လဲ အုပ်စိုး ကြံဖန်နေရဦးမယ်၊ ငါးလေးနဲ့ အသက်ဆက်လို့တော့ ရ

ပါရဲ့၊ ဒါပေမယ့် ဒီနေ့အဖို့ သူလိုကိုယ်လို ငါးနဲ့ အသက်ဆက်ကြပေမယ့် လူတွေက ချောင်းဘေးမှာပဲလို့။

ငါးမျှားတံရှိတဲ့ လူတွေက ငါးမျှားတာ၊ မရှိတဲ့ လူတွေက ရေထဲဆင်းပြီး ပုဆိုးနဲ့တိုက်လိုတိုက်၊ ရေတိမ်ရာမှာ စမ်းတဲ့လူက စမ်း၊ ဒီနေ့အဖို့ ဘယ်လိုမှ အုပ်စိုးတို့ ငါးရမှာ မဟုတ်တော့ဘူး။

ကိုတင်ဦးနဲ့ ဘိုးရွှေကတော့ ငါးစားထားတဲ့ အားလေးနဲ့ ရွှေရနိုင်သမျှလေး အင်ရွှေ လှောင်းနေကြတယ်။

ဈေးသည်တွေလာရင် အဆင်သင့် ဝယ်နိုင်ဖို့ ရွှေသွားရောင်းထားရမယ်။

ဒါမှမဟုတ်လဲ ကိုတင်ဦးက သူနဲ့သိတဲ့ ရွှေကုန်သည်တွေဆီမှာ ရွှေနဲ့ သူတို့ဆီရှိကြတဲ့ ဆန်နဲ့လဲပေးဖို့ ပြောမတဲ့။ ရရင်တော့ သိပ် ကောင်းတာပေါ့လေ။

အုပ်စိုးနဲ့အေးဆောင် ခါးမြှောင် တစ်ချောင်းစီနဲ့ တိုဘက်တောင်ကြောက တောနက်ထဲဆီကို ဝင်ခဲ့ကြတယ်။

သစ်ပင်ဝါးပင်တွေကတော့ မိုးရေအောက်မှာ စိမ်းလန်းလို့။ မိုးစက်တွေ သီးနေတဲ့ သစ်ကိုင်းပေါ်မှာ အစာရှာဖို့ ထွက်လာတဲ့ ငှက်လေးတွေကိုမြင်တော့ လေးခွမရှိတာ သိပ်နာတာပဲလို့ တက်ခေါက်မိတယ်။

အေးဆောင်ကလဲ တောက် တခေါက်ခေါက်နဲ့။ မိုးကြိုးမိလို့ ခုမှ ငှက်ကလေးတွေလဲ အစာရှာ ထွက်နိုင်ကြတာနဲ့



တာရဲ့။ ကိုယ်လည်းတူတူ သူလည်းတူတူ အစာရှာ ထွက်ကြသူချင်းချင်း သူ့တို့အသက်ကိုသတ်ပြီး စားဖို့အတွက် အုပ်စိုးတို့ ကြိုးစားနေမိတယ်။

ကိုယ်ချင်းစာတာတွေ မစာတာတွေ ဘေးချိတ်။ အုပ်စိုးတို့ ရွှေတွေကို ဘဝတူချင်းချင်း မတရား လုယက်သွားတဲ့ ခါးပြတွေရဲ့ နှလုံးသားမျိုး ဒီနေရာမှာ အုပ်စိုး မွေးရလိမ့်မယ်။

သစ်ကိုင်းပေါ်မှာ နားနေတဲ့ ငှက်မှန်သမျှကို ချုံထဲကနေ ချောင်းပြီး ခဲနဲ့ထုကြတယ်။ ချိန်သားကလည်းမကိုက်။ အားကလဲမရှိဆိုတော့ တစ်ကောင်မှ မမှန်ဘူး။ အကုန် လန့်ပျံပြေးကြတာ သဲသဲလှုပ်။

'ဟေ့ ကောင်အုပ်စိုး၊ အပင်ပေါ် တက်ကြည့်ရအောင်၊ ငှက်သိုက်တွေ့ရင် နှိုက်မယ်လေ၊ အကောင်ပေါက် တွေနဲ့ ဥတွေ့ရမယ်'

'ဟာ...မလုပ်နဲ့ကွာ၊ အဲဒါတော့၊ ငါ ငယ်ငယ်က အဲဒါမျိုး ခဏခဏလုပ်လို့ အဖေနဲ့အမေ ဆူရတာ၊ အိမ်နဲ့မနေရတာ၊ သူများ အသိုက်ကို မဖျက်ကောင်းဘူးကွ'

'နေကွာ၊ ဒါဖြင့်လဲ၊ ငါတို့ ယုန်တွင်းရှာရအောင်'

အေးဆောင်ကိုတော့ အဲဒီအသိုက် ဖျက်မိတဲ့ ဝဋ်ဟာ အမေနဲ့ဘင် မဟုတ်ဘူး ဂျက်ထလင်းနဲ့အထိ ဝဋ်လိုက်နေပြီလို့ အုပ်စိုး မပြောလိုက်တော့ပါဘူး။

'ယုန်တွင်းတွေ့ရင်တော့ ပွတာပဲကွ'

ဖေအးဆောင်က ချုံဖုတ်တွေထဲမှာ မိုးရေစက်တွေကို ခါခါပြီး ယုန်တွင်း လိုက်ရှာတယ်။

'သူတို့လဲချမ်းပြီး တွင်းအောင်းနေပြီ ထင်တယ်'

'မိုးတိတ်ပြီပဲကွ၊ အစာရှာ ထွက်မှာပေါ့'

ဖေအးဆောင် စကားကြောင့် အုပ်စိုး ဟိုဟိုဒီဒီ လှမ်းမြှူ ကြည့်လိုက်တော့ ဟိုခပ်ဝေးဝေး ချုံလေးနားမှာ ယုန်လေး နှစ်ကောင်၊ အမြှီးနဲ့ အနက်ကျားလေး။

'ဖေအးဆောင်၊ ဟိုမှာ'

'အေးအေး.... အသာလေးနော် အသာလေး၊ ဒီကောင်တွေက အိပ်မြန်တာဟ'

အုပ်စိုးတို့ နှစ်ယောက်မှာ အသက်မရှူရဲဘူး၊ ဓားကို ကျစ်ကျစ်ပါအောင်ဆုပ်ရင်း ချုံတွေကွယ် ကွယ်ပြီး တဖြည်းဖြည်း ကပ်သွားရတယ်။

ယုန်လေး နှစ်ကောင်ကတော့ နားရွက်လေးတွေ တစ်ထောင်ထောင်၊ မျက်လုံးလေးတွေ ဝိုင်းဝိုင်းနဲ့ သစ်ရွက်ညွန့် လေးတွေကို အေးအေးဆေးဆေး စားနေကြတယ်။

'ဒီတိုင်းပဲရအောင်ဖမ်း၊ ဓားနဲ့ထိုးဖို့မလွယ်ဘူး'

ဖေအးဆောင်က လေသံလေးနဲ့ ပြောတာကို၊ အုပ်စိုးအ ခေါင်းညိတ်ရင်း၊ ဓားကို ခါးကြားထဲ ပြန်ထိုးလိုက်တယ်။ အသက်ကိုဝဝရှူပြီး အားတင်းလိုက်တယ်။ လက်တွေမြဲမှ ဖြစ်မှာ။ လက်တွေကို ဆုပ်ချည်ဖြန့်ချည် လုပ်ပြီး အနားကို ဖြေး ကပ်လိုက်တယ်။

'ကဲ — လာပြီဟေ့'



နှစ်ယောက်သား အရှိန်နဲ့ ဖမ်းအုပ်လိုက်ကြတာ၊ တစ်ကောင်မိပြီး တစ်ကောင်က လန့်ပြီး ခုန်ပြေးတော့ ခုန်ပြေးတဲ့ နောက်ကို အုပ်စိုးတအားလိုက်ဖမ်း၊ ခဲတွေနဲ့ထု၊ လုပ်ရတယ်၊ ယုန်လေးက တအားလန့်ပြီး ချုံတစ်ခုထဲမှာ ကပ်နေတုန်း အုပ်စိုးရအောင် ဖမ်းယူခဲ့တယ်။

ယုန်သေနှစ်ကောင်ကိုဆွဲ တွေ့သမျှ စားကောင်းသမျှ ဟင်းရွက်မျိုးစုံကို အကုန်ခူးပြီး နှစ်ယောက်သား ပျော်ပြီး ပြန်ထွက်လာကြတုန်း၊ မပြီးစီးနိုင်သေးတဲ့ မိုးက အုံ့မှိုင်း လာပြီး တဝုန်းဝုန်း တဖိုင်းဖိုင်း ရွာတော့တာပဲ။

ဒီတစ်ခါတော့ မိုးကို အုပ်စိုးတို့နှစ်ယောက် အားရပါးရ အော်ဆဲကြတယ်။ မိုးရေတွေကို မျက်နှာခံမော့ခံရင်း ဗိုက် ဆာဆာနဲ့ တစ်တစ်ခွခွတွေ ဆဲကြတယ်။

အုပ်စိုးတို့ အဆဲကောင်းလို့လား မသိ။ တဲပြန်ရောက်တဲ့ အခါတော့ မိုးက တိတ်သွားပါရဲ့။

ဒါပေမယ့် မိုးနတ်မင်းကပဲ ဖမ်းစားလေသလား။ အရင် အဖျားရဲ့ ခေတ်စံကပဲ ခုမှ လာဦးပေါင်းလှသလားမပြော တတ်ပါဘူး။

အဲဒီညမှာ အုပ်စိုး အကြီးအကျယ် ဖျားတယ်။

'ဒီကောင်ဖြစ်လိုက်မှဖြင့် တအားချည်းပဲကွာ၊ ဆေးတွေ လုပ်လိုက်ရတာလဲ စုံနေပြီ'

'ဟိုတစ်ခါတုန်းက ဘိုးရွှေဆေးကြီးတိုက်တာနဲ့ ကျသွားတာပါ'

'ပေတယ်ကွ၊ ဒီကောင်လေးက ဟိုတောထဲ ထင်းရှာသွားတဲ့နေ့က မိတဲ့မိုး ခိုက်သွားတာ'

'ကဲ....ဘိုးရွှေ ဆေးနဲ့ ဆန်ပြုတ်လေးတိုက်ပါဦး'

အုပ်စိုး နားထဲမှာ အသံတွေ အားလုံး ရောထွေးနေကြတယ်။ အုပ်စိုး မျက်လုံးမဖွင့်ချင်ဘူး၊ ခေါင်းမထောင်ချင်ဘူး၊ ဘိုးရွှေ တိုက်တဲ့ဆေးမြစ်ရည်တွေလဲ မသောက်ချင်ဘူး၊ အင်္ဂလိပ်ငှက်ဖျားဆေး ဖြူဖြူတွေကိုလဲ မုန်းတယ်။

အဲဒီနေ့ကတည်းက ဖျားလိုက်တာ၊ မျက်လုံးပြူးလေးနဲ့ ယုန်သားလဲ မစားလိုက်ရဘူး၊ နောက်နေ့ဈေးသည်တွေ ဆင်တွေနဲ့ ပြန်တက်လာကြပြီး ပါလာသမျှတွေကို တောင်ပေါ် ရွှေသမားတွေ ဆိုသမျှဈေးနဲ့ အလုအယက် ဝယ်စားကြတာတွေလဲ အုပ်စိုး မသိတော့ဘူး။ အစာကလဲ အရင်နေ့တွေကတည်းက မရှိဘူး။ ခုဆိုတော့ အုပ်စိုး လုံးဝမလှုပ်နိုင်တော့ဘူး။

'အုပ်စိုး ထ....ထ—ဆေးသောက်ရအောင်'



အုပ်စိုး မျက်လုံးမဖွင့်ဘဲ၊ ကိုကြီးထိန် တိုက်တဲ့ဆေး သောက်တယ်။ ဆန်ပြုတ်ကို သောက်တယ်။ သောက်ရတာ ဘာအရသာမှ မရှိဘူး။

'ကိုကြီးထိန် သူ့ကောင်မတို့အဖွဲ့လဲ နက်ဖြန်ဆင်းတော့မယ်ဗျ၊ တစ်ခါထဲပြန်ကြတော့မှာတဲ့'

'ပြန်မှာပေါ့ ဆရာတင်ရာ၊ ရာသီလဲကုန်ပြီပဲ၊ မိုးကရွာလိုက် တိတ်လိုက်နဲ့ ကုန်မှာ၊ ဒီအညာဘက်က မိုးအေးလေးနဲ့ ဆောင်းဝင်သွားတာ'

'ကျွန်တော်တို့တော့ ကန်ထဲကဟာလေး နှစ်ခါသုံးခါ ဖော်ပြီးမှဆင်းရအောင်၊ ဒီကောင်လဲ ထူထူထောင်ထောင်ဖြစ်မှာနဲ့ အတော်ပဲ'

'အေးလေ'

အုပ်စိုး မေ့ခနဲသတိလစ်သလိုဖြစ်သွားရာက ကိုတင်ဦးတို့ ကိုကြီးထိန်တို့ အသံတွေ ပလုံးပထွေးကို ကြားရပြန်တယ်။ ကိုကြီးထိန်က ရယ်သံသံ့သံ့နဲ့။

'သူ့ကောင်မ ပြန်တဲ့နောက် ထည့်လိုက်ရင်ကောင်းမယ်၊ အဲဒါဆို ဒီကောင်နေကောင်းမှာပဲ'

ဘာရယ်၊ ဂျက်ကလင်း ပြန်တော့မှာလား။ ဘယ်ကိုလဲဟင်၊ ရန်ကုန်ကိုလား၊ ဒီရွှေကုန်သည်ကောင်တွေ ခေါ်တဲ့

နောက်ကိုလား၊ ဂျက်ကလင်းရေ၊ မင်းကို ငါမတွေ့လိုက်ရတော့ဘူးပေါ့၊ မင်း ငါ့ကို တကယ်ရက်စက်ပါတယ်။

'ဂျက်ကလင်း'

အုပ်စိုး ပါးစပ်က လှုပ်ရှုံ့လေး ထွက်လာတဲ့အသံကို ဘယ်သူမှ ဂရုမစိုက်မိကြဘဲ၊ ကိုကြီးထိန်တို့ သုံးယောက် စကားတပြောပြောနဲ့ တဲပြင်ထွက်သွားကြပြီ။

အဲဒီအချိန်မှာပဲ ဘယ်နှစ်ကြိမ်မြောက်လဲမသိ။ အုပ်စိုး အဖျားတက်ပြီး ပထမအကြိမ် သတိလစ်တယ်။

* *

'ထွန်း ထွန်းရယ်၊ ဒါလေ က်ကြီးဖြစ်နေတာ၊ ဂျက်ကလင်း မသိပါဘူး၊ မသိပါဘူး၊ ဂျက်ကလင်းလေ သူ့ကို နှုတ်ဆက်မလို့ လာတာ'



'မငိုပါနဲ့ဟယ်၊ အဖျားသိပ်ပြီး ကြီးတာကို ဆေးမြီးတို ကုနေရတော့ မြန်မြန် မပျောက်တာပေါ့၊ ကောင်းသွားမှာပါ'

'ဟင့်အင်း၊ ဘယ်ကလာ ကောင်းရမှာလဲ၊ ဗိုတိုင်းထိုး ထွန်းသေလိမ့်မယ်၊ သူ သတိလစ်နေတာ၊ ဂျက်ကလင်းခေါ်လို့မှ မရတာ'

'မဟုတ်ပါဘူးဟာ၊ နင်ကလဲ အဖျားဒဏ်ကြောင့် တစ်ချက်တစ်ချက် လစ်သွားတာပါ၊ ညကတည်းက ဒီလိုပဲ'

'ထွန်း...ထွန်း၊ ဂျက်ကလင်းလေ၊ ထွန်းကို လာနှုတ်ဆက်တာ'

'ကဲ...သွားပါဟာ နင်တို့ဆင်က စောင့်နေတာ မဟုတ်လား၊ တော်ကြာ ဆန်းမြင့်လိုက်လာလို့ သောက်စကားများနေဦးမယ်'

'ဂျက်ကလင်း မလိုက်တော့ဘူး'

'ဘာဟ'

'ဂျက်ကလင်းနေခဲ့မယ်၊ ထွန်းကို ဗိုတိုင်းကြီး မထားခဲ့နိုင်ဘူး၊ ကိုဆန်းမြင့်လဲ ဖျားနေတာ၊ ထူတောင်မထူနိုင်ဘူး၊ ကိုထိန်ကို ဟိုလူတွေကို သွားပြောပေးပါ၊ ဂျက်ကလင်းမလိုက်တော့ဘူး

'ထွန်း ထွန်းရေ အို...အို...သမီးလေးကလဲကွယ်၊ ခဏလေး ခဏလေး၊ ဘိုးဘိုးပေါ်မှာ နေစမ်းပေါ့၊ သမီးရဲ့'

အုပ်စိုး နားထဲမှာ အသံတွေကို မသဲမကွဲ ကြားနေရပြန်ပြီ။

'သမီးရဲ့ ဆိုတဲ့အသံ အုပ်စိုး ကြားရသလိုပဲ'

ဂျက်ကလင်းတော့ မပြစ်နိုင်ပါဘူးနော်။ ခုချိန်ဆို ဂျက်ကလင်းက အုပ်စိုးနဲ့ အဝေးကြီးကို ရောက်မှာပါ။

နောက်တစ်ယောက်နဲ့ ဈေးစကားပြောနေမှာပါ။

'သမီးကလဲကွာ၊ မငိုပါနဲ့ ဆိုနေမှ'

ဟော... ကလေးငိုသံစူးစူးကတော့ အုပ်စိုး မမှားနိုင်ဘူးထင်ပါရဲ့။ နားနားမှာ တကယ်ကိုကပ်ပြီး ကြားနေရတာပါ။ ဂျက်ကလင်း အုပ်စိုးနားမှာ ရောက်နေပြီလား။

'ဂျက်ကလင်း'

'ဟော...ထွန်း...ထွန်း ဂျက်ကလင်းလေ၊ သိလားဟင်၊ ထွန်းနားမှာ ဂျက်ကလင်း ရောက်နေပြီနော် သိတယ်နော် ထွန်း၊ နေကောင်းလားဟင်၊ ဘယ်လိုနေလဲ၊ ဂျက်ကလင်းကို ပြောပါဦး'

ကြည့်စမ်း၊ ဂျက်ကလင်းက ငါ့လက်တွေကို ယုယုယယ ဆုပ်နယ်ပေးနေတယ်။ သူ့အသံကလဲ ငါ့အတွက် သိပ်စိုးရိမ်နေတဲ့အသံ။ နေကောင်းရဲ့လားတဲ့။



အို... ငါ သိပ်နေကောင်းတာပေါ့။ ငါ သိပ်ကို အားရှိသွားပြီ ဂျက်ကလင်းရယ်။ ဒါဟာ တကယ်မှ ဟုတ်ရဲ့လား။ ငါ ဖျားပြီး အိပ်မက် မက်နေတာ ဖြစ်မှာပါ။

'ထွန်း....ထွန်း၊ အို...သူသတိလစ်သွားပြန်ပြီ၊ လုပ်ပါဦး ကိုထိန်၊ အဘိုး၊ ကိုတင်ဦး'

* *

တောင်အဆင်းလမ်းမှာ ထမ်းစင် အိပဲ့ အိပဲ့ကို ထမ်းရင်း ကိုကြီးထိန်နဲ့ ကိုတင်ဦးက အမြန်နှုန်းနဲ့ ဆင်းနေတယ်။

ဘိုးရွှေနဲ့ ဂျက်ကလင်းကလဲ ထမ်းစင် နောက်ကနေ အမြန်နှုန်းနဲ့လိုက်ပါတယ်။ သတိမရတစ်ချက် ရတစ်ချက် အုပ်စိုးနဲ့ အိပ်ပျော်နေတဲ့ သမီးလေးဟာ ထမ်းစင်ပေါ်မှာ။

'ဖြည်းဖြည်းသွားပါ သမီးရယ်။ မမောပါနဲ့။ ကျုပ်ဆေးအစွမ်း ကျုပ် သိပါတယ်၊ နောက်ရက်တွေဆိုကောင်းသွားတော့မှာပါ၊ ခုဟာ ညည်း လောလွန်းလို့၊ ငိုလွန်းလို့၊ ဆေးခန်း ဆေးခန်း လုပ်လွန်းလို့ ဆင်းပြေးလာရတာ'

ဂျက်ကလင်းကတော့ ဘိုးရွှေ ဘာပြောပြော ဘာမှ မသိဘူး။ သူသိတာက ဘိုးရွှေကျိုပေးတဲ့ ဆေးမြစ်ရည် ပုလင်းနဲ့ ငှက်ဖျားဆေးထုပ်ကို လက်ကကိုင်ပြီး တစ်လမ်းလုံး 'အဘိုး ဆေးတိုက်တော့လေ၊ တိုက်တော့မလားဟင်၊ တိုက်ကြစို့နော်' ဆိုတာရယ်၊ ထမ်းစင်ချနားတာနဲ့ ပြေးပြီး 'ထွန်း....ထွန်း' နဲ့ ခေါ်ကြည့်တဲ့ အလုပ်ရယ်။ ဒါပဲ လုပ်နေတာပဲ။ ယောကျ်ားတွေတောင် တစ်နေကုန် လျှောက်ရတဲ့ ခရီးမှာ သူက မမောမပန်းနိုင်ပဲ ရှေ့ကနေ ပြေး ပြေး လျှောက်နေလို့ ကိုကြီးထိန်နဲ့ ကိုတင်ဦးက ငေါက်ယူရတယ်။

ဒီကြားတည်းမှာ နိုးလာတဲ့ သူ့သမီးကို ခေါ်ခေါ် ချီပြီး လမ်းလျှောက်သေးတယ်။ ထမ်းစင်ပေါ် ဇွတ်တင် ခိုင်းမှ တင်တော့တယ်။

အုပ်စိုး နားထဲမှာတော့ 'ထွန်း' 'ထွန်း' ဆိုတဲ့ အသံကို နိုးလာတိုင်း ကြားလိုက် ပျောက်သွားလိုက်နဲ့ ဘာတွေ ဖြစ်မှန်းလဲ မသိဘူး။ ဘယ်တွေ ရောက်နေမှန်းလဲ မသိဘူး။ ဒီတိုင်း ထမ်းစင်ပေါ်မှာ ပက်လက်မလှုပ်မယှက်။

ဂျက်ကလင်းကတော့ ရင်ထဲမှာ ပူပန်သောက်လောင် နေတဲ့ မီးတောက်တွေက တညီးညီးနဲ့။ ဆုပ် ဖိတောင်းနေမိတယ်။



'မြတ်စွာဘုရားနဲ့တကွ တောစောင့်နတ်၊ တောင်စောင့် နတ်၊ နယ်ပိုင်ပယ်ပိုင်အားလုံးသော ဘုမ္မာဇော နတ်ကောင်း နတ်မြတ်တို့ မှိုင်းမတော် မူကြပါ။ လိမ့်လိမ့်လဲလဲ မဖြစ် အောင် မ,တော်မူကြပါ။ ကိုကြီးကျော်ရေ၊ နှမလေးကို စောင့်ရှောက်ပါဦး၊ တကယ်ပါ နှမလေးချစ်သူ ပိန်းကြာ ဖက်တွင် ရေမတင်သလို သူ့ရောဂါအပေါင်း ပျောက်ကင်း လဝခဲ့လို့ရှိရင် နှမလေး ပျော်ပွဲကြီး အကြီးအကျယ် ပေးပါ့ မယ် ဘုရား'

'မောင်ထိန်တို့၊ ဆရာတင်တို့ နားကြဦးပေါ့၊ ဆေးလေး တိုက်လိုက်ကြဦးစို့'

ဂျက်ကလင်းက ဆေးပုလင်းကို ဘိုးရွှေပေးပြီး အုပ်စိုးကို မ,ထူတယ်။

'ထွန်း... ထွန်း ဆေးသောက်လိုက်ပါဦး၊ သတိရလား ဟင် ထွန်း'

'ဂျက်ကလင်း'

ထုံးစံအတိုင်း အုပ်စိုးက မျက်လုံးမဖွင့်နိုင်ဘဲ 'ဂျက်ကလင်း' လို့ ပါးစပ်လှုပ်ရုံလေး ခေါ်ပြီး ပြန်ငြိမ်ဆက်သွားပြန်ရော။ ကိုတင်ဦးနဲ့ ကိုကြီးထိန်ကတော့ အုပ်စိုးကို စိုးရိမ်ပူပန်စိတ်

ကြောင့်သာ ဗီဇရိုးကို အားခဲကြရတာ။ ခရီးတစ်ဝက်ကျော်လာတဲ့ အခါမှာ လူတွေက တအားဟိုက်နေကြပြီ။

တကယ်တော့ ဂျက်ကလင်းလဲစိတ်ဆောင်နေတာ။ အုံဩစရာကောင်းအောင် စိတ်ဆောင်သွားနေတာ။ တကယ်သာနားကြည့်။ လူက ပုံကျသွားမှာ။

'ကဲ ...သွားမယ်ဟေ့၊ ညောင်နီပင်ကို ရောက်တော့မှာပါကွာ'

ဘိုးရွှေ အားပေးစကားနဲ့အတူ ဂျက်ကလင်းက ထမ်းစင်ရှေ့ကနေ အသွက်ဆုံး ပြေးသွားနေသလို ကိုကြီးထိန်နဲ့ ကိုတင်ဦးတို့ ထမ်းစင်ကလဲ အမြန်းနှုန်းနဲ့ တရိပ်ရိပ်။



ဒို.... ဘာနံ့တွေလဲ၊ မွှေးလိုက်တာ။

ပြီးတော့ ဘာသံတွေလဲ၊ အသံတွေက အများကြီး။

အုပ်စိုး မျက်လုံးတွေ ဖွင့်ဖွင့်နေမိတယ်။

ဟာ.... ပါးကိုလဲ ဘယ်သူက လာတွန်းနေတာလဲ။

အုပ်စိုး မျက်လုံးတွေ ဖြည်းဖြည်းချင်း ပွင့်လာတော့။ မြှာနေတဲ့ကောင်းကောင်။ ဟင်.... မိုးတွေမမည်းတော့ဘူးလား။

ဟင်—ကြည့်စမ်း၊ အုပ်စိုးဘေးမှာ၊ မျက်လုံးပြူးလေးနဲ့ ကန်ကျောက်တွန်းဖယ်နေတဲ့ ဂျက်ကလင်းသမီးလေး၊ အုပ်စိုး မျက်လုံးတွေပြန်မှိတ်ရင်၊ အောက်ကြမ်းပြင်ကို လက်နဲ့ စမ်းလိုက်မိတော့ ဒါ....ဒါဟာ ထမ်းစင်ပဲ။

အုပ်စိုးမျက်လုံးတွေ တစ်ခါပြန်ပြီး ပွင့်လာရသဲမှာပဲ

'ဟေ့.... ရောက်ပြီကွ'

ဒါ ကိုကြီးထိန်ရဲ့အသံ။

ဖြုန်းဆို အုပ်စိုး ကိုယ်ခန္ဓာ သိမ့်ခနဲ ဖြစ်သွားပြီး ကျောအောက်က မှုလှုပ်တော့ပဲ ငြိမ်သွားတယ်။ မူးသွားတဲ့ ခေါင်းကြောင့် မျက်လုံးတွေကို မှိတ်နေတုန်းမှာ။

'ထွန်း—'

မူးသွားတဲ့အရှိန်နဲ့ ခေါင်းတွေချာချာလည်နေတဲ့ ကြားက အုပ်စိုး မျက်လုံးတွေ ပွင့်လာရပြန်တယ်။

'ဂျက်ကလင်း'

အုပ်စိုးအသံက ကြားတယ်ဆိုရုံ သဲ့သဲ့လေး။

'ထွန်း သတိရတယ်နော်၊ ဂျက်ကလင်းတို့ ညောင်နီပင် ရောက်နေပြီ။ ကားလမ်းမကို ပြန်ရောက်ပြီ၊ ထွန်းကို ဆေးကုဖို့လေ'

ညောင်နီပင်, ကားလမ်းမ ဟုတ်လား၊ အုပ်စိုး ထမ်းစင်ပေါ်ကနေ ခေါင်းစောင်းပြီး ကြည့်လိုက်တယ်။

အို....ဘုရားရေ။ ဒါ ဝမ်းရောဂါဖြစ်ပြီး သုသာန်တစပြင်လို ခြောက်သွေ့သွားခဲ့တဲ့ ညောင်နီပင် ကားလမ်းမကြီးတဲ့လား။

ကြည့်စမ်း ဟိုမှာလူတွေ၊ ဟိုမှာဆိုင်တွေ၊ ဟောဟိုဟာ ရွှေတောထဲဝင်တဲ့ မမေ့နိုင်စရာ မြေနီဖုန်လမ်းလေး။

အဲဒီဖုန်လမ်းလေးထဲကို တဖွဲဖွဲဝင်နေတဲ့ လူတွေကတော့ အသားမည်းပြာပြာ၊ မျက်လုံးဝါဝါ၊ ဆံပင်ကျဲကျဲ၊ အင်္ကျီတိုးလိုးကျွတ်၊ မလေးရှား ပုဆိုးအသစ်နဲ့၊ အားလုံးဟာ အခုင်ကအတိုင်း၊ အုပ်စိုး ဝယ်ဖူးခဲ့တဲ့ ဝက်ဝံ ပုဆိုးဆိုင်လေးရော၊ ကင်ဇိုအင်္ကျီရောင်းတဲ့ ဆိုင်ရော၊ အမိုးမပါတဲ့ မြင်းလှည်းတွေရော ဆောင်းဦးပေါက်တော့မယ်လေ။



ရွှေတောကတူးလို့ ကောင်းတော့မယ်၊

'ထွန်း... နေကောင်းအောင် နေပါနော်၊ ထွန်းနားမှာ ဂျက်ကလင်းရော သမီးလေးရော အမြဲနေမှာ။'

ဂျက်ကလင်းရယ်၊ ခေါင်းမူးတဲ့အရှိန်နဲ့ ပိတ်ထားမိတဲ့ အုပ်စိုးမျက်လုံးတွေ မပွင့်ဘဲ နေနိုင်ပါတော့မလား။

'ရော့ သောက်လိုက်စမ်း၊ ကိုကြီးထိန်ဖြိုက်တဲ့ မဘိုဝို၊ တန်ဟုန့်ဆိုင်မှာ အကြွေးခံခဲ့ရတယ်၊ တစ်လိပ်သုံးကျပ် မကလို့ တစ်ရာဖြစ်ဖြစ် ရွှေတောစည်ရင်တင်ဦးတို့က ဘာမှုရမတုန်း'

အုပ်စိုးနှာခေါင်းထဲမှာ မဘိုဝိုနဲ့၊ ဒူးယားနံ့တွေ သင်းပျံ့လာတယ်။

တဆက်တည်းပဲ၊ ကိုတန်ဟုန့်ဆိုင်က ဟင်းနံ့တွေနဲ့၊ ဝီစကီနံ့၊ ရွှေတောထဲက သိုက်တွန်းချစ်တဲ့ မချိုဆိုင်က ယင်ကောင်ရောတဲ့ ဆယ့်နှစ်ကျပ်တန် ထမင်းပွဲ နံ့တွေတောင် မွှေးပျံ့လာသလိုပဲ။

ဟောဟိုမှာ စောင်အုပ်ထားတဲ့ လူတစ်ယောက်။

လှည်းကိုရှောင်ရင်း လူတွေ အစုလိုက် အစုလိုက် မြေနီဖုန်လမ်းလေးထဲကို ဝင်သွားနေကြတယ်။

ဂျက်ကလင်း လက်ဆလေးကို အုပ်စိုး ဆုပ်လိုက်မိတော့ အားသစ်တွေ ပြည့်လာသလိုပဲ။

ဂျက်ကလင်းရယ်၊ သမီးလေးရယ်၊ အုပ်စိုးရယ်။ ဟောဟို မြေနီဖုန်လမ်းလေးထဲကနေ ရွှေတောထဲကို ဝင်ကြမယ်။

ရွှေတောမှာ ရွှေရှိတယ်။

ငွေရှိတယ်။

ဝယ်စရာရှိတယ်။

စားစရာရှိတယ်။

ပြီးတော့....။

နုနုရည်(အင်းဝ)

## ကျေးဇူးတင်စကား

ရွှေတောအကြောင်းကို ပြောပြတဲ့
ဆရာဦးစိန်ဝင်း၊ ဆရာ ဦးခင်မောင်အေး၊
မန္တလေးက စာပေမိတ်ဆွေများ ဖြစ်ကြတဲ့
ကိုချစ်စရာ ကိုခင်မောင်ကျော်၊
ရွှေတောကို လိုက်ပို့ပေးတဲ့၊
ကျွန်မရဲ့မောင်ငယ် ဦးစောနေဝင်း၊
(စည်သူနည်းပြ မန္တလေးနဲ့)
အဘက်ဘက်က ကူညီသူ အားလုံးကို အထူး
ကျေးဇူး တင်ပါတယ်။

နုနုရည် (အင်းဝ)